# အင်းလေးကန် ခရီးစဉ်ဒေသ စီမံခန့်ခွဲမှု စီမံချက် (၂၀၁၄ - ၂၀၁၉)





MINISTRY OF HOTELS AND TOURISM
THE REPUBLIC OF THE UNION OF MYANMAR






















**ကျေးဇူးတင်လွှာ**

အင်းလေးဒေသရှိ ပြည်သူများ၏ အားပေးထောက်ခံမှု မပါရှိပါက ဤ အင်းလေးခရီးစဉ်ဒေသစီမံခန့်ခွဲမှုစီမံချက်စာတမ်းသည် အကောင်အထည် ပေါ်လာမည်မဟုတ်ပါ။ ဤစာတမ်းဖြစ်မြောက် ရေးတွင်ပါဝင်ခဲ့ကြသော တွေ့ဆုံပွဲတက်ရောက်ခဲ့သူများ မေးမြန်းဆွေးနွေးခွင့်ပြုခဲ့သူများ၊ အစုအဖွဲ့အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံတလွှားမှနေ၍ အစည်းအဝေးပွဲများ၊ ဆွေးနွေးပွဲများသို့ တကူးတကန့် အချိန်ပေး၍ လာရောက်တက်ရောက်ကြသူများအားလုံးကို စာတမ်းရှင်များက အထူးကျေးဇူးဥပကာရ တင်ရှိပါသည်။

**မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ အချို့အခေါ်အဝေါ်အမည်များအား အသံဖလှယ်ခြင်းနှင့်ဆိုင်သောမှတ်ချက်**

မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ အချို့အခေါ်အဝေါ် အမည်များအား အသံဖလှယ်ရာတွင် တိကျသောပြဌာန်းချက်များ မရှိသည်ကို သတိပြုစေလိုပါသည်။ ဥပမာ - အင်းလေးကန်အား "Inle, Inlay, Innlay " ဟူ၍ အမျိုးမျိုးရေးကြပါသည်။ သို့ရာတွင် ဤစာတမ်းတွင် "Inlay" ဟု သာသုံးစွဲသွားမည်ဖြစ်ကာ အခြားအခေါ်အဝေါ် များကိုလည်းနေရာတိုင်းတွင် ညီညွတ်မှုရှိစေရန် ဂရုပြုသွားမည်ဖြစ်ပါသည်။

**စာတမ်းများ**

ဤစာတမ်းတွင် အောက်ပါအထောက်အကူပြုစာရွက်စာတမ်းများလည်းပါဝင်ပါသည်။

(က) အင်းလေးကန်ခရီးစဉ်ဒေသ စီမံခန့်ခွဲရေး စီမံချက် (ဤစာတမ်း)

(ခ) အင်းလေးကန်ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးစီမံချက်၊ ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့များ၏ ရွေးချယ်ရန်နည်းလမ်းများ

(ဂ) အင်းလေးကန်ခရီးစဉ်ဒေသ စီမံခန့်ခွဲရေး စီမံချက် နိုင်ငံတကာစည့်သည် ဝင်ရောက်မှုဆန်းစစ်ချက်

(ဃ) အင်းလေးကန် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးစီမံချက်- အကြံပေးချက်များ

**အသိအမှတ်ပြုချက်**

ဤစာတမ်းပါ ဓာတ်ပုံများအားလုံးသည် Myanmar Institute for Integrated Development အဖွဲ့၏မူပိုင်ဖြစ်ပါသည်။ သို့ရာတွင် မျက်နှာဖုံးတွင် ထည့်သွင်းအသုံးပြုထားသော လှေလှော်နေသောပုံသည် Mr. Jannick Christensen ၏ မူပိုင်ဖြစ်ပြီး စာမျက်နှာ ၈ ၊ ၂၁ နှင့် ၅၈ ပါ ပုံများသည် Mrs. Celine Margontier Haynes မူပိုင်ဖြစ်ပါသည်။ မြေပုံများကို ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ် Myanmar Information Management Unit ထံမှ OpenSourceMap Contributors သဘောတူညီချက်အသုံးပြုခွင့်အရ အသုံးပြုထားပါသည်။

မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် ဤစာတမ်းပါ သတင်းအချက်အလက်များ၏ မှန်ကန်တိကျမှုနှင့် စပ်လျဉ်း၍ တာဝန်မရှိပါ။ ယင်းသတင်းအချက်အလက်များကိုအခြေခံပြီး ရယူသုံးစွဲမှုကြောင့် ပေါ်ပေါက်လာသည့် အကျိုးဆက်များနှင့် စပ်လျဉ်း၍လည်း တာဝန်မရှိပါ။

မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် ဤစာတမ်းအား ပြန်လည်ပုံနှိပ်ခြင်း၊ စာတမ်းပါအချက်အလက်များကို မိမိကိုယ်ပိုင်သုံးသော်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းမဟုတ်သည့် ကိစ္စများတွင် အသုံးပြုခွင့်ပေးပါသည်။ သို့ရာတွင် သုံးစွဲသူများသည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ မူပိုင်ခွင့်ကိုဖော်ပြရပါမည်။ ဤစာတမ်းအား စီးပွားရေးအကျိုးငှာ ထပ်ဆင့်ပြန်လည်ရောင်းချခြင်း၊ ထပ်ဆင့်ဖြန့်ဝေခြင်း နှင့် ထပ်ဆင့်၍ ပြုပြင်ပြောင်းလဲခြင်းများကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ စာဖြင့်ရေးသား ခွင့်ပြုချက်မပါရှိပဲ ဆောင်ရွက်ခွင့်မရှိကြောင်း ကန့်သတ်ထိန်းချုပ်ထားပါသည်။

ဤစာတမ်းအား Myanmar Institute for Integrated Development နှင့် International Centre for Integrated Mountain Development ၏ ကျေးလက်ဒေသ အသက်မွေးဝမ်းကြောင်းဆိုင်ရာ ကျေးလက်ဒေသအထောက်အကူပြု အစီအစဉ်နှင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် ညီညွတ်မျှတရေး အစီအစဉ် (Rural Support to Rural Livelihoods and Climate Change Adaptation Programme (Himalica) တို့က ဥရောပသမဂ္ဂ (European Union) နှင့် လူဇင်ဘတ်နိုင်ငံ (General Duchy of Luxembourg) တို့၏ ဘဏ္ဍာရေးအထောက်အပံ့ဖြင့် မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အတွက်ထုတ်ပေးခြင်းဖြစ်ပါသည်။

MYANMAR INSTITUTE FOR INTEGRATED DEVELOPMENT

Co-funded by the European Union

THE GOVERNMENT OF THE GRAND DUCHY OF LUXEMBOURG
Ministry of Foreign and European Affairs
Directorate for Development Cooperation and Humanitarian Affairs

ICIMOD 30

---

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
အဆောက်အအုံအမှတ် (၂၂)
နေပြည်တော်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
တယ်လီဖုန်း -၉၅-၆၇၄၀၆၄၅၄၊ ၄၀၆၄၅၀၊ ၄၀၆၁၃၀

မူပိုင်   မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

MINISTRY OF HOTELS & TOURISM

# မာတိကာ


၁ နိဒါန်း ............................................ ၁၁

၁. အင်းလေးကန်ဒေသ ............................................ ၁၁

၁. ၂ အင်းလေးကန်နှင့် ပတ်ဝန်းကျင်ဒေသများဆိုင်ရာ ခရီးစဉ်စီမံခန့်ခွဲမှုစီမံချက် ............ ၁၂

၁. ၃ အင်းလေးကန်ဒေသခရီးစဉ်ဒေသစီမံခန့်ခွဲမှုစီမံချက် ............................ ၁၅

၁. ၄ အနာဂတ်ရည်မှန်းချက် ............................................ ၁၆

၁. ၅ မျှော်မှန်းချက်များ ............................................ ၁၇

၁. ၆ သုတေသနဆောင်ရွက်ချက်လုပ်ငန်းစဉ်ချမှတ်ခြင်း ............................ ၁၈

၁. ၆. ၁ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုစီမံချက်ရေးဆွဲမှုအတွက်လုပ်ငန်းစီမံချက်ချမှတ်ခြင်း.......... ၁၈

၁. ၇ စီမံချက်အကြံပေးကော်မတီ ............................................ ၁၉

၂. ခရီးစဉ်ဒေသစီမံခန့်ခွဲမှု ခြုံငုံတင်ပြချက် ............................................ ၂၀

၂. ၁ ဧည့်သည်စီးပွားရေးဆိုသည်မှာမည်သူများလဲ ............................ ၂၂

၂. ၂ ကမ္ဘာလှည့်ခရီးသည်ဆိုသည်မှာမည်သူများလဲ ............................ ၂၃

၃. ခရီးစဉ်ဒေသစီမံခန့်ခွဲမှုဆိုင်ရာဥပဒေရေးရာနှင့်အဖွဲ့အစည်းဆိုင်ရာကိစ္စများ .............. ၂၅

၃. ၁ ဥပဒေရေးရာ ............................................ ၂၅

၃. ၁. ၁ ၁၉၉၃ ခုနှစ် ကမ္ဘာလှည့်ခရီးသွားလာရေးဆိုင်ရာဥပဒေရေးရာနှင့် ၁၉၉၃ ခုနှစ် ဟိုတယ်နှင့် ကမ္ဘာလှည့်ခရီးသွားလာရေးဆိုင်ရာ ဥပဒေ .................... ၂၅

၃. ၁. ၂ ၁၉၉၈ ခုနှစ် နှင့် ၂၀၁၂ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ................ ၂၆

၃. ၁. ၃ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်............................ ၂၆

၃. ၁. ၄ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုမူဘောင်များ.................... ၂၇

၃. ၁. ၅ မြန်မာနိုင်ငံ၏တာဝန်ရှိသောကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမဟာဗျူဟာ............ ၂၇

၃. ၁. ၆ မြန်မာနိုင်ငံ၏ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွင်ပြည်သူလူထုပူးပေါင်းပါဝင် ......... ၂၉

၃. ၁. ၇ မြန်မာနိုင်ငံကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးပင်မစီမံကိန်း................ ၃၀

၃. ၁. ၈ မြန်မာနိုင်ငံသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဥပဒေ ............ ၃၁

၃. ၂ အဖွဲ့အစည်းဆိုင်ရာများ............................................ ၃၂

၃. ၂. ၁ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန........................ ၃၂

၃. ၂. ၂ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်............................ ၃၃

၃. ၂. ၃ အခြားဝန်ကြီးဌာနများ ............................................ ၃၃

၄. ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း . . . . . . . . . . ၃၄
၄. ၁ ကမ္ဘာလှည့်ခရီးသွားများအားဆန်းစစ်ချက် . . . . . . . . . . ၃၅
၄. ၂ မြန်မာနိုင်ငံတွင်းကမ္ဘာလှည့်ခရီးသွားများသွားရောက်လည်ပတ်ပုံပြဇယား . . . . . . . . . . ၃၆
၄. ၃ အလုပ်အကိုင်ရရှိမှု . . . . . . . . . . ၃၇

၅. အင်းလေးကန်ခရီးစဉ်ဒေသ . . . . . . . . . . ၃၉
၅. ၁ အဓိကဆွဲဆောင်ပေးနိုင်မှုများ . . . . . . . . . . ၄၀
၅. ၂ အင်းလေးကန်ဒေသအားပုံရိပ်ဖော်ခြင်း . . . . . . . . . . ၄၂
၅. ၃ ရာသီဥတု . . . . . . . . . . ၄၃
၅. ၄ အင်းလေးကန်ခရီးစဉ်ဒေသအားရောင်းချရာတွင်လည်းကောင်း၊ စီမံခန့်ခွဲရာတွင် လည်းကောင်းပါဝင်ပတ်သတ်နေသောအဖွဲ့အစည်းများ . . . . . . . . . . ၄၅
၅. ၅ ပထဝီဆိုင်ရာဖုံများ-မြို့နယ်များ . . . . . . . . . . ၄၆
၅. ၅. ၁ လူဦးရေ . . . . . . . . . . ၄၉
၅. ၅. ၂ ညောင်ရွှေနှင့်အင်းလေးဒေသ . . . . . . . . . . ၅၀
၅. ၅. ၃ တောင်ကြီး . . . . . . . . . . ၅၂
၅. ၅. ၄ ကလော . . . . . . . . . . ၅၄
၅. ၅. ၅ ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်း . . . . . . . . . . ၅၆
၅. ၅. ၆ ဖယ်ခုံ . . . . . . . . . . ၅၇
၅. ၅. ၇ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။ ရွာငံ ၊ ပင်းဒယ . . . . . . . . . . ၅၉
၅. ၅. ၈ လွိုင်ကော် . . . . . . . . . . ၆၁
၅. ၆ အင်းလေးကန်နှင့်ပတ်ဝန်းကျင်ဒေသများရှိလက်မှုလုပ်ငန်းများ . . . . . . . . . . ၆၂
၅. ၇ အင်းလေးဟိုတယ်ဖုံ . . . . . . . . . . ၆၃
၅. ၈ အခြေခံအဆောက်အအုံများ . . . . . . . . . . ၆၈
၅. ၈. ၁ သယ်ယူပို့ဆောင်ရေး . . . . . . . . . . ၆၈
၅. ၈. ၂ ရေကြောင်းပို့ဆောင်ရေး . . . . . . . . . . ၇၀
၅. ၈. ၃ လျှပ်စစ်စွမ်းအင် . . . . . . . . . . ၇၁
၅. ၈. ၄ ဆက်သွယ်ရေးကဏ္ဍ . . . . . . . . . . ၇၁
၅. ၈. ၅ အညစ်အကြေးစွန့်ပစ်မှု . . . . . . . . . . ၇၂
၅. ၈. ၆ ကျန်းမာရေး၊ ဆေးကုသမှု ၊ အန္တရာယ်ကင်းရှင်းမှု၊ ငြိမ်းချမ်းရေးနှင့်လုံခြုံရေး . . . . . . . . . . ၇၂
၅. ၉ နေထိုင်ရေး . . . . . . . . . . ၇၄
၅. ၉. ၁ လုပ်ငန်းဆိုင်ရာပတ်ဝန်းကျင် . . . . . . . . . . ၇၅

၅. ၉. ၂ ဟိုတယ်အမျိုးမျိုး ........................................ ၇၇
၅. ၉. ၃ ဒေသခံများအပေါ်အကျိုးသက်ရောက်မှု .............................. ၇၇
၅. ၁၀ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၏ငွေကြေးတန်ဖိုး ........................... ၇၈
၅. ၁၁ အစားအသောက် ........................................... ၇၉
၅. ၁၂ လက်မှုအနုပညာပစ္စည်း ....................................... ၇၉
၅. ၁၃ ဧည့်လမ်းညွှန်များ ......................................... ၇၉
၅. ၁၄ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေသောအသင်းအဖွဲ့များ ................. ၈၀
၅. ၁၅ ပညာရေးကဏ္ဍ ............................................ ၈၀
၅. ၁၆ ဒေသတွင်းရှိကမ္ဘာ့ခရီးသွားလုပ်ငန်းအားအထောက်အကူပြုရန်ဝန်ဆောင်မှုလုပ်ငန်းအား
အထောက်အကူပြုရန် ........................................ ၈၁
၅. ၁၇ တောတွင်းခရီးကြမ်းလမ်းလျှောက်ခရီးစဉ်များ ..........................

၆. ခရီးသွားများဝင်ရောက်မှု ........................................ ၈၇
၆. ၁ ခရီးသွားများ၏အချက်အလက်များ ................................... ၈၇
၆. ၂ ခရီးသွားဝင်ရောက်မှုသွားရောက်မည့်နေရာများကို ကြိုတင်ခန့်မှန်းခြင်း ............... ၈၈

၇. သဘာဝပတ်ဝန်းကျင်အပေါ်သက်ရောက်မှုနှင့်ရင်ဆိုင်ရမည့်စိန်ခေါ်မှုများ ............... ၉၁
၇. ၁ သဘာဝပတ်ဝန်းကျင်အပေါ်အဓိကစိန်ခေါ်မှုများ ........................... ၉၂
၇. ၂ အခွင့်အရေးများ ........................................... ၉၃

၈. ဒေသန္တရ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးတွင် အဓိကရင်ဆိုင်ရမည့်စိန်ခေါ်မှုများ .............. ၉၄
၈. ၁ ဘယ်ကိစ္စတွေကအရေးကြီးဆုံးလဲ ................................... ၉၄
၈. ၁. ၁ ဘက်စုံပါဝင်သော စီမံကိန်းမရှိခြင်း ............................. ၉၄
၈. ၁. ၂ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုကိန်းဂဏန်းများနှင့်သွားရောက်ရာအရပ်များ ...... ၉၅
၈. ၁. ၃ အမှိုက်စွန့်ပြစ်မှုနှင့်ပါတ်ဝန်းကျင်ညစ်ညမ်းမှု ........................ ၉၆
၈. ၁. ၄ ဆေးဖက်ဆိုင်ရာစောင့်ရှောက်မှုနှင့် အရေးပေါ်ကိစ္စရပ်များ .................. ၉၆
၈. ၁. ၅ ပိုလျှံလာနိုင်သော ဟိုတယ်အခန်းများ ............................ ၉၆
၈. ၁. ၆ ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာဗဟုသုတနည်းပါးမှုနှင့်
ရေရှည်ဖွံ့ဖြိုးမှုအတွက်ဗဟုသုတနည်းပါးမှု .......................... ၉၇
၈. ၂ ဒေသခံများနှင့် စီးပွားဖက်များ၏ ခံယူချက်နှင့် အဓိကရည်မှန်းချက်များ ............. ၉၈
၈. ၃ ယဉ်ကျေးမှုနှင့် သဘာဝပါတ်ဝန်းကျင် အမွေအနှစ်များ ...................... ၁၀၀
၈. ၄ အင်းလေးကန်ဒေသ၏ အားသာချက်နှင့် အားနည်းချက်များကို စိစစ်ခြင်း ........... ၁၀၃
၈. ၅ အင်းလေးကန်ဒေသ၌ အဓိကရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ .................. ၁၀၄

၉. ခရီးစဉ်ဒေသ စီမံခန့်ခွဲမှု စနစ်အား ပုံဖော်ခြင်း၊ အင်းလေးကန်ဒေသအတွက် မဟာဗျူဟာ
ကျသော လုပ်ငန်းစဉ်များ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၀၅
၉. ၁ အဓိကမဟာဗျူဟာလုပ်ငန်းစဉ်များ . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၀၆
၉. ၂ အင်းလေးကန်ခရီးစဉ်ဒေသ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၏ ပန်းတိုင်များ. . . . . . . . . . . . ၁၀၇
၉. ၃ အဓိကဧည့်သည်တင်ပို့သည့်နိုင်ငံများ၊ လက်ရှိနှင့် အနာဂါတ် အခြေအနေ . . . . . . . . . . . ၁၀၈
၉. ၄ အနာဂတ်အခြေအနေတိုးတက်မှုအခြေအနေ . . . . . . . . . . . . . . . . . . . . . . . . . . . ၁၁၀
၉. ၅ အိပ်ခန်းအရေအတွက် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၁၁

၁၀. မဟာဗျူဟာ ရည်မှန်းချက်နှင့် ဆောင်ရွက်သင့်သည်ကို အကြံပြုတင်ပြခြင်း . . . . . . . . . . . . ၁၁၃
၁၀. ၁ မဟာဗျူဟာ (၁)၊ စီမံချက်ရေးဆွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ ရေရှည်ဖွံ့ဖြိုးမှုနှင့်အမွေအနှစ်များကို
ထိန်းသိမ်းခြင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၁၅
၁၀. ၁. ၁ ဒေသအလိုက် ခရီးစဉ်စီမံခန့်ခွဲရေး အဖွဲ့များဖွဲ့စည်းခြင်း. . . . . . . . . . . . . . . . . . ၁၁၅
၁၀. ၁. ၂ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဇုံများ ဖွဲ့စည်းခြင်း၊ စီမံခန့်ခွဲခြင်း. . . . . . . . . . . . . . . ၁၁၆
၁၀. ၁. ၃ ညောင်ရွှေမြို့အား စနစ်တကျ စီမံခန့်ခွဲခြင်း. . . . . . . . . . . . . . . . . . . . . . . . ၁၁၉
၁၀. ၁. ၄ ကလောမြို့အား စနစ်တကျ စီမံခန့်ခွဲခြင်း . . . . . . . . . . . . . . . . . . . . . . . . ၁၂၁
၁၀. ၁. ၅ အနာဂတ်ကမ္ဘာလှည့်ခရီးသည်တိုးတက်မှုနှုန်းကိုခန့်မှန်းနိုင်ရန်ကြိုတင်ပြင်ဆင်ခြင်း၊
လက်ရှိအင်းလေးဇုံဝင်ကြေးစနစ်ကို ပြန်လည်ပြင်ဆင်ခြင်း . . . . . . . . . . . . . . . . ၁၂၂
၁၀. ၁. ၆ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းရင်းနှီးမြှုပ်နှံမှုလုပ်ထုံးလုပ်နည်းနှင့်ရင်းနှီးမြှုပ်နှံမှုများကို
စိစစ်ရန် လုပ်ငန်းစဉ်များဖော်ထုတ်ခြင်း . . . . . . . . . . . . . . . . . . . . . . . . . ၁၂၅
၁၀. ၁. ၇ ယဉ်ကျေးမှု အမွေအနှစ်များနှင့် စပ်လျဉ်း၍နေရာအလိုက်စီမံခန့်ခွဲမှုစနစ်များ
ဖော်ဆောင်ခြင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၂၅
၁၀. ၁. ၈ ဘာသာရေးဆိုင်ရာနေရာများ၊အဆောက်အအုံများအာဧည့်သည်ဝင်ရောက်မှုအား
လိုအပ်သလိုစီမံခြင်း. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၂၆
၁၀. ၁. ၉ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွင် ရေရှည်ဖွံ့ဖြိုးမှုအရှိန်အဟုန်မပျက်စေရန်
စီမံခန့်ခွဲမှု စနစ်များရေးဆွဲခြင်း . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၂၇
၁၀. ၁. ၁၀ အင်းလေးဟိုတယ်ဇုံအား လက်ရှိဥပဒေများ၏ မူဘောင်အတွင်းမှ ဆောင်ရွက်
ခွင့်ပြုရေး . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၂၈
၁၀. ၂ မဟာဗျူဟာ (၂) အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး . . . . . . . . . . . . . . . . . . . ၁၂၉
၁၀. ၂. ၁ အင်းလေးဒေသအတွက် အသေးစိတ်ပို့ဆောင်ရေး စီမံကိန်းတစ်ရပ်ရေးဆွဲရန် . . . . . ၁၃၁
၁၀. ၂. ၂ လျှပ်စစ်ဓါတ်အား . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၃၂
၁၀. ၂. ၃ ရေဖြန့်ဝေခြင်း. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၃၄
၁၀. ၂. ၄ ဆက်သွယ်ရေးကဏ္ဍ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၃၄

၁၀. ၂. ၅ ဒေသန္တရအများပြည်သူသုံး ဘတ်(စ်) ခရီးစဉ်များ. . . . . . . . . . . . . . . . . . . . . . ၁၃၅
၁၀. ၃ မဟာဗျူဟာ (၂)၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး . . . . . . . . . . . . . . . . . . ၁၃၆
၁၀. ၃. ၁ အန္တရာယ်ဖြစ်နိုင်ခြေနှင့် အရေးပေါ် အခြေအနေ ထိန်းသိမ်းရေးသင်တန်းများ . . . . . ၁၃၆
၁၀. ၃. ၂ အင်းလေးဒေသအတွက် စက်မှု၊ လက်မှုပညာသင်ကျောင်းထူထောင်ရေး. . . . . . . . . ၁၃၈
၁၀. ၃. ၃ ရွှေလျှားစက်မှု၊ လက်မှုပညာသင်ကျောင်းထူထောင်ရေး . . . . . . . . . . . . . . . . . . ၁၄၀
၁၀. ၃. ၄ အင်းလေးဒေသခံများအတွက် စီမံခန့်ခွဲမှု အဆင့်ပညာများသင်ကြားနိုင်အောင် စီစဉ်ရေး . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၄၀
၁၀. ၃. ၅ ဒေသရှိ အစိုးရဝန်ထမ်းများအား ခရီးစဉ်ဒေသ စီမံခန့်ခွဲမှုပညာများ လေ့လာ ဆည်းပူးခွင့်ရရန် သင်တန်းများ ဖွင့်လှစ်ခြင်း . . . . . . . . . . . . . . . . . . . . . . . . . ၁၄၀
၁၀. ၃. ၆ ဆက်သွယ်ရေးနည်းပညာ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၄၁
၁၀. ၄ မဟာဗျူဟာ အရောင်းမြှင့်တင်ခြင်းနှင့် ကြော်ငြာခြင်း . . . . . . . . . . . . . . . . . . . . . . . ၁၄၁
၁၀. ၄. ၁ အင်းလေးဒေသ၏ ပုံရိပ်ကိုဖော်ဆောင်သည့်အမှတ်တံဆိပ် . . . . . . . . . . . . . . . . ၁၄၂
၁၀. ၄. ၂ အင်းလေးဒေသ အရောင်းမြှင့်တင်ရေး စီမံချက်ရေးဆွဲခြင်း . . . . . . . . . . . . . . . . ၁၄၂
၁၀. ၄. ၃ အင်းလေးဒေသဆိုင်ရာ website တစ်ခုထူထောင်ခြင်း . . . . . . . . . . . . . . . . . . . . ၁၄၃
၁၀. ၄. ၄ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့်ဒေသ၏ စိတ်ဝင်စားဖွယ်နေရာများကို အရောင်းမြှင့်တင်ခြင်းလုပ်ငန်းများကိုအားပေးပါ . . . . . . . . . . . . . . . . . . . . . . ၁၄၄
၁၀. ၄. ၅ ကမ္ဘာလှည့်ခရီးသွားများအတွက် ဒေသမြေပုံနှင့် စာအုပ်ငယ်များထုတ်ပေးခြင်း . . . . ၁၄၄
၁၀. ၄. ၆ အင်းလေးဇုံဝင်ခွင့်လက်မှတ်ဒီဇိုင်းအဆင်အပြင်ပြောင်းလဲခြင်း. . . . . . . . . . . . . . . ၁၄၅

၁၀. ၅ မဟာဗျူဟာ (၅) စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူ. . . . . . . . . . . . . . . . . . . ၁၄၆
၁၀. ၅. ၁ အင်းလေးဒေသစီးပွားရေးဖိုရမ် တစ်ခုထူထောင်ခြင်း . . . . . . . . . . . . . . . . . . . . . ၁၄၆
၁၀. ၅. ၂ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဖြစ်လာစေရန် သင်တန်းများပေးခြင်း . . . . . . . . . ၁၄၇
၁၀. ၅. ၃ အငယ်စား၊အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးအား အထောက်အကူ ပေးခြင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၄၈
၁၀. ၆ မဟာဗျူဟာ (၆)၊ ဒေသခံလူ့အဖွဲ့အစည်းများအား အားဖြည့်စေခြင်း . . . . . . . . . . . . . ၁၄၈
၁၀. ၆. ၁ မြန်မာနိုင်ငံ၏ တာဝန်ရှိသော ခရီးသွားလုပ်ငန်းမဟာဗျူဟာနှင့် ဒေသခံပြည်သူများ ကမ္ဘာလှည့်ခရီးသွားကော်မတီများဖွဲ့စည်းခြင်း. . . . . . . . . . . . . . . . . . . . . . . ၁၄၉
၁၀. ၆. ၂ ကျေးရွာ၊ဒေသန္တရအဆင့်ကမ္ဘာလှည့်ခရီးသွားကော်မတီများဖွဲ့စည်းခြင်း. . . . . . . . . ၁၄၉
၁၀. ၆. ၃ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအကြောင်း ကျား၊မ တန်းတူ တူညီမှုအကြောင်း ပညာပေးရေးလုပ်ငန်းများ. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၅၀
၁၀. ၆. ၄ မြေအသုံးချမှုဆိုင်ရာဖိုရပ်များ ဖွဲ့စည်းပေးခြင်း . . . . . . . . . . . . . . . . . . . . . . . . ၁၅၂
၁၀. ၆. ၅ နိုင်ငံခြားဘာသာသင်တန်းများ ဖွင့်လှစ်ပေးခြင်း . . . . . . . . . . . . . . . . . . . . . . . . ၁၅၂

၁၀. ၇ မဟာဗျူဟာ (၇) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု. . . . . . . . . . . . . . . . . . . . . . . . . ၁၅၃
၁၀. ၇. ၁ လတ်တလောရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုများကိုဖြေရှင်းရန်အဖွဲ့ဖွဲ့ခြင်း . . . . ၁၅၄
၁၀. ၇. ၂ အင်းလေးကန်ဆိုင်ရာသတင်းအချက်အလက်များစုစည်းခြင်း . . . . . . . . . . . . . . . . ၁၅၆
၁၀. ၇. ၃ အစဉ်ဖွံ့ဖြိုးမြဲစီမံခန့်ခွဲမှု စနစ်နှင့် အစိမ်းရောင်နည်းစဉ်များအသုံးပြုခြင်း. . . . . . . . . ၁၅၇
၁၀. ၇. ၄ စာသင်ကျောင်းများ၌ သဘာဝပါတ်ဝန်းကျင် ထိန်းသိမ်းရေးသင်ခန်းစာများ
ထည့်သွင်းသင်ကြားခြင်း. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၅၇
၁၀. ၇. ၅ အင်းလေးကန်အတွင်း လှေများဖြင့် အသုံးပြုသူ ပညာပေးအစီအစဉ် . . . . . . . . . . . ၁၅၇
၁၀. ၇. ၆ ကျေးရွာအလိုက်၊ ဒေသအလိုက်သဘာဝပါတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များ
ဖွဲ့စည်းခြင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၅၇
၁၀. ၇. ၇ မီးအပူရှိန်ကို ပိုမိုအကျိုးရှိစွာ အသုံးပြုမည့် မီးဖိုများအသုံးပြုရေးနှင့် ထင်း၊
လောင်စာကို အကျိုးရှိစွာအသုံးပြုရေး. . . . . . . . . . . . . . . . . . . . . . . . . . . ၁၅၈
၁၀. ၇. ၈ အင်းလေးကန်ဒေသတွင် ပလပ်စတစ်ပစ္စည်း အသုံးပြုမှုလျှော့ချရေး . . . . . . . . . . . . ၁၅၈
၁၀. ၇. ၉ ဒေသဆိုင်ရာ ရိုးရာယုံကြည်မှု . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၅၉
၁၀. ၈ မဟာဗျူဟာ (၈)၊ ခရီးစဉ်ဒေသ၏ အရည်အသွေးကို မြှင့်တင်ခြင်း၊ ဧည့်သည်များ၏
ခံစားမှုကို မြှင့်တင်ခြင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၆၀
၁၀. ၈. ၁ ညောင်ရွှေမြို့တွင် ဒေသ၏ သတင်းအချက်အလက်များ၊ ရိုးရာအမွေအနှစ်များ
အကြောင်းလမ်းညွှန်ပြောဆိုနိုင်မည့်ဌာနတစ်ခုဖွင့်လှစ်ခြင်း . . . . . . . . . . . . . . . . ၁၆၁
၁၀. ၈. ၂ ဧည့်သည်များအား မိမိဒေသအကြောင်းကို ကျွမ်းကျွမ်းကျင်ကျင် ပြောဆိုရှင်းလင်း
ပြနိုင်မည့် အနေအထားတစ်ခုဖော်ဆောင်ရန်. . . . . . . . . . . . . . . . . . . . . . . . ၁၆၁
၁၀. ၈. ၃ လက်မှုပညာသည်များ၏ စွမ်းရန်တည်တံ့မှု ရှိစေရန်နှင့် လုပ်ငန်းခွင်အတွင်း
မှန်မှန်ကန်ကန် ဆောင်ရွက်မှုများဖြစ်ပေါ်စေရန် . . . . . . . . . . . . . . . . . . . . . ၁၆၂
၁၀. ၈. ၄ ဒေသထွက်ကုန်များ၏ တန်ဖိုးကိုမြှင့်တင်ခြင်း၊ တန်ဖိုးမြှင့်ပစ္စည်းများထုတ်လုပ်ခြင်း. . . ၁၆၄
၁၀. ၈. ၅ ဒေသအတွင်း တောတွင်း၊ ခရီးကြမ်းစီး စက်ဘီးလမ်းများဖော်ထုတ်ခြင်း . . . . . . . . . ၁၆၅
၁၀. ၈. ၆ ညောင်ရွှေရှိ ယဉ်ကျေးမှုပြတိုက်အဆင့်မြှင့်ရေး . . . . . . . . . . . . . . . . . . . . . . ၁၆၆
၁၀. ၈. ၇ ရှေးဟောင်းမီးရထားခေါင်းတွဲများ ပြုပြင်ထိန်းသိမ်းရေးနှင့် မီးရထားပြတိုက်. . . . . . . ၁၆၇
၁၀. ၉ တောတွင်းခရီးကြမ်းလမ်းလျှောက်ခရီးစဉ်များ . . . . . . . . . . . . . . . . . . . . . . . . . ၁၆၈
၁၀. ၉. ၁ တောတွင်း ခရီးကြမ်းလမ်းလျှောက်ခရီးစဉ်ဆောင်ရွက်သူများဖိုရမ် . . . . . . . . . . . . ၁၆၉
၁၀. ၉. ၂ ကလောမြို့တွင် တောတွင်း ခရီးကြမ်းလမ်းလျှောက် သတင်းအချက်အလက်ဌာန
တစ်ခုဖွင့်ရန် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၆၉
၁၀. ၉. ၃ တောတွင်းခရီးကြမ်း လမ်းလျှောက်ခရီးစဉ်များတွင် လိုက်ပါဆောင်ရွက်သူများ၏
အရည်အချင်းမြှင့်တင်ခြင်း၊ယင်းတို့၏လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကျင့်ဝတ်
စည်းကမ်းများရေးဆွဲအကောင်အထည်ဖော်ခြင်း . . . . . . . . . . . . . . . . . . . . . . ၁၇၀

၁၀. ၉. ၄ လမ်းအခြေအနေ၊ ခရီးစဉ်ပါ အခြေအနေများအလိုက် ကွဲပြားခြားနားသော
တောတွင်းခရီးကြမ်းလမ်းလျှောက်ခရီးစဉ်များပေါ် ထွက်လာရေး . . . . . . . . . . . . . . ၁၇၃
၁၀. ၉. ၅ ကျေးရွာများ၌ သန့်ရှင်းကောင်းမွန်သော အစားအသောက်များအတွက်
ချက်ပြုတ်ရေးသင်တန်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၇၄
၁၀. ၉. ၆ ညအိပ်ခန်း ဝန်ဆောင်မှုများပေးသော ကျေးရွာများ၌တိကျသော မူဘောင်
လမ်းညွှန်ချက်များ ချထားဖော်ဆောင်ရေး . . . . . . . . . . . . . . . . . . . . . . . . . . ၁၇၄
၁၀. ၉. ၇ လက်ရှိတောတွင်း ခရီးကြမ်းလမ်းလျှောက် ဝန်ဆောင်မှုပေးနေသူများအပြင်
နောက်ထပ်ဒေသများကိုပါ သင်တန်းပေးခြင်း . . . . . . . . . . . . . . . . . . . . . . . . ၁၇၅
၁၀. ၉. ၈ တောတွင်းခရီးကြမ်း လမ်းလျှောက်ဝန်ဆောင်မှု ပေးသူများ အားလုံးလိုက်နာရမည့်
ကတိကဝတ်များကို လက်မှတ်ထိုးရေး. . . . . . . . . . . . . . . . . . . . . . . . . . . . ၁၇၆

၁၁. အကောင်အထည်ဖော်ရေးစီမံချက် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၇၉
၁၂. နောက်ဆက်တွဲများ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၈၄
၁၂. ၁ နောက်ဆက်တွဲ(၁) လုပ်ငန်းစီမံချက် အကြံပေးကော်မတီနှင့်ကော်မတီဝင်များ . . . . . . . . . ၁၈၄
၁၂. ၂ နောက်ဆက်တွဲ (၂) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ ၁၉၈၈ နှင့် ၂၀၁၂ ခုနှစ်ဥပဒေများ . ၁၈၅
၁၂. ၃ နောက်ဆက်တွဲ (၃) မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်နှင့် အဖွဲ့ဝင်ညီနောင်
အသင်းများ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၈၉
၁၂. ၄ နောက်ဆက်တွဲ (၄) မြန်မာနိုင်ငံ တာဝန်ရှိ ခရီးသွားလုပ်ငန်းအကောင်အထည် ဖော်မှု နှင့်
ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် တို့၏
အခန်းကဏ္ဍ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၉၀

## ၁ နိဒါန်း
## ၁. ၁ အင်းလေးကန်ဒေသ

အင်းလေးကန် နှင့် ပတ်ဝန်းကျင် တောင်တန်းများကို အင်းလေးကန်ဒေသဟု ခေါ်ဆိုကြပြီး မြန်မာနိုင်ငံ၏ အဓိက ကမ္ဘာလှည့် ခရီးသွားများကို စွဲဆောင်ရာဒေသတစ်ခုဟု သတ်မှတ်နိုင်ပါသည်။ ၂၀၁၃-၂၀၁၄ ခရီးသွားရာသီတွင် နိုင်ငံတကာမှ ခရီးသွား ၂၅၀,၀၀၀ ခန့်လာရောက်ခဲ့သည်ဟု စာရင်းဇယားများအရ သိရှိရပါသည်။ အင်းလေးကန်ဒေသသည် မြန်မာနိုင်ငံ၌ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင် (၂) မျိုးစလုံး ပေါင်းစပ်ဖွဲ့စည်းထားသည့် အရေးကြီးသော ခရီးစဉ်ဒေသတစ်ခု ဖြစ်ပင်ဖြစ်ပါတော့သည်။ အင်းလေးကန်ဒေသတွင် မိမိကိုယ်ပိုင်ရိုးရာဓလေ့နှင့်ရှိ၍ ယဉ်ကျေးမှုများကို အမြတ်တနိုး ထိန်းသိမ်းစောင့်ရှောက်ထားကြသော တိုင်းရင်းသား လူမျိုးစုများအပြင် ဇီဝမျိုးစုံလည်း ရှိ၍ အရေးကြီးသော ဒေသတစ်ခုဖြစ်ပါသည်။ အင်းလေးကန်ဒေသသည် လှပသော သဘာဝရှုခင်း များအပြင် ဒေသတွင်းနေ လူအဖွဲ့အစည်းများ၏ စားဝတ်နေရေးအတွက် အရေးကြီးသောဒေသ ဖြစ်ရုံမက ဒေသတွင်းနှင့် နိုင်ငံတော်အတွက်ပါ စီးပွားရေးအရ အချက်အခြာကျပါသည်။

၂၀၁၁ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲလာသော အခြေအနေများကြောင့် နိုင်ငံသို့ လာရောက်လည်ပတ်ကြသော ကမ္ဘာလှည့် ခရီးသည်ဦးရေမှာ တဟုန်ထိုးတိုးတက်လာသည့် အပြင်အနာဂတ်တွင်လည်း ဆက်လက်တိုးတက်နေမည်ဟု ခန့်မှန်းထားပါသည်။ ဤကဲ့သို့ ခရီးသွားလုပ်ငန်း တဟုန်ထိုး တိုးတက်ဖွံ့ဖြိုးလာမှုသည် စီးပွားရေး အခွင့်အလမ်းကောင်းများ ဖြစ်ပေါ်စေသလို သဘာဝ ပတ်ဝန်းကျင်၊ လူမှုဝန်းကျင်နှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် မမျှော်မှန်း နိုင်သော သက်ရောက်မှုများ ဖြစ်စေပါမည်။ ထို့ကြောင့် ယခုကပင် စနစ်တကျနှင့် ခရီးစဉ်ဒေသ စီမံခန့်ခွဲမှု မူဝါဒစံနှုန်းများကို ချမှတ်ဆောင်ရွက်နိုင်မှသာ အနာဂတ်တွင် အင်းလေးကန် ဒေသ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်ပါစေလိမ့်မည်။

ဤစာတမ်း၏ ခေါင်းစဉ်တွင် "အင်းလေးကန်ဒေသ" ဟု ထည့်သွင်းရေးသားခဲ့ခြင်းမှာလည်း အင်းလေးကန်သည် ဤဒေသ၏ အသဲနှလုံးသဖွယ်ဖြစ်ကာ ဒေသတွင်းရှိ လှပသော ရှုခင်းများ၊ သီးခြားဖြစ်တည်နေသော ယဉ်ကျေးမှုအမွေအနှစ်များကို ဝင်ရောက်ခံစားကြည့်ရှုနိုင်မည့် တံခါးပေါက် အဖြစ် တင်စားရေးသားလိုက်ခြင်းဖြစ်ပါသည်။

ဤအင်းလေးကန် ခရီးစဉ်ဒေသ စီမံခန့်ခွဲမှု စာတမ်းသည် ဒေသတွင်းရှိ အကျိုးစီးပွား ဆက်စပ်မှုရှိကြသော လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းပေါင်းများစွာနှင့် ဆွေးနွေးပွဲများ အကြိမ်ကြိမ် ပြုလုပ်ပြီး မှဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ ဤဆွေးနွေးပွဲများ၌ မြောက်ဘက်ရှိ ဓနုကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ ရှိ ရွာငံမြို့နယ်မှ တောင်ဘက်ရှိ လွိုင်ကော်မြို့နယ်၊ အနောက်ဘက်ရှိ ကလောမြို့နယ်မှ အရှေ့ဘက်ရှိ ဟိုပုန်းမြို့နယ်အထိ ကျယ်ပြန့်သော ဒေသတစ်ခုလုံးမှ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် တွေ့ဆုံ ဆွေးနွေးနိုင်ခဲ့ပါသည်။ ဤဒေသသည် ဧရိယာအားဖြင့် ၁၉၀၀၀ စတုရန်း ကီလိုမီတာ (၇၃၄၀ စတုရန်းမိုင်) ကျယ်ဝန်းပြီး လူဦးရေ ၁. ၄ သန်းခန့် နေထိုင်လျှက်ရှိပါသည်။

ဤစာတမ်းသည် လက်ရှိ မြန်မာနိုင်ငံ၏ အခြေအနေကို ဆန်းစစ်မှုပြုကာ အင်းလေးကန် ဒေသနှင့် ဆက်စပ်မှုကို ပြထားပါသည်။ ထို့အပြင် ကြုံတွေ့နေရသော သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကိုလည်း သုံးသပ်ပြထားပါသည်။ အင်းလေးကန်ဒေသအား ကမ္ဘာ့အဆင့်မီ ခရီးစဉ် ဒေသတစ်ခုအဖြစ် ရောက်ရှိလာအောင် ဆောင်ရွက်သင့်သော လုပ်ငန်းများ ရေရှည်တည်တံ့ဖွံ့ဖြိုး သော ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပေါ်ပေါက်လာစေရေး နှင့် ခရီးသွားကဏ္ဍ စီးပွားရေး ဖွံ့ဖြိုးရေး အတွက် ဆောင်ရွက်ရန် အကြံပြုချက်များလည်း ပါရှိပါသည်။ ဤဒေသသည် အစိုးရပိုင်းမှသာမဟုတ် ပုဂ္ဂလိက ကဏ္ဍမှ ငွေကြေးထောက်ပံ့မှုဖြင့် စီမံကိန်း အမြောက်အမြား ဝင်ရောက်လာနိုင်သည့် ဒေသလည်း ဖြစ်ပါသည်။ ထို့ကြောင့် ဤစာတမ်းသည် သုတေသနပြုလုပ်တွေ့ရှိချက်များ၊ ဒေသခံ များ၏ လိုအင်ဆန္ဒများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အစိုးရပိုင်း၊ လူမှုအဖွဲ့အစည်းများသာမက သဘာဝဝန်းကျင်နှင့် လိုက်လျောညီထွေရှိသော စီမံကိန်း၊ စီမံချက်များ ဖြစ်စေရန်လည်း တစ်ဖက်မှ အထောက်အကူဖြစ်စေပါလိမ့်မည်။

အထူးသဖြင့် ဤစာတမ်းသည် အင်းလေးကန်ဒေသနေ ပြည်သူများက ယင်းတို့၏ ဆန္ဒနှင့် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းတို့အကြား ချိန်ခွင်လျှာညှိစေပြီး အင်းလေးကန်ဒေသကို သာယာသော၊ လည်ပတ်ချင်စရာကောင်းသော နေရာဒေသသာမက အခြေချ အလုပ်လုပ်ရန်လည်း အခြေအနေ ကောင်းသော ဒေသတစ်ခုဖြစ်ပေါ်လာစေရန် ဖြစ်ပါသည်။

## ၁.၂ အင်းလေးကန်နှင့် ပတ်ဝန်းကျင် ခရီးစဉ်ဒေသများအတွက် ဒေသန္တရ ခရီးစဉ်ဒေသ စီမံခန့်ခွဲမှု စီမံချက် (Regional Tourism Destination Management Plan for Inlay Lake and Surrounding Hill Areas – RTDMP)

ဤအင်းလေးကန် ခရီးစဉ်ဒေသ စီမံခန့်ခွဲမှု စီမံချက်သည် ဥရောပသမဂ္ဂ (EU)၊ Himalica Project နှင့် လူဇင်ဘတ်နိုင်ငံအစိုးရတို့၏ ဘဏ္ဍာရေး အထောက်အပံ့ဖြင့် ဟိုတယ်နှင့် ခရီးသွားလာ ရေးလုပ်ငန်းဝန်ကြီးဌာန၊ Myanmar Institute for Integrated Development – MIID နှင့် International Center for Integrated Mountain Development – ICIMOD အဖွဲ့များ၏ ပူးပေါင်း ဆောင်ရွက်မှု တစ်ရပ်ဖြစ်သော အင်းလေးကန်နှင့် ပတ်ဝန်းကျင် ခရီးစဉ်ဒေသ ဒေသန္တရ ခရီးစဉ် စီမံခန့်ခွဲမှု စီမံချက်မှ မြစ်ဖျားခံလာခြင်း ဖြစ်ပါသည်။

ဤပဏာမ စီမံချက်ကိုမရေးဆွဲမီ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ မှ ဇွန်လ အထိ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း ပြုလုပ်ခဲ့ပါသည်။ ထို့အပြင် ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် တောင်ကြီးမြို့၌ သက်ဆိုင်သူများအားလုံး ပါဝင်သော ဒေသန္တရ အလုပ်ရုံ ဆွေးနွေးပွဲတစ်ရပ်ကိုပါ ကျင်းပခဲ့ကာ ယင်းဆွေးနွေးပွဲများမှ ရလဒ်များကို အခြေခံရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ ဤအလုပ်ရုံ ဆွေးနွေးပွဲက ပေါ်ထွက်လာသော သုံးသပ်ချက်တစ်ရပ်မှာ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းရှိ ကုမ္ပဏီများ သော်လည်းကောင်း၊ ဒေသခံများ အပါအဝင် ဒေသတစ်ခုလုံး အနေနှင့်ပါ အင်းလေးကန်

ခရီးစဉ်ဒေသ ဖွံ့ဖြိုးတိုးတက်မှု၏ သက်ရောက်မှုများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရန် အဆင်သင့် မရှိသေးကြောင်း တွေ့ရှိလာရပါသည်။

ဤကဲ့သို့အဆင်သင့်မဖြစ်ရသည့်အနေအထားများမှာ-

(က) ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုဆိုင်ရာ ကိစ္စရပ်များတွင် လိုအပ်သော စီမံကိန်းများ ပြုစုနိုင်ရန် အရည်အချင်းနိမ့်ကျခြင်း။

(ခ) အနာဂတ် ခရီးသည် ဝင်ရောက်နိုင်မှု အခြေအနေများ၊ လက်ရှိ ခရီးသည် ဝင်ရောက်မှု အခြေအနေများနှင့် သက်ရောက်မှု (အကောင်းအဆိုး နှစ်မျိုးစလုံး) ကို သိရှိနိုင်ရန် အခြေခံစာရင်းဇယားများမရှိခြင်း။

(ဂ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ယဉ်ကျေးမှုနှင့် လူမှုဝန်းကျင် ထိန်းသိမ်းရေးနှင့် စပ်လျဉ်းသည့် ကာကွယ်စောင့်ရှောက်မှုများမရှိခြင်း။

(ဃ) ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း စီမံကိန်းရေးဆွဲရာတွင် ဒေသခံလူမှုအဖွဲ့အစည်းနှင့် အကျိုး စီးပွားပါဝင် ပတ်သက်သူများ၏ ပါဝင်မှု မရှိသလောက်နည်းပါးခြင်း။

(င) ဒေသခံ လူအဖွဲ့အစည်းအများအပြား၏ အတတ်ပညာပိုင်း နိမ့်ကျခြင်းအပြင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကြောင့် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် သက်ရောက်မှုများကို သဘောပေါက်မှုအားနည်းခြင်း။

ဤအားနည်းချက်များကြောင့် သက်ရောက်မှု (၂) ပိုင်းဖြစ်ပေါ်လာပါသည်။ ပထမအပိုင်းမှာ ဒေသ၏ ခရီးသွားလုပ်ငန်းမှာ စီးပွားရေးကဏ္ဍတစ်ရပ်အဖြစ် တည်ရှိနေသော်လည်း ထိရောက်သော မူဝါဒများချမှတ်နိုင်ခြင်းမရှိပါ။ ဤသို့ ထိရောက်သော မူဝါဒများ၊ မဟာဗျူဟာများ၊ ဖွံ့ဖြိုးရေးစီမံချက်များ ချမှတ်နိုင်ခြင်းမရှိ၍ ကမ္ဘာလှည့် ခရီးသည် ဦးရေ တိုးလာသည်နှင့် အမျှ တိုးတက်ရရှိလာသော ဝင်ငွေများကို ဒေသရှိ လူ့အဖွဲ့အစည်းများ၏ အကျိုးစီးပွားအတွက် အသုံးချနိုင်မှုမရှိခြင်းဖြစ်ပါသည်။ ဒုတိယစိန်ခေါ်ချက်မှာ ဤသို့ကမ္ဘာလှည့် ခရီးသွားဦးရေတိုးတက်လာခြင်း ကြောင့် ဒေသ၏ သဘာဝအရင်းအမြစ်များ ထိခိုက်မှုရှိ လာခြင်း၊ ရိုးရာယဉ်ကျေးမှု စရိုက်လက္ခဏာများ ထိခိုက်မှုရှိလာခြင်း၊ လူမှုအဖွဲ့အစည်းအတွင်း ဆက်ဆံရေးများကို ထိခိုက်မှုရှိလာခြင်း စသည်များ ဖြစ်ပေါ်လာစေပါမည်။ ဤထိခိုက်မှုများ ကြောင့်လည်း အင်းလေးကန်ဒေသ၏ မြတ်နိုးဖွယ် စရိုက်လက္ခဏာများ ပျောက်ပျက်ကာ ခရီးသည်များ၏ လာရောက်လည်ပတ်လိုသော ဆန္ဒကို ထိခိုက်လာပါလိမ့်မည်။

ထို့ကြောင့်လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်တို့ကို မထိခိုက် မပျက်စီးစေရန်အတွက် အနိမ့်ဆုံး ညွှန်းကိန်းများ ရရှိနိုင်ရန် ကောင်းမွန်အကျိုးရှိသော သက်ရောက်မှုများကို သာမက အကျိုးမဲ့စေသော သက်ရောက်မှုများကိုပါ လေ့လာစိစစ်ကြရမည် ဖြစ်ပါသည်။ ဤသို့ ဆောင်ရွက်ကာ အခြေခံ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ လက်ရှိခရီးစဉ်များ အပြင်


သာလွန်ကောင်းမွန် အကျိုးရှိသော သက်ရောက်မှုများကိုသာမက အကျိုးမဲ့စေသော သက်ရောက်မှုများကိုပါ လေ့လာစိစစ်ကြရမည်ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ကာ အခြေခံ အဆောက်အအုံများ ဆောက်လုပ်ခြင်း လက်ရှိခရီးစဉ်များအပြင် သာလွန်ကောင်းမွန်သော ခရီးစဉ်ဝန်ဆောင်မှုများ ဖော်ဆောင်ခြင်းနှင့် လူစွမ်းအား အရင်းအမြစ်မြှင့်တင်ရေးလုပ်ငန်းများကို မှန်မှန်ကန်ကန် ဆောင်ရွက် နိုင်စေရန် လမ်းညွှန်မှုများပေးနိုင်မည်ဖြစ်ပါသည်။ ဤရည်မှန်းချက် များ အကောင်အထည် ဖော်ရန်မှာ ဒေသတွင်းရှိ အကျိုးစီးပွား ပါဝင် ပတ်သက်နေသူများ အားလုံး၏ သဘောဆန္ဒကို ထင်ဟတ်မည့် ဒေသန္တရစီမံကိန်း ခန့်ခွဲမှုစီမံချက်တစ်ရပ် လိုအပ်သည်ဟု အချက်က ထင်ရှားစွာ ပေါ်ထွက်လာပါ သည်။

ဤလုပ်ငန်းစီမံချက်နှင့် ဤစာတမ်း၏ ရည်မှန်းချက်များလည်း အင်းလေးကန် ဒေသတွင် ရေရှည်တည်တံ့ပြီး တာဝန်ယူမှုရှိသော ကမ္ဘာလှည့်ခရီးသွား ဝန်ဆောင်မှုများ ပေါ်ပေါက်လာရန် ဖြစ်ပါသည်။

အကျယ်အဝန်းအားဖြင့် ၁၉၀၀၀ စတုရန်းကီလိုမီတာရှိပြီး လူဦးရေ ၁.၄သန်းခန့် နေထိုင်သည်။ ပထဝီအနေ အထားအရ တောင်ကုန်း၊ တောင်တန်းများနှင့် မြေပြန့် လွင်ပြင်များရှိမှာ တိုင်းရင်းသား မျိုးနွယ်စု အများအပြား နေထိုင်လျှက်ရှိသည်။



The leg rowing technique of the Innthar People is a unique attraction to the Region.




အကျယ်အဝန်းအားဖြင့် ၁၉၀၀၀ စတုရန်း ကီလို မီတာရှိပြီး လူဦးရေ ၁. ၄သန်းခန့် နေထိုင်သည်။ ပထဝီအနေ အထားအရ တောင်ကုန်း၊ တောင်တန်းများနှင့် မြေပြန့် လွင်ပြင်များရှိမှာ တိုင်းရင်းသား မျိုးနွယ်စု အများအပြား နေထိုင် လျှက်ရှိသည်။

ရှမ်းပြည်နယ်၏နောက်တောင် ဘက် အခြမ်းတွင် တည်ရှိကာ မြန်မာနိုင်ငံ ၏ ကမ္ဘာလှည့်ခရီးသွား လုပ်ငန်း၏ အချက် အခြာဒေသတစ်ခုဖြစ်သည်။ရှမ်းပြည်နယ် သည် မြန်မာနိုင်ငံ၏ အလယ်ဗဟိုခန့်တွင် တည်ရှိသဖြင့် နိုင်ငံ၏အသဲနှလုံးဟုခေါ်ဆို နိုင် သည်။




## ၁. ၃ အင်းလေးကန်ခရီးစဉ်ဒေသ စီမံခန့်ခွဲမှုစီမံချက်

### အင်းလေးကန်ဒေသစီမံခန့်ခွဲမှု စီမံချက်

- အင်းလေးကန်ဒေသသို့ လာရောက်ကြသော ခရီးသွားများနှင့် စပ်လျဉ်းသည့် လက်ရှိစီးပွားရေးကဏ္ဍအခြေအနေ။
- ဒေသတွင်း ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသာချက်များကို ထောက်ပြပြီး အနာဂတ်ဖွံ့ဖြိုးရေးအတွက် လမ်းညွှန်မှု ပေးခြင်း။

- ဧည့်သည်များ၏ လိုအပ်ချက်နှင့် မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်မှု၊ သဘာဝပတ်ဝန်းကျင် အခြေအနေများနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး အတွက် လိုအပ်သော အခြေခံအဆောက်အအုံစသည်များကို စိစစ်သုံးသပ်ခြင်း။
- ၂၀၁၄-၂၀၁၉ ခုနှစ် စီမံချက်ကာလအတွင်း အင်းလေးကန်ဒေသ ဖွံ့ဖြိုးတိုးတက် ရေး၊ စီမံခန့်ခွဲရေးနှင့် ဈေးကွက်အရောင်းမြှင့်တင်ရေးတို့အတွက် မျှော်မှန်းချက် များ၊ ဦးတည်ချက်၊ ဦးစားပေးဆောင်ရွက်ရမည့်အစီအစဉ်များစသည်တို့ကို ဖော်ထုတ်ခြင်း။
- ဤစီမံချက်ပါ လုပ်ငန်းများအောင်မြင်ရေးအတွက် အကျိုးစီးပွား ပါဝင်ပတ်သက် နေသူများအကြားသော်လည်းကောင်း ညှိနှိုင်းဆောင်ရွက်နိုင်ရေး အတွက် မူဘောင်တစ်ရပ်ဖြစ်ပေါ်လာစေရန်
- ဒေသန္တရ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ တစ်ရပ်ဖွဲ့စည်းပေါ်ပေါက်လာစေရေး အတွက် မူဘောင်တစ်ရပ်ဖြစ်ပေါ်လာစေရန်

ဤနေရာတွင် သတိပြုစေလိုသည်မှာ မြန်မာနိုင်ငံ၏ နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍနှင့် နည်းပညာကဏ္ဍများ၏ တိုးတက်ဖွံ့ဖြိုးမှုသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက် နေသည်ဖြစ်ပေရာ ယခုစာတမ်းကိုလည်း အချိန်နှင့် တပြေးညီစွာ အခြေအနေ၊ အချိန်အခါနှင့် လိုက်လျော ညီထွေမှုရှိစေရန် ပြင်ဆင်ဖြည့်စွက်ရခြင်းများရှိလာမည်ဆိုသည့်အချက်ပင် ဖြစ်ပါသည်။

## ၁.၄ မျှော်မှန်းချက်

အင်းလေးကန်ဒေသ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် ဒေသ၏ ကွဲပြားခြားနားပြီး ရှင်သန်လှပသော ယဉ်ကျေးမှုအခြေအနေများ၊ ဒေသခံများ၏ ပုံရိပ်များကို ရောင်ပြန်ဟပ်စေပြီး လာရောက်လည်ပတ်ရန် အကောင်းဆုံးနေရာဖြစ်သည်ဟူသော အချက်ကို အထောက်အကူဖြစ်စေ ရပါမည်။ ဖြစ်နိုင်သမျှ ဤခရီးသွားလုပ်ငန်းသည် ဒေသ၏ လူမှုစီးပွားရေးဘဝနှင့် သဘာဝဝန်းကျင် တို့ကို ထိရှမှုအနည်းဆုံးဖြစ်ရန် လိုအပ်ပါသည်။ အင်းလေးကန်ဒေသ၏ တမူထူးခြားသော လူမှုစီးပွားရေးဘဝနှင့် သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထားလေးစားပြီး အင်းလေးကန်ဒေသ၏ ဖွံ့ဖြိုးမှုကို အားပေးကြပြီး ပါဝင်ဆောင်ရွက်လိုသည့် ဧည့်သည်များကို ဦးစားပေးကြိုဆိုရမည်ဖြစ်ပါ သည်။

အင်းလေးကန်ဒေသသည် ပျော်ရွှင်ဖွယ်ရာကောင်းသော အခြေချ နေထိုင်လုပ်ကိုင်နိုင်ပြီး ရေရှည်တည်တံ့ဖွံ့ဖြိုးသော ခရီးစဉ်ဒေသတစ်ခုအဖြစ် ရောက်ရှိလာမည်ဖြစ်ပါသည်။

## ၁. ၅ ရည်မှန်းချက်ပန်းတိုင်များ

ဒေသခံပြည်သူများအနေဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၏ အသီးအပွင့်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ခံစားခွင့်ရှိရပါမည်။ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက် လာပါက ဒေသခံများက ဦးစားပေးခံစားခွင့်ရှိရပါမည်။ ထို့အတူ ဒေသခံများ၏ ကိုယ်တိုင် စီးပွားရေးတွင် ဦးစီးဦးဆောင်ပြုမှုကို ဦးစားပေးရပါမည်။ ဒေသတွင်း၌ ကမ္ဘာလှည့် ခရီးသွား လုပ်ငန်းနှင့် ဆက်နွယ်သော စီးပွားရေးလုပ်ငန်းများကိုလည်း အကူအညီအားပေးရပါမည်။

သဘာဝပတ်ဝန်းကျင်အားလည်း ထိန်းသိမ်းစောင့်ရှောက်ရုံသာမက ပျက်စီးယိုယွင်းမှုများအားလည်းကုစားရန်လိုအပ်ပါသည်။ ဤဒေသ၏ ခရီးသွားလုပ်ငန်းရေရှည်တည်တံ့ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ကောင်းမွန်သော ဝန်းကျင်ဖန်တီးရပါမည်။

ဒေသ၏ထူးခြားပြီးစုံလင်မှုရှိသည့် အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရပါမည်။ သဘာဝရှုမျှော်ခင်းများ၊ ရိုးရာဓလေ့ထုံးစံများ၊ နေ့စဉ်လှုပ်ရှားသွားလာမှုပုံစံများ၊ ဘာသာရေးထုံးစံများ၊ လက်မှုပညာပစ္စည်းများ၊ အစားအသောက်များ၊ အဝတ်အစားစသည်များကို ဆက်လက်ထိန်းသိမ်းရန်သာမက ဂုဏ်ယူကြရပါမည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကိုလည်း အောက်ဖော်ပြပါ အခြေခံများအရ အကောင်အထည်ဖော်ဆောင်ရွက်ရပါမည်။

**ဧည့်သည်များ၏အခန်းကဏ္ဍ**သည် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသင့်ပါ။ ဥပမာ လှေစီး ခရီးစဉ်များ၊ တောတွင်းခရီးကြမ်းလမ်းလျှောက်ခရီးစဉ်များဖြစ်သင့်ပါသည်။ သဘာဝပတ်ဝန်းကျင်ကိုလည်းကောင်း၊ ဒေသခံပြည်သူများကိုလည်းကောင်း လေးစားတန်ဖိုးထားသော ခရီးစဉ်ဝန်ဆောင်မှုများဖြစ်သင့်ပါသည်။

**ဧည့်သည်များနားနေရန်အိပ်ဆောင်** စသည်များမှာလည်း သက်ဆိုင်ရာဒေသ၏ အလှအပ၊ ယဉ်ကျေးမှုရိုးရာပုံစံများသာဖြစ်သင့်ပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိသော ပစ္စည်းများကို အသုံးချပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေသော စီမံခန့်ခွဲမှုစနစ်ရှိရပါမည်။

**အခြေခံအဆောက်အအုံများ** [၁] တည်ဆောက်ရာတွင်လည်း အဓိကမှာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို လျှော့ချရေးကို ဦးတည်သင့်ပါသည်။ ထို့အပြင်ယင်းအခြေခံအဆောက်အအုံများသည် ဒေသခံပြည်သူအစုအဖွဲ့များ၏ အကျိုးကိုဖြစ် စေရပါမည်။

ပြည်ထောင်စုအစိုးရအဖွဲ့၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဝန်ကြီးဌာနများနှင့် အစိုးရရုံးဌာနများ၊ ပြည်သူလူထုအခြေပြုလူမှုအဖွဲ့အစည်းများ၊ အလုပ်သမားအသင်းအဖွဲ့များ၊ မြေပိုင်ရှင်များ ၊ ပုဂ္ဂလိက ကဏ္ဍ၊ ပြည်တွင်းနှင့် ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများအပြင် နိုင်ငံတကာမှ

---

[၁] Infrastructure implies electricity supply, roads, rail, airports, water management systems and so on.


စေတနာရှင် အဖွဲ့များအားလုံးသည် အင်းလေးကန်ဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ကြရန် တာဝန်ရှိကြပါသည်။

## ၁.၆ သုတေသနဆောက်ရွက်ချက်လုပ်ငန်းစဉ်များချမှတ်ခြင်း

ဤအင်းလေးကန်ဒေသ စီမံခန့်ခွဲမှု စီမံချက် ပေါ်ထွက်လာရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ပညာရှင်အဖွဲ့က လိုအပ်သောသုတေသနလုပ်ငန်း များကို ဆောင်ရွက်ခဲ့ပါသည်။ ဤသုတေသနလုပ်ငန်းစဉ်တွင် အကျိုးစီးပွားပါဝင်ပတ်သက်နေသူများနှင့် ဆွေးနွေးခြင်း၊ ကမ္ဘာလှည့်ခရီးသွားများနှင့် ဆက်စပ်သော စီးပွားရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်အား လေ့လာခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။ ဤသုတေသနလုပ်ငန်းများကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ မှ ဩဂုတ်လအတွင်း ဆောင်ရွက်ခဲ့ပါသည်။

ဤဆွေးနွေးပွဲအစည်းအဝေးများတွင် အကျိုးစီးပွားပါဝင် ပတ်သက်နေသူများအားလုံးကို ဖိတ်ကြားခဲ့ကာ သတ်သတ်မှတ်မှတ် ဖွဲ့စည်းပေးထားသော အဖွဲ့ငယ်များနှင့် ဆွေးနွေးပွဲ အကြိမ် ၁၀၀ ကျော်၊ အလုပ်ရုံဆွေးနွေးပွဲ ၅ ကြိမ် ပြုလုပ်ခဲ့သည့်အပြင် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများနှင့်လည်းကောင်း၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများနှင့် လည်းကောင်း၊ ပြည်သူလူထုအခြေပြုအဖွဲ့အစည်းများ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ၊ ဒေသခံတိုင်းရင်းသား ကိုယ်စားလှယ်များသာမက အခြားစိတ်ဝင်စားသူများကိုပါ ဆွေးနွေးခဲ့ပါသည်။

### ၁.၆.၁ ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးစီမံချက်ရေးခဲ့ပုံအဆင့်အဆင့်



## ၁.၇ စီမံချက်အကြံပေးကော်မတီ

အင်းလေးကန်ဒေသသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအတွက် အရေးကြီးသည့်နေရာဒေသဖြစ်ရုံသာမဟုတ် တိုင်းရင်းသားပေါင်းစုံနေထိုင်ရာ ဒေသလည်းဖြစ်နေ၍ ဤစီမံချက်ကို ပြုစုရာတွင် လိုအပ်သော မဟာဗျူဟာလမ်းညွှန်ချက်များ ပေးနိုင်ရန် Project Advisory Committee – PAC ခေါ် အကြံပေးကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ဒေသန္တရ ခရီးစဉ်ဒေသ စီမံခန့်ခွဲမှု အဖွဲ့များအား ဤစီမံချက်ကာလအတွင်း လိုအပ်သလို လမ်းညွှန်ကြီးကြပ်သွားမည် ဖြစ်ပါသည်။ နောက်ဆက်တွဲ (၁) တွင် ကော်မတီ၏ ဖွဲ့စည်းပုံနှင့် ကော်မတီဝင်များကို ဖော်ပြထားပါသည်။

## ၂ . ခရီးစဉ်ဒေသစီမံခန့်ခွဲရေး

ခရီးစဉ်ဒေသစီမံခန့်ခွဲမှုဆိုသည်မှာ ခရီးစဉ်ဒေသတစ်ခု၏ ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှု ၊ ဈေးကွက်တွင်း အရောင်းမြှင့်တင်ခြင်း အစရှိသော ဘက်စုံပါဝင်သော သုံးသပ်ချက်၊ စီမံချက်မျိုး ဖြစ်ပါသည်။ အထူးသဖြင့် အကျိုးစီးပွား ပါဝင် ပတ်သက်နေသူများအားလုံး တူညီသော ရည်မှန်းချက်ဖြင့် ပူးပေါင်းဆောင်ရွက် နိုင်ရန်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် ဖွင့်ဆိုရပါလျှင် အကျိုးစီးပွား ပါဝင်ပတ်သက်နေသူဆိုရာ၌ နေရာဒေသတစ်ခု၊ စီးပွားရေးလုပ်ငန်းတစ်ခု သို့မဟုတ် လှုပ်ရှား ဆောင်ရွက်နေသူဟု အဓိပ္ပါယ်ဖွင့်ဆိုနိုင်ပါသည်။ ဤနေရာတွင်မူ ပြည်ထောင်စု အစိုးရမှစ၍ အင်းလေးဒေသခံပြည်သူတစ်ဦးအထိကို ဆိုလိုပါသည်။

ဤခရီးစဉ်ဒေသစီမံခန့်ခွဲမှု စီမံချက်သည် အင်းလေးကန်ခရီးစဉ်ဒေသ၌ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးနှင့် ယင်းဖွံ့ဖြိုးမှုသည် ဒေသခံပြည်သူများ အကျိုးအတွက်ဖြစ်စေရေးနှင့် ခရီးသွားလုပ်ငန်းသည် ပြင်ပမှ ရိုက်ခတ်လာနိုင်သော သက်ရောက်မှုများကို ကြံ့ကြံ့ခိုင်နိုင်ရုံသာမက ဈေးကွက်အနေအထား စီးပွားရေးလောက အနေအထား အပြောင်းအလဲများကိုပါ ရင်ဆိုင် ကျော်လွှားနိုင်ရန်လိုအပ်ပါသည်။ အထူးသဖြင့် ယခုကဲ့သို့ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော အခြေအနေ များအရ အထက်ပါ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် လိုအပ်လာပါသည်။

### ခရီးစဉ်ဒေသစီမံခန့်ခွဲမှု

**ခရီးစဉ်ဒေသစီမံခန့်ခွဲမှု**ဆိုသည်မှာ ခရီးသွားဧည့်သည်များ၏ အတွေ့အကြုံများ ကြွယ်ဝရေး အတွက် ယင်းဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုများကိုဦးဆောင်မှုပေးခြင်း၊ အားဖြည့်ပေးခြင်း၊ ညှိနှိုင်းပေးခြင်း များပါဝင်ပါသည်။ ဤသို့ဆောင်ရွက်ရာတွင် ဧည့်သည်များ၏ လိုအပ်ချက်၊ ဒေသခံများ စီးပွားရေးလုပ်ငန်းများအပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှု စသည်တို့လည်း ပါဝင် ပါသည်။

**ခရီးစဉ်ဒေသစီမံခန့်ခွဲမှုစီမံချက်**ဆိုသည်မှာ (DMP) ဆိုသည်မှာ အကျိုးစီးပွားပါဝင် ပတ်သက်သူများအားလုံးပါဝင်ပြီး ယင်းဒေသ၏ ဖွံ့ဖြိုးရေးကို အချိန်ကာလအတိုင်းအတာ တစ်ခုတွင် စီမံခန့်ခွဲရန် စီမံချက်ဖြစ်ပါသည်။ ဤစီမံချက်၌ အကျိုးစီးပွား ပါဝင်ပတ်သက်နေသူ အားလုံး၏ တစ်ဦးချင်းတာဝန်ရှိမှု၊ တာဝန်ယူမှုအပြင် သဘာဝ အရင်းအမြစ်များကို ခွဲဝေသုံးစွဲမှုကို အတိအကျပြဌာန်းထားပါသည်။

**ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့များ (DMO)** သည် ဒေသတွင်း ခရီးသွားလုပ်ငန်း နယ်ပယ်တွင် ပါဝင်ပတ်သက်နေသော အဖွဲ့အစည်းပုဂ္ဂိုလ်အသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များကို စုစည်းညှိနှိုင်းခြင်းစသည် တာဝန်ရှိပါသည်။ ဥပမာအားဖြင့် ဟိုတယ်လုပ်ငန်းများ ခရီးသည် ပို့ဆောင်ရေး ဝန်ဆောင်မှုများနှင့် အခြားခရီးသွားလုပ်ငန်း နှင့် ဆက်စပ်နေသော စီးပွားရေး လုပ်ငန်းများနှင့် လုပ်ငန်းနှင့် ဆက်စပ်နေသော စီးပွားရေးလုပ်ငန်းများနှင့် ညှိနှိုင်းကာ မဟာဗျူဟာလုပ်ငန်းစဉ်တွင် အကြံဉာဏ် အချက်အလက်များဖြင့် ပံ့ပိုးရန်ဖြစ်ပါသည်။ ထို့အပြင် မိမိဒေသအား ဈေးကွက်တွင် အရောင်းမြှင့်တင်ခြင်း၊ စည်းမျဉ်းစည်းကမ်းများသတ်မှတ်ခြင်း၊ လိုအပ်သော ပညာပေးလေ့ကျင့်ရေး အစီအစဉ်များ ဆောင်ရွက်ပေးခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်တို့၏ ထောက်ခံမှုရရှိရေးစသည်တို့ကို ဆောင်ရွက်ရပါသည်။

**အင်းလေးကန်ဝန်းကျင် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးစီမံချက်** ကို အင်းလေးကန်ဒေသ၏ ရေရှည်တည်တံ့သော ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်ချက်ဟု မှတ်ယူနိုင်ပါသည်။

---

အထက်ပါ အဓိပ္ပါယ်ဖော်ချက်များကို " Visit England (2012) Principles for Developing Destination Management Plans" မှ ကိုးကားပါသည်။

ထို့ကြောင့် ခရီးစဉ်ဒေသစီမံခန့်ခွဲမှု စီမံချက် (DMP) ဆိုသည်မှာ ခရီးသွားလုပ်ငန်းကို တိုးတက်စေသော ခရီးသွားလုပ်ငန်း၏ ထုတ်ကုန်(ခရီးစဉ်) များ၏ တန်ဖိုးကို တက်စေသော လိုအပ်သည့် အခြေအနေများကို သိသာထင်ရှားပေါ်လွင်လာစေရန် အသုံးပြုသော လက်နက်တစ်ခုဟု မှတ်ယူနိုင်ခြင်းဖြင့် အရေးကြီးသော ခရီးစဉ်ဒေသတစ်ခု၏ ရေရှည်ဖွံ့ဖြိုးမှုကိုလည်းကောင်း၊ ယင်းဒေသအား စီမံခန့်ခွဲမှုကိုလည်းကောင်း အထောက်အကူပြုပါမည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စများကိုလည်း မီးမောင်းထိုးပြပြီး လိုအပ်သော အထောက်အကူများကိုလည်း ဖော်ထုတ်ပြသလာ နိုင်မည်ဖြစ်ပါသည်။


ခရီးစဉ်ဒေသ စီမံခန့်ခွဲမှုစီမံချက်သည်

- ဧည့်သည်များအား ဝန်ဆောင်မှုပေးရသော စီးပွားရေးလုပ်ငန်းနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆက်နွယ်နေသော အစိုးရဌာနများ၊ ဒေသန္တရဆွေးနွေးပွဲများ၊ ပုဂ္ဂလိကလုပ်ငန်းများနှင့် ပြည်သူလူထုအခြေပြု အဖွဲ့အစည်းများ၏ လုပ်ငန်းများကို ညှိနှိုင်းပေးခြင်း။
- ခရီးသွားလုပ်ငန်းကြောင့် ဖြစ်ပေါ်ရသည့် သက်ရောက်မှုများ (အကောင်းအဆိုး) ကို စောင့်ကြည့်ခြင်းနှင့် ထိန်းသိမ်းခြင်း။
- ရေရှည်တည်တံ့သော စီးပွားရေးလုပ်ငန်း တစ်ရပ်ဖြစ်ပေါ်လာစေရန် ရရှိလာသော အထောက်အပံ့နှင့် အခြားကိစ္စများကို ဦးစားပေး အစီအစဉ်အရ ခွဲဝေချထားပေးခြင်း
- ဖွံ့ဖြိုးရေးအလှူရှင် အဖွဲ့အစည်းများထံမှ ထောက်ပံ့ငွေများကို ရယူရန်အပြင် ပုဂ္ဂလိက ကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုများသည် ရေရှည်အကျိုးအတွက် ဖြစ်စေရန် စီမံခြင်း။

## ၂.၁ ဧည့်သည်စီးပွားရေးဆိုတာဘာလဲ

ဧည့်သည်စီးပွားရေးဆိုသည်မှာ ခရီးသွားဧည့်သည်များနှင့် တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း ဆက်စပ်မှုကြောင့် ပေါ်ပေါက်လာရသည့် စီးပွားရေးအခြေအနေများ ဖြစ်သည်။ ဉပမာ – ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ခရီးလှည့်လည်ပြသခြင်းဆိုင်ရာ ဝန်ဆောင်မှုများသည် တိုက်ရိုက်ပတ်သက်သောစီးပွားရေးကဏ္ဍများဖြစ်သည်။ သို့ရာတွင် ယင်းတို့မှာ ဧည့်သည်များ၏ ခံစားထိတွေ့မှုတစ်စိတ်တစ်ပိုင်းသာ ဖြစ်သည်။ သွယ်ဝိုက်ထိတွေ့ရမှုများတွင် အစားအသောက် ချက်ပြုတ်ထုတ်လုပ်ခြင်း၊ ယင်းအစားအသောက်များကို သယ်ယူပို့ဆောင်ပေးရခြင်း၊ စက်ကိရိယာ နှင့် မော်တော်ယာဉ်များ ပြုပြင်ထိန်းသိမ်းခြင်း၊ လူစွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်း၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်း စသည်တို့လည်းပါဝင်ပါသည်။ ဤသွယ်ဝိုက်သော စီးပွားရေးလုပ်ငန်းများတွင် သီးနှံ စိုက်ပျိုးသူများ ပါဝင်သလို ငါးရှာသူ တံငါသည်များလည်း ပါဝင်ကြပါလိမ့်မည်။ ဤပုဂ္ဂိုလ်များသည် အင်းလေးကန်ဒေသ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးတွင် တိုက်ရိုက်ပါဝင်မှု မဟုတ်သော်လည်း ယင်းတို့ကို ဖယ်ထုတ်၍ မရနိုင်ပါ။

**ခရီးသွားလုပ်ငန်းနှင့် ဧည့်သည်စီးပွားရေး**




ဤဧည့်သည် စီးပွားရေးတွင် အင်းလေးကန်ဒေသရှိ စီးပွားရေးလောကကြီးတစ်ခုလုံးပါဝင် သလို၊ ဒေသ၏ ယဉ်ကျေးမှု၊ လူမှုရေးနှင့် သဘာဝအမွေအနှစ်များလည်း ပါဝင်ပါသည်။ ဒေသခံများ၏ အခန်းကဏ္ဍ၊ ကောင်းမွန်သော ဝန်ဆောင်မှုများ၊ ဒေသ၏ အနေအထားကို ဧည့်သည်များ ကောင်းမွန်စွာ နားလည်သဘောပေါက်စေရေး စသည်တို့လည်းပါဝင်ပါသည်။

## ၂.၂ ကမ္ဘာလှည့်ခရီးသွားဆိုသည်မှာမည်သူများလဲ

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် ကမ္ဘာလှည့်ခရီးသည်ဆိုသည့် စကားလုံးများကို အဓိပ္ပါယ် ဖွင့်ဆိုချက်များမှာ တစ်ဦးနှင့် တစ်ဦးမတူကြပါ။ (UNWTO) ခေါ် ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွား လုပ်ငန်းအဖွဲ့ကြီးက အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုပါသည်။

"ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆိုသည်မှာ မိမိနေထိုင်ရာ နေရင်းဒေသ ပတ်ဝန်းကျင်မှနေ၍ ကိုယ်ရေးကိုယ်တာကိစ္စအရလည်းကောင်း၊ စီးပွားရေးနှင့် လုပ်ငန်းကိစ္စများအရလည်းကောင်း အခြားနိုင်ငံ သို့မဟုတ် ဒေသသို့ သွားရောက်သော လူမှုရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေး အနေ အထားတစ်ရပ်ပင် ဖြစ်တော့သည်။[၂] "


ဤအဓိပ္ပါယ်ဖွင့်ဆိုချက်အရ ခရီးသွားအုပ်စုတွင် အပျော်နှင့် အပန်းဖြေ ခရီးသွားသူများ၊ စီးပွားရေးလုပ်ငန်းရှင်ခရီးသွားများ၊ ဘုရားဖူးအဖွဲ့များ၊ ဆွေမျိုး မိတ်ဆွေများထံ အလည်အပတ်သွား ရောက်သူများမှာ ခရီးသွားလုပ်ငန်း၏ ဝန်ဆောင်မှု တစ်ရပ်ရပ်ကို ရယူခံစားကြသူများဖြစ်ရာ ယင်းတို့ကိုလည်း ခရီးသွားများဟု မှတ်ယူနိုင်ပါသည်။ ယင်းတို့သည် ဧည့်သည်စီးပွားရေးထဲတွင် ပါဝင် ပတ်သက်နေပါသည်။ ဥပမာ - တောင်ကြီးမြို့၏ စီးပွားရေးကို ကြည့်ပါလျှင် စီးပွားရေးအရ လာရောက်ကြသော ခရီးသွားဧည့်သည်များ ရာခိုင်နှုန်းအတော်များကြောင်း တွေ့ရမည်ဖြစ်သည်။

---

[၂] http://media.unwto.org/en/content/understanding-tourism-basic-glossary

## ခရီးဒေသတစ်ခု၏ရှင်သန်မှုသက်တမ်း

၁၉၈၀ ပြည့်နှစ်များက လူသိများသော စီးပွားရေးပညာရှင်တစ်ဦးက ခရီးစဉ်ဒေသ တစ်ခု၏ ရှင်သန်မှုသက်တမ်းကို ဖော်ထုတ်ပြသခဲ့သည်။ ဤဇယားကို ကြည့်ပါ အင်းလေးကန် ဒေသကဲ့သို့ လည်ပတ်ကြည့်ရှုစရာများပြားသော နေရာအတွက် အထူးအရေးကြီးပုံကို တွေ့ရှိရပါ လိမ့်မည်။ အင်းလေးကန် ခရီးစဉ်ဒေသများသည် ဖွံ့ဖြိုးမှုအဆင့်ဆင့်မတူညီကြပုံကိုတွေ့ရပါမည်။




**၁။စတင်ဖော်ထုတ်တွေ့ရှိချိန် —** ဧည့်သည်အနည်းယ် သာရှိသေး သည်။ ဒေသ တွင်းပျက်စီးမှုရှိသေး၊ ဧည့်သည်များ အတွက် လိုအပ်သောန်ဆောင်မှုများ အလုံအလောက် မရှိသေး။

။ **ပါဝင်ပတ်သက်လာမှု -** ဒေသခံများကည့်သည်များ အတွက် ဝန်ဆောင်မှု အနည်းငယ်ပးလာသည်။ ဒေသကို လူသိများလာပါသည်။

။ **ဖွံ့ဖြိုးလာခြင်း** - ခရီးစဉ်ဒေသကို ဈေးကွက်တွင်တင်ပြရောင်းချလာသည်။ဧည့်သည်များလာရောက်နိုင်သည့် ခရီးစဉ် ဒေသအဖြစ် ပေါ်ထွက်လာသည်။

**၄။ဖွံ့ဖြိုးမှုအရှိန်ရလာသည် -** ဧည့်သည်များကို ဆက်လက်ဆွဲဆောင်နိုင်မှုရှိသည်။သို့ရာတွင်ယခင် ယခုအခါကဲ့သို့ လာရောက်သူမများတော့၊ ဒေသခံများနှင့် ဧည့်သည်များအကြား တင်းမာမှုများရှိလာသည်။

**၅။ ဖွံ့ဖြိုးမှုရပ်တန့်ချိန် -** ဧည့်သည်များအတွက် တည်ဆောက်ခဲ့သော အခြေခံအဆောက်အအုံစသည်များ ဟောင်းနွမ်းလာသဖြင့် ဝန်ဆောင်မှု ညံ့ဖျင်းလာသည်။ ဧည့်သည်လာရောက်မှုနှုန်းကျဆင်းလာသည်။

**၆။ ပြန်လည်ဖွံ့ဖြိုးလာခြင်း** - နောက်ထပ်ရင်းနှီးမြှုပ်နှံမှုများထွက်ပေါ်လာသဖြင့် ပြန်လာဖွံ့ဖြိုးလာသည်။ ဧည့်သည်လာ ရောက်မှု ပြန်လည်မြင့်တက်လာသည်။

**၇။ လုံးဝကျဆုံးသွားခြင်း** - အချက် (၆) ပါအတိုင်းပြန်လည်ဖွံ့ဖြိုးလာရန် မဆောင်ရွက်နိုင်ပါက ဤဒေသသည် လုံးဝကျဆုံးသွားပါမည်။ အလုပ်လက်မဲ့များ ဖြစ်ပေါ်လာမည်။ ဒေသတစ်ခုလုံးဆုံးရှုံးရမည်။

## ၃။ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးနှင့် ဥပဒေနှင့်အဖွဲ့အစည်းဆိုင်ရာနှီးနွှယ်မှု

ဤခရီးစဉ်ဒေသ စီမံခန့်ခွဲမှု စီမံချက်သည် လက်ရှိကျင့်သုံး အသက်ဝင်နေသော ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သော ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြေညာစာများ၊ မဟာဗျူဟာရည်မှန်းချက်များ၊ မူဝါဒများပေါ်တွင် အခြေခံရုံသာမက ဆက်စပ်မှုလည်းရှိပါသည်။ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးစီမံကိန်းများ၏ တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်နေသည်ဖြစ်ရာ ယင်းဥပဒေပိုင်းနှင့် အဖွဲ့အစည်းပိုင်းဆိုင်ရာတို့ကိုလည်း အကျဉ်းဖော်ပြလိုပါသည်။

### ၃.၁ ဥပဒေကြောင်းဆိုင်ရာများ

### ၃.၁.၁ – ၁၉၉၃ ခုနှစ် ကမ္ဘာလှည့်ခရီးသွားဥပဒေနှင့် ၁၉၉၃ ခုနှစ် ဟိုတယ်နှင့် ကမ္ဘာလှည့်ခရီးသွားဥပဒေ

မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာလှည့်ခရီးသွားဥပဒေကို ၁၉၉၃ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ပြဋ္ဌာန်းခဲ့ပါသည်။ သို့ရာတွင် ၁၉၉၃ ခုနှစ်တွင် ဟိုတယ်နှင့်ခရီးသွားဥပဒေကို အသစ်တဖန် ထပ်မံပြဋ္ဌာန်းကာ ဥပဒေအဟောင်းကို ဖျက်သိမ်းခဲ့ပါသည်။ ယခုအသက်ဝင်နေသော ဥပဒေမှာ ၁၉၉၃ ခုနှစ် ဟိုတယ်နှင့် ခရီးသွားလာရေး ဥပဒေဖြစ်ပါသည်။ သို့ရာတွင် ဤစာတမ်းရေးသားဆဲ ကာလတွင် နောက်ထပ် ခရီးသွားလုပ်ငန်းနှင့် ဆိုင်သော ဥပဒေတစ်ရပ် ထပ်မံရေးဆွဲနေကြောင်းလည်း သိရှိရပါသည်။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်းအရ ဥပဒေအသစ်တစ်ရပ်ပြဋ္ဌာန်းရန်လိုအပ်လာ၍ ထပ်မံရေးဆွဲနေခြင်းဖြစ်ပါသည်။

ဤထပ်မံရေးဆွဲနေသော ဥပဒေ၏ အဓိကရည်ရွယ်ချက်များမှာ -

၁။ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းစနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး။
၂။ နိုင်ငံတကာခရီးသွားများအနေဖြင့် မြန်မာနိုင်ငံ၏သမိုင်းအမွေအနှစ်များနှင့် သဘာဝအလှများကို ခံစားကြည့်ရှုနိုင်ရေး။
၃။ သမိုင်းအမွေအနှစ်များနှင့် သဘာဝအလှများကို ကာကွယ်စောင့်ရှောက်ရေး။
၄။ နိုင်ငံတကာချစ်ကြည်ရေးနှင့် နှစ်ဦးနှစ်ဖက်အပြန်အလှန် နားလည်မှုတည်ဆောက်ရေး။
၅။ ခရီးသွားလုပ်ငန်းအတွက် လိုအပ်သော ကျွမ်းကျင်မှု ပညာရပ်များရရှိရေး။
၆။ ဧည့်သည်များ၏ အန္တရာယ်ကင်းရှင်းမှုနှင့် ကျေနပ်မှုရရှိစေရေး။

လက်ရှိကျင့်သုံးနေသော ဥပဒေအရ ခရီးသွားလုပ်ငန်းနှင့်ဆိုင်သော စီးပွားရေးလုပ်ငန်းများအားစနစ်တကျဖြစ်စေရေးနှင့် လိုင်စင်ထုတ်ပေးရေးနှင့်ဆိုင်သော လုပ်ထုံးလုပ်နည်းများဖော်ပြထားပါသည်။ ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန် အခြေခံမှုများအပြင်

နိုင်ငံတော် အချုပ်အခြာအာဏာနှင့် လုံခြုံရေးတို့ကိုပါ ထိန်းသိမ်းရန် အကာအကွယ်ပေးမှုများ ပါဝင်ပြီး နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ဖော်ဆောင်ရန် ပြဋ္ဌာန်းထားပါသည်။

၁၉၉၃ ခုနှစ် ဟိုတယ်နှင့် ခရီးသွားလာရေး ဥပဒေက ခရီးသွားလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှု ပြုလိုသူများအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ပါဝင်ပြီး အသေးစိတ်ကို ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၃၆/၉၀ ဖြင့် ဖော်ပြထားပါသည်။ အသေးစိတ်ကို နောက်ဆက်တွဲ (၂)တွင် ဖော်ပြထားပါသည်။

## ၃. ၁. ၂ — ၁၉၉၈ ခုနှစ်နှင့် ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ၁၉၈၈ ခုနှစ် နိုဝင်ဘာလတွင် ပြဋ္ဌာန်းခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကိုပါ ဖွဲ့စည်းပေးခဲ့ပါသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ယနေ့အထိ တည်ရှိဆဲဖြစ်ကာ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများကို အတည်ပြုပေးသည့်အဖွဲ့အစည်းဖြစ်ပါသည်။[၃] ထို့အပြင် ၂၀၁၂ ခုနှစ်တွင် ခရီးသွားလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုကို ဦးစားပေးထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။[၄]

## ၃. ၁. ၃ — မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများကို စိစစ်လက်ခံပြီး သဘောတူညီခွင့်ပြုချက်ပေးနိုင်ရန် အဖွဲ့ဝင် ၁၆ ဦးပါသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ၂၀၁၁ ခုနှစ်တွင် ဖွဲ့စည်းတာဝန်ပေးခဲ့သည်။ ယင်းကော်မရှင်က အနိမ့်ဆုံးရင်းနှီးမြှုပ်နှံရမည့် ငွေကြေးပမာဏကို ရင်းနှီးမြှုပ်နှံမှု အတိုင်းအတာနှင့် လိုက်လျောညီထွေမှုရှိအောင် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြဋ္ဌာန်းနိုင်သော အခွင့်အာဏာရှိသည်။ ၂၀၁၂ ခုနှစ် ဥပဒေတွင် ၁၉၈၈ ခုနှစ် ဥပဒေကဲ့သို့ပင် ပြည်သူပိုင်မသိမ်းပိုက်နိုင်ကြောင်း အာမခံချက်ပေးထားသည်။

ဤဥပဒေအသစ်တွင် နှစ်ဦးနှစ်ဖက် အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ ပြဋ္ဌာန်းချက်များလည်း ပါရှိသည်။ ထို့အပြင် (၅) နှစ် အခွန်ကင်းလွတ်ခွင့်များပါ ထည့်သွင်းထားသဖြင့် ရင်းနှီးမြှုပ်နှံလိုသူ လုပ်ငန်းရှင်များအနေဖြင့် စိတ်ဝင်စားမှုရှိကြပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် အစိုးရထံမှသော်လည်းကောင်း၊ ပုဂ္ဂလိကများထံမှသော်လည်းကောင်း မြေငှားရမ်းခွင့်လည်း ပါရှိပါသည်။ မြေများကို နှစ်ပေါင်း (၅၀) ငှားရမ်းနိုင်ကာ နောက်ထပ် နှစ် (၂၀) သက်တမ်းတိုးခွင့်ပြုထားပါသည်။

---

[၃] အကျယ်ကို www.investmyanmar.com/myanmar.investment.laws တွင်ကြည့်ပါ။

[၄] Myanmar Ministry of Hotels and Tourism Guide for Investors, available at http://www.myanmartourism.org/aboutus/guide_to_investment_doing_business.htm

## ၃. ၁. ၄ — စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲရေးမူဝါဒများ

၂၀၁၂ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲရေး မူဝါဒများ (FESR)[၅] တွင် ခရီးသွားလုပ်ငန်းကို ဦးစားပေးဖော်ပြထားပါသည်။ ဤမူဝါဒများအရ အခြားစီးပွားရေးကဏ္ဍများနည်းတူ ခရီးသွားလုပ်ငန်းက "၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံအား ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော် အဖြစ် တည်ဆောက်ရန်' ရည်မှန်းထားပါသည်။

> " ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းသည် မြန်မာနိုင်ငံ၏ အရေးပါသော စီးပွားရေး ကဏ္ဍတစ်ရပ် ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းကို ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် စီးပွားရေးအခွင့်အလမ်း များစွာ ဖြစ်ပေါ်စေပြီး လူမှုရေးနှင့် စီးပွားရေးကဏ္ဍများကိုလည်း အချိုးကျနစေမည်ဖြစ်ပါသည်။ အစိုးရအနေဖြင့်လည်း နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ အကောင်အထည်ဖော်ရာတွင်လည်း ပြည်တွင်းနှင့် နိုင်ငံတကာ ခရီးသွားလုပ်ငန်းများကိုပါ ထည့်သွင်းစဉ်းစားကာ အကောင်အထည်ဖော် မှုများကို အားပေးကူညီ အထောက်အကူ ပြုသွားရန်လိုပါသည်။ ခရီးသွားလုပ်ငန်းနှင့် အခြားစီးပွားရေး လုပ်ငန်းများ၏ ဆက်စပ်မှု များကိုလည်း အားဖြည့်ကာ အကျိုးဖြစ်ထွန်းစေရန် ဆောင်ရွက် ရန်လိုပါသည်။"

## ၃. ၁. ၅ — မြန်မာနိုင်ငံတာဝန်ရှိသော ခရီးသွားလုပ်ငန်းမဟာဗျူဟာ

မြန်မာနိုင်ငံ၏ တာဝန်ရှိသော ခရီးသွားလုပ်ငန်းမဟာဗျူဟာ[၆] ကို ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ဤစာတမ်း၌ တာဝန်ရှိသော ခရီးသွားလုပ်ငန်း မဟာဗျူဟာကို ကျင့်သုံးအကောင်အထည်ဖော်ကာ ခရီးစဉ်ဒေသများအပေါ် ထိခိုက်မှုများကို ရှောင်ရှားပြီး စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အထိရောက်ဆုံး ဖြစ်စေရန် ရည်ညွှန်းထားပါသည်။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် စီးပွားရေး ဖွံ့ဖြိုးမှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် လူမှုဘဝ တရားမျှတမှုတို့သည် အဓိက (၃) ချက် ဖြစ်ကြောင်း ဖော်ပြထားပါသည်။

> "ကျွန်ုပ်တို့သည် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းကို အသုံးချကာ မြန်မာနိုင်ငံအား နေချင့်စဖွယ်နေရာ နေရပ်တစ်ခုအဖြစ် ပြောင်းလဲလာရန် ရည်မှန်းပါသည်။ နိုင်ငံသူ ၊ နိုင်ငံသားအားလုံးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုတိုးတက်လာခြင်း၊ နိုင်ငံ၏

---

[၅] FESR ကို www.burmalibrary.org/docs14/NLM2012-1228.pdf တွင်ကြည့်နိုင်ပါသည်။

[၆] Responsible Tourism Policy ကို ww.hss.de/fileadmin/media/...121015_Myanmar_Tourism_ English_ pdf တွင်ကြည့်ပါ။

သဘာဝနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးကို ပိုမို ဆောင်ရွက်ရန်ရည်မှန်းပါသည်။ ကျွန်ုပ်တို့နှင့်အတူ မြန်မာနိုင်ငံ ၏ ကြွယ်ဝသော ယဉ်ကျေးမှုအမွေအနှစ်များကို ဝေငှခံစားရန် ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် နိုင်ငံတော်၏ သမိုင်းအမွေအနှစ်များ ကျွန်ုပ်တို့ လူနေမှုအနေအထားများကို နားလည် သဘောပေါက် ပြီး လေးစားသမှုဖြင့် လာရောက်ကြသူအားလုံးကို ကြိုဆိုပါသည်။" (Responsible Tourism Policy ၂၀၁၂ ခုနှစ် စာမျက်နှာ ၆)

ဤရည်မှန်းချက်တွင် လုပ်ငန်းစဉ် (၉) ခုပါရှိပါသည်။

(၁) ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းကို နိုင်ငံ၏ ဦးစားပေးကဏ္ဍတွင်ထည့်သွင်းရန်။
(၂) ကျယ်ပြန့်သော လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး။
(၃) ကွဲပြားခြားနားသော ယဉ်ကျေးမှုအသီးသီးကို ထိန်းသိမ်းထားရန်နှင့်ရိုးရာမပျောက်စေရန်။
(၄) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို တိုးမြှင့်ဆောင်ရွက်ရန်
(၅) ခရီးစဉ်ဝန်ဆောင်မှု အမယ်စုံလင်မှု၊ အရည်အချင်းပြည့်ဝမှုနှင့် ရွေးချယ်နိုင်မှုကို အခြေခံစေပြီး ဈေးနှုန်းကို အခြေခံမှုမပြုရန်။
(၆) ဧည့်သည်များ၏ ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးကို အာမခံရန်
(၇) ခရီးသွားလုပ်ငန်းကို စီမံခန့်ခွဲမည့် အဖွဲ့အစည်းများ၏အရည်အသွေးတိုးတက်စေရန်။
(၈) ကျွမ်းကျင်မှုရှိရုံသာမက လုပ်အားတန်ဖိုးကို တန်ဖိုးထားခြင်းခံရသော လုပ်သားများဖြစ်စေရန်။
(၉) ကျင့်ဝတ်နှင့် မလျော်ညီသော လုပ်ငန်းရပ်များနည်းပါးစေရန်။

တာဝန်ရှိသော ခရီးသွားလုပ်ငန်း မဟာဗျူဟာတွင်ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များလည်း ဖော်ပြထားပါသည်။

- **အစိုးရပိုင်း** အနေဖြင့် တာဝန်ရှိသော ခရီးသွားလုပ်ငန်းများ ပေါ်ပေါက်လာစေရေးအတွက် လိုအပ်သော မူဝါဒဘောင်များ ချမှတ်ပေးရန်
- **ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့အစည်းများ**ကလည်း မိမိတို့ဒေသတွင်းရှိ ခရီးသွားလုပ်ငန်း၌ အကျိုးစီးပွား ပါဝင်ပတ်သက်နေသူများနှင့် ပူးပေါင်းပြီး မူဝါဒလမ်းစဉ်များကို အကောင်အထည် ဖော်ရန်။
- **ပုဂ္ဂလိကကဏ္ဍ**ကလည်း တာဝန်ရှိသော ခရီးသွားလုပ်ငန်းဖြစ်ပေါ်လာရန် လိုအပ်သလို ပူးပေါင်းဆောင်ရွက်ပြီး မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးနှင့်

ဧည့်သည်များ၏ ကျေနပ်နှစ်သိမ့်မှုကို ရရှိသော ခရီးသွားလုပ်ငန်းအဖြစ် ပေါ်ပေါက်လာရေးကို ဆောင်ရွက်ကြရန်။

- **ဒေသခံပြည်သူများ**အနေဖြင့်လည်း ဒေသန္တရ ခရီးသွားလုပ်ငန်းတွင် ပူးပေါင်းပါဝင်လာကြကာ ခရီးသွားလုပ်ငန်း၏ အသီးအပွင့်များကို ရယူခံစားနိုင်ကြရန်။
- **အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်သူလူထု အခြေပြုလူမှုအဖွဲ့အစည်းများ**ကလည်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင် ပြည်သူလူထုပိုမို ပါဝင်လာရေးနှင့် တာဝန်ရှိသော ခရီးသွားလုပ်ငန်းတစ်ရပ်ပေါ်ပေါက်လာရေးကို ဆောင်ရွက်ကြရန်။
- **သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များ**ကလည်း ခရီးသွားလုပ်ငန်းအတွက် အသုံးဝင်သည့် နိုင်ငံပိုင် သဘာဝပတ်ဝန်းကျင် သယံဇာတအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်။
- တာဝန်ရှိသော ခရီးသွားလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ခြင်းဖြင့် အမျိုးသမီးထုအတွက်လည်း တန်းတူညီမျှမှု ရှိသော လုပ်အား နယ်ပယ်ကို ဖြစ်ပေါ်စေကာ မိသားစုနှင့် မိမိပတ်ဝန်းကျင်၏ လူမှုစီးပွားရေးဘဝကိုမြှင့်တင်ရေးတို့ဖြစ်ပါသည်။

နောက်ဆက်တွဲ (၄) တွင် အစိုးရဌာနများနှင့် မြန်မာခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့ တာဝန်ရှိသော ခရီးသွားလုပ်ငန်းဖော်ဆောင်ရေးတွင် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်ပြ ဇယားကို ဖော်ပြထားပါသည်။

## ၃. ၁. ၆ — ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပြည်သူလူထုပါဝင်ပတ်သက်မှု (CIT)

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပြည်သူလူထု ပါဝင်ပတ်သက်မှု (CIT)[2] မူဝါဒကို ၂၀၁၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါသည်။ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာယဉ်ကျေးမှုနှင့် အယူဝါဒများကို စောင့်ထိန်းပြီး တိုင်းရင်းသားလူမျိုးစုများအပါအဝင် ဒေသခံပြည်သူများအားလုံး ခရီးသွားလုပ်ငန်း၏ အသီးအပွင့်များကို ရယူခံစားနိုင်ရန် ရည်ရွယ်၍ ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။

ဤမူဝါဒ၏ ရည်ရွယ်ချက်တစ်ရပ်မှာလည်း မိမိတို့ ဒေသတွင်းရှိ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ဒေသခံပြည်သူများပါဝင် ပတ်သက်မှု ရှိလာရုံသာမက ဆုံးဖြတ်ပိုင်ခွင့်ပါ ရရှိလာရန်ဖြစ်ပါသည်။ သဘောမှာ ခရီးသွားလုပ်ငန်းမှ ရရှိလာသော ငွေကြေးအပါအဝင် အခြား အကျိုးကျေးဇူး အများစုသည် ဒေသတွင်း၌ပင် ပြန်လည် အသုံးပြုစေရန်အပြင် ဒေသခံများအနေဖြင့်လည်း မိမိတို့ဒေသအတွင်း ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆန္ဒဖော်ထုတ်တင်ပြခွင့် ရှိရပါမည်။

[2] http://www.hss.de/fileadmin/suedostasien/myanmar/downloads/130501-policy-on-Community-Involvement-in-Tourism-Myanmar.pdf

ဤလုပ်ငန်းစဉ်၏ အရေးကြီးသော အချက်များမှာ စီမံခန့်ခွဲရေး တာဝန်ယူထားသည့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများ၏ အရည်အသွေးမြင့်မားရေး၊ ခရီးသွားလုပ်ငန်းကဏ္ဍ၌ ဒေသခံပြည်သူများ ပါဝင်ဆောင်ရွက်လာမှု မြှင့်တင်ရေး၊ ဒေသခံပြည်သူများ၏ စီမံကိန်းရေးဆွဲမှု၊ စီမံခန့်ခွဲမှုစသော လုပ်ငန်းစဉ်များတွင် အရည်အချင်း ပြည့်ဝစွာ ပါဝင်ဆောင်ရွက်လာနိုင်အောင် အစီအစဉ်များရေးဆွဲခြင်း၊ ဒေသခံများ၏ အငယ်စားနှင့် အခြားလုပ်ငန်းအသေးစားများကို ဖွံ့ဖြိုးလာအောင်ဆောင်ရွက်ပေးခြင်း၊ ခရီးစဉ်ဒေသ ဝန်ဆောင်မှုမှအစ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသောစီးပွားရေးလုပ်ငန်းများ အမယ်စုံဖြစ်ပေါ်လာရေးနှင့် ယင်းသို့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်တွင် ပြည်သူများပါဝင် ဆောင်ရွက်လာခဲ့မှုကြောင့် ဖြစ်ပေါ်လာသော ကောင်းကျိုးနှင့်ဆိုးကျိုးသက်ရောက်မှုများကို စနစ်တကျ လေ့လာမှုပြုရေးတို့လည်း ပါဝင်ပါသည်။

## ၃. ၁. ၇ — မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းပင်မစီမံကိန်း

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်း၏ ရေသောက်မြစ်မှာ တာဝန်ရှိခရီးသွားလုပ်ငန်းစာတမ်းပင်ဖြစ်ပါသည်။ ဤပင်မစီမကိန်းပါ တွေ့ရှိချက် အကြံပြုချက်များသည် တာဝန်ရှိ ခရီးသွားလုပ်ငန်းက စာတမ်းမှ ကိုးကားထားခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်း၏ ရည်မှန်းချက်မှာ နိုင်ငံတွင် အလုပ်အကိုင်သစ်များ ပေါ်ထွက်လာရေး၊ ဝင်ငွေရပေါက်ရလမ်းများတိုးတက်လာရေးနှင့် ခရီးသွားလုပ်ငန်း၏ အသီးအပွင့်များကို အားလုံးညီတူညီမျှ ခံစားနိုင်ရေးပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းပင်မစီမံကိန်း၏အဓိကရည်မှန်းချက်မှာ —

၁။ စီမံခန့်ခွဲမှုတာဝန်ယူထားသောအဖွဲ့အစည်းများ၏ အရည်အသွေးမြင့်မားတောင့်တင်းရေး။
၂။ လူ့စွမ်းအား အရင်းအမြစ်များကို တိုးတက်ဖြစ်ပေါ်စေကာ အဆင့်မြင့် ဝန်ဆောင်မှုများ ပေးနိုင်ရေး။
၃။ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှုစနစ်များ၏ အကာအကွယ်ပေးခြင်းဆိုင်ရာ လုပ်ငန်းများ အရည်အချင်း ပြည့်မီရေး။
၄။ အဆင့်မီထုတ်ကုန် (ခရီးစဉ်နှင့် အခြားဝန်ဆောင်မှုများ)
၅။ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော အခြေခံအဆောက်အအုံများအကြား ဆက်စပ်မှုရှိရေး။
၆။ မြန်မာခရီးသွား ကဏ္ဍ၏ ပုံရိပ်၊ ဈေးကွက်ရရှိမှု စသည်တို့ကို ဖော်ဆောင်ရေး။

ထို့အပြင် ဤပင်မစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ကျား/မ တန်းတူ ရည်တူရှိမှု ၊ သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး၊ အချင်းချင်းပူးပေါင်း

ဆောင်ရွက်မှု၊ သစ်လွင်သော ရင်းနှီးမြှုပ်နှံမှု၊ ဒေသအချင်းချင်းပူးပေါင်းဆောင်ရွက်မှု၊ ကိုယ်လက်အင်္ဂါ ချို့ယွင်းနေသူများလည်း ပါဝင်နိုင်စေမှု၊ ညှိနှိုင်းဆွေးနွေးမှု အခြေခံအားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဤပင်မစီမံကိန်းတွင် ရေရှည်တည်တံ့သော ခရီးသွား လုပ်ငန်း ဖြစ်ပေါ်လာစေရေးအတွက် အနာဂတ်ရည်မှန်းချက်များကို ဖော်ပြထားကာ ယင်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် မဟာဗျူဟာများ၊ ဦးစားပေး အစီအစဉ် များ၊ လုပ်ငန်းစဉ်များ ကို အချိန်ဇယားဖြင့် ဖော်ပြထားပါသည်။ အထူးသဖြင့် —

" မြန်မာနိုင်ငံအစိုးရသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသခံပြည်သူများ၏ အနေအထား တိုးတက်ကောင်းမွန်လာမှု၊ နိုင်ငံ၏လူမှုရေး၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်အား ထိခိုက်စေရန် ကိစ္စရပ်စသည်တို့အကြား ချိန်ခွင် လျှာ ညီညွတ်မျှတမှု ရှိစေရန် ရည်မှန်းထား ပါသည်။

**အင်းလေးကန်ခရီးစဉ်ဒေသစီမံခန့်ခွဲမှု စီမံချက်နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းပင်မစီမံကိန်း**

ဤအင်းလေးကန် ခရီးစဉ်ဒေသစီမံခန့်ခွဲမှု စီမံချက်ကို မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်း ဘောင်အတွင်းမှ ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ စီမံချက်တွင် ဖော်ပြထားချက်များမှာလည်း ပင်မစီမံကိန်းပါ မဟာဗျူဟာရည်မှန်းချက်များ၊ မူဝါဒများ၊ ဥပဒေများနှင့်အညီ ရေးဆွဲထားခြင်း ဖြစ်ပါသည်။ အထူးသဖြင့် စာမျက်နှာ (၉)တွင် ဖော်ပြထားသော " အရေးကြီးသော ခရီးစဉ် ဒေသများတွင် တီထွင်ဆန်းသစ်ပြီး ဘက်စုံပါဝင်သော ဒေသစီမံခန့်ခွဲမှု စီမံချက်များရေးဆွဲရန် " ဟူသော လမ်းညွှန်ချက်အရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

**မြန်မာနိုင်ငံခရီးသွားလုပ်ငန်းပင်မစီမံကိန်းအပိုဒ် ၁. ၂** ပါ အဓိကရည်မှန်းချက် " ပြည်နယ်များ နှင့် ဒေသများတွင် ခရီးစဉ် ဒေသစီမံခန့်ခွဲမှု အဖွဲ့များဖွဲ့စည်းရန်"

**မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မ စီမံကိန်း အပိုဒ် ၃. ၁**
"ခရီးစဉ်ဒေသများ၏ စီမံကိန်းဖော်ဆောင်မှုနှင့် စီမံခန့်ခွဲမှုကို တီထွင်ဆန်းသစ်ပြီးဘက်စုံ ချဉ်းကပ် မှုများဖြစ်စေရန်။"

### ၃. ၁. ၈ — မြန်မာနိုင်ငံသဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ

မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေအရ မြေနှင့် ပတ်သက်သော ဖွံ့ဖြိုးရေး လုပ်ငန်း အသီးသီးနှင့် အခြားဖွံ့ဖြိုးရေး ဆောင်ရွက်မှုလုပ်ငန်းများကို ထိန်းသိမ်းရန် ပြဋ္ဌာန်း ခဲ့ခြင်းဖြစ်ပါသည်။ ယခုစာတမ်းရေးသားချိန်တွင် စိတ်ဝင်စားရန် အကောင်းဆုံး ကိစ္စတစ်ရပ်မှ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို တိုင်းတာခြင်း (EIA) ဖြစ်ပါသည်။ ဤသဘာဝပတ်ဝန်းကျင်

ထိခိုက်မှု တိုင်းတာခြင်းဆိုင်ရာ နည်းစနစ်များ အတည်ဖြစ်ပါက ဟိုတယ်များ တည်ဆောက်ရေးအပြင် အခြားခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် လိုက်နာရမည့် အခြေခံအချက်အလက်များ ပါဝင်ပါလိမ့်မည်။

## ၃. ၂ အဖွဲ့အစည်းဆိုင်ရာများ

### ၃. ၂. ၁ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်းကဏ္ဍ၏ ဟိုတယ် တည်ဆောက်ရေးအပြင် အခြားဝန်ဆောင်မှု လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများကို ကြီးကြပ်ရန် အဓိက တာဝန်ရှိပါသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် လိုင်စင်များချထား ပေးခြင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍ၏ အခွန်အကောက်များကို သတ်မှတ်ပေးခြင်း စသည်တို့ကို အခြားဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပါသည်။ ဝန်ကြီးဌာန၏ အဓိက တာဝန်မှာ မြန်မာနိုင်ငံ ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်ဖြစ်သည်။

ဝန်ကြီးဌာန၏ အဓိကရည်မှန်းချက်နှင့် တာဝန်များမှာ

၁။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန်။
၂။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း၌ ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများရှိလာစေရန်။
၃။ ပုဂ္ဂလိကကဏ္ဍမှလည်းမြန်မာနိုင်ငံခရီးသွားလုပ်ငန်းတွင် ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လာစေရန်။
၄။ မြန်မာနိုင်ငံအား ကမ္ဘာ့ခရီးသွားလုပ်ငန်းတွင် ထင်ရှားကျော်ဇောမှုရှိလာစေရန်။
၅။ ဟိုတယ်နှင့် ခရီးသွားဇုံများ သတ်မှတ်ပေးရန်။
၆။ ပြည်နယ်၊ တိုင်းဒေသကြီးများ၊ ခရိုင်နှင့် မြို့နယ်အလိုက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်းပေးနိုင်ရန် သက်ဆိုင်ရာက အစိုးရဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန်။
၇။ ခရီးသွားလုပ်ငန်း၏ အရည်အသွေး၊ အဆင့်အတန်းနှင့် ပညာရပ်ပိုင်းဆိုင်ရာတို့ကို မြှင့်တင်ရန်။
၈။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများပေါ်ထွက်လာ ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်။
၉။ အခြားအာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် ခရီးသွားလုပ်ငန်း နယ်ပယ်တွင် ပူးပေါင်း ဆောင်ရွက်ရန်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတွင် ဦးစီးဌာန(၂)ခုရှိပါသည်။ ဟိုတယ် နှင့်ခရီးသွားလာရေး ဦးစီးဌာနက မူဝါဒရေးရာ၊ စီမံကိန်းလုပ်ငန်းများကို ကြီးကြပ်ခွင့်နှင့်

ခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒများကိုတာဝန်ရှိပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဖွံ့ဖြိုးမှု ဦးစီးဌာနက စီးပွားရေးနှင့် ဆိုင်သော လုပ်ငန်းများ၊ ဥပမာ ခရီးသွားလာရေး ဝန်ဆောင်မှု လုပ်ငန်းများ၊ နိုင်ငံပိုင် ဖက်စပ်နှင့် အငှားချထားသော ဟိုတယ်စသည်များကို ကြီးကြပ်ရန် ဖြစ်ပါသည်။

## ၃. ၂. ၂ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်


မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကို ၂၀၁၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့ကာ ညီနောင်အသင်း (၁၀)သင်း ပါဝင်ပါသည်။ (နောက်ဆက်တွဲ (၃)တွင် အသင်းများကို ဖော်ပြထား ပါသည်။) မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ တာဝန်မှာ မြန်မာနိုင်ငံအား ထင်ရှားသော ခရီးဒေသအဖြစ် ထွက်ပေါ်လာရေး၊ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းတစ်ရပ် ဖြစ်ပေါ်လာရေး၊ ရင်းနှီးမြှုပ်နှံသူများကို ကြိုဆိုရေးနှင့် အကူအညီပေးရေး၊ ခရီးသွား လာရေးကဏ္ဍ၏ လူ့စွမ်းအားအရင်းအမြစ်များတိုးတက်လာရေးတို့ဖြစ်ပါသည်။ ဦးဆောင် ကော်မတီတွင် ညီနောင်အသင်း များမှ ကိုယ်စားလှယ်များပါဝင်ကာ အစိုးရနှင့် ဆက်သွယ် ဆောင်ရွက်လျှက်ရှိပါသည်။


## ၃. ၂. ၃ အခြားဝန်ကြီးဌာနများ

ဧည့်သည်စီးပွားရေးကဏ္ဍသည် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန တစ်ခုတည်းနှင့်သာ သက်ဆိုင်သည်မဟုတ်ပါ။ အခြားဝန်ကြီးဌာနများနှင့်လည်း ပါဝင်ပတ်သက်နေပါသည်။ ယင်းတို့မှာ မြေအသုံးချမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်ဆိုင်သော သစ်တောရေးရာဝန်ကြီးဌာန၊ အစားအသောက်ထုတ်လုပ်ရေးနှင့်ဆိုင်သော စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး နှင့် သက်ဆိုင်သော ယဉ်ကျေးမှုဝန်ကြီးဌာန၊ အလုပ်အကိုင်နှင့် လုပ်သားများ၏အရေးနှင့်ဆိုင်သော လူမှုဖူလုံရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ အစားအသောက်ထုတ်လုပ်ရေးနှင့် သက်ဆိုင်သော မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ကျန်းမာရေးကိစ္စများနှင့် သက်ဆိုင်သော ကျန်းမာရေး ဝန်ကြီးဌာန တို့လည်းပါဝင်သည်။ ထို့အပြင် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန လက်အောက်ခံ အင်းလေးကန်သဘာဝထိန်းသိမ်းရေး စခန်းသည် အင်းလေးကန် ဒေသ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အထူးအရေးကြီးသောကဏ္ဍတွင် ပါဝင်နေပါသည်။

## ၄ - ခရီးသွားလုပ်ငန်းကဏ္ဍအခြေအနေ

အရှေ့တောင်အာရှဒေသတွင် ခရီးသွားလုပ်ငန်းသည် မြန်ဆန်စွာတိုးတက်နေပြီး အခြေအနေအရပ်ရပ်ကို ရင်ဆိုင်နိုင်သည့် အနေအထားဖြစ်ပါသည်။ လွန်ခဲ့သည့်နှစ် ၃၀ ကာလအတွင်း အာဆီယံဒေသသို့ လာရောက်သော ကမ္ဘာလှည့် ခရီးသည်ဦးရေမှာ တစ်နှစ် လျှင် ၇.၃ % တိုးတက်ခဲ့ကာ ၁၉၉၂ ခုနှစ်က ၂၁.၈ သန်းရှိခဲ့ရာမှ ၂၀၁၂ ခုနှစ်တွက် ၈၉.၅ သန်းအထိ တိုးတက်လာခဲ့သည်။ ဒေသ၏ စုစုပေါင်း ထုတ်ကုန်၏ ၁၁.၁ % (၁၅၅.၁ အမေရိကန်ဒေါ်လာ) တန်ဖိုးရှိခဲ့ပြီး လုပ်သားအင်အား အနေဖြင့် ၂၅.၄သန်း (၈.၈%) အလုပ်လုပ်ခဲ့ကြသည်။ ကုလသမဂ္ဂ၏ ကမ္ဘာ့ခရီးသွားအဖွဲ့အစည်း (UNWTO) ၏ ခန့်မှန်းချက်အရ ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံတကာမှ လာရောက်သော ခရီးသွားဧည့်သည် ၅၄၀ သန်းအထိ ရှိလာမည်ဟု သိရသည်။[၈]




ပုံ - ၄.၁ က ၂၀၀၇ ခုနှစ် မှ ၂၀၁၃ ခုနှစ် အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သော ကမ္ဘာလှည့် ရီးသွား ဧည့်သည် ရေအတွက်ကို ဖော်ပြထားပါသည်။

ဤနေရာတွင် သတိပြုရန်မှာ ၂၀၁၂ ခုနှစ် ဧည့်သည် ရောက်ရှိမှုဖြစ်ပါသည်။ မြန်မာနိုင်ငံအဖို့ပထမဦးဆုံး အကြိမ် အဖြစ်ဧည့်သည်(၁)သန်းကျော် သွားသောနှစ်ဖြစ်ပါသည်။ဤ ပုံစံအတိုင်းဆိုလျှင် ဧည့်သည် ဝင်ရောက်မှုသည် အနာဂတ် တွင်လည်းဆက်လက်တိုးတက် လာမည်ဟု မျှော်မှန်း ပါသည်။ ဤ ကာလ အတွင်း နှစ်စဉ် တိုးတက် မှုမှာ ၂၁ %ရှိ ခဲ့ရာ

[၈] Myanmar Tourism Master Plan 2013

၂၀၁၃ ခုနှစ် တွင် ထိပ်ဆုံးသို့ ရောက်ရှိခဲ့ပါသည်။ ၂၀၁၃ ခုနှစ်ကို ချန်လှပ်တွက်ချက်လျှင်မူ ဧည့်သည်ဝင်ရောက်မှုသည် ၂၀၁၂ ခုနှစ်အထိ ၁၃% ရှိခဲ့ပါသည်။

ပုံ ၄. ၂ တွင် ၂၀၀၈ ခုနှစ်မှ ၂၀၁၃ ခုနှစ် အထိ လာရောက်ခဲ့သော ဧည့်သည်များကို အမျိုးအစားအလိုက် ခွဲခြားထားသည်ကို တွေ့ရပါသည်။ ဤနေရာတွင် FIT များ အများဆုံး လာရောက်ခဲ့သည်ကို တွေ့နိုင်ပါသည်။ သို့ရာတွင် ၂၀၁၁ ခုနှစ်မှ စ၍ package tour များ ပိုမိုများပြားလာကြောင်း တွေ့ရပါမည်။

မြန်မာနိုင်ငံ၏ ခရီးသွားရာသီကို (၂)မျိုးခွဲခြားနိုင်ပါသည်။ ဧပြီလ မှ စက်တင်ဘာလ အထိ မုတ်သုန်ကာလကို ဧည့်သည်ပါးချိန်ဟု ခေါ်ဆိုနိုင်ပြီး အောက်တိုဘာလ မှ မတ်လအထိ ရာသီဥတု သာယာချိန်ကို ဧည့်သည်ဝင်ရောက်မှုများချိန်ဟု ပြောနိုင်ပါသည်။

## ၄. ၁ — ဧည့်သည်များအား စမ်းစစ်ခြင်း

၂၀၁၂ ခုနှစ်တွင် လာရောက်သော ဧည့်သည်စုစုပေါင်း၏ ၆၄ % မှာ အာရှတိုက်မှ လေကြောင်းဖြင့် ရောက်ရှိလာကြခြင်းဖြစ်သည်။ ထို့နောက် အနောက်ဥရောပ နိုင်ငံသားများ (၂၂%) မြောက်အမေရိကနိုင်ငံများ (၇. ၄%) နှင့် ဩစတြေးလျနှင့် နယူးဇီလန် နိုင်ငံအပါအဝင် ပစိဖိတ်ဒေသမှ (၃. ၄%) ဖြစ်ပါသည်။ နယ်စပ်မှ ဝင်ရောက်သူများအနေဖြင့် ထိုင်းနိုင်ငံသားများ ဖြစ်ကာ နေ့ချင်းပြန်သူများဖြစ်ကြပါသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ တွေ့ရှိချက်အရ ၂၀၁၂ ခုနှစ်တွင် ခရီးသည်၏ ပြည်တွင်းနေရက်မှာ (၇) ရက်ဟု တွက်ချက် ရရှိပါသည်။[၉]


မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်း ရေးဆွဲစဉ်ကာလက ပြုလုပ်ခဲ့သော စစ်တမ်းအရ စစ်တမ်းကို ပြန်လည်ဖြေဆိုခဲ့သော ခရီးသည်၏ ပျှမ်းမျှ အသက်မှာ ၃၅ နှစ်နှင့် အထက် (၇၀%)၊ တက္ကသိုလ်အဆင့် ပညာအရည်အချင်းရှိသူ (၇၈%) များ ဖြစ်ကြကြောင်း၊ ခရီးသွားအများစုသည် မိမိအစီအစဉ်ဖြင့် လာရောက်ကြသူများဖြစ်ကာ (၆၇%) တစ်ဦးချင်း သော်လည်းကောင်း၊ အဖွဲ့ငယ် လေးများဖြင့် လာရောက်ကြခြင်းဖြစ်ကြောင်းနှင့် ပြည်တွင်းနေရက်မှာ ၁၃. ၈ ရက်ဖြစ်ကြောင်းသိ ရသည်။ သို့ရာတွင် ဤတွေ့ရှိချက်မှာ ဥရောပနိုင်ငံသားများအတွက် ဖြစ်ပြီး အာရှတိုက်သားများမှာမူ ၆. ၃ ရက်သာ နေကြကြောင်း တွေ့ရှိရသည်။

ဧည့်သည်များ၏ ငွေသုံးစွဲနိုင်မှုအား ကိုကြည့်လျှင်လည်း တစ်ရက်လျှင် ဟိုတယ်ခမပါ ဒေါ်လာ ၁၀၀ ခန့် ပျှမ်းမျှရှိပါသည်။ ဧည့်သည်များ၏ အသုံးစရိတ်ကိုကြည့်လျှင် လှည့်လည် ကြည့်ရှုခြင်းအတွက် ၄၃%၊ ပစ္စည်းဝယ်ယူမှုက ၂၃% နှင့် အစားအသောက်အတွက် ၇၀ % သုံး ကြကြောင်းတွေ့ရှိရသည်။ ဧည့်သည်သည် ယေဘုယျအားဖြင့် ဟိုတယ်ခန်းအတွက် တစ်ညလျှင် ၁၂၉

[၉] Myanmar Tourism Master Plan 2013

ဒေါ်လာကျခံခဲ့ကြောင်း၊ စစ်တမ်းကောက်ယူသူများအနက် ၇၇% သည် မြန်မာနိုင်ငံသို့ ပထမဆုံး အကြိမ် လာရောက်သူများဖြစ်ကာ ၉.၃ % သည် ဒုတိယ အကြိမ် ထပ်မံလာရောက်ကြသူ များဖြစ် ကြောင်းတွေ့ရှိရသည်။

## ၄.၂ ဧည့်သည်များသွားရောက်ရာဒေသများ




မြန်မာနိုင်ငံ၏ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းသည် အဓိကအားဖြင့် ရန်ကုန် မန္တလေး၊ ပုဂံနှင့် အင်းလေး ဒေသတို့တွင်သာ ဧည့်သည်များနေသည်။ ၂၀၁၃ ခုနှစ်စာရင်းများအရ လေကြောင်းဖြင့် ရောက်ရှိလာသော ဧည့်သည်သည် ၉၅ % သည် ရန်ကုန်မြို့တွင် လှည့်လည်ကြည့်ရှုခဲ့ကြောင်း၊ ၅၃ % သည် မန္တလေးမြို့၊ ၂၈ % သည် ပုဂံမြို့နှင့် ၁၇ % သည် အင်းလေးဒေသသို့ သွားရောက်ခဲ့ကြကြောင်းတွေ့ရှိရသည်။ အခြားဒေသများသို့ သွားရောက်မှုမှာ ၅% အောက်ပင်ဖြစ်နေသည်။ သို့ရာတွင် ခရီးစဉ်ဒေသအသစ်များလည်း ပေါ်ပေါက် လာနေသည့်အပြင် သွားရေးလာရေး မှာလည်း လွယ်ကူ လာနေပြီဖြစ်၍ ဤအနေအထားသည် ပြောင်းလဲလာ ဖွယ်ရာရှိသည်။

ပြည်တွင်း မြန်မာနိုင်ငံသား ခရီးသွားများနှင့် စပ်လျဉ်းသည့် အချက်အလက်များမှာမူ မရရှိနိုင်သဖြင့် ဤဈေးကွက် အနေအထားကို မူမသိရှိရပါ။ သို့ရာတွင် မျက်မြင်အနေအထားအရ ပြည်တွင်းခရီးသွား ဈေးကွက်သည်လည်း တိုးတက်လာနေသည်ဟု ယူဆနိုင်ပါသည်။ ဤဈေးကွက် အနေအထားအရ လက်ရှိတွင် ဘုရားဖူးခရီးစဉ်များသာ ဖြစ်နေသော်လည်း အခြားအပန်းဖြေ အနားယူ ခရီးစဉ်များလည်း တဖြေးဖြေး တိုးတက်လာနေသည်ကို တွေ့ရှိရပါသည်။ ရန်ကုန်မြို့မှနေ၍ အခြားအရပ်များသို့ မော်တော်ယာဉ်များဖြင့် သွားလာမှုများလည်း များပြားလာနေကြောင်း တွေ့ရှိရသည်။

## ၄. ၃ အလုပ်အကိုင်အခွင့်အလမ်းများ

ခရီးသွားလုပ်ငန်းသည် လုပ်သားဦးရေများစွာ လိုအပ်သော စီးပွားရေးကဏ္ဍတစ်ခု ဖြစ်ပါသည်။ ထို့ကြောင့်လည်း ဤလုပ်ငန်းက အင်းလေးကန်ဒေသတွင် အခွင့်အလမ်းအသစ်များ ဖော်ဆောင် ပေးနိုင်သလို ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးကိုလည်း အထောက်အကူ ပေးနိုင်ပါသည်။ World Travel and Tourism Council (WTTC) ၏ အဆိုအရ မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်း၌ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အလုပ်လုပ်နေသူ ဦးရေမှာ တစ်နိုင်ငံလုံး အလုပ်သမားဦးရေ၏ ၂.၈ % ရှိကာ ၊ ၂၀၁၂ ခုနှစ် စာရင်းအရ အခြားကဏ္ဍမှ အလုပ်သမားများအပါအဝင် အလုပ်သမားဦးရေ ၃၀၀၀၀၀ ၏ ၁.၁ % ကိုအလုပ်ရစေကြောင်း သိရပါသည်။ ၂၀၂၂ ခုနှစ် ရောက်လျှင်မှ ဤကဏ္ဍ၌ အလုပ်သမားဦးရေမှာ ၃၆၆၀၀၀ သို့ တိုးတက်လာနိုင်သည်ဟု ခန့်မှန်းထားပါသည်။[၁၀]

အနိမ့်ဆုံး အစိုးရဝန်ထမ်းတစ်ဦး၏ လစာကို အခြားခံစားခွင့်များအပါ ၅၅၀၀၀ (အောက်တန်း စာရေး လစာကျပ် ၆၇၀၀၀) တိုးမြှင့်ခဲ့ပါသည်။ ပုဂ္ဂလိက ကဏ္ဍတွင်မူ တစ်ရက်လျှင် ကျပ် ၅၀၀ (ဒေါ်လာ ၀.၅၂) ရရှိကာ အခြားခံစားခွင့်များလည်းရရှိကြပါသည်။ MBA ဘွဲ့ရ ဟိုတယ် မန်နေဂျာ တစ်ဦးသည် အတွေ့အကြုံပေါ်မူတည်၍ လစာကျပ် ၅၀၀၀၀၀ မှ ၁၀၀၀၀၀၀ အထိ ရရှိနိုင်ပါသည်။

စာရင်းစစ်၊ စာရင်းကိုင်စသော စီမံခန့်ခွဲရေးပိုင်းမှ ဝန်ထမ်းများသည် တစ်လလျှင် ကျပ် ၃၀၀၀၀၀ မှ ၅၀၀၀၀၀ အထိ ရရှိနိုင်ပါသည်။ သို့ရာတွင် နေရာဒေသလိုက်၍ ကွဲပြားမှုရှိပါသည်။ ရန်ကုန်မြို့ရှိ ဟိုတယ်များမှ ဧည့်ကြိုဌာန ဝန်ထမ်းများသည် တစ်လလျှင် လစာကျပ် ၂၀၀၀၀၀ ရရှိကြသော်လည်း အင်းလေးဒေသတွင်မူ ကျပ် ၆၀၀၀၀ (ဒေါ်လာ ၆၀) သာ ရကြသည်။ သို့ရာတွင် သူတို့က ဒေါ်လာ ၁၀၀ ခန့်ရှိသော အခြားထောက်ပံ့မှုများ ခံစားရှိနိုင်သည်။ စားသောက်ဆိုင်တစ်ခုမှ ဝန်ထမ်းတစ်ဦးသည် ကျပ် ၃၀၀၀၀ မှ ၅၀၀၀၀ အထိ လစာရရှိကြကာ ဧည့်လမ်းညွှန် တစ်ဦးလျှင် ဧည့်သည်များသော ကာလများတွင် တစ်ရက်လျှင် ဒေါ်လာ ၃၀ မှ ၆၀ အထိရရှိသည်။

ကျွမ်းကျင်မှု အရည်အချင်းအရ ပြောရပါလျှင်မူ ဝန်ထမ်းအချို့သည် ကျွမ်းကျင်ကြကြောင်းနှင့် ယင်းတို့သည် နိုင်ငံခြားတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်းတွေ့ရသည်။ သို့ရာတွင် အများစုမှာ ပြည်တွင်းတွင် အစိုးရ သို့မဟုတ် ပုဂ္ဂလိက ကဏ္ဍမှ ဖွင့်လှစ်သော သင်တန်းကျောင်းများကို တက်ရောက်ခဲ့သူများသာဖြစ်သည်။ ဥပမာ စာရင်းကိုင် သို့မဟုတ် အိပ်ဆောင်ဝန်ထမ်းသင်တန်း (၂) လတက်ပြီးလျှင် အောင်လက်မှတ်ရနိုင်သည်။ အဆိုမှာ လုပ်ငန်းခွင်တွင် အတွေ့အကြုံရယူမှုသာ ရှိခဲ့ပြီး မည်သည့် သင်တန်းမှ တက်ရောက်ခဲ့ခြင်း မရှိကြောင်းလည်း တွေ့ရသည်။ ၂၀၁၁ / ၂၀၁၂ ပညာသင်နှစ်တွင် ကျောင်း ၄၂ ကျောင်းတွင် ကျောင်းသူ/ကျောင်းသားပေါင်း ၉၆၀၀၀ တက်ရောက်နေ ကြောင်း၊ ၂၀၁၃

[၁၀] WTTC, 2013. Travel and Tourism Economic Impact 2013. Myanmar. http://www.wttc.org/site_media/uploads/downloads/myanmar2012.pdf

ခုနှစ်တွင်ရှမ်းပြည်နယ်တွင်မူ ကျောင်းသားအများစုသည် တောင်ကြီး တက္ကသိုလ် တွင် တက်ရောက်နေကြသည်။ ၂၀၁၃ ခုနှစ်တွင် ရှမ်းပြည်နယ်၏ ပထမဆုံးနှင့် တစ်ခုတည်းသော အသက်မွေးဝမ်းကြောင်း ပညာသင်ကျောင်း "အင်းလေးခရီးသွားလုပ်ငန်း ပညာသင်ကျောင်း" ကို ဖွင့်လှစ်ခဲ့ပါသည်။



The religious architecture and landscape are significant regional tourism assets.

## ၅ - အင်းလေးကန်ခရီးစဉ်ဒေသ

အင်းလေးကန်ဒေသသည် မြန်မာနိုင်ငံအဖွဲ့ အဖိုးတန်ရတနာတစ်ခုပင် ဖြစ်တော့သည်။ ရှမ်းတောင်တန်းများအလယ်တွင် သဘာဝအရ လှပဆန်းကြယ်သောနေရာ တစ်ခုဖြစ်သည်။ ဤဒေသသည် ယဉ်ကျေးမှု အမွေအနှစ် သာမက သဘာဝ ပတ်ဝန်းကျင်၏ ဆန်းပြားမှုများဖြင့် ကြွယ်ဝသော ဒေသဖြစ်သည်။ ဒေသတွင်း၌လည်း မိမိတို့၏ မိရိုးဖလာ ယဉ်ကျေးမှု ထုံးစံ ဓလေ့များကို မြတ်မြတ်နိုးနိုး ထိန်းသိမ်းထားကြသည်။ တိုင်းရင်းသား မျိုးနွယ်စုများသည်လည်း နေထိုင်ကြသည်။ ထို့အပြင် ဤဒေသတွင်သာ တွေ့မြင်နိုင်သော ကျေးငှက် တိရိစ္ဆာန်များလည်းရှိကြသည်။ အင်းလေးကန်ဒေသသည် လူနှင့် သဘာဝပတ်ဝန်းကျင်တို့ အတူတကွ ရာစုနှစ်ပေါင်းများစွာ ပေါင်းစည်း နေထိုင်ကျက်စားခဲ့ရာ ဒေသတစ်ခုဖြစ်ပါသည်။

ဤအင်းလေးကန်ဒေသသည် မြန်မာနိုင်ငံခရီးသွား လုပ်ငန်း၏ အဓိကနေရာ (၄) နေရာတွင် ပါဝင်နေပါသည်။ ခရီးသွားလုပ်ငန်းကို အထောက်အကူပြုသည့် အခြေခံ အဆောက်အအုံများလည်းရှိသည်။ ဧည့်သည်များအတွက် ဟိုတယ်၊ မိုတယ်များ၊ ခရီးသွား အေဂျင်စီများ၊ ခရီးသွား ဧည့်လမ်းညွှန် များ၊ စားသောက်ဆိုင်များ၊ သယ်ယူပို့ဆောင်ရေးယာဉ်များဖြင့်လည်း ပြည့်စုံသည်။ လျှပ်စစ်ဓာတ်အား ရရှိမှုနှင့် အင်တာနက်ဆက်သွယ်မှုစသည်တို့မှာလည်း ကျေနပ်ဖွယ်ရာရှိပါသည်။

အင်းလေးကန်နှင့် ညောင်ရွှေမြို့တို့သည် အင်းလေးဒေသဝန်းကျင်ကို လည်ပတ်လိုသူများအတွက် ဗဟိုချက်မပင်ဖြစ်ပါသည်။ ဤဒေသ၌ တောတွင်းခရီးကြမ်း လမ်းလျှောက်လိုသူများ စုစည်းရာ ကလောမြို့ကိုလည်း ထည့်သွင်းရမည်ဖြစ်ပါသည်။ ထို့အပြင် ပင်းဒယ ရွှေဥမင်ဂူ၊ ကက္ကူဘုရားများ၊ တောင်ကြီးမြို့ပေါ် အင်းလေးကန်တောင်ဘက်စွန်းရှိ စံကားမြို့ဟောင်းနှင့် ထိုမှတဖန် လွိုင်ကော်မြို့များသို့ သွားရောက်နိုင်ပါသည်။ ဤဒေသသည် မူလရှိပြီး ခရီးစဉ်ဒေသများအပြင် ဒေသအသစ်များလည်း ပေါ်ထွက်လာရာ ဒေသဖြစ်ပါသည်။

ထို့ပြင် ဧည့်သည်များမှဘက်မှလည်း စံကားအင်းနှင့် လွိုင်ကော် ခရီးစဉ်ဒေသဘက်များဆီသို့ ပိုမိုလာရောက်ခြင်းများရှိလာသည်။

ဤအင်းလေးဒေသသည် မြန်မာနိုင်ငံနှင့် ရှမ်းပြည်နယ်များအတွက် လယ်ယာထွက်ကုန်ထွက်ရှိရာ အဓိကဒေသတစ်ခုလည်းဖြစ်ပါသည်။ ဤဒေသမှ လတ်ဆတ်သော အသီးအနှံများအပြင် ရေချိုငါးများလည်း ရရှိနိုင်ပါသည်။ အထူးသဖြင့် ကျွန်းမျောများပေါ်တွင် စိုက်ပျိုးသော ခရမ်းချဉ်သီးများ အများအပြား ထွက်ရှိပါသည်။ ထို့အပြင် မြန်မာနိုင်ငံတောင်ပိုင်း ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ်များသို့ လျှပ်စစ်ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူးပေးသည့် လောပိတရေအားလျှပ်စစ်စက်ရုံလည်းတည်ရှိပါသည်။

အင်းလေးဒေသတွင် ခရီးသွားလုပ်ငန်း တိုးတက်လာနေသော်လည်း ဒေသအနေဖြင့် ဆင်းရဲပြီး ကျေးလက်စီးပွားရေးသာရှိပါသေးသည်။ ဒေသခံအများစုသည် စိုက်ပျိုးရေးလုပ်ငန်းတွင် သာလုပ်ကိုင်နေကြပြီး ဆင်းရဲကြပါသည်။

**အင်းလေးကန်ဒေသဆိုင်ရာအချက်အလက်များ**

အင်းလေးကန်ဒေသဟုဆိုရာတွင် မြို့နယ် (၉) မြို့နယ်နှင့် ကယားပြည်နယ်မြို့တော် လွိုင်ကော်ဒေသပါ ပါဝင်ပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၂) ခုကို မြို့နယ် (၅) မြို့နယ်ဖြင့် ဖွဲ့စည်း၍ထားပါသည်။ အကျယ်အဝန်းမှာ ၁၉၀၀၀ စတုရန်း ကီလိုမီတာ (၇၃၄၀ စတုရန်းမိုင်) ရှိပြီး လူဦးရေ ၁. ၄ သန်းကျော်ရှိပါသည်။

အင်းလေးကန်သည် ပင်လယ်ပြင်မှ အမြင့်မီတာ ၉၀၀ ကျော်တွင်ရှိကာ ရန်ကုန်မြို့မှ မြောက်ဘက်ကီလိုမီတာ ၆၆၀ ခန့်ဝေးပါသည်။ မီတာ ၁၅၀၀ ကျော်မြင့်သော တောင်တန်း (၂) ခုအကြားတွင် တည်ရှိပြီး ညောင်ရွှေမြို့နယ်အတွင်း ကျရောက်ပါသည်။ ညောင်ရွှေမြို့နယ်သည် အင်းလေးကန်သို့ ဝင်ပေါက်ဖြစ်သည်သာမက ကျေးရွာပေါင်း ၄၄၄ ရွာရှိကာ လူဦးရေ ၁၆၀၀၀၀ ခန့် နေထိုင်လျှက်ရှိပါသည်။ အင်းလေးကန် ဒေသအတွင်း ဗမာလူမျိုး၊ ရှမ်းလူမျိုးများအပြင် ဓနု၊ အင်းသား၊ ပအိုဝ့်၊ တောင်ရိုး၊ ပလောင် နှင့် နီပေါလ် လူမျိုးများလည်း နေထိုင်ကြပါသည်။

အင်းလေးကန်၏ အကျယ်အဝန်းသည် ရာသီကိုလိုက်၍ ကမ်းဘေးရှိ ကိုင်းတောမြေများ အပါအဝင် ၁၁၀ စတုရန်း ကီလိုမီတာမှ ၁၇၀ စတုရန်းကီလိုမီတာအထိရှိပါသည်။ ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ်မှ ရရှိထားသော စာရင်းတွင် ကျေးရွာ ၁၀၂ ရွာသည် ကမ်းစပ်တွင်ရှိပြီး အင်းရေပြင်ပေါ်၌ ၁၂ ရွာ ရှိကြောင်းသိရသည်။ အင်းလေးကန်ဒေသသည် အင်ဒို-မြန်မာ ဇီဝမျိုးကွဲစုံရာဒေသတွင်း၌ ကျရောက်နေသည့်အပြင် ကမ္ဘာပေါ်ရှိ ဇီဝမျိုးစုံတွေ့ရှိနေထိုင်သော နေရာ ၃၄ ခုတွင်လည်း ပါဝင်ပါသည်။ ထို့အပြင် ကမ္ဘာပေါ်တွင် တောရိုင်းတိရိစ္ဆာန်များ အများဆုံးအန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ဒေသလည်းဖြစ်နေပါသည်။ အင်းလေးကန်ဘေးမဲ့တောကို ၁၉၈၅ ခုနှစ်ကပင် တည်ထောင်ခဲ့ပြီး အာဆီယံဒေသ အမွေအနှစ်စာရင်းဝင် ဒေသတစ်ခုလည်းဖြစ်ပါသည်။

**၅. ၁ အဓိကဆွဲဆောင်ချက်များ**

အင်းလေးကန်ဒေသ၏ အဓိကဆွဲဆောင်မှုများနှင့် ဧည့်သည်စီးပွားရေးအချက်အခြာ လုပ်ငန်းများမှာ —

**ဒေသ၏ကြွယ်ဝများပြားသော ယဉ်ကျေးမှုများ** ။ ဒေသခံများ၏ဖော်ရွေမှု၊ ဒေသတွင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု။

**အင်းလေးကန်** သည်ဒေသ၏ အသဲနှလုံးပင်ဖြစ်ပါသည်။ အင်းလေးကန်အတွင်း လှေဖြင့်ခရီးသွားရသည်မှာ မမေ့နိုင်စရာပါ။ ရေပေါ်ရွာများ၊ ရေပေါ်ခြံများ စသည်တို့ကလည်း ခရီးသွားများ၏ ခံစားမှုကို အားဖြည့်ပေးပါသည်။ အင်းလေးကန်အတွင်း အဆင့်မြင့်ဟိုတယ်များလည်း တည်ဆောက်ထားပါသည်။

**၅ ရက်ဈေးများ** (၅) ရက်ဈေးများကို ဒေသတွင်း ကျေးရွာများတွင် ရက်အလိုက် တွေ့ရှိနိုင်ပါသည်။ ဤ (၅) ရက်ဈေးများသည် ရာစုနှစ်များစွာကပင် ရှိခဲ့ကြခြင်းဖြစ်ကာ ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံများအဖို့ ဈေးရောင်း ဈေးဝယ် ပြုရာနေရာများဖြစ်ပါသည်။ ကျေးရွာသူ/ ကျေးရွာသားများ အဖို့ အရေးကြီးသည့် နေ့ရက်တစ်ရက်ပင်ဖြစ်ပါသည်။ အချို့ဈေးနေ့များသည် ဧည့်သည်များအဖို့ လာရောက်လည်ပတ်ရာ နေရာများအဖြစ် ပြောင်းလဲလာကာ အမှတ်တရ ပစ္စည်းရောင်းချမှုများက ပိုများနေပါသည်။ သို့ရာတွင် မူလဈေးနေ့၏ အဓိပ္ပါယ်များ ကျန်ရှိနေပါ သေးသည်။ အဓိကဈေးနေ့များမှာ နန်းပန်ဈေး၊ ရွာမဈေး၊ မိုင်းသောက်ဈေး၊ တောင်တိုဈေးနှင့် ကျောက်တိုင်ဈေးနေ့များဖြစ်ပါသည်။ ထို့အပြင် ညောင်ရွှေဈေးနေ့၊ ကလောဈေးနေ့နှင့် စံကားဝန်းကျင်ရှိ ရွာဈေးနေ့များမှာလည်း စိတ်ဝင်စားဖွယ်ရာဖြစ်ပါသည်။

**ကလောမြို့** ။ ပင်လယ်ရေမျက်နှာပြင်အထက် အတော်အတန်မြင့်သဖြင့် အေးမြသော ရာသီဥတုရှိပါ သည်။ ကလောမြို့သည် တောင်ပေါ်စခန်းမြို့၏ အနှစ်သာရကို ခံစားရရှိစေပါသည်။ မြို့ပေါ်တွင် ရှေးဟောင်း ကိုလိုနီခေတ်မှ အဆောက်အဦးများ၊ ဘာသာရေးအဆောက်အအုံများ၊ ခေတ်ဟောင်း မီးရထားတွဲများ၊ ဗဟိုဈေးစသည်ဖြင့် ရှိပါသည်။ ကလောမြို့သည် ပတ်ဝန်းကျင်ဒေသတွင် တောတွင်း ခရီးကြမ်းလမ်းလျှောက် ခရီးစဉ်များစတင်ရာနေရာအဖြစ် ပေါ်ထွက်လာပါသည်။

**ပင်းဒယရွှေဥမင်ဂူ** ။ ရွှေဥမင်ဂူအတွင်း ထောင်ပေါင်းများစွာသော ဗုဒ္ဓဆင်းတုတော်များရှိကာ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ၏ ရတနာတစ်ပါးဖြစ်ပါသည်။ ပင်းဒယမြို့တွင် အဆင့်မြင့် ဟိုတယ် များရှိသည့်အပြင် ပတ်ဝန်းကျင် ဓနုတောင်တန်းများပေါ်၌ တောတွင်း ခရီးကြမ်းလမ်းလျှောက်ခရီးစဉ် များလည်း သွားရောက်နိုင်သည်။

**ညောင်ရွှေမြို့** အင်းလေးကန်၏ ဝင်ပေါက်မြို့ဖြစ်ပါသည်။ ခရီးသွား ဧည့်သည်များအတွက် လိုအပ်သော ဝန်ဆောင်မှု အများအပြားရှိပါသည်။ မြို့တွင်းရှိ မြို့မဈေးအပြင် မြို့၏သမိုင်းကြောင်း နှင့် အခြားစိတ်ဝင်စားဖွယ်ရာ နေအိမ် အဆောက်အဦပုံစံများ တွေ့ရှိနိုင်ပါသည်။

**တောတွင်းခရီးကြမ်းလမ်းလျှောက်ခြင်း** ။ ဤဒေသသည် အရှေ့တောင်အာရှဒေသတွင် တောတွင်း ခရီးကြမ်းလမ်းလျှောက်ခြင်းအတွက် အကောင်းဆုံးဟု ခေါ်ဆိုနိုင်ပါသည်။ စိတ်ဝင်စားဖွယ်ကောင်း သော ယဉ်ကျေးမှုနှင့် သဘာဝအလှအပများ စုပေါင်းထားသော ဒေသဖြစ်ပါသည်။ တောတွင်း ခရီးကြမ်း လမ်းလျှောက်ခရီးစဉ်များမှာ များစွာခက်ခဲမှုမရှိပါ။ ဒေသခံတိုင်းရင်းသားကျေးရွာများကို သွားရောက်နိုင်ပါသည်။ ရာသီဥတုမှာလည်း သက်တောင့်သက်သာရှိပါသည်။ ဒေသတွင်း တောတွင်း ခရီးကြမ်း လမ်းလျှောက်ခရီးစဉ် ဝန်ဆောင်မှုပေးရာဌာနများ အများအပြားရှိ ပါသည်။

**ငါးဖယ်ကျောင်းဘုန်းကြီးကျောင်း ။** တစ်ချိန်က ကျောင်းရှိသံဃာအချို့က ကြောင်များကို ဝွေအတွင်း ခုန်တတ်အောင် လေ့ကျင့်ပေးရာက နာမည်ကြီးလာပြီး ဧည့်သည်များ လာရောက်လည်ပတ်ရာ နေရာအဖြစ် ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။ အဆောက်အဦးတည်ဆောက်ပုံမှာ စိတ်ဝင်စားဖွယ်ရာ ကောင်းကာ ပတ်ဝန်းကျင်ကျေးရွာများမှ ဘုရားဖူးများဖြင့် စည်ကားပါသည်။

**ဖောင်တော်ဦးရုပ်ပွားတော်များ ။** ကြည်ညိုဖွယ်ရာ ဗုဒ္ဓရုပ်ပွားတော်များရှိပြီး အဓိကကျသော ဘုရားဖူး ခရီးစဉ် ဒေသဖြစ်ပါသည်။

**အင်းတိမ်ကျေးရွာနှင့်ဘုရားစု ။** နေ့ချင်းပြန်သွားရောက်နိုင်သော ခရီးစဉ်ဖြစ်ပါသည်။ ပန်းချီ အနုပညာများ ပြသရောင်းချရာနေရာအဖြစ် ပေါ်ထွက်လာနေပါသည်။ ဈေးနေ့ရှိပြီး ကလောဘက်မှ လာသော တောတွင်းခရီးကြမ်းလမ်းလျှောက် ခရီးစဉ်များဆုံရာ နေရာဖြစ်ပါသည်။

**စံကားအင်း ။** အင်းလေးကန်၏ တောင်ဘက်တွင်ရှိသော ကြီးမားကျယ်ပြန့်သော အင်းတစ်ခုဖြစ်ပါ သည်။ ခရီးသွားလုပ်ငန်းကောင်းစွာ မဖွံ့ဖြိုးသေးသော်လည်း ဧည့်သည်ဝင်ရောက်မှု တိုးတက်လာနေပါ သည်။ စံကားအင်းတွင် အင်းလေးကန်ကဲ့သို့ ရေပေါ်ကျေးရွာ စသည်များမရှိပါ။ သို့ရာတွင် မြင့်မားသော တောင်တန်းများအလယ်တွင် တည်ရှိ၍ အလွန်လှပပါသည်။

**စံကားဘုရားစု ။** လောပိတ ရေအားလျှပ်စစ်စက်ရုံတည်ဆောက်လိုက်၍ ရေအောက်သို့ တစ်စိတ်တစ်ပိုင်း နစ်မြုပ်သွားသော ရှေးဟောင်းဘုရားများဖြစ်ပါသည်။

**ကက္ကူဘုရားစု ။** အင်းလေးကန်အရှေ့ဘက်တွင် တည်ရှိပြီး ရှေးဟောင်းဘုရား ၂၄၇၈ ဆူရှိပါသည်။

**လက်မှုလုပ်ငန်းများ ။** အင်းလေးကန်ဒေသသည် ဒေသတွင်း မှ ထွက်ရှိသော လက်မှုလုပ်ငန်း ထုတ်ကုန်များကြောင့် အမည်ရပါသည်။ ကြာသက်န်းယက်လုပ်ခြင်း၊ ရှမ်းစက္ကူထုတ်လုပ် ခြင်း၊ အင်းလေးဆင် အဝတ်အစားများ ယက်လုပ်ခြင်း၊ ငွေပန်းတိမ်၊ သစ်သားပန်းပု၊ သနပ်ဖက် နှင့် ဆေးလိပ်လုပ်ငန်း၊ ပန်းပဲလုပ်ငန်းစသည်ဖြင့်ရှိပါသည်။

## ၅. ၂ အင်းလေးကန်ဒေသအမှတ်တံဆိပ်


အင်းလေးကန်ဒေသ၏ အမှတ်တံဆိပ်သည် ဒေသ၏ ကြွယ်ဝသော တိုင်းရင်းသားများ၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ထင်ဟတ်စေသည့်အပြင် ယင်းတို့၏ ကွဲပြားခြားနားပြီး ထိရှလွယ် သော သဘာဝ ပတ်ဝန်းကျင်တွင် လိုက်လျောညီထွေစွာ နေထိုင်လုပ်ကိုင်ကြရပုံများကိုပါ ပေါ်ထွက် လာစေပါသည်။

ဤဒေသ၏ ပုံရိပ်တွင် အဆင့်မြင့် ဟိုတယ်များမှစ၍ ကြယ်ပွင့်အဆင့်အသီးသီးပါ ဟိုတယ်များမှစ၍ ဝန်ဆောင်မှုလုပ်ငန်းများအပြင် ဒေသခံတို့၏ ပျူငှာမှုတို့ကိုပါ ပါဝင်စေရပါမည်။

အင်းလေးကန်ဒေသ၏ အမှတ်တံဆိပ်သည် ဒေသခံများနှင့် ဒေသ၏ သဘာဝ ပတ်ဝန်းကျင်အပေါ် လေးစားထောက်ထားပြီး တာဝန်သိသော ခရီးသွားဧည့်သည်များ ၊ ဤအနေ အထားများကို ဆက်လက်ထိန်းသိမ်းရေးတွင် တစ်တပ်တစ်အားပါဝင် ဆောင်ရွက်လိုစိတ် ရှိသော ခရီးသွား ဧည့်သည်များအား အဆင့်မြင့်ဝန်ဆောင်မှုများပေးရန် ဖိတ်ခေါ်ပါကြောင်း ပေါ်လွင် စေရ ပါမည်။


## ၅. ၃ ရာသီဥတု

ယေဘုယျအားဖြင့် အင်းလေးကန်ဒေသ၏ ရာသီဥတုမှာ ခရီးသွားဧည့်သည်များအတွက် အလွန်ကောင်းမွန်ပါသည်။ အပူဆုံးအချိန်မှာ ပင် ၃၀ ဒီဂရီစင်တီဂရိတ် အထက်မရောက်ပါ။ ဒေသတစ်ခုလုံး အနေဖြင့်ကြည့်လျှင် တောင်ဘက်ရှိ လွင်ပြင်ဒေသများထက် အနည်းငယ် အအေးပိုကြောင်းတွေ့ရပါ မည်။ မုတ်သုန်ရာသီကာလတွင်လည်း နေ့အပူချိန်သည် ၂၀ ဒီဂရီ စင်တီဂရိတ် ခန့်သာရှိပြီး မိုးတစ်ခါရွာလျှင် တစ်နာရီမှ နှစ်နာရီအထိ ကြာတတ်ပါသည်။ မုတ်သုန်ကာလ မှာ မေလ မှ အောက်တိုဘာလအထိ ဖြစ်ကာ မိုးအများဆုံးလများမှာ ဇွန်လမှ ဩဂုတ်လအထိဖြစ်ပါသည်။ သို့ရာတွင် ဤလများအတွင်း မှာပင် တနေ့လုံးနီးပါး မိုးအဆက်မပြတ်ရွာသွန်းမှုများမရှိပါ။




ဇယား ၅. ၃ (က) တွင် အင်းလေးကန် ဒေသ၏ ပျမ်းမျှ မိုးရွာသွန်းမှု ကို တွေ့ ရပါ မည်။ နိုဝင်ဘာလ မှ မတ်လ အထိ မိုးနည်း ကာလ ဖြစ်ပါ သည်။ အပူချိန် အားဖြင့်လည်း တစ်နှစ်ပတ်လုံး ကွာခြားမှု သိပ်မရှိပါ။ ၂၅ ဒီဂရီ စင်တီဂရိတ် မှ ၃၂ ဒီဂရီ စင်တီဂရိတ် အထိ သာ ရှိပါသည်။

weather2Travel.com မှ ရရှိသော ဇယားအား [www.audleytravel.com](http://www.audleytravel.com) မှ ကူးယူဖော်ပြပါသည်။




ဇယား၅. ၃ (ခ) တွင် နေ့စဉ် နေရောင်ခြည် ရရှိမှုကို တွေ့ရှိ ရပါမည်။မိုးများသော ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများ တွင်ပင် တစ်နေ့လျှင် နေရောင်ခြည် ပျှမ်းမျှ (၄) နာရီ ခန့် ရရှိပါသည်။ မိုးရွာလျှင်လည်း တစ်နေ့လုံး အဆက်မပြတ်ရွာခြင်းမဟုတ်ဘဲ မိုးပြေးလေးများရွာခြင်း ဖြစ်ပါသည်။ ဤဒေသကို ရာသီဥတုပြောင်းလဲမှုကြောင့် အန္တရာယ်ကျရောက်နိုင်သည့် ဒေသဟု သတ်မှတ်ထားသော်လည်း တိကျသော လေ့လာမှုများ မပြုလုပ်နိုင်သေးပါ။ မြန်မာတနိုင်ငံလုံးနှင့် ဆိုလျှင်မူ အပူချိန်များမြင့်တက်လာခြင်း၊ အင်းလေးကန် ဒေသတွင်း မိုးရွာမှုနည်းပါးလာခြင်းတို့ကို တွေ့ရပါမည်။ ဤအခြေအနေများက အင်းလေးကန်ဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းများ၊ အင်းအတွင်း ရေဝင်ရောက်မှုနှင့် ရေသိုလှောင်နိုင်မှု စသည်တို့အပေါ် သက်ရောက်မှုများ ရှိလာနိုင်ပါသည်။ ဤအခြေအနေများက တဖန် အင်းလေးကန် ဗဟိုပြုခရီးသွားလုပ်ငန်းကို ထိခိုက်လာနိုင်ပါသည်။

## ၅.၄ အင်းလေးကန် ခရီးစဉ်ဒေသ၏ စီမံခန့်ခွဲမှု၊ ဈေးကွက်ဖော်ဆောင်မှု စသည်တို့တွင် ပါဝင်နေကြသော အဖွဲ့အစည်းများ

<table>
<tr><th>ဆွဲဆောင်မှုများပါဝင်ဆောင်ရွက်နိုင်မှုများ၊ ဧည့်သည်များ ထိတွေ့ခံစားနိုင်မှုများ</th><th>နေထိုင်ရေး</th><th>သယ်ယူပို့ဆောင်ရေးနှင့်အခြေခံအဆောက်အအုံ</th></tr>
<tr><td rowspan="3">အစိုးရဌာနများ<br>- ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီး ဌာန<br>- ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန<br>- လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန<br>- ပြည်ထဲရေးဝန်ကြီးဌာန<br>- ယဉ်ကျေးမှုဝန်ကြီးဌာန<br>- ကမ္ဘာလှည့်ခရီးသွားရဲအဖွဲ့<br>- ဝန်းကျင်/သားငှက်ထိန်းသိမ်းရေးဌာန<br>- ပို့ဆောင်ရေးဦးစီး<br>- မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန<br>- လူမှုဝန်ထမ်းနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန<br>- ကျန်းမာရေးဝန်ကြီးဌာန<br><br>ခရီးစဉ်ဝန်ဆောင်မှုပေးသူများ<br>- ဆွဲဆောင်မှုများ<br>- စားသောက်ဆိုင်များ<br>- လက်လီဆိုင်များ<br>- ဝိုင်ထုတ်လုပ်သောစပျစ်ခြံများ၊ စိုက်ပျိုးရေး လုပ်ငန်းများ<br><br>အခြားအဖွဲ့အစည်းများ<br>- ပအိုဝ့်အမျိုးသားအဖွဲ့ချုပ် လူထုအခြေပြုအဖွဲ့များ<br>- တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အဖွဲ့များ<br>- ဒေသတွင်းလုပ်ငန်းလုပ်ဆောင်နေကြသောအစိုးရမဟုတ်သည့် အသင်းအဖွဲ့များ</td>
<td>အစိုးရဌာနများ<br>- ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန<br>- အမျိုးသားစီမံကိန်းဌာနနှင့် စီမံကိန်းဦးစီး<br>- လူဝင်မှုကြီးကြပ်ရေးဦးစီး<br>- အင်းလေးဟိုတယ်ဇုံ စီမံခန့်ခွဲရေးကော်မတီ<br><br>ပုဂ္ဂလိကလုပ်ငန်းရှင်များ<br>- ဟိုတယ်များ<br>- တည်းခိုခန်းများ<br><br>ဘာသာရေးဆိုင်ရာများ<br>- ဘုန်းကြီးကျောင်းများ<br>- ဘုရားကျောင်းများ<br>- ဗလီများ<br><br>တစ်ဦးချင်းအလိုက်<br>- ဆွေမျိုး၊ မိတ်သင်္ဂဟများက နေအိမ်များတွင်တည်းခိုခြင်း</td>
<td>သယ်ယူပို့ဆောင်ရေး<br>ပို့ဆောင်ရေးဦးစီး၊ မြန်မာ့မီးရထား၊ လေကြောင်းထိန်းသိမ်းမှု<br><br>ပို့ဆောင်ရေးလုပ်ငန်းရှင်များ<br>လေကြောင်းလိုင်းများ၊<br>ဘတ်(စ်)ကားလိုင်း များ၊<br>မော်တော်ကားစင်းလုံးငှားသူများ၊<br>ကိုယ်ပိုင်ယာဉ်မောင်းသူများ၊<br>စက်လှေပိုင်ရှင် များ၊<br>စက်လှေမောင်းများ<br><br>ခရီးစဉ်ဝန်ဆောင်မှု ကုမ္ပဏီများ<br>ခရီးစဉ်ဝန်ဆောင်မှု ကုမ္ပဏီများ<br>ဧည့်လမ်းညွှန်များ၊<br>ပအိုဝ့်အမျိုးသားအဖွဲ့ချုပ်</td></tr>
<tr><th>ပြန်ကြားရေးဝန်ဆောင်မှု</th><th>ဈေးကွက်မြှင့်တင်ရေး</th></tr>
<tr><td>အစိုးရဌာနများ<br>- ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန<br>- ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန<br><br>ပုဂ္ဂလိက ကဏ္ဍ<br>- ခရီးသွားလုပ်ငန်းကုမ္ပဏီများ<br>- Facebook, twitter, tripadvisor အစရှိသော လူမှုကွန်ယက်များ<br>- ဒေသတွင်းလုပ်ငန်းလုပ်ဆောင်နေကြသောအစိုးရမဟုတ်သည့် အသင်းအဖွဲ့များ</td>
<td>အစိုးရဌာနများ<br>- ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန<br><br>ပုဂ္ဂလိက ကဏ္ဍ<br>- ပုဂ္ဂလိက ကဏ္ဍမှ တစ်ဦးချင်းဆောင်ရွက်မှု</td></tr>
</table>

## ၅. ၅ ပထဝီအနေအထားအရ ဇုံအလိုက်ခွဲခြားခြင်း - မြို့နယ်များ




အင်းလေးကန်ဒေသသည် ပထဝီအနေအထားအရလည်းကောင်း၊ တိုင်းရင်းသား လူမျိုးကွဲပြားမှုအရလည်းကောင်း၊ လူမှုရေးအရလည်းကောင်း ကွဲပြားခြားနားစွာ တည်ရှိနေသော ဒေသဖြစ်ပါသည်။ ထို့ကြောင့်လည်း ခရီးသွားလုပ်ငန်း သဘောအရ ဧည့်သည်လာရောက်နိုင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုလည်း မတူညီကြပါ။ အချို့ဒေသတွင် လုံးဝမရှိပါ။ ဤသို့ ခရီးသွား ဧည့်သည်မရှိရခြင်းမှာလည်း အကြောင်းတရားမျိုးစုံရှိပါသည်။

ဤအပိုင်းတွင် မြို့နယ်တစ်ခုချင်းအလိုက် ဧည့်သည်ဆွဲဆောင်မှုများကို ဖော်ပြသွားပါမည်။ အမှန်တကယ်ဆိုလျှင်မူ ခရီးသွားလုပ်ငန်းပိုင်းတွင် ဤသို့ အုပ်ချုပ်မှုပိုင်းဆိုင်ရာ ဇုံနယ်မြေခွဲခြားမှု နှင့် သက်ဆိုင်မှု မရှိပါ။

**အင်းလေးကန်နှင့် စံကားအင်း**

ဤဒေသတွင် ရေကန်(၂) ခုရှိပါသည်။ မြောက်ဘက်တွင် အင်းလေးကန်ရှိပြီး၊ တောင်ဘက်တွင် ဧည့်သည် အရောက်အပေါက်နည်းသည့် စံကားအင်းရှိပါသည်။ သို့ရာတွင် ဤကန် (၂)ခုစလုံးမှာ ရေတိမ်ကန်များဖြစ်ပါသည်။ မိုးတွင်းကာလတွင် ရေအနက်ပေ (၆)မီတာ၊ ပေ(၂၀)ခန့် နက်ပြီး၊ ရေနည်းချိန်တွင် (၃. ၆) မီတာ၊ ပေ (၁၂)ပေခန့်သာ နက်ကြပါသည်။

**အင်းလေးကန်နှင့်စံကားအင်း** (၂)ခုစလုံးသည် အမြင့်ပေ ၈၈၄ မီတာ (၁၉၅၀ ပေ) ခန့်တွင် တည်ရှိပြီး ရှည်မျောမျောသဏ္ဍာန်ဖြစ်ကြပါသည်။ ဘေးပတ်လည်တောင်တန်းများမှာမူ ပျမ်းမျှ မီတာ (၁၅၀၀)၊ ပေ (၅၀၀၀) ခန့်မြင့်ကြပါသည်။

**စံကားအင်းသည်** လောပိတရေအားလျှပ်စစ် စက်ရုံအတွက် ရေသိုလှောင်ရာကန်ဖြစ်ကာ ယင်းစက်ရုံမှ မြန်မာနိုင်ငံ၏ လျှပ်စစ်ထုတ်လုပ်မှု ၃၃ % ထုတ်လုပ်ပေးလျှက်ရှိပါသည်။ ထို့ကြောင့် အင်းလေးကန်အနေဖြင့်လည်း လောပိတ ရေအားလျှပ်စစ် စက်ရုံအတွက် ရေလှောင်ကန်အဖြစ် မှတ်ယူနိုင်ပါသည်။ အင်းလေးကန်၏ ရေအနိမ့်ဆုံး ပမာဏကို ကန်ထွက်ပေါက်တွင် ရေတံခါးများဖြင့် ထိန်းချုပ်ထားပါသည်။

**အင်းလေးကန်နှင့်စံကားအင်းအတွင်း ခရီးသွားလုပ်ငန်းဆောင်ရွက်မှု**

အင်းလေးကန်ဒေသသို့ ကမ္ဘာလှည့်ခရီးသွားများ စတင်ရောက်ရှိမှုမှာ ၁၉၇၀ နှစ်ခန့်မှ စတင်ခဲ့ပါသည်။ ထိုအချိန်က ဧည့်သည်များသည် ဗီဇာသက်တမ်း (၇) ရက်သာ ရရှိခဲ့ပြီး အင်းလေးကန်ဒေသတွင် ဟိုတယ်စသည်များမရှိသဖြင့် တောင်ကြီးမြို့တွင်သာ ညအိပ်တည်းခိုကြရသည်။ အင်းလေးကန်သို့ နေ့ချင်းပြန် ခရီးများသာ သွားရောက်နိုင်ခဲ့ကြသည်။ သို့ရာတွင် ၁၉၉၆ ခုနှစ် Visit Myanmar Year နောက်ပိုင်းတွင် အင်းလေးကန်အတွင်း ခရီးသွားလုပ်ငန်း အထောက်အကူပြု အခြေခံအဆောက်အအုံများ ပေါ်ပေါက်လာသည်။ အင်းလေးကန်အတွင်း ဟိုတယ်များ ဆောက်လုပ်လာကြသည့်အပြင် ညောင်ရွှေမြို့ပေါ်တွင်ပါ နိုင်ငံခြားသားများအတွက် တည်းခိုခန်းများ ပေါ်ထွက်လာသည်။

အင်းလေးကန်တွင်း၌ အင်းသားလူမျိုးများ အများဆုံး နေထိုင်ကြပါသည်။ သူတို့၏ ခြေထောက်ဖြင့် လှေလှော်ခြင်းမှာ လူသိများသည်။ အင်းသားများသည် အင်းလေးကန်အတွင်း နှစ်ရာချီနေထိုင်ခဲ့ကြသူများဖြစ်ရာ အင်းလေးကန်နှင့် လိုက်လျောညီထွေသည့် လူနေမှုပုံစံများပါ ဖြစ်ပေါ်လာသည်။

စံကားအင်းသည် အင်းလေးကန်၏ တောင်ဘက်တွင် တည်ရှိပြီး လူသူအရောက်အပေါက် နည်းပါးသည်။ အင်းလေးဒေသသို့ ၂၀၁၂ ခုနှစ်တွင် နိုင်ငံတကာဧည့်သည် ၁၁၀၀၀၀ ခန့် လာရောက်ခဲ့ကြရာ ၄၀၀၀ ခန့်သာ စံကားသို့ သွားရောက်ခဲ့ကြပါသည်။ ထို့ကြောင့် အင်းလေးကန်သည် ဒေသ၏ အသဲနှလုံးဖြစ်ကာ ခရီးသွားလုပ်ငန်း၏ ဗဟိုချက်ပင် ဖြစ်ပါတော့သည်။

**အင်းလေးကန်ဘေးမဲ့တောနှင့်အခြားသဘာဝထိန်းသိမ်းရေးဇုံများ**


အင်းလေးကန်ဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအား သစ်တောဌာနက ၁၉၇၃ ခုနှစ်ကပင် စတင်ခဲ့ပါသည်။ ၁၉၈၅ ခုနှစ်တွင် ကန်ဘေးရေစပ်နှင့် ဆက်စပ်ဧရိယာ စုစုပေါင်း ၁၄၇. ၈၅ စတုရန်းမိုင် (၆၄၀ စတုရန်းကီလိုမီတာ) ကို အင်းလေးကန်ဘေးမဲ့တော ဧရိယာဟု သတ်မှတ်ကာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဇီဝ မျိုးစုံ ထိန်းသိမ်းရေး လုပ်ငန်းများစတင်ခဲ့ပါသည်။

အင်းလေးကန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးကို ညောင်ရွှေမြို့၌ ၁၉၉၀ ပြည့်နှစ်တွင် ဖွင့်လှစ်ခဲ့ပြီး အင်းလေးကန်၏ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ဇီဝမျိုးစုံထိန်းသိမ်းရေးနှင့် ဆောင်းခိုငှက်များ ကာကွယ်ရေးအပြင် ဒေသခံများအားလည်း ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ် သစ်တောများ ထိန်းသိမ်းခြင်း၊ မြေ နှင့် ရေ အရင်းအမြစ်များ ထိန်းသိမ်းခြင်း၊ တောရိုင်း တိရိစ္ဆာန် နှင့် ငှက်များ ထိန်းသိမ်းခြင်းကို (၅) နှစ် စီမံကိန်းများချကာ ဆောင်ရွက်ခဲ့ပါသည်။

အင်းလေးကန်၏ ရေဝေရေလဲ ဒေသသည် ၂၁၆၆. ၈၀ စတုရန်းမိုင် (၅၆၁၁ စတုရန်းမီတာ) ကျယ်ဝန်းကာ အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည်။

| | | |
|---|---|---|
| - | ကြိုးဝိုင်းတောများ | ၈ ခု စုစုပေါင်း ဧရိယာ ၂၀၃. ၆၉၃ စတုရန်းမိုင် (၅၂၈ စတုရန်းကီလိုမီတာ) |
| - | ကြိုးပြင်ကာကွယ်တော | ၇ ခု စုစုပေါင်း ဧရိယာ ၉၉. ၀၅၇ စတုရန်းမိုင် (၂၅၆ စတုရန်းကီလိုမီတာ) |
| - | သဘာဝထိန်းသိမ်းရေး နယ်မြေ | ၃ ခု စုစုပေါင်း ဧရိယာ ၂၃၈. ၅၂၄ စတုရန်းမိုင် (၆၁၆ စတုရန်းကီလိုမီတာ) |
| - | သဘာဝနယ်မြေ | ၁ ခု စုစုပေါင်း ဧရိယာ ၂၄၇. ၄၅၀ စတုရန်းမိုင် (၆၄၀ စတုရန်းကီလိုမီတာ) |
| - | **စုစုပေါင်း** | **၁၉ ခု ၈၁၅. ၇၂၄ စတုရန်းမိုင် (၂၁၁၀ စတုရန်းကီလိုမီတာ)** |

## ၅. ၅. ၁ လူဦးရေ




အင်းလေးကန် ဒေသတွင် လူဦးရေ ၁.၄ သန်းခန့် ရှိပါသည်။ ဝဲဘက်တွင် ဖော်ပြထားသော မြေပုံတွင် ရွာများ တည်ရှိနေပုံကို တွေ့ရပါမည်။ ဒေသ၏ လူဦးရေ ထူထပ်မှုမှာ (၁) စတုရန်းကီလိုမီတာတွင် (၇. ၂) ဦးရှိပါ သည်။ သို့ရာတွင် မြေပုံပေါ်တွင် တွေ့မြင်ရသလို အချို့နေရာများတွင် နေထိုင်သူ မရှိသလောက်ပင် ဖြစ်ပါ သည်။ ထို့အပြင် ဤဒေသသည် မြန်မာနိုင်ငံအတွင်း တိုင်းရင်းသား လူမျိုးအစုံဆုံးနေရာ ဖြစ်ပါသည်။ အဓိက အားဖြင့် လူမျိုး(၇)စု ရှိသော်လည်း အခြား တိုင်းရင်းသား လူမျိုးအုပ်စုလေးများ လည်းရှိပါသည်။ ယင်းတို့မှာ –

**ဗမာ** – မြန်မာနိုင်ငံ၏ အဓိကလူမျိုးစုဖြစ်ကာ မြေပြန့်သားများ ဟု ဒေသခံများက ကင်ပွန်းတပ် ထားပါသည်။

**ဓနု** – ဗမာ နှင့် နီးစပ်မှုရှိပြီး ဤဒေသသို့ ရာစုနှစ်ပေါင်း အတော်ကြာကပင် ရောက်ရှိလာကြခြင်း ဖြစ်ပါသည်။

**အင်းသား** - အင်းရေပြင် နှင့် အနီးတဝိုက်တွင် နေထိုင်ကြပြီး ငါးဖမ်းခြင်း၊ ခြေထောက်ဖြင့် လှေလှော်ခြင်းများကြောင့် လူသိများသည်။

**ပအိုဝ့်** – ဒေသတွင်း အများဆုံးလူမျိုးစုဖြစ်ပြီး အင်းလေးဝန်းကျင်တွင် နေထိုင်ကြသည်။ ပအိုဝ့်စာပေ ရှိသည်။

**ပလောင်** – မွန်ခမာ လူမျိုးနွယ်စုဖြစ်ပြီး ပလောင်စကားရှိသည်။ အများအားဖြင့် ရှမ်းပြည်နယ် တစ်ခုလုံးတွင် တွေ့ရှိနိုင်သည်။


**ရှမ်း** - တိုင်းလူမျိုးစုဖြစ်ပြီး ဒေသတစ်ခုလုံးတွင် နေထိုင်ပြီး လူဦးရေအများဆုံးဖြစ်သည်။

**တောင်ရိုး** - ကလောမြို့နယ်နှင့် ဒေသတစ်ခုလုံးတွင်တွင် နေထိုင်ကြပြီး လူဦးရေမများပါ။ ဗမာစကားနှင့် ဆင်သော စကားရှိသည်။

အထက်ပါတိုင်းရင်းသား မျိုးနွယ်စုများအပြင် အခါ၊ ကရော်၊ လားဟူ၊ လီဆူး၊ ပဒေါင်(ကယန်း) အစရှိသော တိုင်းရင်းသားများလည်း အနည်းငယ်ရှိကြသည်။ အိန္ဒိယ နှင့် နီပေါ (ဂေါ်ရခါး) လူမျိုးများမှာ ကိုလိုနီခေတ်ကပင်ရောက်ရှိ နေထိုင်နေကြသူများဖြစ်ကြသည်။

ဤဒေသတွင် ဗုဒ္ဓဘာသာဝင်များ၊ ခရစ်ယာန် ဘာသာဝင်များ ၊ ဟိန္ဒူဘာသာဝင်များ၊ အစ္စလာမ်ဘာသာဝင်များအပြင် နတ်ကိုးကွယ်သူများလည်းရှိသည်။ နတ်ကိုးကွယ်မှုမှာ အခြားအရပ်ဒေသများနှင့် ဆက်စပ်နေတတ်သည်။ ဤစီမံချက်က ဒေသ၏ ကွဲပြားခြားနားသော ဘာသာယုံကြည်မှုများကို အသိအမှတ်ပြုရုံသာမက အားပေးထောက်ခံပါသည်။

## ၅. ၅. ၂ ညောင်ရွှေ နှင့် အင်းလေးကန်

<table>
<tr><td>လူဦးရေ<br>၁၇၂. ၄၆၉<br>၆% မြို့နေ၊ ၉၄%ကျေးလက်</td><td>မြို့နယ်ဧရိယာ<br>၁၄၄၉ စတုရန်းကီလိုမီတာ<br>(၅၅၀ စတုရန်းမိုင်)</td><td rowspan="5">
</td></tr>
<tr><td colspan="2">လက်ရှိဖွံ့ဖြိုးမှုအနေအထား<br>အင်းလေးကန်ဝန်းကျင်တွင် ဖွံ့ဖြိုးမှုရှိ ၊ မြို့နယ် တောင်ဘက်ခြမ်းတွင် ဖွံ့ဖြိုး ရေးအတွက် လေ့လာလျှက်ရှိ</td></tr>
<tr><td colspan="2">အဓိကတိုင်းရင်းသားမျိုးနွယ်စုများ<br>အင်းသား၊ ရှမ်း ၊ ပအိုဝ့် ၊ ဓနု ၊ ဗမာ</td></tr>
<tr><td colspan="2">Geography:<br>Mostly flat plain between two mountain ranges with Inlay and Samkar lakes in between.</td></tr>
<tr><td>အဓိကဧည့်သည်ဆွဲဆောင်မှု<br>• အင်းလေးကန်<br>• အင်းတိမ်ဘုရားစု<br>• ရေပေါ်ခြံများ<br>• (၅)ရက်ဈေးများ<br>• ငါးဖယ်ချောင်း ဘုန်းကြီးကျောင်း<br>• ၎က်ဘေးမဲ့ဒေသ<br>• ရွာမ၊ နန်းပန်နှင့် အခြားရွာများ<br>• ညောင်ရွှေမြို့<br>• Red Mountain စပျစ်ဝိုင်ခြံ</td><td>ဧည့်သည်များ၏လှုပ်ရှားမှု<br>• အင်းလေးကန်အတွင်းလှည့်လည်<br>• စက်ဘီးဖြင့်ကမ်းနားတလျှောက် ရွာစဉ်လည်<br>• ဈေးနေ့များလည်<br>• အင်းထဲရှိ ဟိုတယ်များ<br>• အင်းထဲရှိလက်မှုပစ္စည်းဆိုင်များ<br>• ဘုရားဖူးခရီး</td></tr>
</table>


ညောင်ရွှေမြို့သည် အင်းလေးကန်သို့ ဝင်ပေါက်ဖြစ်ကာ ဒေသတွင်း ခရီးသွားလုပ်ငန်း၏ ဗဟိုဖြစ်သည်။ ညောင်ရွှေမြို့သည် အင်းလေးကန်၏ မြောက်ဘက်တွင် တည်ရှိကာ အင်းထဲသို့ ၃. ၅ ကီလိုမီတာ ရှည်သော တူးမြောင်းဖြင့် ဆက်ထားသည်။ ညောင်ရွှေမြို့တွင် ဧည့်သည်များအဖို့ ရွေးချယ်စရာ ဟိုတယ်အစားစားရှိသည့်အပြင် စားသောက်ဆိုင်များလည်းရှိသည်။ ညောင်ရွှေမြို့သည် အင်းလေးခရီးစဉ်ဒေသ၏ ခရီးသွားလုပ်ငန်း ဗဟိုချက်အဖြစ် ပေါ်ထွက်လာပေသည်။ ထို့အပြင် ညောင်ရွှေမြို့သည် ယခင်က ညောင်ရွှေစော်ဘွားနေထိုင် ရုံးစိုက်ခဲ့ရာလည်းဖြစ်သည်။


မြို့တွင်း၌ သမိုင်းအမွေအနှစ်ဖြစ်သော အဆောက်အအုံများအပြင် စိတ်ဝင်စားဖွယ်ရာ ဗိသုကာ လက်ရာများ လည်းရှိသည်။

ညောင်ရွှေမြို့နှင့် အင်းလေးကန်အတွင်း၌ စုစုပေါင်း ဟိုတယ်အလုံးရေ ၄၂ လုံးရှိသည်။ ယခုစီမံချက်ရေးသားနေစဉ်မှာ ညောင်ရွှေမြို့ပေါ်တွင် တည်းခိုခန်းနှင့် ဟိုတယ် ၁၅ လုံးမှ ၂၀ လုံး အထိ အသစ်ဆောက်လုပ်လျှက်ရှိသည်။

ညောင်ရွှေမြို့သည်ငွေကြေးချွေတာသော ဧည့်သည်များ စိတ်ကြိုက်ဖြစ်သော်လည်း ငွေကြေး သုံးစွဲနိုင်သူများအနေဖြင့် အင်းရေပြင်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆင့်မြင့် ဟိုတယ်များတွင် နေထိုင်နေလေ့ရှိကြသည်။ အင်းစပ်ကုန်းပေါ်တွင် ဟိုတယ် (၆) လုံး ဆောက်လုပ်ခွင့်ကျပြီးဖြစ်သည်။ မြို့နယ်၏ တောင်ဘက်အသစ်ဖော်ထုတ်လိုက်သော ဟိုတယ်ဇုံတွင် အဆင့်မြင့်ဟိုတယ် (၁၄)ခု ထပ်မံဖွင့်လှစ်ရန်ရှိသည်။ အနာဂတ်တွင် ဟိုတယ် (၈၇) လုံးအတွက် မြေနေရာများလျာထားသည်။

ယေဘုယျအားဖြင့် အင်းလေးဒေသသို့ လာရောက်ကြသော ဧည့်သည်များသည် ပွဲချိတ်လှေဖြင့် အင်းထဲသို့ လှည့်လည်ကြည့်ရှုကြသည်။ အနီးအနားရှိ ဝိုင်စပျစ်ရည် စက်ရုံသို့လည်း သွားနိုင်သည်။ စက်ဘီးဖြင့်လည်း လည်ပတ်နိုင်သည်။ အင်းသားရိုးရာဓလေ့များကို အင်းသားရိုးရာ အိမ် (Inthar Heritage House) တွင် လေ့လာနိုင်သည်။ အစားအသောက်ဆိုင်လည်း အများအပြားရှိသည်။




အင်းလေးကန်ဒေသ ၏ အဓိက ဆွဲဆောင်မှုမှာ ဤအင်းလေးကန် ပင်ဖြစ်သည်။ အဆင့်မြင့် ဟိုတယ်များ အားလုံး ဤဒေသတွင်ရှိနေကြသည်။ ဧည့်သည်များ အားလုံးလိုလိုပင် အင်းထဲ သို့ သွားရောက် လည်ပတ်ကြသည်။


အထက်ပါ မြေပုံ (၂)ခုလုံးတွင် အဓိကကျသော ဟိုတယ်များနှင့် ကျေးရွာ များကို ပြထားပါသည်။ အင်းထဲတွင် အဓိက သွားရောက်သော နေရာများမှာ ဘုရားပုထိုးများ၊ ကျေးရွာများနှင့် လက်မှု လုပ်ငန်းများကို သွားရောက်ကြည့်ရှုခြင်းဖြစ်သည်။

အင်းလေးကန်အားဒေသတွင်း အခြားနေရာများသို့ ခရီးဆန့်ရန်အဖြစ် အသုံးပြုသည်။ ညောင်ရွှေမြို့သည် ဧည့်သည်များအတွက် ဝန်ဆောင်မှုပေးသော ဗဟိုဌာနအဖြစ် ပေါ်ထွက်လာသည်။

တောင်ဘက်ခြမ်းရှိ စံကားအင်းမှာမူ အင်းလေးကန်လောက် မဖွံ့ဖြိုးသေးပါ။ သို့ရာတွင် သူလည်း လူသိများပြီဖြစ်ပါသည်။ ညောင်ရွှေ သို့မဟုတ် အင်းလေး မှ စံကားဘက်သို့ ခရီးရှည် မော်တော်ခရီးစဉ်များ ပေါ်ထွက်လာပြီဖြစ်သည်။ စံကားအင်းသည် အင်းလေးမှ စီးဝင်လာသော ရေများကို သိုလှောင်ပြီး လောပိတရေအားလျှပ်စစ်စက်ရုံသို့ ပို့လွှတ်သည်။ လောပိတရေအားလျှပ်စစ်စက်ရုံသည် လွိုင်ကော်မြို့မှ မိုင် ၂၀ ကွာဝေးကာ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက် ၂၅ %ကို ထုတ်လုပ်ပေးရာဖြစ်ပါသည်။

## ၅. ၅. ၃ တောင်ကြီး

<table>
<tr><td>လူဦးရေ<br>၃၄၈၇၉၄<br>၅၅%မြို့ပြ ၊ ၄၅ % ကျေးလက်</td><td>ဧရိယာ<br>၁၉၃၇ စတုရန်းကီလိုမီတာ<br>(၇၄၈ စတုရန်းမိုင်)</td></tr>
<tr><td colspan="2">လက်ရှိအနေအထား<br>မြို့နယ်တစ်ခုလုံး ဖွံ့ဖြိုးရေးဆောင်ရွက်နေ<br>တောင်ကြီးမြို့ပေါ် ဖွံ့ဖြိုးရေးဆောင်ရွက်နေ</td></tr>
<tr><td colspan="2">အဓိကတိုင်းရင်းသားလူမျိုးများ<br>ရှမ်း ၊ ပအိုဝ့် ၊ ဗမာ</td></tr>
<tr><td colspan="2">ပထဝီအနေအထား<br>တောင်ကုန်းထူထပ်၊ ကွင်းပြင်များရှိ၊ ရှမ်းပြည်နယ်မြို့တော်ဖြစ်၊ ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၁၄၀၀ (၄၅၉၀ ပေ)</td></tr>
<tr><td>အဓိကဧည့်သည်ဆွဲဆောင်မှု<br>• ကက္ကူဘုရားစု<br>• အောက်တိုဘာ၊ နိုဝင်ဘာလတွင်ကျင်းပသည့် မီးပုံးပျံပွဲ<br>• တောင်ချွန်းစေတီ<br>• ပြည်နယ်ပြတိုက်<br>• ကျောက်မျက်ဈေး<br>• ဒေသန္တရဈေး<br>• မြို့လည်<br>• အေးသာယာ စပျစ်ဝိုင်ခြံ</td><td>ဧည့်သည်များ၏လှုပ်ရှားမှု<br>• ဈေးဝယ်ခြင်း<br>• စီးပွားရေးနှင့် ဆက်နွယ်သော ခရီးသွားလုပ်ငန်း<br>• ဘုရားဖူးခရီးစဉ်များ</td></tr>
</table>



ပင်လယ်ပြင်မှ အမြင့် ၁၄၃၀ မီတာတွင် တည်ရှိသဖြင့် အေးမြသော ရာသီဥတုရှိသည်။ ယခုအခါ တောင်ကြီးမြို့သည် ရှမ်းပြည်နယ် အနောက်ဘက်ဒေသအတွက် စီးပွားရေးဗဟိုချက်ဖြစ်နေရာ ခရီးသွားလုပ်ငန်း ဗဟိုချက်ဖြစ်သော ညောင်ရွှေမြို့ အင်းလေးကန်ဒေသတို့နှင့် မတူကွဲပြားပါသည်။ တောင်ကြီးမြို့တွင် ဗိသုကာ ဒီဇိုင်းပုံမှအစ တရုတ်ဆန်နေသည်။ မြောက် မှ တောင် သို့ သွယ်တန်းနေသော မြို့လမ်းမကြီးသည် စီးပွားရေးအတွက် အချက်အခြာနေရာဖြစ်ပါသည်။

တောင်ကြီးမြို့သို့ ပြည်တွင်းခရီး အသွားအလာများပါသည်။ ယင်းတို့သည် တောင်ပေါ်သား များလာလေ့ရှိသော တောင်ကြီးဈေးသို့လည်း သွားရောက်ကြသည်။ ကျောက်မျက်ဈေးလည်း နေ့တိုင်းရှိသည်။ ရှမ်းပြည်နယ် ယဉ်ကျေးမှု ပြတိုက်၊ ပြည်နယ်စာကြည့်တိုက် စသည်တို့သည်လည်း ရှိသည်။ ထို့အပြင် ဆေးပေ့ါလိပ်ခုံများသို့လည်း သွားရောက်လေ့လာနိုင်သည်။ အောက်တိုဘာ နှင့် နိုဝင်ဘာလ များတွင် မီးပုံးပျံပွဲများရှိရာ ပြည်တွင်း ဧည့်သည်အများအပြား လာကြသည်။

တောင်ကြီးမှတစ်ဆင့် ကက္ကူဘုရားစုသို့ သွားနိုင်သည်။ ကက္ကူဒေသကို ပအိုဝ့် အဖွဲ့အစည်းပိုင် ရွှေကျွန်းမျှော ဟိုတယ်အုပ်စုက ကြီးကြပ်ပါသည်။ ကက္ကူသို့ ပြည်တွင်းခရီးသွား အများအပြားလာရောက်ကြကာ တစ်နှစ်လျှင် ဧည့်သည် ၈၀၀၀ ခန့် လာရောက်ကြကြောင်း သိရှိရ သည်။ တောင်ကြီးနှင့် နေ့စဉ် ရထားခရီးစဉ်ရှိပါသည်။

တောင်ကြီးမြို့သည် နိုင်ငံခြားသားများအဖို့ ရှမ်းပြည်နယ် အရှေ့ဘက်သို့သွားရာ ခရီး၏ အဆုံးဟု ဆိုရပါမည်။ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ ကျိုင်းတုံမြို့သို့ ကုန်းလမ်းခရီးဖြင့် နိုင်ငံခြားသားများ အားသွားခွင့်မပြုသေးပါ။ အကယ်၍ ဤခွင့်ပြုချက် ရလာပါက ထိုင်းနိုင်ငံမြောက်ပိုင်းမှတဆင့် ဧည့်သည်များလာရောက်နိုင်ကြမည်ဖြစ်ကာ ဒေသ၏ ခရီးသွား လုပ်ငန်းလည်း ပြောင်းလဲဖွယ်ရာ ရှိပါသည်။

## ၅. ၅. ၄ ကလောမြို့

**လူဦးရေ**
၁၆၃၁၇၄
၂၈%မြို့ပြ ၊ ၇၂ % ကျေးလက်


**ဧရိယာ**
၁၅၃၉ စတုရန်းကီလိုမီတာ
(၅၉၄ စတုရန်းမိုင်)

**လက်ရှိအနေအထား**
တောတွင်း ခရီးကြမ်း လမ်းလျှောက်ခရီးစဉ်များ ဖွံ့ဖြိုး၊
ဤခရီးစဉ်များအပြင် အခြား ခရီးစဉ်များဖွံ့ဖြိုးရန် ဆောင်ရွက်ဆဲ

**အဓိကတိုင်းရင်းသားလူမျိုးများ**
ရှမ်း ၊ ပအိုဝ့် ၊ ဓနု၊ ့လောင်၊ တောင်ရိုး ၊ ဗမာ

**ပထဝီအနေအထား**
တောင်ကုန်းမြင့် စိုက်ပျိုးရေး၊ သစ်တောအနည်းငယ်ရှိ

| အဓိကဧည့်သည်ဆွဲဆောင်မှု | ဧည့်သည်များ၏လှုပ်ရှားမှု |
|---|---|
| • ကလောမြို့တော်ပေါ် အပန်းဖြေစခန်းမြင်ကွင်း<br>• ကလောမြို့ပေါ်ရှိ ရှေးဟောင်း အမွေအနှစ်အဆောက်အအုံများ<br>• ကလောမြို့မဈေး<br>• တောတွင်းခရီးကြမ်း လမ်းလျှောက် ခရီးစဉ်ဌာနများ<br>• ကောင်းမွန်သော ဟိုတယ်များ<br>• ဆင်ကယ်ဆယ်ရေးစခန်း<br>• တိုင်းရင်းသား မျိုးနွယ်စုများ<br>• ရိုးရာမပျက်တိုင်းရင်းသားရွာများ<br>• ရထားလမ်း<br>• ဟဲဟိုးလေဆိပ် | • ကလောမြို့ဝန်းကျင်နှင့် ကီလိုမီတာ( ၆၀) ရှည်သည့် ကလော-အင်းလေး တောတွင်း ခရီးကြမ်း လမ်းလျှောက်ခရီးစဉ်များ<br>• ကလော မှ ညောင်ရွှေ ရထားလမ်း (အင်းလေးသို့ အသွား)<br>• ဆင်ကယ်ဆယ်ရေးစခန်း<br>• ဘုရားဖူးခရီးစဉ်များ |




ကလောမြို့တွင် လူဦးရေ ၂၅၀၀၀ ခန့်ရှိပါသည်။ တောင်ကြီးမြို့မှ အနောက်ဖက် ကီလိုမီတာ ၇၀ ခန့် ဝေးပါသည်။ ရှမ်းကုန်းမြေမြင့်၏ အနောက်ဖက်ခြမ်း အမြင့်ပေ ၁၃၂၀ မီတာတွင် တည်ရှိပါသည်။ ကိုလိုနီခေတ်က တောင်စခန်းမြို့အဖြစ် ကျော်ကြားခဲ့ပါသည်။ ယနေ့တွင်မူ မြို့ပတ်ဝန်းကျင် တောင်တန်းပေါ် တောတွင်းခရီးကြမ်းလမ်းလျှောက်ခရီးစဉ် များ၏ ဗဟိုဌာနဖြစ်နေပါသည်။ မြို့ပေါ်တွင် ဘာသာရေးအဆောက်အအုံ အများအပြားလည်းရှိပါသည်။ မြို့ပေါ်၌ ကိုလိုနီခေတ် ဗိသုကာလက်ရာများရှိပြီး၊ သာစည်-ညောင်ရွှေ ရှေးဟောင်း ရထားလမ်း ဖြတ်သန်းရာလည်းဖြစ်ပါသည်။ ဟဲဟိုးလေဆိပ်မှာ ကလောမြို့နယ်အတွင်း ပါဝင်ပါသည်။ ကလောမြို့ပေါ်တွင် ဟိုတယ်နှင့် တည်းခိုခန်း ၁၆ လုံးရှိကာ မြို့နေလူ အများအပြားမှာ

ခရီးသွားလုပ်ငန်းတွင် ပါဝင်ပတ်သက်နေကြောင်း တွေ့ရှိရသည်။ ၂၀၁၃ ခုနှစ်က တောတွင်း ခရီးကြမ်း လမ်းလျှောက်ခရီးစဉ်ပေါင်း ၁၅၀၀၀ ခန့် ရှိခဲ့ကြောင်းသိရှိရပါသည်။


ကလောဒေသသည် ယဉ်ကျေးမှုပေါင်းစုံ စုစည်းရာဖြစ်ခြင်း၊ လှပသော တောင်တန်း တောင်ဆွယ် ရှုခင်းများရှိခြင်း နှင့် ရာသီဥတုအေးမြသဖြင့် လူကြိုက်များပါသည်။ မြို့ပေါ်ရှိတောတွင်း ခရီးကြမ်းလမ်းလျှောက် ဝန်ဆောင်မှုပေးသူများက နေ့တစ်ဝက်ခရီးစဉ်မှစပြီး (၄) ရက်မှ (၅) ရက် အထိ ကြာသော ညအိပ်ခရီးစဉ် ဝန်ဆောင်မှုများ ပေးကြပါသည်။ ဈေးနှုန်းအားဖြင့် လည်းကောင်း၊ ဧည့်သည်၏ ကျန်းမာကြံ့ခိုင်မှု အနေအထားအရလည်းကောင်း သင့်တော်သည့် ခရီးစဉ်အမျိုးမျိုးရှိပါသည်။ ဤ လမ်းလျှောက်ခရီးစဉ်များဖြင့် ဒေသခံ တိုင်းရင်းသားကျေးရွာများသို့ သွားရောက် လည်ပတ်နိုင်ကြ ပါသည်။

ကလောမြို့တွင် ရှေးခေတ်ကာလက ခရစ်ယာန် သာသနာပြုကျောင်းများရှိခဲ့၍ မြို့ပေါ်တွင် အင်္ဂလိပ်စကားတတ်သူအများအပြားရှိပါသည်။ ကလောမြို့နယ်တွင် ရှမ်း၊ အိန္ဒိယ ၊ မူဆလင် ဘာသာဝင် ၊ ဗမာ ၊ နီပေါ (ဂေါ်ရခါး) လူမျိုးများအပြင် ပလောင်၊ တောင်ရိုး စသော တိုင်းရင်းသားများလည်း ရှိပါသည်။

ကလောဒေသ၌ တောတွင်း ခရီးကြမ်းလမ်းလျှောက်ခရီးစဉ်များ ဖွံ့ဖြိုးလာသည်နှင့် အတူ မြို့နှင့် ဝေးရာ ကျေးရွာများတွင် Home Stay ခေါ် ကျေးရွာလူထု၏ အိမ်များတွင် ဧည့်သည်များ နေထိုင်ခြင်း ပုံစံပေါ်ထွက်လာပါသည်။ ၂၀၁၃ ခုနှစ်မှ စ၍ နယ်မြေပြင်ပမှ ရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်လာကာ ဟိုတယ်စသည်များတွင် ရင်းနှီးမြှုပ်နှံမှုများပြုလာကြရာဒေသခံပြည်သူများ၏ ရင်းနှီးမြှုပ်နှံရေး အခွင့်အလမ်းများအပေါ် သက်ရောက်မှုများ ရှိလာပါသည်။

မြန်မာနိုင်ငံ၏ ပထမဆုံး ဆင်ကယ်ဆယ်ရေး စခန်းတစ်ခုကိုလည်း ကလောမြို့အနီးတွင် ၂၀၁၂ ခုနှစ်က ဖွင့်လှစ်ခဲ့ပါသည်။ ဤစခန်းတွင် ဧည့်သည်များအနေဖြင့် တောရိုင်းတိရိစ္ဆာန် ထိန်းသိမ်းရေးနှင့် သစ်ပင်ပြန်လည်စိုက်ပျိုးရေး လုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နိုင်ကြပါသည်။

## ၅. ၅. ၅ ပအိုဝ့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်း

<table>
<tr>
<td>လူဦးရေ<br>- ဟိုပုံး - ၉၉၂၁၂ မြို့ပြ ၁၆ %<br>- ဆီဆိုင် — ၁၃၉၁၆၇ မြို့ပြ ၈ %<br>- ပင်လောင်း - ၁၆၂၅၃၇ မြို့ပြ ၃%</td>
<td>ဧရိယာ<br>- ၃၂၀၀ စတုရန်းကီလိုမီတာ(၁၂၄၀ စတုရန်းမိုင်)<br>-၂၀၄၆ စတုရန်းကီလိုမီတာ (၇၉၀ စတုရန်းမိုင်)<br>- ၃၁၁၇ စတုရန်းကီလိုမီတာ(၁၂၈၀ စတုရန်းမိုင်)</td>
<td rowspan="5">
</td>
</tr>
<tr>
<td colspan="2">လက်ရှိအနေအထား<br>ဒေသအားလုံးဖွံ့ဖြိုးမှုနည်းပါး၊ ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်များသို့ နိုင်ငံခြားသားများ သွားလာခွင့်မပြု</td>
</tr>
<tr>
<td colspan="2">အဓိကတိုင်းရင်းသားလူမျိုးများ<br>ပအိုဝ့် ၊ အခြားတိုင်းရင်းသားလူမျိုးစုငယ်များ</td>
</tr>
<tr>
<td colspan="2">ပထဝီအနေအထား<br>တောင်ကုန်းတောင်တန်းများ၊ မြင့်မားသော တောင်ကြောများ၊ အရှေ့ဘက်မြို့နယ်များဖြစ်သော ဟိုပုံး နှင့် ဆီဆိုင်မြို့နယ်များသည် ပင်လောင်းမြို့နယ်ထက်စာလျှင်ဖွံ့ဖြိုးမှုနည်းပါးသည်။ ဟိုပုံး နှင့် ဆီဆိုင်မြို့နယ်များတွင် မြင့်မားသော တောင်တန်းများရှိသည်။</td>
</tr>
<tr>
<td>အဓိကဧည့်သည်ဆွဲဆောင်မှု<br>• ထန်စမ်းဂူ (ဟိုပုံး)<br>• စကားအင်း (ပင်လောင်း)<br>• ဝေးလံပြီးမဖွံ့ဖြိုးသေးသော အခြေခံအဆောက်အအုံများ<br>• ဝေးလံပြီး ရိုးရာ မပျောက်သေးသော ပအိုဝ့်ကျေးရွာများ</td>
<td>ဧည့်သည်များ၏လှုပ်ရှားမှု<br>• ဟိုပုံးမြို့နယ်အတွင်းခွင့်ပြုချက်ဖြင့် တောတွင်းခရီးကြမ်း လမ်းလျှောက်ခြင်း။<br>• တောင်ပေါ်ဒေသခရီးစွန်းစွားမှု ခရီးစဉ်များ</td>
</tr>
</table>

ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနေရာအများစုတွင် ခရီးသွားလုပ်ငန်းအနည်းငယ်သာရှိပါသည်။ ဤဒေသတွင်းရှိ ခရီးသွားလုပ်ငန်းကို ပအိုဝ့်အမျိုးသားအဖွဲ့ချုပ် (PNO) လက်အောက်ခံ ရွှေကျွန်းမျော ဟိုတယ်အုပ်စုက စီမံခန့်ခွဲပါသည်။ ပအိုဝ့်အမျိုးသားအဖွဲ့ချုပ် လက်အောက်ခံ ရွှေကျွန်းမျော ဟိုတယ်အုပ်စုသည် ဒေသခံများ ပါဝင်ပတ်သက်မှု မြင့်မားပြီး ထောက်ခံမှုရသော အဖွဲ့အစည်း ဖြစ်ပါသည်။


အရှေ့ဘက်ကျသော ဟိုပုံးနှင့် ဆီဆိုင်မြို့နယ်များမှာ အလှမ်းဝေးပြီး တောင်ကြော တောင်တန်းမြင့်များရှိပါသည်။ ဖွံ့ဖြိုးမှုလည်း နောက်ကျပါသည်။ ယခုစာတမ်းရေးချိန်အထိ နိုင်ငံခြား သားများ ယင်းမြို့နယ်များသို့ သွားလာလိုလျှင် ကြိုတင်ခွင့်ပြုချက် လိုအပ်ပါသည်။ ထန်စမ်းဂူ နှင့် ကက္ကူဘုရားစုမှလွဲလျှင် အခြားနေရာများတွင် ခရီးသွား လုပ်ငန်းဟူ၍ မရှိပါ။ ဆီဆိုင် မြို့နယ်၌ လုံခြုံရေး အခြေအနေအရ နိုင်ငံခြားသား သွားရောက်ခွင့်မရှိပါ။

ပင်လောင်းမြို့နယ်မှာမူ အောင်ပန်း-လွိုင်ကော် လမ်းမကြီး ဖြတ်သန်းသွားရာဖြစ်၍ ပိုမို ဖွံ့ဖြိုးမှု ရှိပါသည်။ ပထဝီအနေဖြင့် တောင်ကုန်းတောင်တန်းများပြားပြီး အများစုမှာ စိုက်ပျိုးရေး လုပ်ကိုင်ကြပါသည်။ ပင်လောင်မြို့နယ်အရှေ့ဘက်ခြမ်းတွင် စံကားအင်းရှိပါသည်။ ခရီးသွားလုပ်ငန်း မရှိသလောက်ပင်ဖြစ်ပါသည်။


Sunset over Samkar Lake from Hopong Township


Much of Hopong is very mountainous

## ၅. ၅. ၆ — ဖယ်ခုံ

<table>
<tr><td>လူဦးရေ<br>၉၄၂၂၆<br>မြို့ပြ ၁၃% ၊ ကျေးလက် ၈၇ %</td><td>ဧရိယာ<br>၂၀၉၃ စတုရန်းကီလိုမီတာ<br>(၈၀၈ စတုရန်းမိုင်)</td><td rowspan="5">
</td></tr>
<tr><td colspan="2">လက်ရှိအနေအထား<br>ဖယ်ခုံမြို့နယ်တွင် စမ်းသပ်ဆဲ ကာလဖြစ်ပါသည်။</td></tr>
<tr><td colspan="2">အဓိကတိုင်းရင်းသားလူမျိုးများ<br>ရှမ်း ၊ ပအိုဝ့် ၊ ဗမာ ၊ ဓနု ၊ ကယော် ၊ ပဒေါင်</td></tr>
<tr><td colspan="2">ပထဝီအနေအထား<br>အနောက်တောင်ပိုင်းတွင် မြင့်မားသော တောင်တန်းများရှိသည်။ အလယ်ပိုင်းတွင် တောင်ဂမူများရှိပြီး အရှေ့ဘက်တွင် လွင်ပြင်ဖြစ်သည်။ စံကားအင်း၏ တောင်ဘက်ခြမ်း နှင့် ဆက်စပ်နေသည်။ အနောက်တောင်ဘက်ခြမ်းတွင် လူဦးရေကျဲသည်။</td></tr>
<tr><td>အဓိကဧည့်သည်ဆွဲဆောင်မှု<br>• အင်းလေးကန် နှင့် စံကားအင်းများသို့သွားရောက်ရန် တောင်ဘက်ဝင်ပေါက်ဖြစ်သည်။<br>• စံကားအင်း နှင့် ပတ်ဝန်းကျင်<br>• အလားအလာရှိသော ခရီးသွားလုပ်ငန်းခရီးစဉ်အသစ်များ</td><td>ဧည့်သည်များ၏လှုပ်ရှားမှု<br>• တောင်ဘက်ရှိ လွိုင်ကော်ဒေသသို့ လှေဖြင့်သွားရောက်နိုင်သည်။<br>• ယခုအချိန်တွင် အခြားဒေသများသို့သွားရောက်ကြသော ဧည့်သည်များ ဖြတ်သန်းသွားလာမှုရှိသည်။</td></tr>
</table>

ဖယ်ခုံမြို့နယ်တွင် လက်ရှိအနေအထားအရ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးမှုမရှိသေးပါ။ သို့ရာတွင် မော်တော်ကားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အင်းလေးကန်မှ တဆင့် လာရောက်ကြသော ဧည့်သည်အနည်းငယ်ရှိပါသည်။ စံကားအင်း၏ တောင်ဘက်ခြမ်း နှင့် ဆက်စပ် နေပါသည်။

- ဖယ်ခုံမြို့နယ်အနေဖြင့် လှပသော သဘာဝရှုခင်းများရှိပြီး အင်းလေးကန်စပ်တွင် အခြားခရီးသွားလုပ်ငန်းများ ဖြစ်ပေါ်လာနိုင်ခြင်းတို့ကြောင့် အလားအလာကောင်းပါ သည်။ ယနေ့အချိန်တွင် ဖယ်ခုံမြို့ပေါ်တွင် နိုင်ငံခြားသားများ တည်းခိုနိုင်သည့် ဟိုတယ် မရှိပါ။ မြန်မာနိုင်ငံသားများတည်းခိုရန် ဧည့်ရိပ်သာ တစ်ခုသာရှိပါသည်။
- ဖယ်ခုံမြို့မှ လွိုင်ကော်မြို့သို့ကားဖြင့် (၁) နာရီသာ သွားရပါမည်။ မီးရထားလမ်းလည်း ရှိပါသည်။ လက်ရှိအနေအထားအရ ညောင်ရွှေ ၊ အင်းလေးမှ လာရောက်ကြသော ဧည့်သည်များသည် ဖယ်ခုံမြို့ကို ဖြတ်ကာ လွိုင်ကော်မြို့သို့ ခရီးဆက်ကြသဖြင့် ဖယ်ခုံမြို့ မှာ ခရီးသွားလုပ်ငန်း၏ အသီးအပွင့်များကို မခံစားရဘဲ ဖြစ်နေပါသည်။ မြို့နယ်၏ အနောက်ဘက်ခြမ်းသည် လူနေကျဲပါသည်။




Much of Samkar Lake is in Pekon



Pekon Town from Samkar Lake

## ၅. ၅. ၇ - ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၊ ပင်းဒယ နှင့် ရွာငံ

<table>
<tr><td>လူဦးရေ<br>ပင်းဒယ ၇၇၇၆၉ ၊ ၁၂ % မြို့ပြ<br>ရွာငံ ၇၆၉၃၃ ၊ ၅% မြို့ပြ</td><td colspan="2">ဧရိယာ<br>၆၅၉ စတုရန်းကီလိုမီတာ (၂၅၄ စတုရန်းမိုင်)<br>၁၆၅၂ စတုရန်းကီလိုမီတာ (၁၀၂၀ စတုရန်းမိုင်)</td><td rowspan="5">
</td></tr>
<tr><td colspan="3">လက်ရှိအနေအထား<br>-ပင်းဒယ မြို့ပေါ်နှင့် ရွှေဥမင်ဂူများ ဖွံ့ဖြိုးပြီးအခြားဒေသများ ဖွံ့ဖြိုးဆဲ</td></tr>
<tr><td colspan="3">အဓိကတိုင်းရင်းသားလူမျိုးများ<br>ဓနု ၊ ရှမ်း ၊ ဗမာ ၊ ပလောင် ၊ တောင်ရိုး</td></tr>
<tr><td colspan="3">ပထဝီအနေအထား<br>စိုက်ပျိုးမြေများရှိသောလွင်ပြင်ဒေသ၊ သို့ရာတွင် အမြင့်ပေ ၁၇၀၀ မီတာ (၅၅၀၀ ပေ) ရှိသော တောင်တန်း တစ်ခုက မြို့နယ် (၂) ခုကို ပိုင်းခြားထားသည်။</td></tr>
<tr><td colspan="2">အဓိကဧည့်သည်ဆွဲဆောင်မှု<br><ul><li>ပင်းဒယရွှေဥမင်ဂူ</li><li>ရှမ်းစက္ကူ နှင့် ထီးလုပ်ငန်းများ</li><li>တောတွင်းခရီးကြမ်း လမ်းလျှောက်၊ ခရီးကြမ်း စက်ဘီးစီး စသော စွန့်စားမှု ခရီးစဉ်များ</li><li>ရှေးဟောင်းဂူများ (ရွာငံမြို့နယ်)</li></ul></td><td>ဧည့်သည်များ၏လှုပ်ရှားမှု<br><ul><li>ပင်းဒယရွှေဥမင်ဂူသို့ ဘုရားဖူးများ</li><li>ပင်းဒယအခြေစိုက်တောတွင်း ခရီးကြမ်းလမ်းလျှောက် ခရီးစဉ်များ</li><li>ရွာငံမြို့နယ်တွင် တောတွင်း လမ်းလျှောက်ခရီးစဉ်များကို ဖော်ထုတ်နိုင်ပါသည်။</li><li>ခရီးရှည် စက်ဘီးခရီးစဉ်များ</li></ul></td></tr>
</table>

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ရွာငံနှင့် ပင်းဒယမြို့နယ် (၂) မြို့နယ်ပါဝင်ပါသည်။ သို့ရာတွင် ပင်းဒယမြို့နယ်တွင်သာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးပါသည်။ ရွာငံမြို့မှာ ပင်းဒယမြို့မှ ကားဖြင့် (၂)နာရီခန့် သွားရသော မြို့ငယ်လေးဖြစ်ပါသည်။ ယင်းမြို့နယ်၌ ခရီးသွားလုပ်ငန်း အတွက်လိုအပ်သော အခြေခံအဆောက်အအုံများ လုံလုံလောက်လောက် မရှိသေးသော်လည်း အနာဂတ်တွင် ဖွံ့ဖြိုးရန် အလားအလာကောင်းများရှိပါသည်။ IID အဖွဲ့နှင့် ဂျာမန် GIZ အဖွဲ့တို့ကလည်း ၂၀၁၄ ခုနှစ် မေလက ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဘဏ်ဖွံ့ဖြိုးရေးအတွက် လေ့လာမှုများပြုကာ စာတမ်းတစ်စောင် ထုတ်ပြန်ခဲ့ပါသည်။

**ပင်းဒယမြို့**

ပင်းဒယမြို့သည် ညောင်ရွှေမြို့မှကားဖြင့် (၂)နာရီခန့် သွားရပါသည်။ မော်တော်ကားလမ်းမှာ သာယာလှပသော ရှုခင်းများကို ဖြတ်သန်းမောင်းနှင်သွားရပါသည်။ ဤသို့ သာယာပြန့်ပြူးသော လွင်ပြင်ဒေသများကြောင့် ဤနေရာအား မြန်မာပြည်၏ ဆွစ်ဇာလန် ဟုပင် တင်စားခေါ်ဝေါ်ကြပါသည်။ မြို့ပေါ်တွင် အဆင့်မြင့် ဟိုတယ်(၅)လုံးရှိပြီး နိုင်ငံခြားသားများ တည်းခိုကြပါသည်။ ဧည့်သည်အများစုသည် နေ့ချင်းပြန်ခရီး လာရောက်ကြခြင်းဖြစ်ကာ ပင်းဒယရွှေဥမင်ဂူတွင်းရှိ ဗုဒ္ဓရုပ်ပွားတော် ၈၀၀၀ အား လာရောက်ဖူးမြော်ကြခြင်းဖြစ်ပါသည်။ ဧည့်သည်များအနေဖြင့် တောတွင်းခရီးကြမ်းလမ်းလျှောက်ခြင်း၊ တောတွင်းစက်ဘီးစီးခြင်း၊ ဒေသဝန်းကျင်ရှိ ဘုရားပုထိုး၊ ဘုန်းကြီးကျောင်းများသို့သွားရောက် လည်ပတ်ခြင်းများ ပြုလုပ်ကြပါသည်။ အချို့က ကလောမှ ပင်းဒယသို့ ခရီးကြမ်းလမ်းလျှောက်လာကြပါသည်။

ပင်းဒယမြို့နှင့် ရွာငံမြို့တို့ကို ပိုင်းခြားထားသော တောင်တန်းကြီးများမှာလည်း သဘာဝအခြေခံ ခရီးစဉ်များ၊ ယဉ်ကျေးမှု အခြေခံတောတွင်း ခရီးကြမ်းလမ်းလျှောက်ခရီးစဉ်များ ဖော်ထုတ်ရန်နေရာကောင်းတစ်ခုဖြစ်ပါသည်။ ဤတောင်တန်းများသည် ကလောဘက်ခြမ်းထက်စာလျှင် သစ်တောများဖုံးအုပ်မှု ပိုမိုကောင်းမွန်ပါသည်။ တိုင်းရင်းသား မျိုးနွယ်စုများလည်း ပိုမိုစုံပါသည်။ ဤဒေသတွင် အဓိက လုပ်ငန်းမှာ တောင်ယာ စိုက်ပျိုးရေးနှင့် လက်ဖက်စိုက်ပျိုးရေးဖြစ်ပါသည်။ ပင်းဒယ မြို့ပေါ်တွင် ရိုးရာလက်မှုပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများက ရှမ်းစက္ကူထုတ်လုပ်ပုံကို ဧည့်သည်များအား သင်ကြားပေးမှုများ ရှိပါသည်။ ပင်းဒယမြို့မှ ထွက်ရှိသော ရှမ်းစက္ကူဖြင့် ပြုလုပ်ထားသော မီးအုပ်ဆောင်းများ၊ ထီးများသည် အိမ်အပြန်လက်ဆောင်ပေးရန် သင့်တော်သော ပစ္စည်းများဖြစ်ပါသည်။

**ရွာငံ**

ဤစာတမ်းရေးသားချိန်၌ ရွာငံမြို့တွင် နိုင်ငံခြားသားများ တည်းခိုခွင့် လိုင်စင်ရှိသော ဟိုတယ်တစ်ခုလုံးသာ ရှိပါသည်။ သို့ရာတွင် ရွာငံမြို့နယ်သည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ကောင်းမွန်သော အလားအလာရှိ မြို့နယ်ဖြစ်ပါသည်။ မြို့နယ်တွင်း သာယာလှပသော ရှုခင်းများ အံ့သြဖွယ်ရာ ထုံးကျောက်တောင်များကို တွေ့ရသည်။ ထို့အပြင် ရွာငံမြို့နှင့် မနီးမဝေးတွင် ရှိသော ရှေးခေတ်လူတို့နေထိုင်ခဲ့ရာ ပြဒါးလင်းဂူမှာလည်း ရှေးဟောင်း သုတေသန ဝါသနာရှင်များအတွက် စိတ်ဝင်စားဖွယ်ရာ နေရာတစ်ခုပင်ဖြစ်ပါသည်။

## ၅. ၅. ၈ - လွိုင်ကော်မြို့

**လူဦးရေ**
၄၈၄၀၀၄ မြို့ပေါ်လူဦးရေ


**ဧရိယာ**
၉၅ စတုရန်း ကီလိုမီတာ (၃၇ စတုရန်းမိုင်)
လွိုင်ကော်မြို့ နှင့် ပတ်ဝန်းကျင်အပါအဝင်

**လက်ရှိအနေအထား**
- စတင်ဖွံ့ဖြိုးလာပါပြီ

**အဓိကတိုင်းရင်းသားလူမျိုးများ**
ကရင်နီ ၊ ကယား ၊ ပဒေါင် (ကယန်း) ၊ ဘွဲ ၊ ဂေဘား ၊ မနုမနော ၊ ယင်းတလဲ ၊ ဇယိမ်း(လထ)၊ ဂေးခို၊ ယင်းဘော၊ ပကူ (ကရင်)

**ပထဝီအနေအထား**

| **အဓိကဧည့်သည်ဆွဲဆောင်မှု** | **ဧည့်သည်များ၏လှုပ်ရှားမှု** |
|---|---|
| • မင်္ဂလာသီရိတောင်ကွဲ စေတီတော်<br>• စော်ဘွားနန်းတော်<br>• သီရိမင်္ဂလာဈေး<br>• လောပိတရေအား လျှပ်စစ်စက်ရုံ<br>• ယက်ကန်းအလုပ်ရုံများ<br>• ကာသိုလိပ်ဘုရားကျောင်း<br>• လေဆိပ် (လက်ရှိတွင် တစ်ပေါက်လျှင် (၅) ကြိမ် လေယာဉ်ဆင်းသည်။) | • လုံခြုံရေးအခြေအနေနှင့် လမ်းများကို အဆင့်မြှင့်နိုင်ပါက ထိုင်းနိုင်ငံ ချင်းမိုင်နှင့် ဆက်သွယ်မှု ပြုနိုင်ပါသည်။<br>• လက်ရှိတွင် အင်းလေးဘက်မှ လာရောက်သော ဧည့်သည် အနည်းငယ်သာရှိပါသည်။ လွိုင်ကော်လေဆိပ်ကို အသုံးပြု၍ လာရောက်လည်ပတ်နိုင်ပါသည်။ |




ကယားပြည်နယ်သည် မြန်မာနိုင်ငံ၏ အသေးငယ်ဆုံးပြည်နယ်ဖြစ်ပါသည်။ ပြည်နယ်တွင်း မြင့်မားသော တောင်တန်းများ၊ မြစ်၊ ချောင်း၊ အင်းအိုင်များ၊ ရေတံခွန်များနှင့် ပြည့်စုံပါသည်။ နယ်နိမိတ်အားဖြင့် မြောက်ဖက်တွင် ရှမ်းပြည်နယ်၊ တောင်ဘက်တွင် ကရင်ပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့နှင့် ထိစပ်နေသည်။ လွိုင်ကော်မြို့သည် ကယားပြည်နယ်၏ မြောက်ဘက်၊ ရှမ်းပြည်နယ်စပ်တွင် တည်ရှိပြီး အင်းလေးကန် နှင့် စံကားအင်းတို့မှ လာရောက်ကြသော ဧည့်သည်များ ရှိနေသဖြင့် ဤစာတမ်းတွင် ထည့်သွင်းထားခြင်းဖြစ်ပါသည်။ ယခုလက်ရှိအချိန်တွင် လွိုင်ကော်မြို့မှ ၂၅ မိုင် ဝန်းကျင် နှင့် ပန်ပဲ့ ပဒေါင်ရွာသို့သာ နိုင်ငံခြားသားများကို ခွင့်ပြုထားပါသည်။ ပြည်နယ်၏ အခြားနေရာများသို့ သွားခွင့် မရသေးပါ။ လုံခြုံရေးအခြေအနေ ကောင်းလာသည်နှင့်အမျှ ဧည့်သည်ဝင်ရောက်မှုလည်း တိုးတက်လာရန်ရှိပါသည်။ သို့ရာတွင် အခြေခံအဆောက်အအုံပိုင်းတွင်မူ နှစ်ရှည်လများ စစ်ဘေးဒဏ်ခံခဲ့ရသဖြင့် လိုအပ်မှုများရှိနေပါ သည်။

၂၀၁၁ ခုနှစ်တွင် လွိုင်ကော်ဒေသသို့ ကမ္ဘာလှည့်ခရီးသည်များ သွားလာခွင့်ပြုလိုက်သဖြင့် မြို့ပေါ်တွင် နိုင်ငံခြားသားများတည်းခိုခွင့် လိုင်စင်ရ ဟိုတယ်(၅)လုံးရှိလာပြီ ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ် က ဧည့်သည် ၁၂၀၀ ဦးခန့် လာရောက်တည်းခိုခဲ့ကြောင်း သိရှိရပါသည်။

လွိုင်ကော်မြို့ပေါ်သာမက ကယားပြည်နယ်တစ်ခုလုံးအနေဖြင့် လုံခြုံရေးအခြေအနေကောင်းလာခြင်း၊ သွားရေးလာရေး အဆင်ပြေလာခြင်းများ ဖြစ်ပေါ်လာပါက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အလားအလာရှိသော နေရာတစ်ခုဖြစ်ပါသည်။ ပြည်နယ်တွင်း၌ ကရင်နီ ၊ ကယား ၊ ပဒေါင် (ကယန်း) ၊ ဘွဲ ၊ ဂေဘား ၊ မနုမနော ၊ ယင်းတလဲ ၊ ဇယိမ်း(လထ)၊ ဂေးခို၊ ယင်းဘော၊ ပကူ (ကရင်) စသော တိုင်းရင်း မျိုးနွယ်စုများအပြင် ရှမ်း၊ အင်းသား၊ ပအိုဝ့် နှင့် ဗမာလူမျိုးများလည်း နေထိုင်ကြပါသည်။ မြို့ပေါ်တွင် နီပေါ (ဂေါ်ရခါး)၊ ဘင်္ဂလီလူမျိုး၊ အိန္ဒိယလူမျိုးနှင့် တရုတ်လူမျိုးများလည်း နေထိုင်ကြပါသည်။

လွိုင်ကော်မြို့သို့ အင်းလေးမှ ကား၊ ဘတ်(စ်)ကား၊ လှေ တို့ဖြင့် လာရောက်နိုင်ပါသည်။ ညောင်ရွှေ မှနေ၍ လှပသော ရှုခင်းများ၊ လယ်ယာစိုက်ကွင်းများကိုဖြတ်၍ မော်တော်ကားဖြင့် လာပါက (၈)နာရီ ကြာပါမည်။ သို့ရာတွင် လမ်းမကောင်းပါ။ သို့မဟုတ် ဖယ်ခုံမြို့သို့ အင်းလေးကန်ကို ဖြတ်ကာ လှေဖြင့်လာနိုင်ပါသည်။ ဖယ်ခုံမြို့ရောက်မှ ကားဖြင့် လွိုင်ကော်မြို့သို့ ဆက်လက်ထွက်ခွာနိုင်ပါသည်။ လွိုင်ကော်လေဆိပ်မှနေ၍ မြန်မာလေကြောင်းလေယာဉ်များဖြင့် ရန်ကုန် သို့မဟုတ် နေပြည်တော် သို့ သွားနိုင်ပါသည်။ တစ်ပတ်လျှင် လေယာဉ်ခရီးစဉ် (၅) ရက်ရှိပါသည်။

## ၅. ၆ အင်းလေးကန်ဒေသလက်မှုပစ္စည်းထုတ်လုပ်မှု

အင်းလေးကန်သို့ လာရောက်ကြသော ဧည့်သည်များအနေဖြင့် ဒေသတွင်း ထုတ်လုပ်သော လက်မှုပစ္စည်း အလုပ်ရုံများကို လာရောက်ကြည့်ရှုမှသာ အင်းလေးသို့ ရောက်ရကျိုးနပ်ပါမည်။ အင်းလေးကန်အတွင်း လက်မှုပစ္စည်း ထုတ်လုပ်မှုမှာ နှစ်ပေါင်းရာချီ၍ရှိနေပါပြီ။ အထူးသဖြင့် ကြာရိုးမှ ရရှိသော ချည်ဖြင့် အဝတ်အထည် ယက်လုပ်ခြင်း၊ ငွေပန်းထိမ်၊ ပန်းပုလုပ်ငန်း၊ ဆေးပေါ့လိပ်ခုံ၊ ပန်းပဲလုပ်ငန်းများနှင့် အခြားလူမျိုးစုငယ်များ၏ လက်မှုလုပ်ငန်း အလုပ်ရုံများရှိပါသည်။ ပုံမှန် ခရီးစဉ်များတွင် ဤလက်မှုလုပ်ငန်း အလုပ်ရုံများသို့ သွားရောက်လေ့လာခြင်း၊ အစီအစဉ်များ ပါဝင်တတ်ပါသည်။

သို့ရာတွင် အင်းလေးဒေသ လက်မှုပစ္စည်းထုတ်လုပ်မှုသည် အကျဉ်းအကြပ်ထဲ ရောက်နေပါသည်။ လုပ်သားလစာနည်းပါးမှု ၊ ကျွမ်းကျင်မှုရရန် နှစ်ရှည်လများ ကြိုးစားရမှုများကြောင့် လူငယ်များ အနေဖြင့် အခြားလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရန် ပိုမိုစိတ်အားထက်သန်ကြသည်။ အမှတ်တရ ပစ္စည်းထုတ်လုပ်ရောင်းချသော ဆိုင်ရှင်များ ကိုယ်တိုင်ကပင် အချို့ပစ္စည်းများမှာ တရုတ်ပြည် သို့မဟုတ် အခြားဒေသများမှ ထုတ်လုပ်သော ပစ္စည်းများဖြစ်ကြောင်း ဝန်ခံပြောဆိုကြသည်။ ပဒေါင်လူမျိုးအချို့သည် အင်းလေးဒေသသို့ ပြောင်းရွှေ့လျှက်ရှိလာကြကာ ယင်းတို့၏ ရိုးရာပစ္စည်းများကို ထုတ်လုပ်ရောင်းချမှုများရှိလာကြသည်။

သို့ရာတွင် ဧည့်သည်တိုင်းကိုတော့ ရောင်းရသည်မဟုတ်ပါ။ ထိုအခါ ဧည့်လမ်းညွှန်များ၊ လှေသမားများကို ကော်မရှင်ပေးထားခြင်းဖြင့် ဈေးဝယ်ကို မျှော်ကြရသည်။ ထို့ကြောင့် အချို့ပစ္စည်းများ၏ ဈေးမှာ ထက်ဝက်ခန့် ပိုမိုဈေးကြီးနေသည်။ လှေသမားများ၏ ဝင်ငွေများ နည်းပါးသဖြင့် ဤကော်မရှင်ငွေဖြင့် ဖြည့်တင်းကြရသည်။

လက်မှုပညာပစ္စည်းထုတ်လုပ်မှု အလုပ်ရုံများကို အင်းလေးကန်တခွင်လုံးတွင် တွေ့နိုင်ပါသည်။ (၅) ရက်ဈေးနေ့များတွင်လည်း ရောင်းချမှုများရှိကြပါသည်။ ကက္ကူနှင့် ပင်းဒယမြို့တို့တွင်မူ ယင်းအလုပ်ရုံများကို ဧည့်သည်များ အလာများသည့်နေရာများ၊ ဘေးတွင် ဖွင့်လှစ်လာကြသည်။ ပင်းဒယ ဒေသထွက် ထီးများကို ယခုတိုင်သုံးစွဲနေကြပြီး ဧည့်သည်များကလည်း အမှတ်တရ ဝယ်ယူသွားသည်များရှိပါသည်။ ဤသို့ ဒေသထွက် လက်မှုပစ္စည်းများ၊ စားသောက်ကုန်များကို ယခုထက်ပိုမို အဆင့်အတန်းရော အရည်အသွေးပါ ကောင်းမွန်ပြီး ရောင်းပန်လှအောင် ဆောင်ရွက်နိုင်ပါသည်။



The Region's colourful 5 Day Markets are a great tourism asset and outlet for handicraft sales



The Kalaw Market sells a variety of local products, including potential craft products that could be further developed for tourism


## ၅. ၇ အင်းလေးဟိုတယ်ဇုံ

အင်းလေးဒေသခရီးသွားလုပ်ငန်း တိုးတက်လာမှုကြောင့် သက်ဆိုင်ရာများအနေနေဖြင့် ဟိုတယ် ခန်းမလုံလောက်မှုရှိလာမည်ကို စိုးရိမ်မှု ရှိလာပါသည်။ အထူးသဖြင့် အင်းလေးကန်အတွင်းနှင့် ညောင်ရွှေမြို့ပေါ်တွင် ဟိုတယ်များဖွတယ်များဖွင့်လှစ်လာခြင်းကို သတိပြုမိလာကြသည်။ ထို့ကြောင့် အနာဂတ်၁၀နှစ်တွင်ဟိုတယ်ထပ်မံတိုးချဲ့ဆောက်လုပ်ရန်ရှိမည်ကိုကျော်ဆောင်ရန်နှင့် သစ်တော ဖြိုးမှုရှိပြီး ဟိုတယ်ဆောက်ရန်နေရာများသတ်မှတ်ရန်ကျဉ်းမြောင်းမှုကာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက ပေးပို့သော အင်းလေးဒေသတွင် ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် အဖွဲ့အစည်းများက ဟိုတယ် ဆောက်လုပ်လိုခြင်း ကိစ္စကို တင်ပြလာပါသည်။ နိုင်ငံတော် သမ္မတက အောက်ပါအတိုင်း လမ်းညွှန်ချက်များ ချထားပေးခဲ့ပါသည်။

(က) အင်းလေးကန်၏ ရေရှည်တည်တံ့မှုကို ရှေ့ရှု၍ ကန်စပ်ဝန်းကျင်တွင် ဟိုတယ် ဆောက်လုပ်ခွင့်နှင့်အခြား စီးပွားရေးလုပ်ငန်းလုပ်ခွင့်များကို ခွင့်မပြုရန်။

(ခ) အထက်ပါ လုပ်ငန်းများကို ကန်ဇရိယာပြင်ပ၊ ကန်၏ အလှအပကို တွေ့မြင်ခံစားနိုင်ပြီး သွားရေးလာရေး လွယ်ကူသောနေရာများတွင် ခွင့်ပြုနိုင်သည်။ သို့ရာတွင် သဘာဝရေထွက်များ၊ ချောင်းမြောင်းများ၊ မြေအောက်ရေ သိုလှောင်ကန်စသည်များကို မထိခိုက်စေရ။ လုပ်ငန်းရှင်များအားလည်း သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပါမည်ဟု ကတိကဝတ်ပြုစေပြီး သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တစ်နည်းနည်းဖြင့် ပါဝင်စေရန်။

(ဂ) ဟိုတယ်များကို သတ်မှတ်ဇုံများအတွင်း၌သာ ဆောက်လုပ်ခွင့်ပြုရန်။




ဤလမ်းညွှန်ချက်အရပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော်ရေးရာဝန်ကြီးဌာနကအင်းလေးကန်၏ အရှေ့ဘက်တွင် မြေဧက ၆၂၂ ဧကကို ဟိုတယ်ဇုံအဖြစ် ထုတ်ဖော်ပေးခဲ့သည်။ အဆိုပါ ဟိုတယ်ဇုံကို ၂၀၁၂ ခုနှစ်တွင် အောက်ပါစည်းကမ်းချက်များဖြင့် ခွင့်ပြုပေးခဲ့သည်။

(က) ဟိုတယ်ဇုံအဖြစ် သတ်မှတ်ထားသည့်မြေကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာနထံမှ ငှားရမ်းရန်။

(ခ) ကနဦး ငှားရမ်းမှုကာလသည် နှစ်ပေါင်း (၃၀) ဖြစ်ပြီး သက်တမ်းထပ်မံတိုးခွင့်ရှိသည်။

(ဂ) ဤ ၆၂၂ ဧက ကျယ်ဝန်းသော ဟိုတယ်ဇုံကို အမြန်ဆုံး အကောင်အထည်ဖော်ရန်။

(ဃ) အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန်အတွက် အင်းလေးဇုံ ဖော်ထုတ်ရေး ကော်မတီကို ဖွဲ့စည်းရန်။

(င) မြေငှားရမ်းခကို ညှိနှိုင်းပြီး သင့်တော်သော နှုန်းထားဖြစ်စေရန်။

(စ) အင်းလေးကန်ရေဝေရေလဲဒေသ၏ ရေရှည်တည်တံ့ရေးတွင် အသုံးပြုရန်အတွက် ရံပုံငွေ တစ်ရပ်ထူထောင်ရန်။

(ဆ) ဟိုတယ်ဇုံ စီမံးလန်းစိုပြေရေးအတွက် သီးခြားရံပုံငွေတစ်ရပ်ထူထောင်ရန်။

(ဇ) မြန်မာနိုင်ငံ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေနှင့်အညီ ပုဂ္ဂလိက လုပ်ငန်းများက လိုက်နာရေးအတွက် ဆောင်ရွက်ပေးရသော Payment For Enviroumental Services (PES) and Ecosystem Services များအတွက် ငွေပေးချေမှုကို ပြုနိုင်ရန် ရံပုံငွေတစ်ရပ်ထူထောင်ရန်။

(ဈ) သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်အတွက် အမှိုက်သရိုက် အညစ်အကြေးစွန့်ပစ်မှု ထိန်းသိမ်းရေးစနစ်များ ချမှတ်ဆောင်ရွက်ရန်။

## Inlay Lake Hotel Zone Master Plan




| မြေဧက ၆၆၂ ဧက (၂၅၂ ဟတ်တာ) ပေါ်တွင် ဟိုတယ် (၈၇) လုံးတည်ဆောင်ရန် မြေကွက်များဖော်ထုတ်ပြီးဖြစ်ပါသည်။ | | | |
|---|---|---|---|
| အမှတ်စဉ် | ဇုံအမည် | အကွက်ပေါင်း | ဧရိယာ(ဧက) |
| ၁ | (က) ဒေသခံရင်းနှီးမြှုပ်နှံသူများ | ၃၉ | ၁၀၉. ၅၂ |
| ၂ | (ခ) နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ | ၂၂ | ၁၇၁. ၅၆ |
| ၃ | (ဂ) ပြည်တွင်းနိုင်ငံသားရင်းနှီးမြှုပ်နှံသူများ | ၂၆ | ၁၈၄. ၄၂ |
| | **ဟိုတယ်စုစုပေါင်း** | **၈၇** | **၄၆၅. ၅၀** |
| | **ဟိုတယ်မြေနေရာမဟုတ်သောအခြားမြေ** | | **၁၅၆. ၅** |

**ဟိုတယ်ဇုံကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် နေရာချထားပေးခဲ့ပါသည်။**

(က) နိုင်ငံတော်၏ စီးပွားရေးတွင် အထောက်အကူဖြစ်စေရန်အတွက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးကို ဦးတည်ကာ ခေတ်မီဟိုတယ်များ ဖြစ်ပေါ်လာစေရန်။

(ခ) ဤ ဟိုတယ်ဇုံ ဖော်ထုတ်ခြင်းကြောင့် မရှောင်လွှဲနိုင်ပဲ ရင်ဆိုင်ရမည့် သဘာဝ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို အနည်းဆုံးဖြစ်စေရန်။

(ဂ) ဟိုတယ်ဇုံအတွင်းတည်ဆောက်ရမည့် လမ်းတံတား စသည့် အခြေခံအဆောက်အအုံ များ တည်ဆောက်ရာတွင် စရိတ်စက ကုန်ကျမှုနှင့် ရရှိသော အကျိုးကျေးဇူးများ မျှတမှုရှိစေရန်

(ဃ) နိုင်ငံတကာ လာရောက်ကြသော ခရီးသွား ဧည့်သည်များ၏ ဆန္ဒလည်း ပြည့်စုံ၊ ဒေသခံများ၏ အကျိုးစီးပွားကိုလည်း တပြိုင်တည်းဖြစ်ပေါ်စေရန်။

**ဟိုတယ်ဇုံအတွင်း ဟိုတယ်များ တည်ဆောက်ရေးတွင် ထည့်သွင်းစဉ်းစားရန်အချက်များ**

(က) အင်းလေးဟိုတယ်ဇုံတွင် ဟိုတယ်ဆောက်လုပ်ရန် အသစ် လျှောက်ထားမှုများ ရှိပါက ဖော်ထုတ်ထားသော ဟိုတယ်ဇုံအတွင်း၌သာ ဆောက်လုပ်ခွင့်ပြုရန်နှင့် စည်းမျဉ်းစည်းကမ်းများ အတိုင်းဖြစ်စေရန်။

(ခ) ဟိုတယ်ပိုင်ရှင်များအနေဖြင့် အင်းလေးကန်ရေဝေရေလဲဒေသ ရေရှည်တည်တံ့ရေး နှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် တည်ထောင်ထားသော ရံပုံငွေ တွင် ထည့်ဝင်ကြရန်။

(ဂ) ဟိုတယ်ဇုံအတွင်း စိမ်းလန်းစိုပြေရေးအတွက် သီးခြားရံပုံငွေတစ်ရပ်တည်ထောင်ရန်။

(ဃ) သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေနှင့် ညီညွတ်မှုရှိစေရန်အတွက် ဆောင်ရွက်ပေးရသော လုပ်ငန်းများအတွက် Payment for Enviornmental Services (PES) and Ecosystem Services အတွက် ငွေပေးချေရန် ရံပုံငွေ တစ်ရပ်ထူထောင်ရန်။

(င) သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို ရှောင်ရှားရန်အတွက် အမှိုက်သရိုက်နှင့် အညစ် အကြေးစွန့်ပစ်မှု စနစ်တစ်ခု အကောင်အထည်ဖော်ရန်။

**ဟိုတယ်ဇုံစီမံခန့်ခွဲရေးကော်မတီ**

အင်းလေး ဟိုတယ်ဇုံကို စနစ်တကျဖော်ထုတ် အကောင်အထည်ဖော်နိုင်ရန် အတွက် ရှမ်းပြည်နယ် အစိုးရက အောက်ပါလုပ်ငန်း ကော်မတီ (၁၀)ခုကို ဖွဲ့စည်းပေးခဲ့ပါသည်။

(၁) လမ်းတံတား တည်ဆောက်ရေးလုပ်ငန်းကော်မတီ

(၂) ရေရရှိရေးလုပ်ငန်းကော်မတီ
(၃) လျှပ်စစ်မီးရရှိရေးလုပ်ငန်းကော်မတီ
(၄) ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီ
(၅) ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် မှတ်တမ်းများ ပြုစုရေးလုပ်ငန်းကော်မတီ
(၆) ရေလမ်းကြောင်းများ ထိန်းသိမ်းရေးနှင့် ဆိပ်ခံတံတား တည်ဆောက်ရေးလုပ်ငန်းကော်မတီ
(၇) အပန်းဖြေဇုံနှင့် စိမ်းလန်းစိုပြေရေး လုပ်ငန်းကော်မတီ
(၈) ဟိုတယ်ဇုံ ဧရိယာ စိစစ်ရေးနှင့် သီးနှံလျော်ကြေးဆိုင်ရာ ကော်မတီ
(၉) ဘဏ္ဍာရေးနှင့် ငွေစာရင်းကြီးကြပ်ရေးလုပ်ငန်းကော်မတီ
(၁၀) လုံခြုံရေးဆိုင်ရာလုပ်ငန်းကော်မတီ

**ဟိုတယ်ဇုံလျှပ်စစ်ဓာတ်အားရရှိရေး**

လျှပ်စစ်ဓာတ်အားကို ကလောမြို့ရှိ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အား ထုပ်လုပ်ရေးစက်ရုံနှင့် နောင်ကား ရေအားလျှပ်စစ်စက်ရုံတို့မှ ရယူမည်ဖြစ်ပြီး လိုအပ်သော မီးကြိုးသွယ်တန်းမှုပြုလုပ်ရန်။


**ဟိုတယ်ဇုံသို့သွားရန် မော်တော်ကားလမ်း**

ညောင်ရွှေမြို့မှ အင်းလေးကန် အရှေ့ဘက်ရွာများသို့ ဖောက်လုပ်ထားသော မူလရှိပြီးလမ်းကို အသုံးပြုနိုင် ပါသည်။ ဟိုတယ်ဇုံအတွင်း (၄) လမ်းသွား လမ်းမကြီးလည်း ဖောက်လုပ်ထားပြီးဖြစ်ပါသည်။

**လျော်ကြေးပေးရေး**

ဟိုတယ်ဇုံ ၆၂၂ ဧကအတွင်း ကျရောက်ပြီး မြေသိမ်းဆည်းခံရသော မြေပိုင်ရှင် တောင်သူများအား သိမ်းဆည်းခံရသော မြေအကျယ်အဝန်း၊ သီးနှံ အမျိုးအစားလိုက် စိစစ်ကာ (၃) နှစ်စာ တွက်ချက်ပြီး လျော်ကြေးပေးသွားမည် ဖြစ်ပါသည်။

ဟိုတယ်ဇုံကြီးကြပ်ရေးအတွက် စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများရှိပြီးဖြစ်ပါသည်။ ဤစာတမ်းက စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို အားပေးထောက်ခံပါသည်။ ထို့အပြင် ဟိုတယ်ဇုံ ရေရှည်တည်တံ့စေရန်လည်း အားပေးထောက်ခံသွားပါမည်။



Sunset from the Hotel Zone site




Hotel Zone landscaping works from Inlay Lake

## ၅. ၈ အခြေခံ အဆောက်အအုံများ

### ၅. ၈. ၁ သယ်ယူပို့ဆောင်ရေး


သယ်ယူပို့ဆောင်ရေးကဏ္ဍသည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် အဓိကကျလှပါသည်။ သို့ရာတွင် ဤဒေသရှိ သယ်ယူပို့ဆောင်ရေးလုပ်ငန်းသည် ဒေသ၏ အကျယ်အဝန်း၊ လူဦးရေ၊ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုတို့နှင့် နှိုင်းယှဉ်ပါလျှင် မလုံလောက်ပါ။ မြန်မာနိုင်ငံတွင် လမ်းမျိုးစုံ အရှည်ပေ ၁၃၀၀၀၀ ကီလိုရှိသည်ဟု သိရပါသည်။ ယင်းတို့အနက် ၂၀ %သာ ကတ္တရာလမ်းဖြစ်ပါသည်။ အာရှဖွံ့ဖြိုးရေးဘဏ်၏ ကိန်းဂဏန်းများအရ အာဆီယံဒေသ၌ လမ်းကွန်ယက်မှ မြန်မာနိုင်ငံထက် (၅) ဆ ပိုကြောင်း သိရသည်။ ဤသို့ လမ်းကွန်ယက်နည်းပါးမှုက ရှမ်းပြည်နယ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးကို (၂) ချက် သက်ရောက်မှု ဖြစ်စေသည်။ ပထမအချက်မှ ဧည့်သည်များအနေဖြင့် တစ်နေရာ မှ တစ်နေရာသို့ မော်တော်ကားဖြင့် သွားရာတွင် အချိန်ကုန်သည်။ ဒုတိယအချက်မှာ ခရီးစဉ်ဒေသများ၌လည်းကောင်း၊ ပတ်ဝန်းကျင်ကိုလည်းကောင်း သွားရောက်လည်ပတ်လိုသော ဧည့်သည်များအနေဖြင့် လမ်းမကောင်းသဖြင့်သွားရောက်နိုင်မှု မရှိခြင်းကို ဖြစ်ပေါ်စေသည်။




**ဝဲဘက်** - မော်တော်ကားလမ်းကွန်ယက်၊ ကောင်းမွန်သောလမ်းများကိုအမဲဖြင့်ပြထားသည်။အခြားလမ်းများမှာမြေလမ်းသို့မဟုတ်တစ်လမ်းသွားများ ဖြစ်သည်။

**လက်ယာဘက်** ရထားလမ်း၊ ကွန်ယက်၊ ဒေသ၏ အနောက်ဖက်လိုင်းကို အဓိကရထားလမ်းကြောင်း ဖြင့် သွားရောက်နိုင်သည်။

**လေယာဉ်ကွင်းများ** ဟဲဟိုးမြို့နှင့် လွိုင်ကော်မြို့ များတွင် ရှိသည်။ လက်ရှိအချိန်တွင် ဟဲဟိုးမြို့သည် အင်းလေးဒေသသို့ အဓိကဝင်ပေါက် ဖြစ်သည်။ လွိုင်ကော်မြို့ မှာမူ ကန့်သတ်မှုရှိနေသည်။



ဒေသတွင်းလမ်းများ၏ အခြေအနေမှာ အမျိုးမျိုးဖြစ်သည်။ ယင်းတို့ကို အဆင့်မြှင့်ခြင်း၊ ကတ္တရာခင်းခြင်းများပြုလုပ်နေသော်လည်း လမ်းအများစုမှာ မြေလမ်းသာသာဖြစ်နေသည်။ အထူးသဖြင့် ကျေးရွာလမ်းများမှာ မကောင်းပါ။ ကတ္တရာခင်းလမ်းများပင်လျှင် မိုးတွင်း ရေစီးရေလာကောင်းအောင်ပြုလုပ်ထားခြင်း မရှိသဖြင့် မိုးတွင်းတွင် မကြာခဏပျက်စီးသည်။ ဤဒေသ၏ အဓိက မော်တော်ကားလမ်းမကြီးမှ ကလောမှတစ်ဆင့် ရန်ကုန် – နေပြည်တော် – မန္တလေးလမ်းမကြီးဖြစ်ပြီး ရှမ်းပြည်နယ်အရှေ့ပိုင်းမှနေပြီး ထိုင်းနိုင်ငံနယ်စပ်အထိ ပေါက်ပါသည်။ သို့ရာတွင် ဟိုပုံးမြို့ကိုလွန်၍ နိုင်ငံခြားသားများ သွားခွင့်မပြုသေးပါ။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ရွာငံမြို့မှ မန္တလေးမြို့သို့ မော်တော်ကားလမ်းပေါက်ပါသည်။ ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ပင်လောင်းမှ နေပြည်တော်သို့လည်း ကားလမ်းပေါက်ပါသည်။ ဆွေးနွေးပွဲ တက်ရောက်လာသူများ အားလုံးက ဒေသဖွံ့ဖြိုးရေးတွင် မော်တော်ကားလမ်းများ ကောင်းမွန်ရေးသည် အရေးကြီးကြောင်း သဘောတူကြပါသည်။

ဟဲဟိုးလေဆိပ်သည် ဤဒေသ၏ ဝင်ပေါက်ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်က ခရီးသည် ၉၅၀၀၀ ဝင်ရောက်ခဲ့ကြောင်းသိရှိရသည်။ ၂၀၁၄ ခုနှစ် မတ်လအတွင်း တစ်ရက်လျှင် ပျမ်းမျှ လေယာဉ်အစင်းရေ ၁၈ စင်း အဆင်းအတက် ပြုခဲ့ကြောင်း (၃၆ ကြိမ်) သိရသည်။ လေယာဉ်ကွင်းမှာ အလျား မီတာ ၂၅၀၀ နှင့် အနံ ၃၀ မီတာရှိသဖြင့် အလတ်စား ဂျက်လေယာဉ်များ အသုံးပြုနိုင်ပါသည်။ သို့ရာတွင် လေယာဉ်ရပ်နားရန် နေရာကျဉ်းသည့်အပြင် လေယာဉ်ပြေးလမ်းသို့ ချဉ်းကပ်လမ်းလည်း မရှိပါ။ မြန်မာနိုင်ငံတွင် အတွင်ကျယ်ဆုံး အသုံးပြုနေသော လေယာဉ်အမျိုးအစားမှာ ပန်ကာ (၂)လုံးတပ် ATR72 လေယာဉ်ဖြစ်ပါသည်။ လေဆိပ် အဆောင်မှာလည်း သေးငယ်သဖြင့် အမြဲတမ်း ခရီးသည်နှင့် မမျှဖြစ်နေပါသည်။ လေဆိပ်တွင် လူဝင်မှု ကြီးကြပ်ရေးက ခရီးသည်များအား နိုင်ငံကူးလက်မှတ်၊ မှတ်ပုံတင် စစ်ဆေးမှုများ ပြုလုပ်ရာ ယင်းကိုလည်း အဆင့်မြှင့်တင်ရန်လိုပါမည်။ ဟဲဟိုးကွင်းကို ယခု မြန်မာနိုင်ငံတွင် ပျံသန်းနေသော လေကြောင်းလိုင်း (၈)ခု စလုံး အသုံးပြုပါသည်။ အများအားဖြင့် ကျွန်းပတ် ခရီးစဉ်များ ပြေးဆွဲကြပါသည်။ သီဝရီအရ ဤသို့ပျံသန်းပေးခြင်းကြောင့် ခရီးသည်များ အတွက် ရွေးချယ်မှု ပိုမိုရှိလာရပါမည်။ သို့ရာတွင် လက်တွေ့၌ လေကြောင်းခရီးစဉ်များ ထပ်နေသည်ကို တွေ့ရသည်။ တစ်ခါတစ်ရံ လေယာဉ် (၅) စီးလုံး တစ်ချိန်တည်း တပြိုင်တည်း တစ်နာရီအတွင်း တစ်နေရာတည်းသို့ ပျံသန်းသည်။ လေယာဉ်စီး ခရီးသည်များမှာ အများအားဖြင့် နံနက်ပိုင်းတွင် ရန်ကုန်၊ ပုဂံ နှင့် မန္တလေးမြို့တို့မှ စီးနင်းလာသူများဖြစ်ကာ ညနေပိုင်း ခရီးသည်များမှာ ပုဂံ ၊ သံတွဲ နှင့် ရန်ကုန်မြို့များသို့ သွားသူများ ဖြစ်တတ်သည်။ ဟဲဟိုးကွင်းတွင် လေယာဉ်များအတွက် လေယာဉ်ဆီဖြည့်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း ပြုလုပ်ပေးနိုင်ခြင်းမရှိပါ။ **လွိုင်ကော်ကွင်း**တွင်မူ တစ်ပတ်လျှင် လေယာဉ်ခရီးစဉ် (၅) ခေါက်သာရှိသည်။

**ရထားလမ်းကွန်ယက်** တွင်လမ်းကြောင်း (၂) ခု ရှိသည်။ ရွှေညောင်၊ သာစည်မှနေ၍ ရန်ကုန်-မန္တလေးရထားလမ်း နှင့် ဆက်သွယ်ထားသောလမ်းနှင့် ရွှေညောင်မှ ရပ်စောက်သို့ ဆက်သွယ်သော လမ်းဖြစ်သည်။ ဤသာစည်-ရွှေညောင်လမ်းမှာ ကိုလိုနီခေတ်ဦး ၁၉၀၀ ပြည့်နှစ်များက နီပေါ (ဂေါ်ရခါး) အလုပ်သမားများ၏ လုပ်အားဖြင့် ဖောက်ခဲ့သော သမိုင်းဝင်ရထားလမ်းဖြစ်သည်။ (ယခုအထိ ယင်းနီပေါအလုပ်သမားများ၏ မျိုးဆက်များရှိသေးသည်။) ဤလမ်းတွင်ရထားလွန်းထိုးများ၊ ခရုပတ်လမ်းများစသည်ဖြင့် စိတ်ဝင်စားဖွယ်ရာများရှိသည်။ နောက်တဖန် အောင်ပန်းမှနေ၍ လွိုင်ကော်သို့ ရထားလမ်းရှိသည်။ အင်းလေးကန် အနောက်ဘက်မှ ဖောက်ထားခြင်းဖြစ်သည်။ နောက်တစ်လမ်းမှာ တောင်ကြီးမြို့မှ ဆီဆိုင်မြို့သို့ သွားသောလမ်းဖြစ်သည်။ ဤရထားလမ်းဖြင့် ကက္ကူဘုရားသို့သွားနိုင်သည်။ ရွှေညောင်-သာစည် လမ်းတွင် တစ်နေ့လျှင် ရထား (၃) စီး ပြေးဆွဲပြီး ကျန်လမ်းများတွင်မူ တစ်နေ့လျှင် အသွားအပြန် တစ်ခေါက်သာ ပြေးဆွဲသည်။ မီးရထားလမ်းများမှာ ပြုပြင်ထိန်းသိမ်းမှုမရှိသဖြင့် ရထားစီးရသည်မှာ ခုန်နေသည်။ သို့ရာတွင် ဤရထားလမ်းများကို အဆင့်မြှင့်တင် နိုင်ပါက ရေရှည်တွင် ဒေသတွင်း ဆက်သွယ်ရေးကောင်းမွန်လာပါမည်။ ထို့အပြင် ခရီးသွားဧည့်သည်များအတွက် ရှေးဟောင်းရထားစီးနင်းခြင်း၊ ခရီးစဉ်တစ်ရပ်ပင်ဖြစ်လာနိုင်ပါသည်။

**ရေကြောင်းပို့ဆောင်ရေး** အင်းလေးကန်နှင့် စံကားအင်းတွင် သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုနိုင်သော လှေအမျိုးမျိုး ၃၀၀၀၀ ခန့်ရှိသည်။ ယင်းတို့အနက် ၆၀၀၀ ကို ကမ္ဘာလှည့်ခရီးသွားများ သယ်ယူပို့ဆောင်ရေးတွင် အသုံးပြုနေကြသည်။ လှေများအားလုံးမှာ အမိုးဖွင့် လှေများဖြစ်ကာပြန်လည်ပြုပြင်မွမ်းမံထားသော ဒီဇယ်အင်ဂျင်များ အသုံးပြုကြသည်။ ဧည့်သည်များအတွက် လှေများတွင် လူ (၆) ယောက်သာ တင်ခွင့်ပြုသည်။

### ၅.၈.၂ ရေ

တကမ္ဘာလုံးတွင် ဧည့်သည်များ၏ ရေချိုအသုံးပြုမှုသည် ဒေသခံများထက်များစွာ ပိုကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ဤဒေသတွင်လည်း ခရီးသွား လုပ်ငန်းဖွံ့ဖြိုးလာသည်နှင့်အမျှ သုံးရေ၊ ချိုးရေ အတွက် ရေ ပိုမိုလိုအပ်လာမည်ဖြစ်သည်။ ထို့အပြင် ရေဆိုးများကို စွန့်ပစ်ရန်စနစ်များလည်း လိုအပ်လာပါမည်။

လက်ရှိတွင် ဟိုတယ်များတွင် အဝီစိရေကို အသုံးပြုလျှက်ရှိကြသည်။ သို့ရာတွင် ဤသို့ မြေအောက်ရေကို ထုတ်ယူသုံးစွဲမှုများလာပါက မြေအောက်ရေ ထိန်းသိမ်းမှုကို သက်ရောက်မှုရှိလာပါလိမ့်မည်။ ထိုအခါတွင် ဒေသ၏ သဘာဝပတ်ဝန်းကျင်ကိုပါ ထိခိုက်မှုရှိလာပါလိမ့်မည်။ တောင်ပေါ် ဒေသများတွင် ယခုပင်လျှင် နွေရာသီတွင် ရေရှားပါးမှု ဒဏ်ကိုခံစားနေကြရပြီဖြစ်သည်။ ခရီးသွား လုပ်ငန်း တိုးတက်လာသည်နှင့်အမျှ ရေရရှိမှုပြဿနာကို မည်သို့ဖြေရှင်းမည်ကို စဉ်းစားကြရပါလိမ့်မည်။

ရေဆိုးနှင့်စွန့်ပြစ်ရေများ ကိုဟိုတယ်များက မိလ္လာကန် စနစ်ဖြင့် စွန့်ပစ်ကြသည်။ အချို့ဟိုတယ်ကြီးများက အဆင့်မြင့်နည်းပညာသုံးသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် အနာဂတ်တွင် ရေဆိုးနှင့်စွန့်ပစ်ရေများကို စနစ်တကျစွန့်ပစ်ရေးကို ထည့်သွင်းစဉ်းစားကြရပါလိမ့်မည်။

## ၅. ၈. ၃ လျှပ်စစ်စွမ်းအင်

ရှမ်းပြည်နယ်တောင်ပိုင်းတွင် လျှပ်စစ်စွမ်းအင် လိုအပ်ချက်က ဖြည့်ဆည်းပေးနိုင်မှုကို ကျော်လွန်လျက်ရှိသည်။ မီးမကြာခဏ ပျက်သည်။ ဗို့အား မပြည့်မှုများလည်းဖြစ်ပေါ်သည်။ မြန်မာနိုင်ငံတွင် သဘာဝအရင်းအမြစ်များ ပေါများသော်လည်း တိုင်းပြည်၏ လူဦးရေ ၃၀% ခန့်သာ လျှပ်စစ်ဓာတ်အားကို အသုံးပြုနိုင်သည်။ သို့ရာတွင် တနိုင်ငံလုံးနှင့် စာလျှင် အင်းလေးဒေသတွင် အခြေအနေမဆိုးဟုဆိုနိုင်သည်။ လောပိတ ရေအားလျှပ်စစ်စက်ရုံ၊ ကလောကျောက်မီးသွေးသုံး လျှပ်စစ်စက်ရုံများမှ လျှပ်စစ်ဓာတ်အားရရှိသည်။ ကလောစက်ရုံမှာ ဆာလ်ဖာပါဝင်မှုများသော ကျောက်မီးသွေးအပျော့စား (Lignite) ကို သုံးသဖြင့် မီးခိုးထွက်ရှိမှုများသည်။ ဤမီးခိုးများက ဒေသတွင်း မီးခိုးမှိုင်းများကို ဖြစ်စေသည်။

အခြားခရီးစဉ်ဒေသဖြစ်သော ပင်းဒယမြို့တွင်မူ မကြာခဏမီးပျက်သည်။ ဟိုတယ်အများစုတွင် ကိုယ်ပိုင်ဂျင်နရေတာများ ထားကြရသည်။ ဟိုတယ်များအပါအဝင် အခြားခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသော လုပ်ငန်းအရေအတွက်များပြားလာသည်နှင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာလည်း တိုးတက်လာမည်ဖြစ်ရာ လက်ရှိဓာတ်အားပို့လွှတ်မှုအပေါ် ဝန်ပိလာစရာသာရှိပါသည်။

လက်ရှိအနေအထားအရ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကိုဖြည့်ဆည်းရန်သာမက ဓာတ်အားပို့လွှတ်မှုစနစ်များကိုပါ အဆင့်မြှင့်ရန် လိုအပ်ပါသည်။ တစ်ဖက်တွင်လည်း ယခုထက်ပိုမို၍ စည်းစနစ်ကျနသော လျှပ်စစ်သုံးစွဲမှု စနစ်များကို အသုံးပြုနိုင်အောင် ပြင်ဆင်ထားရပါမည်။ ယခုထပ်မံ၍ လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးမှုများ ဆောင်ရွက်နေသော်လည်း တိုးတက်လာမည့် ခရီးသွားလုပ်ငန်း၏ လိုအပ်ချက်နှင့်စာလျှင် လုံလောက်ဦးမည်မဟုတ်ပါ။

## ၅. ၈. ၄ ဆက်သွယ်ရေး

ယနေ့ကာလတွင် ကမ္ဘာလှည့် ခရီးသွားများသည် ခေတ်ပေါ်စမတ်ဖုန်း စသည်တို့ကို အသုံးပြုကာ မိမိသွားရောက်လည်ပတ်မည့် ဒေသ၏ အကြောင်းအရာများကို ဦးစွာရှာဖွေလေ့လာကြပါသည်။ သို့ရာတွင် မြန်မာနိုင်ငံတွင် အနည်းငယ်အခက်အခဲရှိပါသည်။ မြို့ကြီးအချို့တွင်သာ အင်တာနက်ဆက်သွယ်၍ရပါသည်။ သို့ရာတွင် ဤအခြေအနေက ပြောင်းလဲလာပါပြီဟုတော့ ပြောနိုင်ပါသည်။ လက်ရှိတွင် နိုင်ငံ၏ လူဦးရေ ၁၀% သာ မိုဘိုင်း(လ်) ဖုန်းများ အသုံးပြုလျက်ရှိကာ ၀. ၀၃% သာ broadband internet ကို အသုံးပြုနိုင်ပါသည်။ သို့ရာတွင် ဆက်သွယ်ရေးဈေးကွက်ကို ထိန်းချုပ်မှုများအား ပြေလျော့လိုက်ပြီ ဖြစ်ရာ မကြာမီအခြေအနေများ ပြောင်းလဲသွားနိုင်ပါသည်။ နိုဝင်ဘာလတွင် SIM card တစ်ခုကို အမေရိကန်ဒေါ်လာ (၂၅၀) ခန့်ရှိနေပါသည်။ နောက်တစ်ခုမှာ ယင်း SIM card များကို နိုင်ငံတကာ ကမ္ဘာလှည့်ခရီးသည်များ ဝယ်ယူ၍မရပါ။ သို့ရာတွင် ယခုအခါ

ရန်ကုန်လေဆိပ်တွင် ဝယ်ယူရရှိနိုင်ပြီဟု သိရပါသည်။ မိုဘိုင်း(လ်) ဖုန်းများအနေဖြင့် ဝန်ဆောင်မှု ညံ့ဖျင်းပြီး ကွန်ယက်နယ်ပယ်ကျဉ်းနေပါသေးသည်။

ရှမ်းပြည်နယ်တွင်လည်း ဤသို့ပင် အင်တာနက်လိုင်း မကောင်းခြင်း၊ မိုဘိုင်း(လ်) ကွန်ယက် ညံ့ဖျင်းခြင်းများ ကြုံတွေ့နေရပါသည်။ ဧည့်သည်အရောက်အပေါက်များသော ဒေသများရှိ စားသောက်ဆိုင်များ၊ ဟိုတယ်များ၊ ဧည့်ရိပ်သာများက wifi သုံးစွဲခွင့် ပြုထားသော်လည်း အမြန်နှုန်းမှာ နှေးလွန်းလှသည်။ ဤဒေသမှာ လူဦးရေ ထူထပ်သဖြင့် ဆက်သွယ်ရေးကောင်း လာပါက အလျှင်အမြန်အကျိုးခံစားရမည့် ဒေသတစ်ခုပင် ဖြစ်ပါတော့သည်။

အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍသည် ခုန်ပျံကျော်လွှားပြီး တိုးတက်ဖွံ့ဖြိုးလာမည်ဟု ယူဆရပါသည်။ ဥပမာ မိုဘိုင်း(လ်) ဘဏ်ငွေသွင်း၊ ငွေထုတ်စနစ်သည် ဤဒေသအဖို့ အထူးအဆန်းဖြစ်နေပါသည်။ ခရီးသွား marketing ခေါ် အင်တာနက်ကို အသုံးပြု သော ဈေးကွက်မြှင့်တင်ခြင်းစသည်တို့လည်း ပေါ်ပေါက်လာပါလိမ့်မည်။ ထို့ကြောင့် ယင်းသို့ ခေတ်မီဖွံ့ဖြိုးမှုများကို ရင်ဆိုင်ရန် ယခုကပင် ကြိုတင်ပြင်ဆင်ရပါမည်။ ဤဒေသမှာ ဆက်သွယ်ရေး ကဏ္ဍအနေဖြင့် နောက်ကျကျန်နေပါသည်။

### ၅. ၈. ၅ အမှိုက်သရိုက်စွန့်ပြစ်မှု

လက်ရှိတွင် အမှိုက်သရိုက်များကို အခြားနည်းဖြင့် အသုံးပြုရန် ပြန်လည်သန့်စင်ခြင်းလုပ်ငန်း များ မရှိသလောက်ပင်ဖြစ်ပါသည်။ ထွက်ရှိလာသော အမှိုက်သရိုက်များကို မြေဖို့ပစ်ခြင်း နှင့် မီးရှို့ပစ်ခြင်းများသာ ရှိပါသည်။ ထို့ကြောင့် အမှိုက်သရိုက်သိမ်းဆည်းခြင်းနှင့် စွန့်ပစ်ခြင်းကို စနစ်တကျဖြစ်အောင် ပြုလုပ်ရန် လိုအပ်ပါသည်။

### ၅. ၈. ၆ ကျန်းမာရေး ၊ ကျန်းမာရေး စောင့်ရှောက်မှု ၊ အန္တရာယ်ကင်းရေး ၊ ငြိမ်းချမ်းရေး နှင့် လုံခြုံရေး

အင်းလေးနှင့်ပတ်ဝန်းကျင်တွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့်ဆေးရုံ၊ ဆေးခန်းစသည်တို့မှာ အလွန်ညံ့ဖျင်းပါသည်။ တောင်ကြီးမြို့ပေါ်တွင်သာ အားထားစိတ်ချရသော ဆေးရုံတစ်ရုံရှိပါသည်။ ခရီးစဉ်ဒေသများတွင် ကျေးလက်ကျန်းမာရေး၊ ဆေးပေးခန်းများကို ဧည့်သည်များအတွက်သာမက ဒေသခံများ အကျိုးအတွက်ပါ အဆင့်မြှင့်တင်ပေးရန်လိုပါသည်။

ဒေသအားလုံးတွင် အရေးပေါ်သုံးရန်လူနာတင်ယာဉ်များ၊ အန္တရာယ်ရှိဒေသမှလူများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးရေး အစီအစဉ်စသည်များမရှိပါ။ အရေးပေါ်ကိစ္စများ ဖြစ်ပေါ်ခဲ့ပါက ပထမဦးစွာ ရှေးဦးသူနာပြုနည်းဖြင့် လူနာ၏အခြေအနေကို ထိန်းထားပေးရန်အရေးကြီးပါသည်။ ပြီးမှသာလျှင် တောင်ကြီးဆေးရုံစသည်သို့ပို့ဆောင်ရန်ဖြစ်ပါသည်။ လိုအပ်လျှင် ဟဲဟိုးလေဆိပ်မှ နေ၍ ဆက်လက်ပြီး လိုအပ်သည့်နေရာသို့ သယ်ယူနိုင်ရန် လိုအပ်ပါသည်။ သို့ရာတွင် ဤကဲ့သို့ အဆင့်ဆင့် လုပ်ဆောင်ရမည့် လုပ်ငန်းများကို ချမှတ်ပြဌာန်းထားခြင်းမရှိပါ။ အမှန်တွင် အရေးပေါ်

ကိစ္စဖြစ်ပွားသည့်နေရာသို့ ပထမဦးစွာ ရောက်ရှိလာသည့် ကျန်းမာရေးဝန်ထမ်းများမှာ အခရာကျပါသည်။

မကြာမီက ဖွဲ့စည်းပေးလိုက်သော ကမ္ဘာလှည့်ခရီးသွားများ လုံခြုံရေး ရဲတပ်ဖွဲ့က ဧည့်သည်များ၏ လုံခြုံရေးကို တာဝန်ယူရပါသည်။ ယခုအချိန်တွင် ယင်းရဲတပ်ဖွဲ့ဝင်များကို လေ့ကျင့်မှုများ ပြုလုပ်ပေးနေပြီးလိုအပ်သည့် ထောက်ပံ့မှုများ ပြုလုပ်ပေးနေပါသည်။ ကမ္ဘာလှည့်ခရီးသွားများ လုံခြုံရေးတာဝန်ယူနေရသော ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ကျယ်ဝန်းသော တာဝန်ယူရသည့်ဒေသ ရရှိသောအထောက်အပံ့နည်းပါးမှုများကြောင့် အခက်အခဲများရှိနေပါသည်။

အန္တရာယ်ကင်းရှင်းရေးနှင့် စပ်လျဉ်း၍ အင်းထဲတွင် သွားလာနေကြသော လှေများအားလုံးတွင် အသက်ကယ် အင်္ကျီများပါရှိရမည်ဟု အမိန့်ထုတ်ထားပါသည်။ သို့ရာတွင် လှေသမားများကို အရေးပေါ်ကိစ္စများတွင် ဆောင်ရွက်ရမည့်နည်းလမ်းများကို သင်ကြားထားခြင်းမရှိသည့်အပြင် ပုံမှန်လေ့ကျင့်မှု၊ ဇာတ်တိုက်မှုများလည်းမရှိပါ။

ဧည့်သည်များအတွက် အန္တရာယ်အကြီးဆုံးမှာ **မော်တော်ယာဉ်မတော်တဆဖြစ်မှု** ဖြစ်ပါသည်။ မော်တော်ယာဉ်အသုံးချမှု များပြားလာသည်နှင့်အမျှ ဧည့်သည်များရော၊ ဒေသခံပြည်သူများအတွက်ပါ လမ်းအန္တရာယ်မှာ ကြီးထွားလာပါသည်။ လမ်းများ၏ အခြေအနေမှာ မကောင်းကြပါ။ လမ်းများမှာ ကျဉ်းမြောင်းသည့်အပြင် လမ်းအန္တရာယ် ကာကွယ်ရေးတွင်လည်း လိုအပ်မှုများ ရှိနေပါသေးသည်။ ယာဉ်မောင်းများ၏ ကျွမ်းကျင်မှုမှာလည်း အားရဖွယ်ရာမရှိပါ။

**အစားအသောက်များသန့်ရှင်းအန္တရာယ်ကင်းရေး** နှင့်ပတ်သက်၍ အထူးတလည်ဆွေးနွေးမှုများမရှိပါ။ သို့ရာတွင် ဧည့်သည်စီးပွားရေးလုပ်ငန်းတွင် အစားအသောက်များကို သန့်ရှင်းစွာ ကိုင်တွယ် သိုလှောင်မှုသည် အရေးကြီးပါသည်။

ဤဒေသ၏ နေရာအတော်များများတွင် **ငြိမ်းချမ်းရေးနှင့်လုံခြုံရေး**သည် အထူးသတိထားရမည့် အချက်ဖြစ်ပါသည်။ အချို့ ခရီးသွားလုပ်ငန်းအတွက် အကျိုးရှိရမည့်နေရာများကို သွားလာခွင့်ပိတ်ပင်ထားပါသည်။ အထူးသဖြင့် ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိဆီဆိုင်မြို့နယ်နှင့် ကယားပြည်နယ်လွိုင်ကော်မြို့ဝန်းကျင် အချို့ဒေသများသို့ သွားလာခွင့်မပြုပါ။ ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဆီဆိုင်နှင့် ဟိုပုံးမြို့နယ်များသို့ သွားရောက်လိုလျှင် ကြိုတင်ခွင့်ပြုမိန့်ယူရပါသည်။ ပင်လောင်းနှင့် ဖယ်ခုံမြို့နယ်များသို့ သွားရောက်ကြသော ဧည့်သည်အဖွဲ့များသည် သက်ဆိုင်ရာတွင် သတင်းပို့ပြီး ဧည့်လမ်းညွှန်တစ်ယောက်ပါရှိရပါသည်။ ဤကိစ္စများသည်ရှုတ်ထွေးပါသည်။ သေသေချာချာဆောင်ရွက်ရပါမည်။

ငြိမ်းချမ်းရေးနှင့် လုံခြုံရေးသည် ခရီးသွားလုပ်ငန်းအတွက် အဓိကကျသည့်အပြင် ဒေသခံများအတွက်လည်း အရေးကြီးပါသည်။

ထို့ကြောင့် **အန္တရာယ်ဖြစ်နိုင်ခြေနှင့်အန္တရာယ်ဖြစ်လာပါက** တန်ပြန်ဆောင်ရွက်နိုင်ရန် ကြိုတင်၍ စီမံချက်များ ပြုစုထားရန်လိုအပ်ပါသည်။

## ၅. ၉ ဟိုတယ်၊ ဧည့်ရိပ်သာများ

ဒေသတွင်း ဧည့်သည်များအားနေထိုင်ရေးကို ဝန်ဆောင်မှုပေးနေသော ဟိုတယ်၊ မိုတယ်၊ ဧည့်ရိပ်သာစသည်များ၏ အနေအထားကို ကြည့်၍ ဤဒေသသို့ လာရောက်လည်ပတ်ကြသော ဧည့်သည်များ၏ ဝယ်လိုအားကို ခန့်မှန်းနိုင်ပါသည်။ ဟိုတယ်အဆင့်အတန်း၊ ကျယ်ဝန်းမှုမှအစ စျေးနှုန်း၊ ဝန်ဆောင်မှုအဆင့်များလည်း ကွာသွားပါသည်။ တစ်ညလျှင် မြန်မာငွေ ၃၀၀၀ ကျပ်တန်အခန်းမှ တစ်ညလျှင် အမေရိကန်ဒေါ်လာ ၅၀၀ မှ အထက်အခန်းများရှိပါသည်။

**ပေးရသောငွေနှင့်ညီမျှသောဝန်ဆောင်မှုရရဲ့လား ?**

မြန်မာပြည်သို့ လာရောက်ခဲ့ကြဖူးသည့်ဧည့်သည်များအဆိုအရ မြန်မာနိုင်ငံ၌ ဟိုတယ်အခန်းခ စျေးနှုန်းနှင့် ဝန်ဆောင်မှုအချိုးသည် မတန်ဟုဆိုကြသည်။ အထူးသဖြင့် ထိုင်းနိုင်ငံရှိ ဟိုတယ်စျေးနှုန်း များနှင့် တန်းညှိကြသည်။ ဤသို့ဖြစ်ရသည့်မှာ ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် နှစ်ကာလ ကြာမြင့်ခဲ့ပြီ ဆိုသည်ကို သတိပြုရပါမည်။ ဤအနေအထားကို မြန်မာနိုင်ငံခရီးသွားအများစုသည် အရှေ့တောင်အာရှ နိုင်ငံများသို့ လာရောက်ရာတွင် ထိုင်းနိုင်ငံကို ပမာထား၍ နှိုင်းယှဉ်လေ့ ရှိကြသည်။

ဧည့်သည်များ အများဆုံးပြောကြသည်မှာ မြန်မာနိုင်ငံတွင်အခန်းခ နှင့် ဝန်ဆောင်မှုမမျှတ၊ တန်ရာတန်ကြေးမရဟု ဆိုကြသည်။ သို့ရာတွင်လက်တွေ့တွင် အောက်ဖော်ပြပါ ဇယားများအရ မမှန်ကြောင်း တွေ့ရှိရသည်။ ယခုစာတမ်း ပြုစုသူများက ဧည့်သည်များအား " ဟိုတယ် နှင့် ဧည့်ရိပ်သာ များသည် ပေးရသော အခန်းခနှင့် တန်ရာတန်ကြေး ဝန်ဆောင်မှုပေးသည်။" ဆိုသော အဆိုကို ဖြေဆို ခိုင်းခဲ့ပါသည်။

| | အနောက်နိုင်ငံ(၇၇၁) | အာရှတိုက်သားများ(၃၂၃) | မြန်မာ (၃၂၃) |
|---|---|---|---|
| လုံးဝသဘောတူ | ၂၅% | ၃၃% | ၂၀% |
| သဘောတူ | ၃၆% | ၄၃% | ၂၉% |
| သဘောတူသည်လည်းမဟုတ် မတူသည်လည်းမဟုတ် | ၂၃% | ၁၂% | ၃၂% |
| သဘောမတူ | ၁၀% | ၇% | ၉% |
| လုံးဝသဘောမတူ | ၆% | ၅% | ၁၀% |

အထက်ပါ ဇယားအရ အနောက်နိုင်ငံသား ၁၆ % ၊ အာရှတိုက်သား ၁၂ % နှင့် မြန်မာနိုင်ငံသား ၁၉% က အထက်ပါမေးခွန်းကို သဘောမတူကြသည်ကို တွေ့ရသည်။ တစ်ဖက်တွင်လည်း အနောက်နိုင်ငံသား ၆၁ % ၊ အာရှ တိုက်သား ၇၆ % နှင့် မြန်မာနိုင်ငံသား ၄၉ % က သဘောတူကြသည်။ အမှန်တွင် တန်ရာတန်ကြေး ရမရဆိုသည့် အချက်မှာ တိုင်းတာရန် ခက်ခဲပါသည်။ လူတစ်ဦးစီ၏ အမြင်ပေါ်တွင် တည်မှီနေသော အမြင်သာဖြစ်ပါသည်။ ထို့ကြောင့်စာတမ်းရှင်များပြုလုပ်ခဲ့သော စစ်တမ်းအရ ဧည့်သည်များက ပေးရသော ငွေကြေးနှင့် တန်သော ဝန်ဆောင်မှုကို ရရှိသည်ဟု ဆိုလိုကြောင်း တွေ့ရှိရပါသည်။ တစ်ဖက်တွင်လည်း " မြန်မာနိုင်ငံသည် ထိုင်းနိုင်ငံထက်စာလျှင် ပေးရသောငွေကြေးနှင့်တန်သော ဝန်ဆောင်မှုပိုမိုရရှိသည်" ဟူသော အဆိုဖြစ်ပါသည်။

၂၀၁၂ ခုနှစ် စာရင်းများအရ ဒေသတွင်း ဟိုတယ်ပေါင်း ၈၈ လုံးရှိပါသည်။ စာရင်းအတိအကျရရန် ခက်ခဲပါသည်။ ဤသို့ဖြစ်ရသည်မှာလည်း ဟိုတယ်တည်ဆောက်ပြီးမှ လိုင်စင်လျှောက်ထားကြ၍ ဖြစ်ပါသည်။ ဤစာတမ်းရှင်များ၏ ကွင်းဆင်းလေ့လာချက်များအရ ဟိုတယ် ၃ ပုံ ၁ ပုံသည် ၂၀၁၀ ခုနှစ်ကပင် တည်ဆောက်ခဲ့ကြသော ဟိုတယ်များဖြစ်ကာ ကျန် ၃ ပုံ ၂ ပုံသည် ပြုပြင်ထိန်းသိမ်းရေး များ ပြုလုပ်နေသည်ကို တွေ့ရပါသည်။


ဟိုတယ်အများစုမှာ ခရီးသွားလုပ်ငန်း၏ ဗဟိုချက်မ ညောင်ရွှေမြို့တွင် လည်းကောင်း၊ အဆင့်မြင့်ဟိုတယ်များမှာ အင်းလေကန်တွင်း၌လည်းကောင်းရှိကြပါသည်။ ထို့အပြင် ကလောမြို့၊ ပင်းဒယမြို့နှင့် တောင်ကြီးမြို့များတွင်လည်း ရှိကြပါသည်။ ယခုအသစ်ဖော်ထုတ်လိုက်သော အင်းလေးဟိုတယ်ဇုန်၌ ဟိုတယ် ၈၇ လုံးအတွက် မြေကွက် ဖော်ထုတ်ထားရာ လက်ရှိတွင် ဟိုတယ် (၂) လုံးတည်နေပြီ ဖြစ်သည်။ အပိုဒ် (၇) တွင် အသေးစိတ်ဖော်ပြထားပါသည်။

| Township | Accommodation with Domestic-only License | | Accommodation with International Licence | | | | | | Restaurants |
|---|---|---|---|---|---|---|---|---|---|
| | | | Accommodation Type | | | Rooms | | | |
| | Lodging houses | Rooms available | Hotels | Guest house | Licensed total | Hotels | Guest house | Licensed total | |
| Taunggyi | 38 | 704 | 14 | 3 | 17 | 478 | 53 | 531 | 49 |
| Pindaya | 1 | 7 | 5 | | 5 | 176 | | 176 | 5 |
| Nyaung Shwe | 6 | 78 | 28 | 14 | 42 | 1024 | 197 | 1221 | 52 |
| Ayethaya | 6 | 52 | | | | | | | |
| Kalaw | 3 | 30 | 19 | 9 | 28 | 449 | 123 | 572 | 15 |
| Aung Ban | 7 | 103 | | | | | | | |
| Heho | 2 | 14 | | | | | | | |
| Pinlong | | | | 1 | 1 | | 25 | 25 | |
| TOTAL | 63 | 988 | 66 | 27 | 93 | 2127 | 398 | 2525 | 121 |

**၂၀၁၀ ခုနှစ်က ဟိုတယ်နှင့် စားသောက်ဆိုင်များ အရေအတွက်ပြဇယား**

### ၅. ၉. ၁ ဟိုတယ်များ၏ လုပ်ငန်းဆောင်ရွက်မှုအနေအထား

ဟိုတယ်များအနေဖြင့် ခက်ခဲစွာ လုပ်ငန်းများ ဆောင်ရွက်နေကြရပါသည်။ အဓိက စိန်ခေါ်မှုမှာ အခြေခံ အဆောက်အအုံမပြည့်စုံမှု၊ လျှပ်စစ်ဓာတ်အားမလုံလောက်မှု၊ ရေပြတ်လတ်မှု စသည်တို့ဖြစ်သည်။ သတင်းနှင့် နည်းပညာ အချက်အလက် (ICT) ပိုင်းတွင်လည်း အားနည်း ပါသည်။ ထို့ကြောင့် ဧည့်သည်များ၏ မကျေနပ်မှုများ မကြာခဏ ဖြစ်ပါသည်။ လုပ်ငန်းလည်ပတ် စရိတ်လည်း မြင့်မားပါသည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာသည်နှင့်အမျှ ဟိုတယ်အရေအတွက်လည်း များလာပါက နဂိုကပင် အင်အားချိနဲ့နေသော အခြေခံအဆောက်အအုံများ အပေါ်ပိုမို ဝန်ပိလာဖွယ်ရာ သာရှိပါသည်။




ဟိုတယ်များဘက်မှလည်းထိရှလွယ်သော ဇီဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများဖြစ်ပေါ်နေပါသည်။ ဟိုတယ်အသစ်တည်ဆောက် ရာတွင်လည်းကောင်း ၊ ပြုပြင်ထိန်းသိမ်းရာ တွင်လည်း ဒေသထွက်သစ်ဝါးများကိုအဓိကသုံးပါသည်။ထို့ကြောင့်နဂိုကပင်သစ်ပင်ပြုန်းတီး နေရသည်ကို ပိုမို ဖြစ်ပွားစေပါသည်။ ရေရှားပါးမှု (အထူးသဖြင့် နွေရာသီ) မှာလည်း ကြီးမားသော ပြဿနာတစ်ရပ်ဖြစ်နေပါသည်။ ဟိုတယ်ဝန်ထမ်းအများစုမှာ လုပ်ငန်းပညာရပ်ကို စနစ်တကျသင်ကြားတတ်မြောက်ခဲ့သူများမဟုတ်ပါ။ လက်ရှိ ရှိနေသော ပုဂ္ဂလိက ဟိုတယ်ဆိုင်ရာသင်တန်းကျောင်းများ၏ အဆင့်အတန်းများမှာလည်း ကျေနပ်ဖွယ်ရာမရှိပါ။ ဟိုတယ်များအနေဖြင့်လည်း ဝန်ထမ်းများ မကြာခဏ အလုပ်ထွက်၊ အလုပ်ပြောင်းကြသဖြင့် စနစ်တကျလေ့ကျင့်ပေးရန် အားမသန်ကြပါ။ ယင်းသို့ ဟိုတယ်ဝန်ထမ်းများ အပြောင်းအရွှေ့များသော်လည်းပြည်တွင်း လုပ်ငန်းရှင်များပိုင်သော ဟိုတယ်အကြီးစားများတွင်မူ ဝန်ထမ်းအပြောင်းအလဲ နည်းပါးကြောင်းတွေ့ရှိရသည်။ ခရီးသွား လုပ်ငန်းဖွံ့ဖြိုးလာသည့်အချိန်တွင် ဟိုတယ်ဝန်ထမ်း အပြောင်းအရွှေ့များရသည့် ကိစ္စကို လေ့လာကြည့်ရာတွင် ဝန်ထမ်းများအနေဖြင့် အခြားဟိုတယ်များသို့ပြောင်းရွှေ့တာဝန်ထမ်းဆောင် ကြခြင်းမဟုတ်ပဲ အခြားလုပ်ငန်းများသို့ ပြောင်းသွားခြင်းကြောင့်ဖြစ်သည်ဟုတွေ့ရသည်။

## ၅. ၉. ၂ ဟိုတယ်ပိုင်ဆိုင်မှုပုံစံများ

ဤဒေသအတွင်း ဟိုတယ်ပိုင်ဆိုင်မှု အနေအထားကို အောက်တွင် တွေ့ရှိနိုင်ပါသည်။

| | *ပြည်တွင်းနိုင်ငံသားပိုင်* | *ပြည်တွင်းနိုင်ငံသားမဟုတ်သူများပိုင်* |
|---|---|---|
| အကြီး | ***ပြည်တွင်းနိုင်ငံသားပိုင် ဟိုတယ်ကြီးများ***<br>• ပျှမ်းမျှအခန်းခ ၇၇၆၀၀ ကျပ်<br>• ပျှမ်းမျှအခန်းပေါင်း ၃၆<br>• ဝန်ထမ်းနှင့်အခန်းအချိုး ၁. ၄<br>• သင်တန်းစနစ်တကျတတ်ပြီးသူဝန်ထမ်း ၄၁%<br>• လေ့ကျင့်သင်ကြားရေးအတွက် ဝန်ထမ်းတစ်ဦးလျှင်အသုံးပြုမှုငွေပမာဏ ၂၈၁၀၀ကျပ် | ***ပြည်တွင်းနိုင်ငံသားမဟုတ်သူများပိုင် ဟိုတယ်ကြီးများ***<br>• ပျှမ်းမျှအခန်းခ ၉၅၇၅၀ကျပ်<br>• ပျှမ်းမျှအခန်းပေါင်း ၄၃<br>• ဝန်ထမ်းနှင့်အခန်းအချိုး ၁း ၀<br>• သင်တန်းစနစ်တကျတတ်ပြီးသူဝန်ထမ်း ၂၈%<br>• လေ့ကျင့်သင်ကြားရေးအတွက် ဝန်ထမ်းတစ်ဦးလျှင်အသုံးပြုမှုငွေပမာဏ ၁၅၆၀၀ကျပ် |
| အငယ် | ***ပြည်တွင်းနိုင်ငံသားပိုင်ဟိုတယ်ငယ်လေးများ***<br>• ပျှမ်းမျှအခန်းခ ၁၇၀၀၀ ကျပ်<br>• ပျှမ်းမျှအခန်းပေါင်း ၂၄<br>• ဝန်ထမ်းနှင့်အခန်းအချိုး ၀. ၆<br>• သင်တန်းစနစ်တကျတတ်ပြီးသူဝန်ထမ်း ၄၁%<br>• လေ့ကျင့်သင်ကြားရေးအတွက် ဝန်ထမ်းတစ်ဦးလျှင်အသုံးပြုမှုငွေပမာဏ ၁၆၀၀၀ကျပ် | ***မသိ*** |

ဤဇယားကို ကြည့်ခြင်းဖြင့် ဟိုတယ်အမျိုးအစားပေါင်းစုံတွင် ဝန်ထမ်းများ အရည်အသွေး နိမ့်ကျမှုကို တွေ့ရပါမည်။ တစ်ဖက်တွင်လည်း ဟိုတယ်၏ ဝန်ထမ်းများ၏ အရည်အသွေး တိုးမြှင့်ရေး ပိုင်းတွင် ငွေကြေး အသုံးပြုမှု နည်းပါးနေသည်ကို တွေ့ရပါမည်။ အချို့ဟိုတယ် မန်နေဂျာများက ဝန်ထမ်း အပြောင်းအရွှေ့များကိုမူ ဆင်ခြေပေးကြပါသည်။ ထူးခြားသည်မှာ ဟိုတယ်ဝန်ထမ်း ဘဝမှ နှုတ်ထွက်သွားကြသူများမှာ အခြားဟိုတယ်များသို့ ပြောင်းရွှေ့သွားကြခြင်း မဟုတ်ဘဲ မိမိဇာတိ ကျေးရွာသို့ ပြန်ကာ အခြားလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခြင်း ဖြစ်သည်။

## ၅. ၉. ၃ ဒေသခံများအပေါ် သက်ရောက်မှုများ

ဟိုတယ်များတွင် ဒေသခံများ ဝင်ရောက်အလုပ်လုပ်ကြခြင်းကြောင့် တိုက်ရိုက်သက်ရောက်မှု ခံစားရသူများမှာလည်း ဒေသခံလူအဖွဲ့အစည်းများပင် ဖြစ်ပါသည်။ ဟိုတယ်များတွင် ဝန်ထမ်းအဖြစ် ဝင်ရောက်အလုပ်လုပ်နေသူများမှာ ဒေသတွင်းရှိ ကျေးရွာများမှ လူငယ်များပင်ဖြစ်ကြသည်။ အဆင့်မြင့် ဟိုတယ်များတွင် ဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်နေသူများမှာ အမှန်တကယ်တွင် လစာမြင့်မားစွာ မရကြပါ။ နိုင်ငံသားပိုင် ဟိုတယ်အသေးစားများက မိမိဝန်ထမ်းများအား လစာပိုမိုပေးကြောင်းတွေ့ရှိရသည်။ သို့ရာတွင် ဝန်ထမ်းလစာသည် ဝန်ထမ်းများ၏ စားဝတ်နေရေး တွင် တစ်စိတ်တစ်ပိုင်းသာ ပါဝင်နေပါသည်။

ဟိုတယ်များက မိမိဝန်ထမ်းများကို အခြားပံ့ပိုးမှုများလည်း ပြုကြကြောင်းတွေ့ရသည်။ Service Charge ခေါ် ဝန်ဆောင်ခ ရငွေသည် ဧည့်သည်များချိန်တွင် ဝန်ထမ်းများအဖို့ လစာထက် ပင် ပိုမိုများတတ်သည်။ ထို့အပြင် ဝန်ထမ်းများအား ထမင်းတစ်နပ်စာကျွေးခြင်း၊ နေရန် နေရာ ပေးခြင်းများလည်းရှိသည်။ ဤအချက်များသည် ဝန်ထမ်းများအတွက် အသုံးစရိတ်ကို လျော့ကျစေ သည်။ ထို့အပြင် နိုင်ငံသားပိုင် ဟိုတယ်များက မိမိဝန်ထမ်းများအား အပိုထောက်ပံ့မှုများ ပိုမိုပေးကြ ကြောင်း တွေ့ရှိရသည်။ ပြည်သူလူထု အကျိုးပြု လုပ်ငန်းများတွင်လည်း ပိုမိုပါဝင်ကြသည်။

ခရီးသွားလုပ်ငန်း၏ အဓိကခေါင်းဆောင်နေရာတွင်ရှိသော ဟိုတယ်လုပ်ငန်းသည် အလုပ် အကိုင်များ ဖန်တီးရာတွင် အထူးအရေးပါသည်။ ထို့အပြင် ဒေသခံ လူ့အဖွဲ့အစည်းများ၏ လူနေမှု ဘဝတွင်လည်း အရေးပါကြောင်းတွေ့ရှိရသည်။ ဟိုတယ်လုပ်ငန်းသည် မိမိ၏ ဝန်ဆောင်မှုများ အဆင့်မီစေရန်သာမက ဒေသခံများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်းဖြင့် ဒေသဖွံ့ဖြိုးရေး၊ ဒေသခံလူ့အဖွဲ့အစည်းများကို ကူညီရမည်ဖြစ်ပါသည်။

### ၅. ၁၀ ခရီးသွားလုပ်ငန်း၏ ငွေကြေးတန်ဖိုး

ခရီးသွားလုပ်ငန်း၏ ငွေကြေးတန်ဖိုးကို တွက်ချက်ခြင်းဖြင့် ခရီးသွားလုပ်ငန်းက သက်ဆိုင်ရာ ဒေသသို့ မည်သို့အကျိုးပြုခဲ့သည်ကို ဆန်းစစ်ရန် နည်းလမ်းတစ်ခုဖြစ်ခဲ့သည်။ သို့ရာတွင် ဤသို့ ငွေရေး၊ ကြေးရေးရရှိရန် တစ်ခုတည်းကိုသာ ကြည့်ရှု အကဲဖြတ်ခြင်းသည် ပေါ့ဆပါသည်။ တကယ်မှာ ယင်းသို့ရရှိလာသော ငွေကြေးများ မည်သို့မည်ပုံ သုံးသည် မည်သူများ အကျိုးရှိသည် ဒေသတွင်းပင်ကျန်နေသည် ဟုတ်မဟုတ် ကြည့်ရပါမည်။ ၂၀၁၂ ခုနှစ်က IID က ပြုလုပ်ခဲ့သော စစ်တမ်း တစ်ခုအရ အောက်ပါအတိုင်း တွက်ချက် ဖော်ပြခဲ့ပါသည်။ သို့ရာတွင် ဤဇယားက အထက်တွင် မေးခဲ့သည့်မေးခွန်းများကို အဖြေမပေးနိုင်ခဲ့ပါ။ ဆက်လက် လေ့လာကြရဦးမည် ဖြစ်ပါသည်။

**အင်းလေးဒေသခရီးသွားလုပ်ငန်း၏ နှစ်စဉ်ဝင်ငွေတန်ဖိုး**

| | | |
|---|---|---|
| ဟိုတယ်စသည်များ | ဒေါ်လာ | ၈ သန်း |
| အစားအသောက် | ဒေါ်လာ | ၆ သန်း |
| ဧည့်သည်များ၏ပါဝင်ဆောင်ရွက်မှုများမှ ရငွေများ | ဒေါ်လာ | ၆ သန်း |
| လက်မှုပစ္စည်း | ဒေါ်လာ | ၇ သန်း |
| ဇုံဝင်ကြေး | ဒေါ်လာ | ၀. ၅သန်း |
| **စုစုပေါင်း** | **ဒေါ်လာ** | **၂၇. ၅ သန်း** |

## ၅. ၁၁ အစားအသောက်

အင်းလေးကန်ဒေသတွင် ဧည့်သည်များအတွက် အစားအသောက်ရောင်းချသော ဆိုင်မျိုးစုံ ပါသည်။ ရှမ်းအစားအစာမှာ တနိုင်ငံလုံးသိပြီး လူကြိုက်များပါသည်။ သို့ရာတွင် ရှမ်းအစားအစာမှာ ကမ္ဘာမကျော်သေးပါ။ အင်းလေးဒေသ၏ အစားအသောက်များကို ယခုထက်မက ထင်ရှား ကျော်ကြားအောင် ဆောင်ရွက်နိုင်ပါသည်။ ဒေသထွက် ဓာတ်မြေဩဇာ မသုံးသော သဘာဝ ဟင်းသီးဟင်းရွက်များဖြင့် ချက်လုပ်သော အစားအစာများကို ယခုထက်ပိုမို လူသိများအောင်၊ လူကြိုက်များလာအောင် ဆောင်ရွက်နိုင်ပါသည်။ မြို့ပေါ်မှလာကြသော ဧည့်သည်များအတွက်လည်း စားသောက်ဆိုင်များ အစရှိသည်တို့အနေဖြင့် မိမိတို့ဆိုင်၏ သန့်ရှင်းရေးမှအစ အစားအသောက် အမယ်များကို တိုးချဲ့ ချက်ပြုတ်ခြင်းတို့ကို ပြုလုပ်ပေးပါက စားသုံးသူ ဖောက်သည်များ တိုးတက်လာပါမည်။ အင်းလေးကန်ဒေသတွင် ဟင်းသီးဟင်းရွက် မျိုးစုံထွက်ရှိပါသည်။ ထို့အပြင် မြေဩဇာကောင်းသော ဒေသအဖြစ်လည်း ကျော်ကြားသည်။ အင်းလေးကန် ဒေသမှ ထွက်ရှိသော ဟင်းသီးဟင်းရွက် အများစုကို ခရီးသွားလုပ်ငန်းနယ်ပယ်ရှိ ဟိုတယ်များ၊ စားသောက်ဆိုင် စသည်တို့က ဝယ်ယူနေသည်ကို တွေ့ရှိရသည်။ ထို့အပြင် ဒေသပြင်ပဖြစ်သော မြန်မာပြည် အရပ်ရပ်မှလည်း တင်ပို့ရောင်းချမှုများရှိရာ အင်းလေးဒေသ ခရီးသွားလုပ်ငန်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေး၌ တစ်တပ်တစ်အား ပါဝင်နေပြန်သည်။

## ၅. ၁၂ လက်မှုပစ္စည်းများ

ဧည့်သည်များအဖို့ ရွေးချယ်နိုင်ရန် ပစ္စည်းအမယ်စုံရှိပါသည်။ အထူးသဖြင့် ကြာချည်နှင့် ယက်လုပ်သော အဝတ်အထည်များကို လူကြိုက်များကြသည်။ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့ဖက်ရှင် လောကတွင်ပါ လူကြိုက်များလာပြီဖြစ်သည်။ ပင်းဒယဒေသထွက် ရှမ်းစက္ကူဖြင့် ပြုလုပ်သော မီးအုပ်ဆောင်းများ၊ ငွေပန်းတိမ်ပစ္စည်းများ၊ ရှမ်းလွယ်အိတ်၊ ရုပ်သေးရုပ်များအပြင် အခြား တိုင်းရင်းသား မျိုးနွယ်စုများ၏ အဆင်ဒီဇိုင်းများနှင့် အဝတ်အထည်များရှိသည်။ ထို့အပြင် နိုင်ငံခြားမှ တင်သွင်းရောင်းချသော ပစ္စည်းများကို ဆိုင်တင် ရောင်းချသူများလည်း ရှိပါသည်။

## ၅. ၁၃ ဧည့်လမ်းညွှန်များ

လက်ရှိစာရင်းအရ မြန်မာနိုင်ငံတွင် လိုင်စင်ရ ဧည့်လမ်းညွှန် ၄၀၀၀ ခန့်ရှိပါသည်။ ထို့ကြောင့် ဧည့်သည်များသည့် ကာလတွင် ဧည့်လမ်းညွှန် မလုံလောက်မှု နှင့် ကြုံရသည်။ ရှမ်းပြည်နယ်တွင် ဧည့်လမ်းညွှန် (၂) မျိုးကို တွေ့ရသည်။ လိုင်စင်ရ ဧည့်လမ်းညွှန်များသည် ခရီးသွား ကုမ္ပဏီများနှင့် ချိတ်ဆက်ကာ ဧည့်သည်အဖွဲ့၏ ခရီးစဉ်တောက်လျှောက် လိုက်ပါလေ့ ရှိကြသည်။ ဒေသန္တရ လမ်းညွှန်များသည် ဒေသတွင်း နေထိုင်ပြီး ရောက်ရှိလာသော ဧည့်သည် အဖွဲ့များနှင့် လိုက်ပါ ဆောင်ရွက်ကြသည်(ဥပမာ ရှမ်းပြည်နယ်)။ ထို့နောက် ခရီးစဉ် ဝန်ဆောင်ပေးသူများ (tour conductor) များက မိမိတို့ဒေသသို့ ရောက်ရှိလာသည့် ဧည့်သည်များနှင့် လိုက်ပါလာသော လိုင်စင်ရဧည့်လမ်းညွှန်များကို ကူညီကြရသည်။ ထို့အပြင် လိုင်စင်ရ ဧည့်လမ်းညွှန်

များလည်းရှိကြပြီး ယင်းတို့က FIT ခရီးသွားများ၏ တောတွင်း ခရီးကြမ်းလမ်းလျှောက် ခရီးစဉ်များတွင် လိုက်ပါလေ့ရှိကြသည်လည်းရှိပါသည်။

## ၅. ၁၄ ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ

မြန်မာနိုင်ငံ ခရီးသွား လုပ်ငန်းအဖွဲ့ချုပ်ကို ခရီးသွားလုပ်ငန်းကဏ္ဍရှိ ညီနောင်အသင်းများ စုစည်းပြီး ၂၀၁၂ ခုနှစ်က ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။[၁၁] အဖွဲ့ချုပ်၏ လုပ်ငန်းတာဝန်မှာ ခရီးသွားလုပ်ငန်း ကဏ္ဍရှိ ပုဂ္ဂလိကလုပ်ငန်းများနှင့် အစိုးရအဖွဲ့အကြား ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ ပေါင်းကူး အဖွဲ့အစည်းအဖြစ် ဆောင်ရွက်ပေးရန်ဖြစ်သည်။ အဖွဲ့ချုပ်၏ ညီနောင်အသင်းများ၏ အသင်းခွဲ အချို့ကို အင်းလေးဒေသတွင် ဖွဲ့စည်းထားပြီး ဖြစ်ပေသည်။

အင်းလေးဒေသတွင် ပြည်သူလူထု အကျိုးပြု အခြားအဖွဲ့အစည်းများလည်းရှိသည်။ အင်းသားရိုးရာအိမ် (Innthar Heritage House) ညောင်ရွှေမြို့ရှိ Inle Speaks ၊ ရွှေဟ်သာဟိုတယ် အခြေစိုက် Environmental Volunteers နှင့် ညောင်ရွှေ၊ ပင်းဒယ၊ ကလော နှင့် လွိုင်ကော်မြို့များရှိ ဧည့်လမ်းညွှန်အသင်းများ၊ ရှမ်းစာပေနှင့် အနုပညာအသင်း၊ အင်းသားစာပေ၊ အနုပညာနှင့် ဒေသဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်းနှင့် ကလောအခြေစိုက် မြန်မာနိုင်ငံ ကျေးလက်ဖွံ့ဖြိုးရေးအသင်း၊ ပလောင်စာပေနှင့် အနုပညာအသင်း၊ ပင်းဒယမြို့နယ် အမျိုးသမီးများ၏ အခြားအသင်းအဖွဲ့များ ဖြစ်ကြပါသည်။ ဤအဖွဲ့များသည် ဒေသခံများအား စည်းရုံးရေးတွင် အဓိက လှုပ်ရှားနေကြပါသည်။

## ၅. ၁၅ ပညာရေး

မြန်မာနိုင်ငံ၌ ရန်ကုန်မြို့၊ မန္တလေးမြို့စသော မြို့ကြီးပြကြီးများမှလွဲ၍ အခြားမြို့များတွင် ပညာရေးအခွင့်အလမ်းများ နည်းပါးကြသည်။ အင်းလေးဒေသတွင်လည်း ဤအခက်အခဲကို မြင်တွေ့ရသည်။ အစိုးရ၏ စာရင်းဇယားများအရ ရှမ်းပြည်နယ်တွင် မူလတန်းအောင် ကျောင်းသားထု၏ ၈% သာလျှင် အထက်တန်းပညာ ဆက်လက်ဆည်းပူးကြောင်း သိရှိရသည်။[၁၂] တောင်ကြီးမြို့တွင်ရှိသော တောင်ကြီး တက္ကသိုလ်သည် ဤဒေသရှိ တစ်ခုတည်းသော အဆင့်မြင့် ပညာဌာနဖြစ်သည်။ သို့ရာတွင် မကြာမီကပင် ပညာရေးကို အဆင့်မြင့်ပေးခဲ့ပြီး (၂) နှစ် သင်တန်းများပါ ဖွင့်လှစ်ပေးခဲ့သည်။ ၂၀၁၃ ခုနှစ် က ဖွင့်လှစ်ခဲ့သော ပုဂ္ဂလိကပိုင် အင်းလေး အသက်မွေးဝမ်းကြောင်း ပညာသင်ကျောင်း တစ်ခုက လွဲလျှင် ခရီးသွားလုပ်ငန်းပညာသင်ကြားရန် နေရာမရှိပါ။ ပညာသင်ကြားရေးဌာနများ၊ ဆရာ၊ ဆရာမများနှင့် ကျွမ်းကျင်သူများ ရှားပါးခြင်းသည် အကြီးမားဆုံး စိန်ခေါ်မှုပင်ဖြစ်သည်။

---

[၁၁] More info about MTF - http://www.myanmar.travel/index.php/about-us/36-mtf/myanmar-tourism-federation

[၁၂] Education Statistics - Myanmar Central Statistical Organization. http://www.etrademyanmar.com/STATS/s1701.htm

## ၅. ၁၆ ဒေသတွင်းခရီးသွားလုပ်ငန်းကို အထောက်အကူဖြစ်စေသော ဝန်ဆောင်မှုများ

ခရီးသွားလုပ်ငန်းကဏ္ဍအတွင်း အရည်အချင်းမြှင့်တင်ရေးလုပ်ငန်းများကို အဖွဲ့အစည်း အသီးသီးက စတင်ဆောင်ရွက်လာကြပြီဖြစ်ပါသည်။ ဤအဖွဲ့အစည်းများ၏ လုပ်ငန်းများကို အင်းလေးဒေသတွင်သာမက အခြားဒေသများတွင်ပါ တွေ့ရှိနိုင်ပါသည်။ MIID, Hanns Seidel Foundation, Partnership for Change, GIZ စသောအဖွဲ့များ UNDP နှင့် အခြားအဖွဲ့များက ခရီးသွားလုပ်ငန်းနှင့် စပ်လျဉ်း၍ လိုအပ်သောသင်တန်းများကို အစိုးရဝန်ထမ်းများ၊ ပုဂ္ဂလိက များအပြင် ဒေသခံ ပုဂ္ဂိုလ်များကိုပါ ပို့ချလျှက်ရှိပါသည်။

မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်း (MTGA) ကလည်း ဒေသခံလူငယ်များအတွက် အခြေခံ ဧည့်လမ်းညွှန်သင်တန်းများ ဖွင့်လှစ်ပို့ချပေးပါသည်။ သို့ရာတွင် ဤသင်တန်းများသည် ပုံမှန်သင်တန်းများမဟုတ်ဘဲ အလျဉ်းသင့်သလို ဖွင့်ကြခြင်းဖြစ်သဖြင့် ထိရောက်မှု သိပ်မရှိလှပါ။ ထို့ပြင် အကျိုးစီးပွားပါဝင်ပတ်သက်သော ပုဂ္ဂိုလ်အားလုံးလည်း မပါဝင်ပါ။ နိုင်ငံတကာတွင်မှ ကူညီထောက်ပံ့မှု အဖွဲ့အစည်းများ ဤဒေသသို့ ဝင်ရောက်လာကြသည်နှင့်အမျှ ယင်းတို့၏ လုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ပေးရမည့် အနေအထားဖြစ်လာပါသည်။


## ၅. ၁၇ တောတွင်းခရီးကြမ်းလမ်းလျှောက် ခရီးစဉ်ဝန်ဆောင်မှုများ

ကလောကို အခြေခံပြီး အင်းလေးကန်ဒေသတွင် တောတွင်း ခရီးကြမ်းလမ်းလျှောက်ခရီးစဉ် အများအပြားကို ဆောင်ရွက်ကြပါသည်။ ယခုအခါ ကလောမြို့အပြင် အခြားမြို့များတွင်ပါ လမ်းလျှောက်ခရီးစဉ် ဝန်ဆောင်မှုများ တိုးချဲ့လာကြပါသည်။ ဤဒေသတွင် တောင်တန်းများ ပေါများသဖြင့် မိမိကျန်းမာ သန်စွမ်းမှုကိုလိုက်၍ နှစ်သက်ရာ ခရီးစဉ်များကို ရွေးချယ်နိုင်ကြပါသည်။ တိုင်းရင်းသားမျိုးနွယ်စုများ၏ ရွာများသို့ သွားရောက်ကာ ယင်းတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံ များကို လေ့လာနိုင်ပါသည်။

Homestay ခေါ် ဒေသခံများ၏ နေအိမ်များတွင် ညအိပ်တည်းခိုနေထိုင်ခွင့်မှာ တောတွင်း ခရီးကြမ်းလမ်းလျှောက်ခြင်း ခရီးစဉ်များ၏ တစ်စိတ်တစ်ဒေသဖြစ်ပါသည်။ သို့ရာတွင် တရားဝင် ခွင့်ပြုထားခြင်းမရှိပါ။ အထူးသဖြင့် ဒေသခံ လူ့အဖွဲ့အစည်းများအပေါ် သက်ရောက်လာမည့် မကောင်းသော အကျိုးအပြစ်များကို ထည့်သွင်းစဉ်းစားရပါမည်။ လိုအပ်သလို လုပ်ထုံးလုပ်နည်းများ ချမှတ်ရန် လိုအပ်ပါသည်။ လက်တွေ့တွင်မူ ယင်းသို့ညအိပ်ခြင်းများ ရှိနေပါသည်။ နောင်လည်း ဆက်လက်ရှိနေဦးမည် ဖြစ်ပါသည်။ ထို့ကြောင့် ယင်းသို့ Homestay နေထိုင်ခွင့် ပြုသူများအား လိုအပ်သော ထိန်းကျောင်းမှုများသာမက အကူအညီပေးရန်လိုအပ်ပါသည်။ သို့မှသာလျှင် ခရီးသွားလုပ်ငန်း၏ အသီးအပွင့်များကို အောက်ခြေမှ ခံစားခွင့် ရှိလာပါမည်။ ထို့အပြင် ပြင်ပမှ ငွေရှင်ကြေးရှင်များ ဝင်ရောက်လာပြီး ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လာပါက ဒေသခံများအဖို့ နစ်နာပါလိမ့်မည်။ လက်တွေ့တွင်လည်း ဤအတိုင်းဖြစ်နေပါသည်။ ကလောမှ အင်းလေးကန်သို့ သွားရာ ခရီးလမ်းပေါ်ရှိ ရွာများတွင် အချို့အိမ်ရှင်များက မိမိတို့နေအိမ်များကို ပြင်ပလုပ်ငန်းရှင် များသို့ ရောင်းချလိုက်သည်။ ထို့နောက်ပြင်ပလုပ်ငန်းရှင်များက ဧည့်သည်များ ညအိပ်တည်းခိုရန်

ဘန်ဂလို အဆောက်အအုံများ ဆောက်လုပ်ကာ အခြားမှ ဝန်ထမ်းများကို ခန့်ထားခြင်းများ တွေ့နေရသည်။




**ဤမြေပုံ ၂ ခုတွင် အဓိက လူအသွားများသော တောတွင်း လမ်းလျှောက်ခရီးစဉ်များကို တွေ့ရပါလိမ့်မည်။ ကလောမှ အင်းလေးကန်ဘေးရှိ အင်းတိန်သို့ လည်းကောင်း ပင်းဒယ တစ်ပတ်ခရီးစဉ်ကိုလည်းကောင်း တွေ့ရပါလိမ့်မည်။ ယင်းခရီး စဉ် (၂) ခုလုံးတွင် တွေ့ရပါလိမ့်မည်။ ယင်းခရီးစဉ် (၂) ခုလုံးတွင် ရွာများ၌လည်းကောင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ လည်းကောင်း ညအိပ်ရပ်နားခြင်းများ ပြုကြပါသည်။**

ယခုလမ်းလျှောက်ခရီးစဉ်များမှာ စရိတ်နည်းနည်းသာ အကုန်အကျခံနိုင်သည် ဘတ်ဂျက်ဧည့်သည်များကိုသာ ဦးတည်နေပါသေးသည်။ ကလောမြို့သို့ လမ်းလျှောက်ရန် ရောက်ရှိလာသော FIT ဧည့်သည်များကို အဓိကဈေးကွက်အဖြစ် ပစ်မှတ်ထားပါသည်။ သို့ရာတွင် ဓနုဒေသနှင့် ပအိုဝ့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသရှိ ဟိုပုံးမြို့နယ်များအတွင်း ရွှေကျွန်းမျော ဟိုတယ်အုပ်စုကကြီးကြပ်၍ ခရီးသည်အုပ်စုများ စတင်ပို့လွှတ်နေပြီဖြစ်ပါသည်။

ကလောအခြေစိုက် လမ်းလျှောက်ခရီးစဉ် ဝန်ဆောင်မှုလုပ်ငန်း လုပ်ဆောင်သူများအနေဖြင့် အဖွဲ့အစည်းဟူ၍ သတ်သတ်မှတ်မှတ် မရှိသေးပါ။ လမ်းလျှောက်ခရီးစဉ်များနှင့် စပ်လျဉ်း၍ သတင်းအချက်အလက်များ စုစည်းပေးနိုင်သည့် ပြန်ကြားရေးဌာနဟူ၍လည်း မရှိသေးပါ။ တကယ်တမ်းဆိုလျှင် ဤလမ်းလျှောက် ခရီးစဉ်တွင် ဦးဆောင်နေသော ဧည့်လမ်းညွှန်များမှာ လိုင်စင်ရ ဧည့်လမ်းညွှန်များ မဟုတ်ကြပါ။ လမ်းလျှောက်ခရီးစဉ်များအတွက် သတ်မှတ်အခကြေးငွေ ကောက်ခံမှုမရှိပါ။ တစ်ချိန်တည်းမှာပင် လမ်းလျှောက်ခရီးစဉ် ဆောင်ရွက်သူများနှင့် ဒေသခံပြည်သူများအကြားလည်း ဆက်သွယ်ပူးပေါင်း ဆောင်ရွက်မှုများမရှိပါ။

ဒေသခံပြည်သူ အစုအဖွဲ့များအနေဖြင့် ယင်းတို့၏ ဒေသတွင်း လမ်းလျှောက်ခရီးစဉ်များ ဖြတ်သန်းသွားခြင်းအပေါ် မည်သို့မှ ဆောင်ရွက်ပြောဆိုနိုင်ခြင်း မရှိဘဲ ပေးထွက်ထိုင်ရသည့် ဇာတ်ကောင်များသာဖြစ်နေသည်။ ခရီးသွားလုပ်ငန်း၏ တန်ဖိုးဆက်စပ်မှုကွင်းဆက်တွင် နေရာပျောက်နေပါသည်။ ဒေသခံပြည်သူအစုအဖွဲ့အချို့က တောတွင်းခရီးကြမ်းလမ်းလျှောက် ခရီးစဉ်များနှင့် ဆက်စပ်၍ လက်ယက်ကန်းထည်များ၊ အစားအသောက်နှင့် အအေးဗူးစသည်များ ရောင်းချခြင်း (ညအိပ်တည်းခိုခြင်းမပါ) မှလွဲ၍ အခြားစီးပွားရေးလုပ်ငန်းမရှိပါ။ ဒေသခံများအဖို့ စိုက်ပျိုးရေးကိုသာ အဓိက ဝင်ငွေရလမ်းအဖြစ် လုပ်ကိုင်နေကြပါသည်။ လမ်းလျှောက်ခရီးစဉ် လိုက်ပါလာသော ဧည့်သည်များထံမှ ရသော ငွေမှာ အပိုငွေအဖြစ်မှတ်ယူကြသည်။

အနာဂတ်တွင် ဤဒေသသည် တောတွင်းခရီးကြမ်းလမ်းလျှောက် ခရီးစဉ်များ၏ ဗဟိုချက်ဖြစ်လာလိမ့်မည်။ သို့ရာတွင် စနစ်တကျဖြစ်ရန် ကြိုးစားရပါဦးမည်။ တောတွင်းလမ်းလျှောက်ခရီးစဉ်များ၏ အားသာချက်၊ အားနည်းချက်များကို အောက်တွင် ဖော်ပြ ထားပါသည်။

| အားသာချက်များ | အားနည်းချက်များ |
|---|---|
| • သဘာဝကျသော တောတွင်းခရီးကြမ်း လမ်းလျှောက်နိုင်ခြင်း<br>• လှပသောရှုခင်းများ<br>• လမ်းလျှောက်ဝန်ဆောင်မှုပေးသူများရှိခြင်း<br>• ရာသီဥတုကောင်းမွန်ခြင်း<br>• လမ်းလျှောက်ရာသီရှည်လျားခြင်း | • လက်ရှိအချိန်တွင် မဖွံ့ဖြိုးသေးခြင်း<br>• ဒေသခံများပါဝင်ပတ်သက်မှုမရှိခြင်း<br>• ဈေးနှုန်းနည်းမှုအပေါ် အခြေခံထားခြင်း<br>• လမ်းလျှောက်ခရီးဝန်ဆောင်မှုများအားနည်းခြင်း (ပြန်ကြားရေးဌာန စသည်များမရှိခြင်း)<br>• ကျေးရွာများတွင် အခြေခံအဆောက်အအုံများ မရှိခြင်း<br>• ယဉ်ကျေးမှုများအပေါ် မကောင်းသော သက်ရောက်မှုများ ဖြစ်ပေါ်လာခြင်း။ |
| **အခွင့်အရေးများ** | **စိန်ခေါ်မှုများ** |
| • ဆက်သွယ်ရေး ကဏ္ဍတိုးတက်လာပါက မိုဘိုင်း(လ်)ဖုန်းအသုံးပြုကာ ခရီးစဉ်များ စီစဉ်နိုင်ခြင်း၊ ဒေသခံများ ကိုယ်တိုင်စီမံ ခန့်ခွဲနိုင်မှု ရှိလာနိုင်ခြင်း<br>• ကျေးရွာများတွင် ဧည့်သည်များ နားနေတည်းခို နိုင်မည့် အဆောက်အအုံများ အဆင့်မြင့်လာ သည်နှင့်အမျှ ခရီးသွားလုပ်ငန်းအတွက် အကျိုးရှိလာခြင်း<br>• လမ်းလျှောက်ခရီးစဉ်များ ရေရှည်ဖွံ့ဖြိုးရေး အတွက်ကူညီမည့်အလှူရှင် အဖွဲ့အစည်းများ ပေါ်ပေါက်လာနိုင်ခြင်း<br>• ဆက်လက်တိုးတက်ဖွံ့ဖြိုးလာမည့် အလားအလာ ရှိခြင်း<br>• ပိုမို၍ ကောင်းမွန်သည့်အပြင် ဈေးကွက်အလိုက် သီးခြားလမ်းလျှောက်ခရီးစဉ်များ ပေါ်ထွက်လာခြင်း | • သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ ဥပမာ တောပြုန်းခြင်း၊ ရေရှားလာခြင်း၊ စိုက်ပျိုးမြေ များပျက်စီးခြင်းတို့ကြောင့် ဒေသခံများအပေါ် မကောင်းသော သက်ရောက်မှုများ ဖြစ်ပေါ်ပါက လမ်းလျှောက်ခရီးစဉ်များကိုပါ ထိခိုက်လာခြင်း<br>• ဒေသခံများနှင့် ရေ၊ ထင်း၊ အစရှိသည်တို့ကို ပြိုင်ဆိုင်ရယူရခြင်း<br>• ရှေးရိုးဆန်သော လူအဖွဲ့အစည်းများအပေါ် မကောင်းသော သက်ရောက်မှုများ ဖြစ်ပေါ်နိုင်ခြင်း<br>• လမ်းလျှောက်ခရီးစဉ်များ ဖွံ့ဖြိုးလာသည်နှင့်အတူ အမှိုက်သရိုက်များ ပိုမိုထွက်ရှိလာခြင်း |

တောတွင်းခရီးကြမ်း လမ်းလျှောက်ခရီးစဉ် စီစဉ်သူများရင်ဆိုင်ရမည့် စိန်ခေါ်ချက်မှာ ပြင်ပမှ ငွေရှင်ကြေးရှင်များ ဝင်ရောက်နေရာယူလာသည့် အချိန်တွင် ဒေသခံများ အနေဖြင့် လမ်းလျှောက် ခရီးစဉ်များမှ ရရှိသော အသီးအပွင့်များကို ခံစားခွင့်ရှိရေးဖြစ်ပါသည်။

ဤခရီးစဉ်များကို အဆင့်မြှင့်ပြီး ယခုထက်ပို၍ စနစ်ကျနမှုရှိစေပြီး တန်ဖိုးမြင့်နိုင်ရန် အလားအလာများ ရှိနေပါသည်။ ဒေသခံလူ့အဖွဲ့အစည်းများကလည်း ဤလုပ်ငန်းတွင် ပိုမိုပါဝင် ပတ်သက်လာကာ ခရီးစဉ် ဝန်ဆောင်မှုများတွင် ဩဇာရှိလာရန် အခြေအနေဖြစ်လာရန် ရှိပါသည်။ ဧည့်သည်များအတွက် အစားအသောက်များ ချက်ပြုတ်ကျွေးမွေးခြင်းဖြင့် လမ်းလျှောက်ခရီးစဉ်များ၏ ငွေကြေးတန်ဖိုးကို တိုးမြင့်ပေးရာရောက်ပါမည်။ ဤလမ်းလျှောက်ခရီးစဉ်များ ဖွံ့ဖြိုးလာသည်နှင့်အမျှ ယဉ်ကျေးမှု နှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကိုလည်း တွေ့လာရမည်ဖြစ်ပါသည်။

**တောင်ပေါ်ဒေသတွေပြောင်းလဲနေပြီ။**

တောင်ပေါ်ဒေသများတွင် စီးပွားရေးနှင့် လူမှုရေးအပြောင်းအလဲဖြစ်နေသည်။ ယခင်ရှေးရိုး အိမ်ရှည်ကြီးများနှင့် မနေကြတော့၊ ရှေးရိုးအိမ်အဆောက်အဦးများကို ကွန်ကရစ်တိုက်၊ အုတ်တိုက် များဖြင့် အစားထိုးလာကြသည်။ မိသားစုအတွင်း ဆက်ဆံရေးများလည်း ပြောင်းလဲလာသည်။ ယခင်ကလို မိဘပေးစားသူနှင့် လက်ထပ်ရခြင်းများလည်း ရှားလာသည်။ တိုင်းရင်းသား လူမျိုးစု အချင်းချင်း ကန့်သတ်မှုမရှိ လက်ထပ်မှုများတွေ့လာရသည်။ ယခုအခါ အိမ်ထောင်ရှင် အသစ်များက ကိုယ့်အိမ်တစ်လုံးတွင် စုပြုံနေထိုင်ခြင်းမရှိတော့၊ လူဦးရေတိုးတက်လာသည်နှင့်အမျှ ကျေးရွာ ဧရိယာလည်း ကျယ်လာသည်။ အချို့ကျေးရွာများတွင် တစ်နေရာနှင့် တစ်နေရာ အတော်လှမ်းသည်။ ကျေးရွာချဲ့ထွင်ရန်အတွက် တောရှင်းထားခြင်းများလည်း တွေ့နေရသည်။

ယခင်ကာလများက ရွာတိုင်းတွင် ယက်ကန်းယက်တက်ကြသည်။ ယခုအခါတွင်မူ ကလော-အင်းလေး တောင်ပေါ်လမ်း ခရီးစဉ်တွင် ယက်ကန်းယက်ဆဲ ရွာတစ်ခုသာရှိတော့သည်။ တရုတ်ပြည်မှ စျေးနည်းနည်းဖြင့် တင်သွင်းလာသော အဝတ်အထည်များက ရိုးရာယက်ကန်းလုပ်ငန်းများကို ဖျက်ဆီးလိုက်သည်။ ကျေးရွာများတွင်လည်း ယခင်သုံးနေကျ နွားလှည်းများအစား တရုတ်လုပ် ဆိုင်ကယ်များဖြင့် ဝန်ဆောင်မှုပေးနေကြသည်။ မူလကဘာသာရေးကို အခြေခံထားသော ထိုးကွင်းများ နေရာတွင် အနောက်တိုင်းအလှဆင် ထိုးကွင်းများက နေရာယူလာသည်။

ဒေသခံများအနေဖြင့် ပြင်ပမှ ဝင်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင်၊ ငွေရှင်ကြေးရှင်များ ကို လွန်ဆန်ရန် အခက်အခဲများစွာရှိသည်။ ခရီးသွားလုပ်ငန်းနယ်ပယ်၏ အကျိုးအမြတ်များကို မခံစားရဘဲ ဘေးဖယ်ခံရကိန်းများ ရှိနေသည်။ ကလောဒေသမှာဆိုလျှင် အချို့ရွာသူရွာသားများက ယင်းတို့ပိုင်မြေကွက်များအား လုပ်ငန်းရှင်များထံ ရောင်းချလိုက်၍ ယင်းလုပ်ငန်းရှင်များက ဧည့်ရိပ်သာများ ဆောက်လုပ်ခြင်းဖြင့် အလုပ်အကိုင် နေရာများပေါ်ထွက်လာမည်မှာ မှန်သော်လည်း တကယ်တမ်းမှာ ဒေသခံပြည်သူများက ခရီးသွား လုပ်ငန်းတိုးတက် ဖွံ့ဖြိုးမှုကို မိမိတို့ လက်တွင်းတွင် ရှိစေမှသာ နောင်အရှည်တွင် အမှန်တကယ်ဖွံ့ဖြိုး တိုးတက်ပါလိမ့်မည်။

**တောင်ပေါ်ရွာများအတွက် ဘဏ္ဍာရေးအကူအညီ၊ ဒေါ်ယုန်နှင့် ကျေးရွာဘဏ်**

နိုင်ငံတကာရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကူအညီပေးနေသည် အလှူရှင်အဖွဲ့အစည်းများ အကြားတွင် ကိုယ်ထူကိုယ်ထ အားကိုးပြီး ဘဝရပ်တည်မှုကို ဆောင်ရွက်နေသည့် လူမှုအဖွဲ့အစည်း အုပ်စုများကို အကူအညီပေးရေး အတွေးအခေါ်မှာ ကျယ်ပြန့်လာပါသည်။ မည်သည့်ဖွံ့ဖြိုးရေးလုပ်ငန်း မဆို အစမှ အဆုံးတိုင် ကာယကံရှင်ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စီမံခန့်ခွဲခြင်း၊ ပိုင်ဆိုင်ခြင်း ရှိရမည်ဆိုသော အချက်သည် ကိုယ်ထူကိုယ်ထ စီမံကိန်းများ၏ အဓိက အချက်ဖြစ်ပါသည်။ သို့ရာတွင် သာမန် တောင်သူတစ်ဦးအဖို့ ဤသို့သော ဖွံ့ဖြိုးရေးလုပ်ငန်းစတင်ရန်အတွက် ငွေကြေးအရင်းအမြစ် ရရှိရန်မှာ မလွယ်ကူပါ။ ဤငွေကြေးရရှိမှုကို ဖြေရှင်းနိုင်မှုအတွက် တစ်ခုတည်းသော နည်းလမ်းမှာ ကျေးရွာဘဏ်ထူထောင်ရန်ဖြစ်သည်။ ယင်းဘဏ်ကို ကျေးရွာသူ၊ ကျေးရွာသားများအပိုင်ဖြစ်စေပြီး လုပ်ငန်းဆောင်ရွက်မှုတွင်လည်း ကျေးရွာသူ၊ ကျေးရွာသားများက စီမံခန့်ခွဲရန် ဖြစ်ပါသည်။

ဤအတွေးအခေါ်ကို အင်းလေးကန်တွင်းရှိ နန်းပန်ရွာအနီး ပအိုဝ့်ရွာတစ်ရွာတွင် လက်တွေ့ အကောင်အထည် ဖော်နေသည်ကို တွေ့ရှိရသည်။ ယင်းရွာမှ ဒေါ်ယုန်အမည်ရှိ အမျိုးသမီး တစ်ဦးက ဤကဲ့သို့ အသေးစားချေးငွေများကို ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ်မှ ဆောင်ရွက်နေခြင်းကို တွေ့ရှိခဲ့ရာမှ မိမိရွာတွင် စမ်းသပ် ဆောင်ရွက်ရန် အကြံရလာခြင်းဖြစ်သည်။ ဒေါ်ယုန်၏ အစီအစဉ်က ရွာသူရွာသားများသည် ကျေးရွာဘဏ်မှ အသေးစားချေးငွေများရယူနိုင်သည်။ သို့သော် ငွေချေးငှားသူ များက ပေးဆပ်သော အတိုးငွေများကို ပြင်ပသို့ မရောက်စေရ။ ကျေးရွာအတွင်းသာ သုံးစွဲရမည်ဟု သတ်မှတ်ထားသည်။ ကနဦးတွင်ဒေါ်ယုန်က ရွာမှ အမျိုးသမီး ၁၅ ဦးကို စည်းရုံးသည်။ ထို့နောက် ငွေစုကြသည်။ (၂) ခန့်ကြာလျှင် မြန်မာငွေ သိန်း ၁၃၀ ခန့် စုမိလာသည်။ စုငွေမှ (၆)လ အောက် ချေးယူလျှင် အတိုးအနည်းငယ်ပေးရသည်။ (၆) လ ကျော်သွားလျှင် အတိုးက (၂)ဆ ဖြစ်သွားသည်။ ဤ အတိုးဖြင့် ရံပုံငွေတစ်ရပ် ထူထောင်ကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်သုံးသည်။ ကျေးရွာ အတွက် ရေလှောင်ကန် တစ်ကန် ဆောက်လုပ်ရန် ဆောင်ရွက်နေပြီဖြစ်သည်။ အနာဂတ်တွင် ဆင်းရဲသော အိမ်ထောင်စုများကလေးများအား ပညာသင်စရိတ်ထောက်ပံ့ရန် အစီအစဉ်ရှိသည်။

ဤသို့ကိုယ်ထူကိုယ်ထ ဘဏ်တစ်ခု ထူထောင်ရန် မှာ အကြီးအကဲပြုသူမှာ ရပ်ရွာက လေးစားယုံကြည်မှုရှိသူဖြစ်ရေးသည် အရေးအကြီးဆုံးဖြစ်သည်။ ထို့ကြောင့်ရပ်ရွာက ဒေါ်ယုန်ကို ရွေးချယ်ခဲ့ကြသည်။ ထို့အပြင် ငွေရေးကြေးရေးဆိုင်ရာတွင်လည်း ပွင့်လင်းမြင်သာမှုရှိရပါမည်။ ကျေးရွာဘဏ်ရှိလာ၍ရွာသူရွာသားများအနေဖြင့် ငွေစုနိုင်ကြသလို လိုအပ်လျှင် ငွေအရင်းအနှီး ချေးယူနိုင်ပါသည်။ ဤဘဏ်ရှိခြင်းဖြင့် ကျေးရွာတွင် စည်းလုံးညီညွတ်မှုလည်း ရှိလာသည်။ ကျေးရွာတွင်း လိုအပ်လျက်ရှိသော အများပြည်သူဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လာနိုင်သည်။ ကျေးရွာအပေါ် သံယောဇဉ်စိတ်ဖြစ်ပေါ်လာစေသည်။ ဤလုပ်ငန်းမျိုးက ကျေးရွာအဆင့်တွင် ပုဂ္ဂလိက တီထွင်ကြံဆမှုများကို ဖြစ်ပေါ်စေသည်။ ကျေးရွာများအားလည်း ဖွံ့ဖြိုးရေးလမ်းစပေါ်သို့ ရောက်ရှိစေသည်။ နိုင်ငံတွင်းရှိ အင်အားအချိနဲ့ဆုံး လူအုပ်စုများအား ကိုယ်ထူကိုယ်ထ ကြိုးစားတတ်လာအောင် အခွင့်အာဏာရရှိလာစေပါသည်။



The the view from "Viewpoint Cafe" near Kalaw is considered by many as a highlight oght of a trek

## ၆ - ဧည့်သည်ဝင်ရောက်မှု


ဤအခန်းတွင် အင်းလေးကန်ဒေသသို့ ဧည့်သည် ဝင်ရောက်မှုကို ဖော်ပြသွားပါမည်။ ဤစာတမ်းရေးသားရန်အတွက် အင်းလေးကန်ဒေသသို့ လာရောက်လည်ပတ်ကြသော နိုင်ငံခြားနှင့် ပြည်တွင်းဧည့်သည် စုစုပေါင်း ၁၇၅၀ ဦးကို မေးခွန်းလွှာများ ဝေငှပြီး ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဤစာတမ်းဖြစ်မြောက်ရေးအတွက် အဆင့်မြင့် သုတေသန နည်းစဥ်များ၊ လုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ အသေးစိတ်ကို Tourism Survey Report တွင်ကြည့်နိုင်ပါသည်။

### ၆.၁ ဧည့်သည်များနှင့်ဆိုင်သော အချက်အလက်များ

အင်းလေးကန်ဒေသသို့ လာရောက်လည်ပတ်ကြသော ဧည့်သည်ဦးရေမှာ တိုးတက်နေပါသည်။ ၂၀၁၆ ခုနှစ်တွင် ယခုထက် (၂)ဆ တိုးမြင့်လာမည်ဟု ခန့်မှန်းထားပါသည်။ ဤ ခန့်မှန်းချက်ကိုမူ ကိန်းသေယူ၍ မရနိုင်သေးပါ။ ဧည့်သည်ဝင်ရောက်မှုနှုန်းကို အတိအကျ သိရှိနိုင်သော စာရင်းဇယားများ မရှိသေးပါ။ တစ်ဖက်တွင်လည်း မြန်မာနိုင်ငံသည် ပိုမို ပွင့်လင်းလာနေသည်ဟု ပြော၍ရပါသည်။ ယခင်ဧည့်သည်များ အသွားအလာများသည့် နေရာ (၄) ခုအပြင် နိုင်ငံတွင်းရှိ အခြားနေရာများသို့ သွားရောက်နိုင်ကြပြီဖြစ်သည်။ ထို့ကြောင့် အသစ်ဖွင့်လှစ်လိုက်သော ခရီးစဥ်ဒေသများသည် မူရင်း (၄) ဒေသနှင့် အပြိုင်ဖြစ်လာနိုင်သည်။ (တစ်ဦးနှင့် တစ်ဦး ရိုင်းပင်းကူညီမှုလည်း ဖြစ်လာနိုင်ပါသည်။)




ဇယား - ၆.၁ တွင် အင်းလေးကန်ဒေသသို့ လာရောက် ကြသော ဧည့်သည် အရေအတွက် ကို တွေ့ရ ပါမည်။ ၂၀၀၉/ ၂၀၁၀ ခုနှစ်များတွင် နိုင်ငံခြား ဧည့်သည် ၂၀၀၀၀ ခန့်ရှိရာ မှာ ၂၀၁၃/၂၀၁၄ ခုနှစ် များတွင် နိုင်ငံခြား ဧည့်သည် ၁၁၀၀၀၀ အထိရှိ လာပါသည်။ ဤနေရာတွင် သတိပြုရ မည်မှာ မြန်မာနိုင်ငံ၏ နိုင်ငံရေးပုံရိပ် ပြောင်းလဲလာခြင်းက ဧည့်သည် ဝင်ရောက်မှု အပေါ်သက်ရောက်မှုပင် ဖြစ်ပါသည်။ သို့ရာတွင် ဤဇယားကိုကြည့်ပြီး အနာဂတ် ဧည့်သည်ရောက်ရှိမှုကို ခန့်မှန်းရန်မှာ မဖြစ်နိုင်သေးပါ။




ဇယား ၆.၂ တွင် လစဉ် နိုင်ငံခြား ဧည့်သည် ဝင်ရောက်မှုကို တွေ့ရပါမည်။ ဤဇယားတွင် ဧည့်သည်ပါး ချိန်နှင့် ဧည့်သည် ကျချိန် လများကို တွေ့ရမည်ဖြစ်ပါသည်။

၂၀၁၃ ခုနှစ် ဇူလိုင်လ မှ ၂၀၁၄ ခုနှစ် ဇွန်လကုန် အထိ နိုင်ငံခြား ဧည့်သည် ၁၁၀၂၄၅ ဦး အင်းလေးဒေသသို့ လာရောက်ခဲ့ကြောင်း တောင်ကြီးမြို့နှင့် အင်းလေးမြို့များရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနရုံးခွဲများ၏ စာရင်းအရ သိရှိရပါသည်။


ဤစာရင်းကို ဟိုတယ်များသို့ လာရောက်တည်းခိုမှုကို အခြေခံပြီး တွက်ချက်ထားကြောင်း သိရှိရသည်။ အခြားစာရင်းဇယားများလည်း မရရှိနိုင်သဖြင့် ဤကိန်းဂဏန်းများကိုပင် အတည်ယူရပါမည်။ ကလော ၊ ပင်းဒယ ၊ ကက္ကူ ခရီးစဉ်ဒေသများသို့ လာရောက်ကြသည့် ဧည့်သည်များသည် ညောင်ရွှေ သို့မဟုတ် အင်းလေးကန်အတွင်း အနည်းဆုံး တစ်ညအိပ်တည်းခိုသည်ဟု ယူဆတွက်ချက်ထားပါသည်။

ပြည်တွင်းခရီးသွားစာရင်းများမှာမူ မရရှိနိုင်ပါ။ ပြည်တွင်းခရီးသွားများသည် ဘုန်းကြီးကျောင်းများတွင် တည်းခိုမှုများရှိသည့်အပြင် မည်သူမျှ စာရင်းဇယား တိတိကျကျ ကောက်ယူထားမှု မရှိ၍လည်း ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ်က ထုတ်ပြန်သော Institute for International Development (IID) ၏ ခန့်မှန်းချက်အရ ပြည်တွင်းခရီးသွားဦးရေသည် နိုင်ငံခြား ဧည့်သည်များထက် (၂) ဆ ခန့်ပိုသည်ဟု ဖော်ပြထားပါသည်။ ယခုစာတမ်းတွင်လည်း ဤခန့်မှန်းချက်ကို အခြေခံထားပါသည်။

## ၆.၂ အနာဂတ်ခရီးသည် တိုးတက်မှုနှင့်လည်ပတ်မည့်နေရာများ

၂၀၁၂ ခုနှစ်က ထုတ်ပြန်ခဲ့သော ခန့်မှန်းချက်တွင် ရှေ့လာမည့် (၃) နှစ်အတွင်း နိုင်ငံခြား ဧည့်သည် ဝင်ရောက်မှု (၂) ဆတိုးလာမည်ဟု ဖော်ပြထားပါသည်။ ဤခန့်မှန်းချက်မှာ Package Tour ခေါ် ခရီးသွား ကုမ္ပဏီများမှ တစ်ဆင့် စီစဉ်သော အပြီးအပြင်မ်းအုပ်စုလိုက် ခရီးသွားလာမှုများ တဟုန်ထိုး တိုးတက်လာမှုကို အခြေခံ ပြောဆိုခြင်းဖြစ်ပါသည်။ Institute for International Development (IID) ခန့်မှန်းချက်အရ ၂၀၁၂ ခုနှစ်တွင် နိုင်ငံခြား ဧည့်သည် ၁၀၀၀၀၀ ခန့် အင်းလေးဒေသသို့ လာရောက်ခဲ့ကြောင်း၊ ပြည်တွင်းခရီးသည်များ အရေအတွက်လည်း ဤမျှလောက် ပင်ရှိနိုင်ကြောင်း ဖော်ပြထားသည်။

သို့ရာတွင် ၂၀၁၃ ခုနှစ် ဇူလိုင်လ ၂၀၁၄ ဇွန်လကုန်အထိ နိုင်ငံခြား ဧည့်သည် ၁၁၀၀၀၀ ခန့်လာရောက်ခဲ့ကြောင်း စာရင်းဇယားက ဖော်ပြသော်လည်း အင်းလေးကန် ဇုံဝင်ကြေး ဌာနက ယင်းကာလအတွင်း နိုင်ငံခြားသား ၉၀၀၀၀ ခန့်ရှိသည်ဟု ဖော်ပြထားသည်။




တစ်ဖက်ပါ မြေပုံတွင် အင်းလေးကန် ဒေသဧည့်သည် လည်ပတ်ရာ နေရာများ ကိုဖော်ပြထားပါသည်။ ဤမြေပုံအရ ညောင်ရွှေ နှင့် အင်းလေးကန်တို့သည် ဧည့်သည် လည်ပတ်မှု၏ ဗဟိုချက်များဖြစ်ပါသည်။ နိုင်ငံခြား ဧည့်သည်များ အားလုံး ညောင်ရွှေ သို့မဟုတ် အင်းလေးတွင် တည်းခို ကြသည်ဟုယူဆနိုင်ပါသည်။ ကလော မြို့မှာ ဧည့်သည်များ နောက်ထပ် သွားရောက် ကြသည့် ခရီးစဉ်ဒေသ ဖြစ်ပါသည်။

အဆိုပါ ဒေသများသို့ သွားရောက် ကြသော ပြည်တွင်းခရီးသွားများ၏ စာရင်းကိုမူ မရရှိနိုင်ခဲ့ပါ။

အထက်ပါ တွေ့ရှိချက်များအရလာမည့် (၂)နှစ်တွင် အဆိုပါ ဒေသများသည် လာရောက်ကြသော ဧည့်သည်ဦးရေ (၂) ဆ တိုးမည်ဟု ခန့်မှန်းချက်များသည် အခြေမခိုင်ကြောင်း တွေ့ရှိရပါသည်။ ဒေသတွင်း ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ဆွေးနွေးရာတွင်လည်း ၂၀၁၂ ခုနှစ်တွင် ဧည့်သည်အများဆုံး လာရောက်ခဲ့ကြကြောင်း၊ နောက်ပိုင်း ကျဆင်းလာကြောင်း ပြောကြားကြသည်။ ထို့အပြင် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ နှင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီများတွင် ဧည့်သည်အများဆုံး ဖြစ်ခဲ့ကာ ညောင်ရွှေမြို့တွင် တည်းခိုရန်ပင် မရှိတော့ သဖြင့်

ဘုန်းကြီးကျောင်းများတွင် အိပ်ခဲ့ရသည်များ ရှိကြောင်းသိရှိရသည်။ ဤသို့အခန်း မလုံလောက်မှုများ ဖြစ်ခဲ့သဖြင့် အလွယ်တကူ မှတ်မိနေကြသည်။

ဤအချက်ကိုကြည့်၍ အင်းလေးကန် ဒေသ၏ ဈေးကွက် အုပ်စီးမှုမှာ လျော့ကျသွားသည်ဟု ဆိုနိုင်သည်။ အင်းလေးကန်သို့ လာရောက်ကြသော ဧည့်သည် ၁၁၀၀၀၀ ရှိသည်ဟု ဆိုရာတွင် တစ်နိုင်ငံလုံး၏ ဧည့်သည်ဝင်ရောက်မှု၏ ၅.၃ % သာရှိပါသည်။ လေကြောင်းဖြင့် လာရောက်ကြရာ ၂၀၀၂ ခုနှစ် ကရှိခဲ့သော ဈေးကွက် အုပ်စီးနိုင်မှု ၇% ထက် လျော့ကျနေပါသည်။


ထို့ကြောင့် ဖြစ်နိုင်ခြေအရှိဆုံးမှာ ၂၀၂၀ ပြည့်နှစ်တွင် အင်းလေးဒေသသို့ လာရောက်ကြမည့် ဧည့်သည် အရေအတွက်မှာ နှစ်စဉ် ၁၀ % တိုးတက်လာပြီး ၂၀၀၀၀၀ ခန့်သာရှိနိုင်ပါသည်။

ပြည်တွင်း ခရီးသွား ဦးရေမှာမူ စိတ်ချ ယုံကြည်ရသော စာရင်းဇယားများမရနိုင်သဖြင့် ခန့်မှန်းရန် ခက်ပါသည်။ ထို့ကြောင့် နောင်တွင် ဖွံ့ဖြိုးတိုးတက်လာမည့် အနေအထားများကို တွက်ချက်ခန့်မှန်းနိုင်ရန် ယခုကပင် ကြိုတင် ဆောင်ရွက်ထားရန် လိုပါမည်။

## ၇ — သဘာဝပတ်ဝန်းကျင် လေ့လာဆန်းစစ်ချက် နှင့် စိန်ခေါ်မှုများ

အင်းလေးကန်၏ ရေရှည်တည်တံ့မှုသည် အန္တရာယ်ရှိနေသည်မှာ ပေါ်လွင်နေပါသည်။ အိုင်ထွန်း ဗွက်ပေါက်နေသော ရေသေကွက်များ၊ ဒိုက် ၊ ရေညှိရေမှော်များ ပြည့်ကျပ်နေမှု ၊ လေထုညစ်ညမ်းမှု၊ မူရင်းဒေသရေတွင်းပေါက်ပင်များ မရှိတော့မှု ၊ မူရင်းဒေသငါးမျိုးများ မျိုးသုန်းမှု၊ ရေပြင်ကျယ်များ ကျဉ်းမြောင်းလာမှု၊ ရေပေါ် ဗေဒါများ ပြည့်ကျပ်လာမှု နှင့် ခရုများပေါများလာသည့် သဘာဝ ပတ်ဝန်းကျင် ပျက်စီးနေသည့် နေရာကြီး ဖြစ်လာပါလိမ့်မည်။

ယနေ့ကာလတွင်ပင် ယင်းအန္တရာယ်များ ရှိလာပြီဖြစ်ကြောင်း လက္ခဏာများ တွေ့လာရသည်။ ကန်အတွင်း အမှိုက်သရိုက်များအပြင် ရေညစ်ညမ်းမှုနှင့် ဂေဟစနစ် ပျက်ယွင်းမှုများကို တွေ့လာရသည်။



အင်းလေးရေပြင် ညစ်ညမ်းပြီး ကန်၏ရေရှည်တည်တံ့ရေးမရှိပါက ကန်ကို အားထားနေရသော ရွာများ ဒုက္ခရောက်ပါမည်။ အင်းလေးကန်၏ ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်နိုင်မှုလည်း ကျဆင်းသွားပါလိမ့်မည်။ ယခုအချိန်ကပင် အင်းရေပြင်ကျယ်လာရေး၊ ရေညစ်ညမ်းမှု လျှော့ချရေး၊ လေထုညစ်ညမ်းမှုလျှော့ချရေး၊ ရေတွင်ပေါက်ရောက်သော အပင်များ၊ ဒေသခံငါးမျိုးစိတ်များ ရှင်သန်ရေးစသည်တို့ကိုဆောင်ရွက်ကြမှသာလျှင် အင်းရေပြင်ကို အားထားမှီခိုမှု ပြုနေရသော ကျေးရွာများ အပြင် ခရီးသွားလုပ်ငန်းပါ ဖွံ့ဖြိုးနိုင်ပါလိမ့်မည်။

## ၇.၁ အဓိကရင်ဆိုင်နေရသော အန္တရာယ်များ


အဓိက ရင်ဆိုင်နေရသောအန္တရာယ်များမှာ

- ရေခြံများချဲ့ထွင်လာခြင်းကြောင့် အင်းရေပြင်ကျဉ်းမြောင်းလာခြင်း (၁၉၃၆ ခုနှစ် မှ ၂၀၀၀ ပြည့်နှစ်ကာလအတွင်း အင်းရေပြင် ၃၂.၄% ဆုံးရှုံးသွားပါသည်။)
- ဒေသခံရေတွင် ပေါက်ရောက်သော အပင်များကို အလွန်အကျွံ ထုတ်ယူသဖြင့် အပင်များ ပြုန်းတီးရုံသာမက ငါးများ၏ အစာရေစာကွင်းဆက်ကိုပါ ထိခိုက်လာပါသည်။
- အင်းထဲရှိ ရွာများမှ စွန့်ပြစ်သော အညစ်အကြေးများကြောင့် ရေထဲတွင် ဘတ်တီးရီးယားပိုး များပိုမိုလာသည်။ (အင်းရေပြင်နှင့် အင်းပတ်လည်တွင် လူဦးရေ ၆၀၀၀၀ ခန့် နေထိုင်လျှက် ရှိပါသည်။)
- ဗေဒါပင်များနှင့် ရေခြံလုပ်ငန်းများကြောင့် ရေပြင်နှင့် ကန်အောက်ခြေသို့ နေရောင် ခြည်မရောက်ရှိနိုင်ခြင်း
- မိလ္လာများ၊ ဓာတုမြေဩဇာများကြောင့် ရေတွင်းမသန့်ရှင်းသော ပစ္စည်းများပျော်ဝင်နေခြင်း
- အင်းရေစပ်များတွင် နုန်းပို့ချမှုများလာခြင်း
- မြေအသုံးချမှုပုံစံများပြောင်းလဲလာခြင်းနှင့် သစ်တောပြုန်းတီးမှုများကြောင့် ရေတိုက်စားမှုများ ဖြစ်ပေါ်လာကာ အင်းထဲသို့ နုန်းစီးဝင်ခြင်း (တောင်ပေါ်ဒေသ ၇၀ % သာ သစ်တောများရှိကာ ၆၀% သာလျှင် ထူထပ်သောတောများရှိသည်။)
- ကမ်းစပ်ရှိ ရေဝပ်ဒေသများ ဆုံးရှုံးရခြင်း၊ ရေခြံများအဖြစ် ပြောင်းလဲလာခြင်း
- ဒေသခံ ငါးဖိန်းအပါအဝင် ငါးမျိုးစိတ်များမှာ ငါးအလွန်အကျွံဖမ်းဆီးမှုများကြောင့် ပြုန်းတီးရ ခြင်း၊ လှေအသွားအလာများလာသဖြင့် ငါးပေါက်များ ခိုနားရာနေရာများ၊ ဥက်သားပေါက် ဇရိယာများ အနှောက်အယှက်ဖြစ်ခြင်း
- ပြင်ပ ငါးမျိုးဖြစ်သော တလားပီးယားကဲ့သို့ငါးများကို အင်းအတွင်း စိုက်ထည့်ခြင်းကြောင့် ဒေသခံမူရင်းငါးများ ပြုန်းတီးသွားခြင်းနှင့် မူလမျိုးစိတ်များနေရာတွင် စပ်မျိုးစိတ်အသစ်များ ဖြစ်ပေါ် လာခြင်း။

## ၇.၂ အခွင့်အလမ်းများ

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာ၍လည်း အင်းလေးကန်ဒေသအတွက် အခွင့်အလမ်းများလည်း တိုးတက်လာပါသည်။ ခရီးသွားလုပ်ငန်းသည် အင်းလေးကန်ဒေသ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေရပါမည်။

- ဒေသခံ ရေညှိရေမှော်ပင်များကို သန့်စွမ်းရှင်သန်ရေး အင်းရေပြင်သန့်ရှင်း ကြည်လင်ရေး
- အင်းရေပြင်ကျယ်ပြန့်ရေး
- ဒေသခံ ငါးနှင့် ငှက်မျိုးစိတ်များ ကာကွယ်စောင့်ရှောက်ရေး
- လေထု ညစ်ညမ်းမှု ကာကွယ်ရေး
- ဒေသခံပြည်သူအစုအဖွဲ့၏ စားဝတ်နေရေးကို အကာအကွယ်ပေးရေး
- ဒေသခံရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ကာကွယ်ထိန်းသိမ်းရေး



## ၈။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးတွင်ရင်ဆိုင်နေရသောအခက်အခဲ စိန်ခေါ်မှုများ

ဒေသ၏အခက်အခဲသည်ဆွဲတောင်မှုများမှ သဘာဝရှုခင်းနှင့် ဒေသခံတို့၏ ယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည်။ ဤဆွဲဆောင်မှု (၂)ခုစလုံး အလွန် ထိရှလွယ်ပါသည်။ စနစ်တကျ ကြီးကြပ်မှုမရှိပဲ အလျှင်အမြန်တိုးတက်မှုကို ဦးစားပေးမှုကြောင့် ပျက်စီးလွယ်ပါသည်။

### ၈-၁ အရေးကြီးဆုံးပြဿနာများ

### ၈ . ၁. ၁ ဘက်စုံပါဝင်သော စီမံကိန်းမရှိခြင်း

**အင်းလေးကန်ဒေသခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာတွင် ဘက်ဆုံ၊ ကဏ္ဍစုံ၊ ပါဝင်သော ခြုံငုံသည့် စီမံကိန်းတစ်ရပ်မရှိပါ။** အစိုးရဌာန အသီးသီးက မိမိတာဝန်ယူထားသည့် ကဏ္ဍကိုသာ ကြီးကြပ်စီမံခန့်ခွဲပါသည်။ ဥပမာ ဆည်မြောင်းဌာန၊ သစ်တောဌာန၊ ဟိုတယ်နှင့် ခရီးသွား၊ သယ်ယူ ပို့ဆောင်ရေး၊ အခြေခံအဆောက်အအုံပိုင်းစသဖြင့် မိမိတာဝန်ယူသည့်ကဏ္ဍကိုသာ ကြီးကြပ်စီမံခန့်ခွဲ ပါသည်။ ထို့အတူ ပုဂ္ဂလိကကဏ္ဍ၌လည်း မိမိတို့၏လုပ်ငန်းများဈေးကွက်မြှင့်တင်ရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းမရှိပါ။ ယခုစာတမ်းပါ အင်းလေးကန် ထိန်းသိမ်း စောင့်ရှောက်ရေး အာဏာပိုင်အဖွဲ့သည် ဒေသဆိုင်ရာ ခရီးစဉ် ဒေသစီမံခန့်ခွဲမှုအဖွဲ့၏ အားပေး ထောက်ခံမှုဖြင့် အထက်ပါ တကွဲတစ်ပြားစီ ဖြစ်နေသောဌာန အသီးသီး၏ လုပ်ငန်းများကို စုစည်း ညှိနှိုင်းပေးရန်ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံး လုပ်ထုံး လုပ်နည်းများကို အကြံဉာဏ်ပေးခြင်း၊ လေ့ကျင့်ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း နှင့် လုပ်ငန်းရှင်များအတွက် အကောင်းဆုံး လုပ်ထုံးလုပ်နည်းများ ဖော်ထုတ်ပေးခြင်း စသည်ဖြင့် ကူညီ နိုင်ပါသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကြောင့် လူမှုစီးပွားရေးဘဝအပေါ် သက်ရောက်မှုသည်လည်း ကြီးမားသည့်အပြင် ပြယုဂ်လည်း ကောင်းသဖြင့် ပုဂ္ဂိုလ်အများစုက ဒေသအတွင်း ဖွံ့ဖြိုးရေးကို အဟန့်အတား ဖြစ်နေမှုများကို ခရီးသွားလုပ်ငန်းအနေဖြင့် ဖြေရှင်းပေးနိုင်လိမ့်မည်ဟု ထင်မြင်ယူဆ ထားကြသည်။ တကယ်တွင် ဤအမြင်သည် မှန်ကန်သည်ဟု ပြော၍မရပါ။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာသည် နှင့်အမျှ အခြားမကောင်းသော အကျိုးဆက်များပါ ဒွန်တွဲပါဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဘက်စုံဒေါင့်စုံမှ ပါဝင်သည့် **အားလုံးခြုံငုံသည့်စီမံကိန်း** ရှိမှသာလျှင် ခရီးသွား လုပ်ငန်းကြောင့် ဖြစ်ပေါ်နိုင်မည့် ဆိုးကျိုးများကို လျှော့ပါးစေကာ ကောင်းကျိုးများကို ပိုမိုဖြစ် ပေါ်စေပါမည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အဆောက်အအုံများ ဆောက်လုပ်ရေး စသော ရုပ်ပိုင်းဆိုင်ရာကဏ္ဍများသာမက ဥပဒေကြောင့်၊ ဈေးကွက်မြှင့်တင်ရေး၊ ဘဏ္ဍာရေး၊ စီးပွားရေး၊ ဈေးကွက်သုတေသန၊ ခရီးစဉ်ဒေသများအား စနစ်တကျစီမံခန့်ခွဲနိုင်မှု ၊ လူမှုရေးနှင့် သဘာဝ

ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စများစသည်တို့ကိုပါ ထည့်သွင်းစဉ်းစား ရေးဆွဲမှသာလျှင် ဒေသအတွက် အကျိုးရှိပါမည်။

ဤသို့ဘက်စုံပါဝင်သော စီမံကိန်းအရ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှသာ ခရီးသွား လုပ်ငန်းဖွံ့ဖြိုးရေးမှ အသီးအပွင့်များကို ဒေသခံများရယူခံစား နိုင်ပါလိမ့်မည်။ ဧည့်သည်များ သာမက ဒေသခံများပါ အနားယူအပန်းဖြေနိုင်သည့် အခွင့်အရေးများ ရရှိပါစေလိမ့်မည်။ ထို့အပြင် ဒေသနှင့် ကိုက်ညီသော ခရီးသွားဝန်ဆောင်မှုများ၊ ဟိုတယ်စသည်များ ပေါ်ထွက်လာပါလိမ့်မည်။ ဤသို့ခရီးစဉ် ဒေသစီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းနိုင်ခြင်းဖြင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးမှုများသည် ဒေသ၏ စီးပွားရေး၊ လူမှုရေး ယဉ်ကျေးမှုစံနှုန်းများနှင့် ကိုက်ညီမှုရှိကာ ဒေသခံများသာမက ဧည့်သည်များ အတွက်ပါ စိတ်ချသာမှ ကျေနပ်မှုကို ဖြစ်ပေါ်စေပါလိမ့်မည်။

## ၈ . ၁. ၂ ဧည့်သည်ရောက်ရှိမှုနှင့်ပြန့်နှံ့မှု

**ဧည့်သည်ရောက်ရှိမှုတက်နေပါသည်** - ဒါကကောင်းပါသည်။ သို့ရာတွင် တစ်ဖက်တွင် ဧည့်သည် ဦးရေ များလာပါက ပြဿနာများပါ တွဲပါလာတတ်ပါသည်။ ဥပမာ- ညောင်ရွှေမြို့တွင် ကားရှုပ်ထွေး ပါသည်။ အင်းထဲတွင် လှေအသွားအလာ ရှုပ်လာပါသည်။ ညောင်ရွှေမြို့တွင် ဟိုတယ်အသစ်များ ဆောက်နေကြပါသည်။ သို့ရာတွင် အနာဂတ် တစ်ချိန်ချိန်တွင် အခန်း မလုံလောက်မှုနှင့် ကြုံတွေ့ လာနိုင်ပါသည်။ ထို့ကြောင့် ဟိုတယ်များဆောက်ရန် မြေနေရာအသစ်များ ဖော်ထုတ်ရ ပါမည်။

**ခရီးသွားဧည့်သည်များနေရာအနည်းတွင်စုပုံနေခြင်း** - ခရီးသွားလုပ်ငန်းတိုးတက်လာသည်နှင့်အမျှ ဤပြဿနာကို ကြုံရပါလိမ့်မည်။ ထို့ကြောင့် ဧည့်သည်များအား အခြားနေရာဒေသများသို့ပါ ဖြန့်၍ လည်ပတ်စေခြင်းဖြင့် ခရီးသွားလုပ်ငန်း၏အကျိုးကျေးဇူးများကို အခြားဒေသများကပါ ခံစားနိုင်ကြရန် ဆောင်ရွက်ပေးရပါမည်။ ဤသို့ဆောင်ရွက်ပေးမှသာ ဧည့်သည်များ တစ်နေရာတည်းစုပြုံနေခြင်း၊ ယင်းသို့ စုပြုံနေခြင်းကြောင့် ဖြစ်ပေါ်လာသည့် သက်ရောက်မှုများကို လျော့ပါးစေကာ ဒေသရှိ ပါဝင်ပတ်သက်မှု မရှိသေးသော အစုအဖွဲ့များကိုလည်း အကျိုးသက်ရောက်စေပါမည်။

**တောင်ပေါ်ဒေသရှိဒေသခံများအနေဖြင့်ခရီးသွားလုပ်ငန်း၏အသီးအပွင့်များကို မခံစားရကြပါ။**

တောင်ပေါ်ဒေသရှိ ဒေသခံများအနေဖြင့် ခရီးသွားလုပ်ငန်း၏ အသီးအပွင့်များကို တိုက်ရိုက် (ဧည့်လမ်းညွှန်အဖြစ်လုပ်ကိုင်ခြင်းစသည်) သော်လည်းကောင်း၊ သွယ်ဝိုက်၍ (စားသောက်ဆိုင်များသို့ မိမိထွက်ကုန်များကို ဈေးကောင်းဖြင့်ရောင်းချခြင်း၊ ဟိုတယ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်ခြင်း)သော်လည်းကောင်း အားလုံးအမြဲအကျိုးခံစားရခြင်း မရှိကြပါ။ အချို့ လုပ်ငန်းရှင်များက ကျွမ်းကျင်လုပ်သားရှားပါးကြကြောင်း ပြောပါသည်။ ထို့အပြင် အချို့လက်မှုပစ္စည်း များမှာ အခြားဒေသများတွင် ထုတ်လုပ်ကြခြင်းဖြစ်ကြောင်းလည်း ပြောကြသည်။ ထို့ကြောင့် ဒေသတွင်း၌ ဒေသခံများ အလွယ်တကူလိုအပ်သော အသက်မွေးဝမ်းကြောင်းပညာများ ဆည်းပူး

နိုင်မည့် သင်တန်းကျောင်းတစ်ခု လိုအပ်နေပါသည်။ သို့မှသာ ခရီးသွားလုပ်ငန်းတွင် ဝင်ရောက် လုပ်ကိုင်နိုင်ကြမည်ဖြစ်ပါသည်။

## ၈. ၁. ၃ အမှိုက်စွန့်ပစ်မှု၊ ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှု

အစည်းအဝေး တက်ရောက်လာသူအများက အမှိုက်များကို စည်းမရှိကမ်းမရှိ စွန့်ပစ်မှုနှင့် အမှိုက်များပြန့်ကျဲနေမှုသည် ဒေသ၏ ပုံရိပ်ကိုထိခိုက်ကြောင်း ပြောကြသည်။ အဓိကမှာ ပလပ်စတစ်အိတ်များ၊ ပုလင်းခွံများကို စည်းကမ်း မရှိလွှင့်ပစ်ခြင်းဖြစ်သည်။ ထို့ကြောင့် ယင်းပစ္စည်းများ အသုံးပြုမှုကို လျှော့ချရေးနှင့် သဘာဝ ပတ်ဝန်းကျင်ကို မထိခိုက်သည့် အခြားပစ္စည်းများအသုံးချရေးတို့ကို လေ့လာရန် လိုပါသည်။ အင်းလေးကန်ရေပြင်နှင့် အနီးပတ်ဝန်းကျင်ဒေသတွင် လူဦးရေတိုးပွားလာခြင်းကြောင့် မိလ္လာ စွန့်ပစ်ရေးပြဿနာမှာ ကြီးထွားလာနေသည်။ မိလ္လာများကို စနစ်တကျစွန့်ပြစ် သိမ်းဆည်းခြင်းမပြု ပါက ဒေသရှိလူများ၏ ကျန်းမာရေးကို ထိခိုက်လာမည့်အပြင် ပတ်ဝန်းကျင်ကိုပါ ညစ်ညမ်းပျက်စီး စေပါသည်။ တောင်ပေါ်ဒေသတွင် တောမီးများလောင်ခြင်းကြောင့် မီးခိုးမှိုင်းများဖြစ်စေသည် သာမက လေထုညစ်ညမ်းမှုဖြစ်စေပါသည်။ ရေဝေရေလဲဒေသကို ပျက်စီးစေပါသည်။ ဤပြဿနာများ၊ ဆိုးကျိုးများကို ဖြေရှင်းရန်လိုပါသည်။

**လေ့များမှအင်ဂျင်သံများဆူညံမှု**များအပြင် ဒီဇယ်ဆီများဖိတ်စင်ခြင်း၊ လေ့ဝမ်းအတွင်းမှ ညစ်ပတ် နေသော ရေများကို အင်းထဲသို့ သွန်ပစ်ခြင်းများကြောင့် အင်းရေပြင်ညစ်ညမ်းရသည်ကို စိတ်ပူကြ သည်။ စရိတ်များစွာမကြီးသည့် နည်းပညာများကိုသုံး၍ အင်ဂျင်စက်များ၏ ဆူညံမှုကို ထိန်းနိုင်ရန် လေ့လာမှုများ ပြုလုပ်သင့်သည်။

## ၈. ၁. ၄ ကျန်းမာရေးစောင့်ရှောက်မှုနှင့်အရေးပေါ်အခြေအနေများ

ဒေသရှိ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အရေးပေါ်ကိစ္စများတွင် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ဖြည့်စွက်ရန် လိုပါသည်။ အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍတို့မှ ပုဂ္ဂိုလ်များ အား ဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်းနှင့် အရေးပေါ် အခြေအနေ စီမံခန့်ခွဲခြင်း သင်တန်းများ ပေးရန်လိုအပ်ပါသည်။

## ၈. ၁. ၅ အိပ်ခန်းဆောင်များပိုလျှံမှုအနာဂတ်တွင်ဖြစ်ပေါ်နိုင်

ဧည့်သည်များသောလများတွင် အိပ်ခန်းဆောင် မလုံလောက်မှုများ ရှိတတ်ပါသည်။ ဟိုတယ် များက ယင်းကာလများတွင် ဟိုတယ်များ၌ ၉၀% ဧည့်သည် ပြည့်သည်ဟု ဆိုကြသည်။ ဤဖြစ်ရပ်ကြောင့် ဟိုတယ်ဈေးများ တင်လိုက်သော်လည်း ဝန်ဆောင်မှုအဆင့်အတန်းက လိုက်လျော ညီထွေစွာတက်လာခြင်း မရှိသည်ကို တွေ့ရသည်။ ဤသို့ဈေးမြင့်လိုက်ခြင်း၏ အကျိုးဆက်မှာ

ဧည့်သည်များက **ပေးရသည့်ဟိုတယ်ခနှင့် ပြန်ရသည့် ဝန်ဆောင်မှုမှာတန်ရာတန်ကြေးမရှိ** ဟုအထင် ရောက်သွားသည်။

ဤသို့ ဟိုတယ်မလုံလောက်မှုကြုံတွေ့ခဲ့ရမှုကြောင့် ဟိုတယ်အသစ်ဆောက်လုပ်မှုများ များလာသည်။ ဟိုတယ်များ၏ ဗိသုကာ ပုံစံအမျိုးမျိုးကို တွေ့ရှိရရာ အချို့မှာဒေသ၏ ရိုးရာဓလေ့ပုံစံများနှင့် မကိုက်ညီသည်ကိုလည်း တွေ့ရပြန်သည်။ ဒေသ၏ ရိုးရာဗိသုကာပုံစံဖြင့် ဟိုတယ်များကို ဆောက်လုပ်ရာမရောက်သည့်အတွက် နောက်ထပ်အကျိုးဆက်မှာဒေသ၏ ခရီးသွားလုပ်ငန်းကိုပါ ထိခိုက်လာနိုင်ပါ သည်။

**ဟိုတယ်အိပ်ခန်းပိုလျှံမှု** ကိုလည်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု အခြေကျ တည်ငြိမ်လာသည့် အချိန်တွင် ကြုံတွေ့လာနိုင်ပါသည်။၂၀၁၇ခုနှစ်တွင် ဤဒေသ၌ ဟိုတယ်အခန်းပေါင်း ၅၀၀၀ခန့် ရှိလာမည်ဟု ခန့်မှန်းထားသည်။ ယခုစာတမ်းရေးသားနေသည့်အချိန်တွင်ပင် ညောင်ရွှေမြို့ပေါ်၌ ဟိုတယ်အသစ် (၁၇)လုံး တည်ဆောက်နေကြသည်။ အင်းစပ်တွင်လည်း နောက်ထပ် ဟိုတယ်အကြီးစား (၆)လုံး ထပ်မံပေါ်ပေါက်လာဦးမည်ဖြစ်သည်။ ယင်းဟိုတယ်များမှာ အင်းလေးဟိုတယ်ဇုံတွင် ဆောက်လုပ်မည့် ဟိုတယ်အသစ်များ မပါသေးပါ။

## ၈. ၁. ၆ ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရပ်ကျွမ်းကျင်မှုနည်းပါးခြင်းနှင့် ရေရှည်တည်တံ့မှုနှင့် စပ်လျဉ်း၍ အသိပညာခေါင်းပါးခြင်း။

ဆွေးနွေးပွဲများတွင် တွေ့ဆုံခဲ့သူအားလုံး (အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍများအပါအဝင်) တို့က **အရည်အချင်းမြှင့်တင်ရေးနှင့်အသက်မွေးဝမ်းကြောင်းပညာရပ်များသင်ကြားပေးရေး**တို့ကိုအလေးထား မေတ္တာရပ်ခံကြသည်။ ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ရေးနှင့် စပ်လျဉ်းသည့် ပညာဗဟုသုတများကို အစိုးရပိုင်၊ ပုဂ္ဂလိကပိုင်း သာမဟုတ် ဒေသခံများကိုပါ ဖြန့်ဖြူးပေးရန်လိုပါသည်။ ဟိုတယ်ပိုင်ရှင်အချို့သည် မိမိတို့တတ်စွမ်းသည့်အလျောက် ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ရေးကို ဆောင်ရွက်လျှက်ရှိကြသော်လည်း **အများစုမှာ မိမိလုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနှင့် စပ်လျဉ်း၍ နားမလည်ဂရုမစိုက်ကြပါ။** ဤသို့ ဂရုမစိုက် နားမလည်သူများထဲတွင် ခရီးသွားလုပ်ငန်းရှင်များ၊ လှေပိုင်ရှင်များ၊ တောတွင်းခရီးကြမ်းလမ်းလျှောက်ဝန်ဆောင်မှုပေးနေကြသော ဧည့်လမ်းညွှန်များအပြင် အသေးစားဧည့်ရိပ်သာပိုင်ရှင်များပင် ပါဝင်ကြပါသည်။ အင်းလေးကန်ဒေသအတွင်း လျှပ်စစ်ဓာတ်အား မလုံလောက်မှုကို နေရောင်ခြည်စွမ်းအင်သုံး၍လည်းကောင်း၊ အင်းရေပြင်ကို မညစ်ညမ်းစေရန် စနစ်တကျ အိမ်သာအညစ်အကြေးစွန့်ပြစ်မှု စနစ်ကို ကျင့်သုံးခြင်းဖြင့်လည်းကောင်း အစားထိုးဆောင်ရွက်ကြရန် လိုအပ်နေပါသည်။

### ၈.၂ ဒေသခံများနှင့်ခရီးသွားလုပ်ငန်းတွင်ပါဝင်ပက်သက်နေသူများ၏အမြင်နှင့် ဦးစားပေးကဏ္ဍများ

ဤစာတမ်းကိုရေးသားနိုင်ရန်အတွက် စာတမ်းရှင်များသည်ဒေသတွင်းရှိ ပုဂ္ဂိုလ်၊ အဖွဲ့အစည်း အများအပြားနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ယင်းဆွေးနွေးပွဲများမှ ရရှိသော အဖြေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- **အခြေခံအဆောက်အအုံများ**ကို အဆင့်မြင့်ရန်လိုအပ်ကြောင်း။ သို့ရာတွင် ဒေသ၏ သဘာဝပတ်ဝန်းကျင်နှင့် ညီညွတ်ရန်လိုအပ်ကြောင်း၊ လမ်းများကိုလည်း အဆင့်မြင့်သင့် ကြောင်း၊ လမ်းတည်ဆောက်မှုပိုင်းသာမက လမ်းဘေးရေစီးရေလာ ကောင်းမွန်အောင် ဆောင်ရွက်မှသာလျှင် ရာသီမရွေး သွားလာနိုင်သောလမ်း ဖြစ်လာမည်ဖြစ်ကြောင်း

- **ဝန်ထမ်းများခန့်ထားရာ၌လည်း** အချို့ရာထူးများတွင် ပြင်ပပုဂ္ဂိုလ်များလိုအပ်သည်မှာ မှန်သော်လည်း ဖြစ်နိုင်ပါက ရှမ်းပြည်နယ် သို့မဟုတ် အင်းလေးဒေသခံများကို ဦးစားပေး ခန့်ထားသင့်ကြောင်း။

- လက်ဆုပ်လက်ကိုင်မပြနိုင်သော **ယဉ်ကျေးမှုအမွေအနှစ်များ** (သီချင်း၊အက၊ယုံကြည်မှု) စသည်များကို ထိန်းသိမ်းစောင့်ရှောက်ရန် အရေးကြီးကြောင်းနှင့် အတတ်နိုင်ဆုံး ဆိုးကျိုး များ မကျရောက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

- ဒေသ၏ **သဘာဝပတ်ဝန်းကျင်ကို အထူးတန်ဖိုးထား**ရမည်ဖြစ်ကြောင်း၊ သို့ရာတွင် တစ်ဖက်မှလည်း ဧည့်သည်များကို ဝန်ဆောင်မှုပေးရေးသည် အရေးကြီးပြန်ကြောင်း၊ ထို့ကြောင့် အနာဂတ်တွင် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ပြီး မြို့ပြလူနေမှု သိပ်သည်းလာခြင်းကိုမလိုလားပဲအထပ်နိမ့်အဆောက်အအုံများဆောက်လုပ်သင့်ကြောင်း။

- ဟိုတယ်လုပ်ငန်းရှင်များအတွင်း၌ **ဟိုတယ်ဗိသုကာပုံစံ**နှင့် စပ်လျဉ်း၍ သဘောထား အမျိုးမျိုး ရှိကြပါသည်။ အများ၏သဘောထားမှာ အခန်းများပြားသော ဟိုတယ် အဆောက်အအုံကြီးတစ်လုံး ဆောက်လုပ်ခြင်းထက် ဘန်ဂလိုပုံစံ အိပ်ဆောင်များ ဆောက်လုပ်မှုကို သဘောကျကြပါသည်။ ဤနေရာတွင် အဓိကပြဿနာမှာ မြေပိုင်ဆိုင်မှု ပြဿနာ ဖြစ်နေပါသည်။

- လက်ဆုပ်လက်ကိုင် ပြနိုင်သော **ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော ရှေးဟောင်းဗိသုကာ လက်ရာအဆောက်အဦး**များ၏ တန်ဖိုးကိုနားလည်ကြသော်လည်း ထိန်းသိမ်းရန် လွယ်ကူ သော အဆောက်အဦးများကို ထိန်းသိမ်းပြီး အိုမင်းဟောင်းနွမ်းလွန်းသော အဆောက် အဦးများကိုမူ ဖျက်၍အသစ်ပြန်လည်ဆောက်လိုကြသည်။

- **ဒေသတွင်ဧည့်သည်များလှည့်လည်သွားရောက်ရာတွင်** ခရီးကြမ်းလမ်းလျှောက်ခြင်း၊ ခရီးကြမ်းစက်ဘီးစီးခြင်း စသော အသံတိတ်သည့် ခရီးစဉ်များကို ပိုမိုသဘောကျကြသည်။ နောက်တစ်ချက်မှာ ဧည့်သည်များအရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှု လိုအပ်ပါက ဆေးရုံဆေးခန်းများသို့ အလွယ်တကူ ပြသ ကုသနိုင်ရေး ဖြစ်ပါသည်။ ကာစီနိုကဲ့သို့ လောင်းကစားခရီးသွားလုပ်ငန်းကိုမူ အားလုံးလိုလိုက လက်မခံကြပါ။

- **ဧည့်သည် အရေအတွက် ထိန်းချုပ်ရေးကို** အားလုံးက လက်ခံကြပါသည်။ မည်သူကမျှ ဧည့်သည် အမြောက်အမြား လာရောက်ပြီး ဒေသအတွင်း မနိုင်မနင်းဖြစ်မည်ကို မလိုလားကြပါ။ တစ်ဖက်တွင်လည်း ဧည့်သည်များသည် ဒေသ၏စီးပွားရေးအတွက် အရေးကြီးကြောင်းကို သဘောပေါက် ကြပါသည်။

- **ဧည့်သည်အမျိုးအစားများ**နှင့်စပ်လျဉ်း၍မူ ဒေသ၏အကြောင်းကိုလည်း စိတ်ဝင်စားပြီး ဒေသခံများ၏ လိုအပ်ချက်များ၊ ဆန္ဒများကိုခံစားတတ်သော ဧည့်သည်အမျိုးအစားများကို လိုလားကြ ပါသည်။

- **သဘာဝပတ်ဝန်းကျင်**မှာလည်း သန့်ရှင်းမှုလိုအပ်ကြောင်း နားလည်ကြပါသည်။ အမှိုက်သရိုက် စနစ်တကျ သိမ်းဆည်းစွန့်ပစ်ရေး၊ သစ်တောသစ်ပင် ထိန်းသိမ်းရေးနှင့် တောင်ယာ မီးရှို့ခြင်း များကို ကြပ်မတ်ထိန်းသိမ်းသင့်ကြောင်း တင်ပြကြပါသည်။

- **Homestay ခေါ်ဒေသခံများ၏ အိမ်များတွင်ဧည့်သည်များ ညအိပ်တည်းခိုခွင့်**နှင့် စပ်လျဉ်း၍နမူနာအဖြစ် တစ်နေရာတွင် အကန့်အသတ်ဖြင့် ခွင့်ပြုသင့်ကြောင်း သို့မှသာ အောက်ခြေ ဒေသခံများလည်း ခရီးသွားလုပ်ငန်း၏ အကျိုးကျေးဇူးများကို ခံစားကြရမည် ဖြစ်ကြောင်း၊ ဤသို့ အကန့်အသတ်ဖြင့် ခွင့်ပြုရာတွင် ဧည့်လမ်းညွှန်များအတွက်လည်း ဆောင်ရန်ရှောင်ရန်များ ပါဝင်သင့်ကြောင်း။

- **လူငယ်များအား ခရီးသွားလုပ်ငန်း၏ ကဏ္ဍအသီးသီးတွင် ဝင်ရောက်လုပ်ကိုင်နိုင်ကြရန် ပညာဗဟုသုတများ ဖြန့်ဝေရန်နှင့် လေ့ကျင့်သင်ကြားပေးရန်လိုအပ်ကြောင်း**၊ ဧည့်လမ်းညွှန်များအတွက်သာ သင်တန်းများ ဖွင့်လှစ်ခြင်းမဟုတ်ဘဲ အခြားဆက်စပ်နေသော စီးပွားရေးကဏ္ဍများတွင်ပါ သင်တန်းများဖွင့်လှစ်ပေးရန် လိုအပ်ကြောင်း။

- **ကျန်းမာရေး အရေးပေါ်ကိစ္စရပ်များ** ပေါ်ပေါက်လာပါက မည်သို့ဆောင်ရွက်ရမည်ကို ဒေသတစ်ခုလုံး ခြုံငုံ၍ လုပ်ထုံးလုပ်နည်းများ ချမှတ်သင့်ကြောင်း၊ ယခုအခါတွင် အချို့

မြို့နယ်ဆေးရုံများသည် နိုင်ငံခြားသားဆိုလျှင် မထိရဲ ၊ မကိုင်ရဲသည့် အနေအထားဖြစ်နေကြောင်း။

## ၈. ၃ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်အမွေအနှစ်

**ပုံစံအမျိုးစုံဖြင့် တည်ရှိနေသော အမွေအနှစ်များ၏ အရေးကြီးပုံကို ယခုကဲ့သို့ တဟုန်ထိုး ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်နေသောအချိန်များတွင် မေ့လျော့ထားတတ်ကြသည်။** သမိုင်းအမွေအနှစ်ဆိုသည်မှာ မိမိတို့ဘယ်သူတွေလဲ၊ ဘဝမှာ ဘယ်လိုနေရာမှပါဝင်ကပြနေရတာလဲဆိုသော အဖြေကို ပေးပါသည်။ ပျောက်ဆုံးပျက်စီးသွားသော သမိုင်းအမွေအနှစ်ဆိုသည်မှာ ကာလတာရှည်စွာ ကြိုးစားပြီးပြန်လည် ဆယ်ယူသော်လည်း မရနိုင်တော့ပါ။ ထို့အပြင် လူ့ဘောင်လောကအတွက် ဆုံးရှုံးမှုပင် ဖြစ်ပါတော့သည်။

ထို့ကြောင့်အင်းလေးကန် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် အရည်အသွေးနှင့် ယဉ်ကျေးမှု မပျက်စီးစေရေးကို ဟန်ချက်ညီစွာဖြစ်စေပြီး ရေရှည်တည်တံ့ပြီး တန်ဖိုးမြင့်သော ခရီးစဉ်ဒေသဖြစ်စေရန် လိုအပ်ပါသည်။ အထူးသဖြင့် ယနေ့အချိန်အခါကဲ့သို့ စီးပွားရေး လူမှုရေးကဏ္ဍများတွင် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသည့်အချိန်၊ အခြားမတူညီသော ယဉ်ကျေးမှုများက ထိုးဖောက်ဝင်ရောက်လာနေသည့်အချိန်များတွင် မိမိတို့၏ လက်ဆုပ်လက်ကိုင်ပြနိုင်သော သမိုင်းအမွေအနှစ်များရော၊ လက်ဆုပ်လက်ကိုင်မပြနိုင်သည့် အမွေအနှစ်များကိုပါ ကာကွယ်ထိန်းသိမ်းခြင်းအပြင် မြတ်မြတ်နိုးနိုးဖြင့် ဂုဏ်ယူတတ်ရန် အရေးကြီးပါသည်။ သို့ရာတွင် ဤအချက်ကို ခရီးသွားလုပ်ငန်းရှင်နှင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်အချို့က နားမလည်ကြပါ။ ယင်းတို့၏ အာရုံမှာ ဝင်ငွေတိုးတက်ရရှိရေးက သမိုင်းအမွေအနှစ် ထိန်းသိမ်းရေးဟူသော မမြင်ရသည့် ကိစ္စထက် ပိုမိုအရေးကြီးနေပါသည်။

နိုင်ငံအများတွင် ဤသို့စီးပွားရေး အပြောင်းအလဲဖြစ်ချိန်၊ တဟုန်ထိုးတိုးတက်ချိန်တို့တွင် မိမိတို့၏ သမိုင်းအမွေအနှစ်များ ပျောက်ဆုံးပျက်စီးမှုများကို ကြုံတွေ့ရတတ်ပါသည်။ ဆောက်လုပ်ရေး လုပ်ငန်းရှင်များ၏ မျက်စိထဲတွင် မလှပ သို့မဟုတ် ခေတ်မမှီဟု ယူဆသော ရှေးဟောင်းအဆောက်အဦးများ ပျောက်ဆုံး ဆုံးရှုံးခဲ့ရပါသည်။ ခရီးသွားလုပ်ငန်းတွင် ပါဝင်လာသော မြို့များနှင့် ကျေးလက်များတွင် ကုန်ဈေးနှုန်းများ မြင့်တက်လာသည်။ မူလနေသူများမှာ တက်လာသော ကုန်ဈေးနှုန်းများ ဒဏ်ကို မခံနိုင်သဖြင့် မြို့ပြင်သို့ရောက်ကုန်သည်။ တဖက်တွင် ဒေသခံများ အနေဖြင့် ခရီးသွားလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ရန် လိုအပ်သော စီးပွားရေး အခြေခံပညာ ဗဟုသုတ မရှိကြပါ။ မိမိတို့ရိုးရာဓလေ့များကိုလည်း ခေတ်နောက်ကျသည်ဟု ပြောသူများရှိနေကာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်အောက်တွင် ပျောက်ပျက်သွားတတ်ကြသည်။

**လက်ဆုပ်လက်ကိုင်မပြနိုင်သော ယဉ်ကျေးမှု အမွေအနှစ်များ** - တဟုန်ထိုး ဖြစ်ပေါ်တိုးတက်လာသော အခြေအနေများကြောင့် လူငယ်များအနေဖြင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှု အခြေခံများကို

မေ့ပျောက်သွားတတ်ကြသည်။ အထူးသဖြင့် လက်ဆုပ်လက်ကိုင်ပြရန် ခက်ခဲသော မိမိတို့၏ ရိုးရာအခြေခံများ၊ မိမိ၏မြေကို ခင်မင်တွယ်တာမှု၊ မိမိတို့၏ဇာတိကို မေ့ပျောက်မှုများ ဖြစ်ပေါ်လာတတ်သည်။ (ဥပမာ − အင်းသားများသည် အင်းလေးဒေသ၏ ခရီးသွားလုပ်ငန်းတွင် တန်းတူရည်တူပါဝင်ပတ်သက်မှု အခွင့်အရေးမရပါက အဆိုပါ စိတ်ပိုင်းဆိုင်ရာ ခံစားမှုများ ဖြစ်ပေါ်လာတတ်ပါသည်။)

**လက်ဆုပ်လက်ကိုင်ပြနိုင်သောယဉ်ကျေးမှုအမွေအနှစ်များ** - ရှေးဟောင်းအမွေအနှစ် အဆောက်အအုံ များကိုဖျက်၍ ယင်းတို့၏ နေရာတွင် အဆောက်အအုံအသစ်များ ဆောက်လုပ်လိုက်သည်။ မြို့ပေါ်ရှိ အဆောက်အုံများကို ထိန်းသိမ်းစောင့်ရှောက်ရန် လွယ်ကူကောင်းလွယ်ကူမည်ဖြစ်သော်လည်း မြို့ပေါ်ရှိ လူများအား ထိန်းသိမ်းရန် မလွယ်ကူပါ။ မြို့ခံများအနေဖြင့် ခရီးသွား လုပ်ငန်း ဖွံ့ဖြိုးလာသည်နှင့်အမျှ မြို့ပေါ်၏ စားဝတ်နေရေးဈေးနှုန်းများမြင့်တက်လာသည့် ဒဏ်ကို မခံနိုင်၍ အခြားသို့ ပြောင်းရွှေ့သွားကြသည်။

**သဘာဝပတ်ဝန်းကျင်အမွေအနှစ်များ** - ဒေသတွင်းခရီးသွား ဧည့်သည်ဦးရေတိုးလာသည်နှင့်အမျှ သဘာဝ ပတ်ဝန်းကျင် အပေါ်သက်ရောက်မှုများ ပိုများလာသည်။ ( ဥပမာ − ဧည့်သည်တစ်ဦး၏ ရေအသုံးပြုမှုသည် ဒေသခံတစ်ဦး အသုံးပြုမှုထက် (၆) ဆခန့် ပိုသဖြင့် ရေအရင်းအမြစ်များ အပေါ်ဝန်ပိလာသည်။) လျှပ်စစ်ဓာတ်အား အသုံးပြုမှုပိုလာသည်။ (ကာဗွန်ထုတ်လုပ်မှု တိုးမြင့်လာသည်။) ဟိုတယ်သစ်များ ဆောက်လုပ်မှုကြောင့် မြေလွတ်ရှားပါးလာသည်။ (ပလပ်စတစ်၊ ရေဆိုးများ နှင့် အထူးသဖြင့် မိလ္လာ အညစ်အကြေးများ)

**ဒေသခံလူ့အဖွဲ့အစည်းများလည်းပါဝင်ခွင့်ရရှိရေး** - (ခရီးသွားလုပ်ငန်းတွင် မပါဝင်ကြသူများ အပါအဝင်) သည်အရေးကြီးပါသည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာသည်နှင့်အမျှ ယင်း၏အကျိုးကို ဆင့်ပွား ရရှိခံစားလာနိုင်ကြမည် ဖြစ်ပါသည်။ သို့ရာတွင် ဤအကျိုးကို လူတိုင်းခံစားခွင့် မရကြကြောင်း တွေ့ရသည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းသည် ဘက်စုံ ထောင့်စုံပါဝင်သော ခြုံငုံသည့် စီးပွားရေး ဖွံ့ဖြိုးမှု စီမံကိန်းတွင် အရေးကြီးသော အစိတ်အပိုင်းအဖြစ် ထည့်သွင်းရပါမည်။ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ စီမံကိန်း ရေးဆွဲသူများ ဤအချက်ကို သတိပြုကြရန်လိုပါသည်။

**ဒေသတွင်းရှိ သမိုင်းဝင်အဆောက်အဦးများ မြို့တည်ရှိမှုစသော လက်ဆုပ်လက်ကိုင်ပြနိုင်သည့် အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုပါသည်။** သမိုင်းတန်ဖိုး ကြီးမားသော အဆောက်အဦးများကို မျက်စိပသာဒ အတွက် ထိန်းသိမ်းထားသင့်ပါသည်။ သို့ရာတွင် ယင်းအဆောက်အဦးများ အလဟသ ဖြစ်မနေစေပဲ အကျိုးရှိစွာ အသုံးပြုနိုင်ရန်လည်း ဆောင်ရွက်ရပါမည်။ သမိုင်းတန်ဖိုးရှိသော အဆောက်အအုံများရှိသော ရပ်ကွက်များကိုလည်း စနစ်တကျ ထိန်းသိမ်းထားရန် လိုပါသည်။

ရှေးရိုးလူ့အဖွဲ့အစည်းများကို ထိန်းသိမ်းစောင့်ရှောက်ပြီး ခရီးသွားလုပ်ငန်းတွင် ပါဝင်လာစေခြင်းဖြင့် မြို့ပြများနှင့် ယင်းတို့၏ ဇာတိမြေများကို ဆက်စပ်ပေးပါ။ ဤကိစ္စကို ဆောင်ရွက် အကောင်အထည်

ဖော်ရန်မှာ ခက်ခဲပါသည်။ အများအားဖြင့် ငွေလွယ်လွယ်ကူကူရရန် မိမိပိုင်မြေကွက်ကို ရောင်းချလိုသည့်ဆန္ဒကို တားဆီးကျော်လွှန်ရန် မလွယ်ပါ။ ထိုသို့ ရောင်းချပြီးသော်လည်း ချက်ခြင်း စီးပွားရေးလုပ်ငန်းတွင် ဝင်ရောက်ဆောင်ရွက်ပြီး ဝန်ဆောင်မှုပေးရန်ဆိုသည်မှာလည်း မလွယ်ပါ။ သို့ရာတွင် ခရီးသွားလုပ်ငန်းအနေဖြင့် ယင်းလူ့အဖွဲ့အစည်းများအား လိုအပ်သော လေ့ကျင့်ပညာပေးမှုများပြုလုပ်ကာ ခရီးသွားလုပ်ငန်းအတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း စည်းရုံးဆွဲသွင်းရမည် ဖြစ်ပါသည်။

**ဒေသခံများအားခရီးသွားလုပ်ငန်း၏ တန်ဖိုးတွက်ချက်မှုနှင့် ပစ္စည်းထောက်ပံ့ရေးကွင်းဆက်အတွင်း ပါဝင်လာအောင်ဆောင်ရွက်ရပါမည်။** ခရီးသွားလုပ်ငန်းအနေဖြင့် ဒေသခံများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများအား ခေါင်းပုံဖြတ်မှုအသုံးချမှုမျိုးမဖြစ်သင့်ပါ။ ထို့အပြင် ဒေသထွက်ပစ္စည်းများ ဝန်ဆောင်မှုများကိုလည်း ဝယ်ယူသုံးစွဲမှုများပြုရပါမည်။



A girl wearing Thanaka: an unique part of Myanmar's cultural heritagtage

## ၈. ၄ အင်းလေးကန်ဒေသ၏ အားသာချက် အားနည်းချက်များကို ဆန်းစစ်ခြင်း။

SWOT ခေါ် အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းများ၊ စိန်ခေါ်မှုများကို ဇယားချ လေ့လာခြင်းဖြင့် လုပ်ငန်းတစ်ခု၏အတွင်းစည်းနှင့် ပြင်ပမှ မိမိလုပ်ငန်းအပေါ် သက်ရောက်လာနိုင်သည့် အနေအထားများကို သိရှိနိုင်ပါသည်။ ဤနေရာတွင် "လုပ်ငန်း" ဆိုရာ၌ ခရီးသွားလုပ်ငန်းကို ဆိုလိုပါသည်။

| အားသာချက် | အားနည်းချက် |
|---|---|
| • အစိုးရက ခရီးသွားလုပ်ငန်းကို ဦးစားပေးအဖြစ် သတ်မှတ်ထားသည်။<br>• ဧည့်သည်ဝင်ရောက်မှု တိုးတက်လာသည်<br>• ထူးခြားသော သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုတို့ ရှိသည်။<br>• အစားအသောက်ကောင်းများရှိသည်။<br>• ဧည့်သည်စီပွားရေးအတွက်လိုအပ်သော သဘောကောင်းပြီး ချစ်ခင်တတ်သော ဒေသခံများရှိသည်။<br>• ဒေသတွင်းခရီးစဉ်ဒေသအသစ်များ ပေါ်ထွက်လာနေသည်။<br>• လုပ်ငန်းတွင် ပါဝင်ပတ်သက်နေသူများက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးမှုကို အားသန်သည်။ | • အင်းလေးကန်နှင့် ပတ်ဝန်းကျင်ဒေသများတွင် ကြီးမားသော သဘာဝပတ်ဝန်းကျင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။<br>• ခရီးသွားလုပ်ငန်းကဏ္ဍအတွင်း ကျွမ်းကျင်လုပ်သား များ ရှားပါးမှု။<br>• အခြေခံအဆောက်အအုံမလုံလောက်ခြင်း၊ အစိုးရပိုင်းမှ အားနည်းမှု၊ ဘဏ္ဍာရေးဆိုင်ရာအားနည်းမှု။<br>• ကြီးကြပ်မှုစနစ်များ အားနည်းမှု<br>• အချို့နေရာများတွင် လုံခြုံရေးအားနည်းမှု (ပအိုဝ့်၊ကယား)<br>• ဧည့်သည်ဝင်ရောက်မှု ရာသီအလိုက်အတက်အကျ ဖြစ်မှု |

| အခွင့်အလမ်းများ | စိန်ခေါ်မှုများ |
|---|---|
| • နေရာဒေသအချက်အခြာကျသည့်အပြင် လေယာဉ်ခရီးစဉ်လည်းရှိခြင်း။<br>• ဈေးကွက်အရ ဝယ်လိုအားရှိခြင်း။<br>• နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်း<br>• ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာခြင်း<br>• ကျွမ်းကျင်မှု နှင့် နည်းပညာ လွှဲပြောင်းမှု<br>• ယဉ်ကျေးမှု မတူသူအချင်းချင်း ယဉ်ကျေးမှု ဖလှယ်နိုင်ခြင်း။ | • ခရီးသွားလုပ်ငန်းကြောင့် ဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင် ထိခိုက်မှု၊ လူမှုစီးပွားရေးဘဝ ထိခိုက်မှု စသည်များ<br>• ယခုကပင်လိုအပ်သလိုကာကွယ်စောင့်ရှောက်မှုများ မလုပ်ပါက ထိခိုက်ပျက်စီးနိုင်မှု အန္တရာယ်<br>• ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်သည် မြန်ဆန်လွန်း သဖြင့် ရေရှည်တည်တံ့မှုကို ထိခိုက်နိုင်<br>• လူမှုယဉ်ကျေးမှုဘဝထိခိုက်နိုင်၊ ရိုးရာဓလေ့များ ထိခိုက်နိုင်၊ လူငယ်ပိုင်း၏ တန်ဖိုးထားစိတ်များ ပြောင်းလဲလာ။ လူကြီးနှင့် လူငယ်ကွဲပြားလာ။<br>• ဘာသာရေးမတည်ငြိမ်မှု<br>• မှန်ကန်တိကျမှုမရှိသော ခရီးသွားလုပ်ငန်းဆိုင်ရာ ကိန်းဂဏန်းများ<br>• ကမ္ဘာကြီး၏ စီးပွားရေး မတည်ငြိမ်မှု ၊ ရာသီဥတုပြောင်းလဲမှု။ |

## ၈.၅ အင်းလေးဒေသတွင် အဓိကရင်ဆိုင်နေရသော စိန်ခေါ်မှုများ

- ခရီးသွားလုပ်ငန်းနှင့် ဧည့်သည်စီးပွားရေးအဆင့်များတွင် စီမံကိန်းရေးဆွဲရာနှင့် စီမံခန့်ခွဲရာတွင် ညှိနှိုင်းဆောင်ရွက်မှုမရှိခြင်း။
- ခရီးသွားလုပ်ငန်းနှင့် ဧည့်သည်စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပညာဗဟုသုတနည်းပါးခြင်း။ လေ့ကျင့်သင်ကြားမှုမရှိခြင်း၊ ဤကိစ္စများ မှာ ကြီးမားသော အဟန့်အတားများဖြစ်နေပါသည်။
- သဘာဝပတ်ဝန်းကျင် ထိရှလွယ်ခြင်း။
- အခြေခံအဆောက်အအုံများအဆင့်နိမ့်ခြင်း။
- ဆင်းရဲနွမ်းပါးသူများ၊ လူနည်းစုတိုင်းရင်းသားများ၏ အကျိုးကျေးဇူးခံစားရရှိရေးအတွက် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများ။

## ၉ - ခရီးစဉ်ဒေသစီမံခန့်ခွဲမှုကို ပုံဖော်ခြင်း။ အင်းလေးကန်ဒေသ၏ မဟာဗျူဟာရည်မှန်းချက်များ

အင်းလေးကန်ဒေသသည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း၏ ရှေ့ဆောင်ဒေသဖြစ်ပါသည်။ သာယာသောရှုခင်းများ၊ ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များကြွယ်ဝခြင်း၊ တိုင်းရင်းသားလူမျိုးစုံရှိခြင်း၊ အံ့သြဖွယ်ရာ သဘာဝအခြေအနေများနှင့် ပြည့်စုံပါသည်။ အင်းလေးကန်ဒေသတွင် ခရီးသွားလုပ်ငန်းအခြေကျပြီး ဖြစ်ပါသည်။ အင်္ဂလိပ်ကိုလိုနီခေတ်ကပင် အင်းလေးကန် ခရီးသွားလုပ်ငန်းပေါ်ပေါက်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် မကြာမီကဖြစ်ပေါ်ခဲ့သော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကြောင့် ဤဒေသတွင် စီးပွားရေးရော၊ ယဉ်ကျေးမှုအနေအထားများပါ အရှိန်အဟုန်ဖြင့် ပြောင်းလဲနေပါသည်။

သို့ရာတွင် ဒေသတစ်ခုလုံး အနေဖြင့် ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့မှုကို ဆောင်ရွက်ရာတွင် အခြေခံအဆောက်အအုံ အဆင့်နိမ့်ကျမှု၊ လူ့စွမ်းအားအရင်းအမြစ် ရှားပါးမှု စသောအခက်အခဲများရှိနေပါသည်။

အခန်း(၉) နှင့် (၁၀) တို့တွင် ဤအချက်များကို တုံ့ပြန်နိုင်ရန်အတွက် ဆောင်ရွက်သင့်သည့် မဟာဗျူဟာလုပ်ငန်းစဉ်များကို ဖော်ပြထားပါသည်။ ဤသို့အကောင်အထည်ဖော်ရာတွင် ဒေသန္တရခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်းရန် အရေးကြီးပါသည်။ ဤအဖွဲ့၏ တာဝန်များမှာ ယခုစာတမ်းပါ မဟာဗျူဟာလမ်းညွှန်ချက်များ အကြံပြုတင်ပြချက်များကို ညှိနှိုင်းပေးသွားရန်ဖြစ်ပါသည်။

အင်းလေးကန်ခရီးစဉ်ဒေသသည် နိုင်ငံတကာဈေးကွက်တွင် အခြား နိုင်ငံခြားခရီးဒေသများနှင့် ယှဉ်ပြိုင်နိုင်သောဒေသဖြစ်ပါသည်။ ထို့ကြောင့် ဤဒေသကို အများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ရေရှည်တည်တံ့သော ခရီးစဉ်ဒေသတစ်ခုဖြစ်လာစေရန် ဆောင်ရွက်ရပါမည်။ စားသောက်နေထိုင်ရန်ကောင်းမွန်သော၊ လုပ်ငန်းဆောင်ရွက်ရန် ကောင်းမွန်သော၊ လာရောက်လည်ပတ်ရန်ကောင်းသော ဒေသအဖြစ် ဖော်ဆောင်ရပါမည်။ ဤရည်မှန်းချက်များကို အောင်မြင်ရန်မှာ အောက်ပါအချက်အလက်များကို ထည့်သွင်းစဉ်းစားရန် အထူးအရေးကြီးပါသည်။

- ဒေသခံပြည်သူများသည် ခရီးသွားလုပ်ငန်း၏ အသီးအပွင့်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ခံစားခွင့်ရှိရပါမည်။ အလုပ်အကိုင်ခန့်ထားရာတွင် လည်း ဒေသခံများကို ဦးစားပေးရပါမည်။ စီးပွားရေးလုပ်ငန်းလုပ်တတ်လာအောင်လည်း မြေထောင် မြောက်ပေးရပါမည်။ ဧည့်သည်စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်နေသော ပုဂ္ဂိုလ်များ ကိုအားပေးရပါမည်။

- သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရပါမည်။ ပျက်စီးနေသောနေရာများကို ပြန်လည် ပြုစုပျိုးထောင် ရပါမည်။ ရှင်သန်ဖွံ့ဖြိုးသော သဘာဝ

ပတ်ဝန်းကျင်သည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို သာမက ဒေသ၏ ဖွံ့ဖြိုးမှုကိုပါ ဖြစ်စေပါမည်။

- ဒေသတွင်း ကွဲပြားခြားနားသော သမိုင်းအမွေအနှစ်များကို ကာကွယ် ထိန်းသိမ်းရပါမည်။ ကွဲပြားခြားနားသော သဘာဝရှုခင်း ရေမြေ တော တောင်များ၊ ရိုးရာဓလေ့ထုံးစံများ၊ လူနေမှုပုံစံများ၊ လူနေအဆောက်အဦးများ၊ ဘာသာရေး ထုံးစံများနှင့် ဘာသာရေးအဆောက်အအုံများ၊ လက်မှုပညာပစ္စည်းများ အစား အသောက်၊ အဝတ်အစား စသည်တို့ကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရပါမည်။

- ခရီးသွားလုပ်ငန်းတွင် ပါဝင်ပတ်သက်နေသော ဝန်ကြီးဌာနနှင့် အစိုးရဌာနများ၊ ပြည်သူလူထု အခြေပြုအဖွဲ့အစည်းများ၊ အလုပ်သမားသမဂ္ဂများ၊ မြေပိုင်ရှင်များ၊ ပုဂ္ဂလိကကဏ္ဍ၊ ပြည်တွင်းနှင့် နိုင်ငံတကာမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာ အလှူရှင်အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ကြရပါမည်။

အင်းလေးကန်ဒေသသည် ကျယ်ပြန့်ပြီး လူများအသုံးချမှုစုံသော ဒေသဖြစ်နေပါသည်။ လယ်ယာစိုက်ပျိုးရေးပုံစံမျိုးစုံလည်းတွေ့ရပါသည်။ လူဦးရေအားဖြင့် ၁.၄ သန်းရှိကာ ယဉ်ကျေးမှုအရလည်းကောင်း၊ နောက်ခံသမိုင်းကြောင်းအရလည်းကောင်း၊ ကွဲပြားခြားနားကြသော တိုင်းရင်းသားမျိုးနွယ်စုအများအပြား မှီခိုနေထိုင်ရာဒေသလည်း ဖြစ်ပါသည်။ နည်းစနစ်မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ပါက ဤဒေသသည် ဧည့်သည်များလာရောက်လည်ပတ်ရန် ကောင်းသော ဒေသသာမဟုတ်ပဲ နေထိုင်စားသောက် အလုပ်လုပ်ရန်ကောင်းသော ဒေသအဖြစ်သို့ရောက်ရှိလာပါလိမ့်မည်။

## ၉.၁ အခြေခံမဟာဗျူဟာများ

အင်းလေးကန်ခရီးစဉ်ဒေသ အစီအစဉ်များသည် ဒေသ၏ ထူးခြားပြီး ရှင်သန်နေသော ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝ တောတောင်ရေမြေရှုမျှော်ခင်းများနှင့် တိုင်းရင်းသားလူမျိုးစုများ၏ ဘဝကို ဂုဏ်ယူဝင့်ကြွားနိုင်ရပါမည်။ ဧည့်သည်များလာချင့်စဖွယ် ဒေသဖြစ်ရပါမည်။ ခရီးစဉ်များမှာလည်း သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်များကို ထိရှမှုအနည်းဆုံး အစီအစဉ်များဖြစ်ရပါမည်။ ရေရှည်ဖွံ့ဖြိုးမှုကို တန်ဖိုးထားသည့် ဧည့်သည်ဈေးကွက်ကို ဦးစားပေးရပါမည်။ ခရီးသွားလုပ်ငန်းသည် ဘာသာရေး၊ လူမှုရေးကွဲပြားနေသူများ အကြား ချစ်ကြည်ရင်းနှီးမှုကို အထောက်အပံ့ဖြစ်စေရပါမည်။

**ဧည့်သည်များ၏ခရီးစဉ်** များသည်လည်း ပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းသော လေ့စီးခရီးစဉ်များ၊ ခရီးကြမ်းလမ်းလျှောက် ခရီးစဉ်များ၊ သမိုင်းအမွေအနှစ်လေ့လာရေးခရီးစဉ်များ၊ သဘာဝ ပတ်ဝန်းကျင် နှင့် ဒေသခံများအပေါ် လေးစားသော ခရီးစဉ်များ ဖြစ်ကြရပါမည်။

**ဟိုတယ်၊မိုတယ်စသည်များ** မှာလည်း ဒေသ၏ သဘာဝအလှအပများ၊ ဒေသ၏ရိုးရာယဉ်ကျေးမှု စသည်များနှင့် လိုက်လျောညီထွေမှုရှိရပါမည်။ ထို့အပြင် သတ်မှတ်ထားသော ဟိုတယ်ဇုံများ အတွင်း၌သာဖြစ်စေရပါမည်။ ယင်းတို့အား စီမံခန့်ခွဲရာ၌လည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ရေးကို အထူးဦးစားပေးဆောင်ရွက်ကြရပါမည်။

**အခြေခံအဆောက်အအုံများ** အခြေခံအဆောက်အအုံများကို ပြုပြင်ထိန်းသိမ်းခြင်း အဆင့်မြှင့်ခြင်း များ ပြုလုပ်ရာတွင် ကာဗွန်ထုတ်လုပ်မှု အနိမ့်ဆုံးဖြစ်အောက်ဆောင်ရွက်ရပါမည်။ ခရီးသွားလုပ်ငန်း ဆိုင်ရာ အခြေခံအဆောက်အအုံများ ပြုပြင်မွမ်းမံတည်ဆောက်ခြင်းသည် ဒေသခံများ၏ အကျိုး အတွက်လည်း ဖြစ်စေရပါမည်။

ဤအင်းလေးကန်ဒေသကို တစ်နှစ်ပတ်လုံး ဧည့်သည်များ လာရောက်လည်ပတ်နိုင်သည့် ဒေသအဖြစ် ဖော်ဆောင်ရန် ဖြစ်ပါသည်။ ရာသီဥတု အနေအထားအရ မိုးတွင်းကာလတွင် အပူ သက်သာသည်သာမက စိမ်းစိမ်းစိုစိုနှင့် သာယာပါသည်။ မိုးရွာလျှင်လည်း တစ်ရက်လျှင် (၂) နာရီ ခန့် ထက်ပိုမရွာတတ်ပါ။ ဤဒေသကို (၁၂) ရာသီပတ်လုံး ဧည့်သည်လာချင့်စဖွယ်ဖြစ်လာစေရန်မှာ လမ်းများကို အဆင့်မြှင့်တင်ရန် လိုအပ်ပါမည်။

## ၉. ၂ အင်းလေးကန် ခရီးသွားလုပ်ငန်း၏ ရည်မှန်းချက်များ

အင်းလေးကန် ဒေသတွင်း ဆောင်ရွက်လျှက်ရှိသော ခရီးသွားအစီအစဉ်များသည်-

- အဆင့်မြင့်၊ တန်ဖိုးမြင့်ခရီးစဉ်များ ဖြစ်စေရပါမည်။ သို့မှသာဧည့်သည်များထံမှ ကောင်းမွန် သော မှတ်ချက်များ တုံ့ပြန်မှုများ ပြန်လည်ရရှိလာမည့်အပြင် နောက်ထပ် ထပ်ခါတလဲလဲ ပြန်လာချင်စိတ်ကိုပါ ဖြစ်ရပါမည်။
- သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့အပေါ် ထိရှမှုအနည်းဆုံးဖြစ်စေရပါမည်။
- အင်းလေးကန်ဒေသ၏ အမှတ်တံဆိပ်ကို မြှင့်တင်ရာ ရောက်ပါမည်။
- ဒေသတွင်းရှိ လူအဖွဲ့အစည်းများ၏ လူမှုဘဝကို မြင့်တက်လာစေခြင်း၊ တစ်ဦးချင်းစီ အတွက်လည်း စီးပွားရေး ပြေလည်မှုရှိလာခြင်း၊ အလုပ်အကိုင် လုပ်ကိုင်ရာတွင် ပိုမို ကောင်းမွန်သော လုပ်ငန်းခွင် အခြေအနေများဖြစ်ပေါ်လာစေခြင်းနှင့် ခရီးသွားလုပ်ငန်းတွင် ပါဝင် ပတ်သက်နိုင်မှု ရှိလာကြစေရန် ဆောင်ရွက်ရပါမည်။

- အင်းလေးကန်ဒေသတဝိုက်တွင် နေထိုင်ကြသော ဒေသခံအားလုံးသည် မိမိတို့၏ ဘဝနှင့် ဆိုင်သော ကိစ္စများတွင် ဝင်ရောက်ဆွေးနွေးဆုံးဖြတ်ပိုင်ခွင့်ရှိရပါမည်။
- သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုပတ်ဝန်းကျင်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက် ရပါမည်။
- တစ်ဦး၏ ယဉ်ကျေးမှုထုံးစံများကို တစ်ဦးက လေးစားလိုက်နာရေး၊ ဧည့်သည်များနှင့် ဒေသခံများအကြား တစ်ဦးနှင့်တစ်ဦး လေးစားမှုရှိရေး၊ မိမိဒေသအပေါ် ဂုဏ်ယူတတ်စေရေး တို့ကို ဖော်ဆောင်ရပါမည်။

## ၉. ၃ အဓိကဈေးကွက်နိုင်ငံများ၊ လက်ရှိနှင့် အနာဂတ်ဈေးကွက်များ

ကမ္ဘာတစ်ဝှမ်းလုံးတွင် ခရီးသွားဈေးကွက်သည် အမြဲပြောင်းလဲနေပါသည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ဈေးကွက်အနေအထားကို နားလည်ကာ အနာဂတ်အခြေအနေများကိုပါ ကြိုတင်တွက်ဆတတ်ရပါမည်။

လက်ရှိမြန်မာနိုင်ငံအတွက် အရေးကြီးသော ဈေးကွက်များမှာ ဥရောပ၊ မြောက်အမေရိက၊ ဂျပန်နှင့် သြစတြေးလျ၊ နယူးဇီလန်တို့ဖြစ်ပါသည်။ ဤဈေးကွက်များသည် ယခုစီမံချက် ကာလ အတွင်း အပြောင်းအလဲဖြစ်ကောင်း ဖြစ်နိုင်သော်လည်း သေချာသည်မှာ လာမည့်အနာဂတ် တွင် ပတ်ဝန်းကျင် နိုင်ငံများ၏ ဈေးကွက်များလည်း ပေါ်ထွက်လာနိုင်ပါသည်။

ဤဒေသသည် အာဆီယံနိုင်ငံများ တရုတ် နှင့် အိန္ဒိယနိုင်ငံတို့မှ ကြီးထွားလာနေသော ပြည်ပထွက်ခွာ ဈေးကွက်နှင့် ကပ်လျှက်တည်ရှိနေပါသည်။ တချိန်ချိန်တွင် ဤတိုင်းပြည်များသည် မြန်မာနိုင်ငံအဖို့ ကြီးမားသော ဈေးကွက်များဖြစ်လာနိုင်ပါသည်။ ထို့အပြင် ဤဈေးကွက်များ၏ သဘောသဘာဝမှာ ပြောင်းလဲနေသည်ကို တွေ့ရပါသည်။ ယခင်က ဘတ်ဂျက်ခရီးသည်များသာ များခဲ့ရာ အနာဂတ်တွင် ခရီးသွားများ၏ သဘာဝ ပြောင်းလဲလာဖွယ်ရာရှိပါသည်။ ပိုမို၍ သဘာဝ ကျသော တွေ့ထိခံစားမှုများကို ဈေးကြီးပေးခံစား လိုသူများ စသော ပုံစံသို့ ပြောင်းလဲလာ နိုင်ပါသည်။

တစ်ဖက်ကလည်း ပြည်တွင်းခရီးသွားလုပ်ငန်းရှိပါသည်။ ယခုအခါ ပြည်တွင်းခရီးသွား လုပ်ငန်း၏ ပုံစံမှာလည်းပြောင်းလဲလာနေပါသည်။ တိုင်းပြည်၏ စီးပွားရေးကောင်းလာသည်နှင့် အမျှ မြန်မာလူမျိုးများသည် အပန်းဖြေ အလည်အပတ်ခရီးစဉ်များကို ပိုမို ထွက်နေကြသည်။ ပြည်တွင်း ခရီးသွားလုပ်ငန်း၏ မဏ္ဍိုင်ဖြစ်သော ပြည်တွင်းဘုရားဖူးလုပ်ငန်းမှာ တိုးတက်လာနေသည်။ မော်တော်ကားလမ်းများ ပိုမိုကောင်းမွန်လာခြင်း၊ ခရီးဝေးသွား ဘတ်(စ်)ကားများ အဆင့်မြင့်လာခြင်း တို့ကလည်း ဤတိုးတက်မှုကို ဖြစ်ပေါ်စေသည်။ ကမ္ဘာတဝှမ်းတွင် မငြိမ်မသက်ဖြစ်နေသည့် အခါများတွင် ပြည်တွင်းခရီးသွားလုပ်ငန်းက ပိုမိုစိတ်ချရသည်။ ကမ္ဘာလှည့်ခရီးသည်များကဲ့သို့


လေယာဉ်ပျံနေရာအတွက် စိတ်ပူရ၊ အကြမ်းဖက်မှုများ ဖြစ်ပွားမည်ကို စိုးရိမ်ရ မိမိသွားရောက်မည့် နိုင်ငံ၏ ငွေကြေးဈေးကွက် မငြိမ်မသက်ဖြစ်မှုစသည်ကိုလည်း မစိုးရိမ်ရပါ။

| နိုင်ငံတကာခရီးသွားလုပ်ငန်း | ပြည်တွင်းခရီးသွားလုပ်ငန်း |
|---|---|
| **အဓိကခရီးသည်အုပ်စု**<br>▪ အနောက်နိုင်ငံများမှ ကြိုတင် စီစဉ်သော အုပ်စု လိုက်ခရီးစဉ်များ၊ တနိုင်ငံလုံးခြုံငုံသော ခရီးစဉ် များဖြစ်ပြီး ယဉ်ကျေးမှု ဒေသများသို့သွားရောက် လေ့ရှိသည်။ ဧည့်သည်အဆင့်မြင့် အထိ ရှိသည်။<br>▪ အင်တာနက်ကို အသုံးပြုပြီး ငွေအနည်းနှင့် အများသုံး သောဘတ်ဂျက်ခရီးသည်များကြိုတင်ရယူခြင်း၊ မိမိဘာသာ မော်တော်ယာဉ် စီစဉ်ခြင်း လုပ်သည်။ တစ်ခါတစ်ရံဧည့်လမ်းညွှန်သုံးသည်။<br>▪ ငွေကြေးအားဖြင့် ချွေတာသော ကျောပိုးအိတ် တစ်လုံးဖြင့် ခရီးသွားသူ Backpacker များဖြစ်သည်။ အထူးသဖြင့် သူတို့သည် ခရီးကြမ်း လမ်းလျှောက် ခရီးစဉ်များအတွက် လာကြခြင်း ဖြစ်ပြီး ယင်းဝန်ဆောင်မှု၏ အဓိကဈေးကွက် ဖြစ်သည်။ တရုတ်နိုင်ငံဈေးကွက်သည် တိုးတက်လာ နေသည်။<br>▪ တရုတ်နိုင်ငံနှင့်အာရှတိုက်အရှေ့ပိုင်းမှလာသော ကြိုတင်စီစဉ်ထားသည့် ခရီးသည်အုပ်စုများဧည့်သည် အရေအတွက်များသော်လည်း အဆင့် နိမ့်သည်။ ဤဒေသ၏ အနာဂတ်ဖွံ့ဖြိုးမှုတွင် လက်တွေ့ပိုမိုကျ ပါလိမ့်မည်။ | **အဓိကခရီးသည်အုပ်စု**<br>▪ မြို့ကြီးများမှ ချမ်းသာကြွယ်ဝသူများဖြစ်သည်။ နိုင်ငံတွင်း လည်ပတ်ကြည့်ရှုလိုသည်။ ငွေသုံးနိုင်သည်။<br>▪ ဘုရားဖူးခရီးစဉ်များမှာ စီးပွားရေးအရ ကြည့်လျှင် ငွေကြေးချွေတာသူများဟု ဆိုနိုင်သော်လည်း ယင်းတို့မှာ နိုင်ငံ၏ ယဉ်ကျေးမှု အမွေအနှစ်များကို တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းနေသူများ ဖြစ်ရာ ယင်းတို့ကိုလည်း မေ့ပျောက်ထား၍ မရပါ။<br>▪ စီးပွားရေးအရ သွားလာသူများ ၊ ဥပမာ — တောင်ကြီး |
| **ဒုတိယခရီးသည်အုပ်စု**<br>▪ ငှက်ကြည့်ခရီးစဉ်များ၊ ရေနွေးငွေ့ မီးရထား စက်ခေါင်းဝါသနာရှင်များ၊ ရှေးဟောင်းပညာ ဝါသနာရှင်များစသော သီးခြား စိတ်ဝင်စားမှု ဈေးကွက်။<br>▪ နိုင်ငံတကာမှ အစိုးရမဟုတ်သောအဖွဲ့အစည်းမှ ဝန်ထမ်းများ၊ အခြားပညာရှင်များ | **ဒုတိယခရီးသည်အုပ်စု**<br>▪ ဒေသတွင်း အနားယူအပန်းဖြေ သို့မဟုတ် ဘာသာရေး၊ ဘုရားဖူး စသော နေ့ချင်းပြန် ခရီးသွားရောက်သူများ<br>▪ ကျောင်းများမှ လေ့လာရေး အဖွဲ့များ |

ယနေ့ အချိန်အခါတွင် ဧည့်သည်များ၏ သွားလာမှု ပုံစံပြောင်းလဲသွားပြီဖြစ်သည်။ မိမိတို့ကိုယ်တိုင် ခရီးစဉ်ကို စီစဉ်ကြသလို အချို့က အင်တာနက်မှ တစ်ဆင့် စီစဉ်ကြသည်။ Tripadvisor ကဲ့သို့ website များမှ တစ်ဆင့်စီစဉ်တတ်ကြသည်။ လူမှုကွန်ယက်တစ်ခုဖြစ်သည့် facebook ပေါ်ထွက်လာ၍ "တစ်ဆင့်ကြား" ဆိုသည်စကား၏ အဓိပ္ပါယ်ပြောင်းလဲခဲ့ပါပြီ။

## ၉. ၄ ခရီးသွားလုပ်ငန်းတိုးတက်လာမည့် အနေအထားအမျိုးမျိုး

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အနာဂတ်အနေအထားကို ကြိုတင်တွက်ချက်ရန် အနည်းငယ် ခက်ခဲပါသည်။ ပြီးခဲ့သည့် ကာလအချိန်များကို ပြန်ကြည့်ပြီး ခန့်မှန်းရန်မှာ မဖြစ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း၏ အနေအထားသည် ၂၀၁၁ ခုနှစ် တွင် ဖြစ်ပေါ်လာသော နိုင်ငံရေးအလှည့်အပြောင်းကြောင့် သိသိသာသာပြောင်းလဲသွားသည်။ သို့ရာတွင် အနာဂတ်တွင် ဧကန်မလွဲတိုးတက်လာမည်ဟု အသေအချာတွက်ဆကာ ယနေ့ ဆောင်ရွက်နေကြ ခြင်းဖြစ်သည်ကို တွေ့ရသည်။ အမှန်တော့ ဧည့်သည်ရောက်ရှိမှု တက်လာမည်မှာ သေချာပါ သည်။ နဂိုကပင် ဧည့်သည်ဝင်ရောက်မှု နည်းပါးသဖြင့် ယခုလို ခေတ်ပြောင်းချိန်တွင် ဧည့်သည်ရောက်ရှိမှု တက်လာရန်သာရှိပါသည်။ အင်းလေးဒေသအနေဖြင့် ဤသို့သော အချိန်တွင် ခရီးသွားလုပ်ငန်း၏ တိုးတက်ဖွံ့ဖြိုးမှုကို အကောင်းဘက်သို့ ဦးတည်စေရန် ဆောင်ရွက်နိုင်သည့် အနေအထားတွင် ရောက်ရှိနေသည်။ အင်းလေးဒေသ၏ လှပသာယာသော သဘာဝအမွေအနှစ်များကို တန်ဖိုးထား ကြသည့် ဧည့်သည်များကို ဖိတ်ခေါ်နိုင်ရန် အခွင့်အရေး ကောင်းပင်ဖြစ်တော့သည်။




ဇယား ၉. ၄ တွင်ခရီးသည် အရေအတွက် တက်လာနိုင်ခြေ အနေအထား (၂) မျိုးကို ပြထား ပါသည်။ ၂၀၁၃ ခုနှစ် ဇွန်လမှ ၂၀၁၄ ခုနှစ် အတွင်း ဟိုတယ်များ တွင် တည်းခိုကြသော နိုင်ငံခြား ဧည့်သည် ၁၁၀၀၀၀ တို့ အခြေခံ ကာ တွက်ချက် ကြည့်ရာ ၂၀၁၉ ခုနှစ် တွင် တိုးတက်လာ မည်ဟု ခန့်မှန်း ထားသော အရေအတွက် ကို တွေ့ရပါမည် ဟု ပြည်တွင်း ပြည်ပ ဧည့်သည် အချိုးကို ၁း၁ ဟု ထားပြီးတွက်ချက် ထားပါသည်။ )


| ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ရောက်ရှိလာမည့် ဧည့်သည်အရေအတွက် ခန့်မှန်းခြေ (အနီးစပ်ဆုံး ကိန်းဂဏန်းကို ယူထားသည်) | | | | | | |
|---|---|---|---|---|---|---|
| | ၇% | | ၁၃% | | ၁၅% | |
| | စုစုပေါင်း | ပြည်တွင်း/ပြည်ပ | စုစုပေါင်း | ပြည်တွင်း/ပြည်ပ | စုစုပေါင်း | ပြည်တွင်း/ပြည်ပ |
| နှစ်စဉ်တိုးတက်မှု | ၃၀၅,၀၀၀ | ၁၅၂,၅၀၀ | ၃၅၀,၀၀၀ | ၁၇၅,၀၀၀ | ၄၀၀,၀၀၀ | ၂၀၀,၀၀၀ |
| ခန့်မှန်းတွက်ချက်မှု | ၃၀၀,၀၀၀ | ၁၅၀,၀၀၀ | ၃၃၅,၀၀၀ | ၁၆၇,၅၀၀ | ၃၇၅,ယ၀၀၀ | ၁၈၇,၅၀၀ |

အထက်ပါအနေအထား (၃) ခုတွင်း အနိမ့်ဆုံး တွက်ချက်ထားခြင်းများဖြစ်ပါသည်။ ၇% တိုးတက်မှုကို နှစ်စဉ်တိုးတက်မှုနှုန်းအဖြစ် ယူထားပါသည်။ ၁၃%တိုးတက်မှုနှုန်းမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်းတွင် ဖော်ပြထားသော ကိန်းဂဏန်းဖြစ်ကာ ၁၅% မှာ အမြင့်ဆုံးတွက်ချက်ထားခြင်းဖြစ်ပါသည်။ လိုဂရမ်သမ်နည်းဖြင့် ခန့်မှန်းတွက်ချက်မှုကိုလည်း ထည့်သွင်းပြထားခြင်းမှာ ယင်းနည်းက နှစ်အလိုက် တိုးတက်မှုနှုန်းကို အသေထား တွက်ချက်မှု ပြုလုပ်ရန်ဖြစ်ပါသည်။ ဤနေရာတွင် ပြည်တွင်းနှင့် ပြည်ပခရီးသွား ဧည့်သည် အရေအတွက်ကို တွက်ချက်ရာတွင် ပြည်တွင်းဧည့်သည်အရေအတွက်က နိုင်ငံခြားသားများထက် (၂) ဆပိုသည်ဟု ယူဆတွက်ချက်ထားပါသည်။ အမှန်ကိုဝန်ခံရလျှင် တိကျသော စာရင်းဇယားများ မရရှိခဲ့ပဲ တွက်ချက်တွက်ချက်ခဲ့ခြင်းဖြစ်ပါသည်။

ထို့ကြောင့် ကိန်းဂဏန်းများကို **နှစ်စဉ်ပြန်လည်ဆန်းစစ်နေ**မှသာ အမှန်ကို ရရှိပါလိမ့်မည်။ ၂၀၁၂ - ၂၀၁၃ ခုနှစ်က ဧည့်သည်ဦးရေ တိုးတက်လာခြင်းနှင့် ဟိုတယ်ခန်းမလုံလောက်မှုမှာ "တဟုန်ထိုးတိုးတက်လာသည့်နှစ်" ဟု မှတ်ယူရပါမည်။ ဤသို့ ယခင်ပိတ်ထားသော ဒေသများဖွင့်ပေးလိုက်သည်နှင့် ဧည့်သည်ဦးရေတက်လာသည်မှာ ဓမ္မတာဖြစ်ပါသည်။ ရှေ့ပိုင်းတွင် ကိန်းဂဏန်းကောက်ယူမှုကို အသေးစိတ်တင်ပြပါမည်။

## ၉. ၅ ဟိုတယ်အခန်းများ

ဟိုတယ်အခန်း လုံလောက်မှုရှိရေးသည် ဆွေးနွေးပွဲတွင် လူတိုင်းစိတ်ဝင်စားသော အကြောင်းအရာ တစ်ခုဖြစ်ခဲ့သည်။ ဖော်ပြပါ ဇယားအမှတ် - ၉. ၅ သည် အနာဂတ်တွင် တိုးတက်လာမည့် ဧည့်သည်အရေအတွက် နှင့် ရှိလာမည့်အခန်းအရေအတွက်ကို နှိုင်းယှဉ်ပြထားပါသည်။




ဧည့်သည်များ ဟိုတယ်တွင် တည်းခိုမည့်ညပေါင်း၊ အနာဂတ်တွင် ဖြစ်နိုင်ခြေစသည်တို့ကို တွက်ချက်တင်ပြထားခြင်း ဖြစ်ပါသည်။ ( ပျမ်းမျှ ၂. ၇ ရက်နှင့် တစ်ခန်းလျှင် ပျမ်းမျှ ၁. ၇ ဦးနှုန်းဖြင့် တွက်ချက်ထားပါသည်။) ယင်းသချ်ာဆိုင်ရာ တွက်ချက်မှုကို အများနားလည်အောင် ရှင်းလင်းပြ

ရလျှင် ၃၅% အခန်းပြည့်မှု ရှိသည်ဟု ဆိုလိုပါသည်။ တစ်ကယ်တမ်းတွင် အင်းလေးဒေသ ခရီးသွားလုပ်ငန်းသည် ရာသီအလိုက် အတက်အကျရှိပြီး ဖော်ပြပါ ကိန်းဂဏန်းများက အခန်းများ၏ အဆင့်အတန်းကို ဖော်ပြညွှန်းဆိုခြင်း မရှိပါ။

ဤကိန်းဂဏန်းများကို အခြေခံတွက်ချက်ခဲ့ရာ အောက်ပါအတိုင်းတွက်ချက်ရရှိပါသည်။

| **အခန်းအရေအတွက်** | **၂,၅၀၀** | **၃,၀၀၀** | **၃,၅၀၀** | **၄,၀၀၀** | **၄,၅၀၀** | **၅,၀၀၀** |
|---|---|---|---|---|---|---|
| တည်းခိုနိုင်မည့် ဧည့်သည်ဦးရေ | ၄,၂၅၀ | ၅,၁၀၀ | ၅,၉၅၀ | ၆,၈၀၀ | ၇,၆၅၀ | ၈,၅၀၀ |

ထို့ကြောင့် ရာသီအလိုက် အတက်အကျ ဖြစ်တတ်သည့် ဧည့်သည်များ တည်းခိုနိုင်ရန်အတွက် အခန်းအရေအတွက်သည် ပျှမ်းမျှအခန်းပြည့်မှုထက် များရပါမည်။ တစ်နည်းမှာ အင်းလေးကန် ခရီးစဉ်များကို တစ်နှစ်ပတ်လုံး လာရောက်လည်ပတ်နိုင်သည့် ဒေသဖြစ်ကြောင်း ဈေးကွက်မြှင့်တင်ရပါမည်။



A Hotel under construction in Nyaungshwe



A Nyaungshwe Heritage Building




The Cassiopeia Hotel in Nyaungshwe.

Very different architecture styles are employed, and there are no current regulations as to style.

## ၁၀။ မဟာဗျူဟာ နှင့် လုပ်ငန်းဆိုင်ရာအကြံပေးချက်များ

ဤစာတမ်းတွင် မဟာဗျူဟာမြောက် အကြံပေးချက် (၉) ပိုင်း တင်ပြပေးပါသည်။ ဤမဟာဗျူဟာ (၉) ခုကို တင်ပြထားရာတွင် အဓိကမှာ မဟာဗျူဟာ အမှတ် (၁) တွင် အကြံပြုထားသော **ဒေသန္တရ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့** ဖွဲ့စည်းရေးဖြစ်ပါသည်။ ဤမဟာဗျူဟာများကို ယေဘုယျသာ ဖော်ပြထားသော်လည်း၊ ယင်းတို့သည် တစ်ခုနှင့်တစ်ခု ဆက်နွယ်အကျိုးပြုလျှက်ရှိကြောင်း တွေ့ရပါမည်။

မဟာဗျူဟာ အစီအစဉ်များကို တဖန်အသေးစိတ်လုပ်ငန်း လမ်းညွှန်ချက်များ ထပ်မံခွဲထားပါသည်။ ဤနေရာတွင်လည်း ယင်းအစီအစဉ်များသည် တစ်ခုနှင့်တစ်ခု ဆက်နွယ်အကျိုးပြု နေကြပါသည်။ ဤအစီအစဉ်များကို အကောင်အထည်ဖော်ရန်တာဝန်မှာ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းများ၏ တာဝန်ဖြစ်သော်လည်း ဒေသန္တရခရီးစဉ် စီမံခန့်ခွဲမှုအဖွဲ့က ညှိနှိုင်းပေးရမည်ဖြစ်ပါသည်။ အစီအစဉ်အများစုသည် ငွေအား၊ လူအား လိုအပ်မှုရှိပါသည်။ ယင်းသို့ ငွေအား၊ လူအား ပံ့ပိုးနိုင်သည့်ဌာနများကိုလည်း တတ်နိုင်သမျှ ဖော်ပြထားပါသည်။ ဤလုပ်ငန်းများကို အောင်မြင်စေရန်မှာ နိုင်ငံတကာ အလှူရှင် အဖွဲ့အစည်းများ၏ ပံ့ပိုးမှု သာမက ပြည်တွင်း ပုဂ္ဂလိကကဏ္ဍ၏ ထောက်ပံ့ကူညီမှုများလည်း လိုအပ်ပါမည်။

ဖော်ပြထားသော မဟာဗျူဟာလုပ်ငန်းစဉ်များသည် တထစ်ချအသေများ မဟုတ်ကြောင်း၊ ပြုပြင်ရန် လိုအပ်လျှင် အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်မှုပြုရမည်ကိုလည်း သတိချပ်ရပါမည်။ အင်းလေးဒေသ အပါအဝင် မြန်မာနိုင်ငံတဝှမ်းလုံးသည် လျှင်မြန်စွာ ပြောင်းလဲ၍ နေပါသည်။ ယနေ့အခြေအနေများ သည် နောက် (၂) နှစ်ခန့်ကြာလျှင် အံဝင်ခွင်ကျ ရှိချင်မှရှိပါတော့မည်။ ထို့ကြောင့် ယခုဖော်ပြထား သော မဟာဗျူဟာ လမ်းညွှန်ချက်များသည် အမြဲရှင်သန်နေကာ နှစ်စဉ်နှစ်ကုန်ကာလတွင် ပြန်လည် ဆန်းစစ်မှုများ ပြုလုပ်ရန်လိုအပ်ပါမည်။ သို့မဟုတ် အခြေအနေ လိုအပ်ချက်အရ အချိန်မစောင့်ဘဲ ပြုပြင်ပြောင်းလဲရန် လိုအပ်လာပါကလည်း ဆောင်ရွက်ရပါလိမ့်မည်။

သို့ရာတွင် တကယ်တမ်းမှာ ဤဒေသ၌ အခြေခံ အဆောက်အအုံများ အခြားဒေသများနှင့် စာလျှင် နိမ့်ကျပါသည်။ အချို့ဝန်ဆောင်မှုများဆိုလျှင်လည်း မရှိသလောက်ပါ။ ကုလသမဂ္ဂက မြန်မာနိုင်ငံကို ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်းတွင် ထည့်သွင်းထားပါသည်။ အစိုးရကလည်း လိုအပ်သော ဘတ်ဂျက်ချပေးနိုင်ခြင်းမရှိပါ။ စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ရန်လည်း ကျွမ်းကျင်မှုအရည်အချင်းများ နိမ့်ကျနေပါသည်။ အစိုးရဌာန အချင်းချင်းအကြား ညှိနှိုင်းဆောင်ရွက်မှုလည်း မရှိကြပါ။ ယခုတင်ပြထားသည့် လုပ်ငန်းစဉ်များတွင် ဖြစ်နိုင်ချေ လေ့လာမှုများ ပြုလုပ်ခြင်းနှင့် ဆက်လက်ပြီး စီမံကိန်းများရေးဆွဲရေးတွင် အခြေခံရမည့်မှုများကို ဖော်ပြထားပါသည်။ ဤဒေသအား ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲပြီး အကောင်အထည်ဖော်ရန်မှာစိန်ခေါ်မှုအမျိုးမျိုးနှင့် ရင်ဆိုင်ရပါမည်။ သို့ရာတွင် ယခုတင်ပြထားသော လုပ်ငန်းစဉ်များကို တနေ့နေ့တွင် ဆောင်ရွက်လာရမည်ဖြစ်ပါသည်။ အချို့လုပ်ငန်းများမှာ ချက်ချင်းဆောင်ရွက်ရန် လိုအပ်နေပါသည်။ မြန်မာနိုင်ငံအနေဖြင့် လာမည့်အနာဂတ်တွင် နိုင်ငံတကာ အလှူရှင် အဖွဲ့အစည်း

များထံမှ ကူညီပံ့ပိုးမှုများ ရနိုင်သည့် အခြေအနေရှိပါသည်။ ယခုတင်ပြမည့် အစီအစဉ်များသည် ဤအခွင့်အရေးများကို ပိုမိုထိရောက်မှု ရှိစေရုံသာမက အလှူရှင် အဖွဲ့အစည်းများနှင့် အခြား ဖွံ့ဖြိုးရေးအထောက်အကူပြု အဖွဲ့အစည်းများကို မည်သည့်လုပ်ငန်းရပ်များကို ဦးစားပေးသင့်ကြောင်း မီးမောင်းထိုးပြရာလည်းရောက်ပါမည်။

ဒေသခံ လူအဖွဲ့အစည်းများ၏ ပါဝင်ပတ်သက်မှုများကိုလည်း သင့်တော်သော အချိန်များတွင် ရယူပါမည်။ ဥပမာအလုပ်များကြသည့် သီးနှံရိတ်သိမ်းချိန်များကို ရှောင်ကြဉ်ရပါမည်။ ဤသို့ ဒေသခံများအား ပါဝင်ပတ်သက်စေမှုများသည် အတင်းအကြပ် မဟုတ်ပဲ ယင်းတို့၏ သဘောဆန္ဒ အရသာ ဖြစ်ရပါမည်။ ဒေသခံလူ့အဖွဲ့အစည်းများအတွင်း ယုံကြည်မှုကိုလည်း တည်ဆောက်ကြ ရပါမည်။ ယင်းသို့ လုပ်အားပေးကြသူများအား နေ့တွက်ပေးမည်လားဟူသော အချက်ကိုလည်း စဉ်းစားကြရပါမည်။

ဒေသခံများအတွက် ကျွမ်းကျင်မှု သင်တန်းဖွင့်လှစ်ပေးရန်လိုပါသည်။ ဤသင်တန်းများသည် ဒေသ၏ လိုအပ်ချက်နှင့် ကိုက်ညီမှုလည်း ရှိစေရပါမည်။ သင်တန်းသားများအား သင်တန်းပြီးချိန်နှင့် သင်တန်းအောင်မြင်ကြောင်း အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခြင်းထက် သူတို့အား တာဝန်တစ်ခု လုပ်ငန်းတစ်ခုကို ပြီးမြောက်အောင် လုပ်ဆောင်စေပြီး ကျွမ်းကျင်မှု ရစေခြင်းက ပိုမိုထိရောက်နိုင်ပါသည်။ တစ်ချိန်ထဲမှာပင် သင်တန်းသားရွေးချယ်ရာ၌လည်း မှန်ကန်မှုရှိရန် လိုပါသည်။ သင်တန်းပေးမည့် အဖွဲ့အစည်းကိုလည်း ရွေးချယ်မှုမှန်ကန်ဖို့လိုပါသည်။ သင်တန်းတွင် သင်ကြားမည့် သင်ရိုးညွှန်းတန်းတို့ကိုလည်း အကောင်းဆုံးဖြစ်စေရပါမည်။

၂၀၁၄ ခုနှစ် စက်တင်ဘာလ (၁) ရက်နေ့က နေပြည်တော်တွင် ကျင်းပခဲ့သော လုပ်ငန်းစီမံချက် အကြံပေးကော်မတီ အစည်းအဝေးတွင်လည်းကောင်း၊ စက်တင်ဘာလ (၂) ရက်နေ့တွင် တောင်ကြီးမြို့၌ ကျင်းပခဲ့သော အလုပ်ရုံဆွေးနွေးပွဲတွင် လည်းကောင်း ဤစာတမ်းပါ မဟာဗျူဟာများနှင့် လုပ်ငန်းစဉ်များကို အတည်ပြုခဲ့ပြီးဖြစ်ပါသည်။ ယခု စာတမ်းတွင် အဆိုပါ အစည်းအဝေးများက အတည်ပြုလိုက်သည့် ဦးစားပေးအစီအစဉ်အတိုင်း မဟာဗျူဟာ ရည်မှန်းချက် များနှင့် အစီအစဉ်များကို တင်ပြသွားမည်ဖြစ်ပါသည်။

အပိုင်း(၁) တွင် ဦးစားပေးအစီအစဉ် သတ်မှတ်ပုံနှင့် ဦးဆောင်ရမည့် အဖွဲ့အစည်းများကို တင်ပြသွားပါမည်။

အချို့ အကြံပြုတင်ပြချက်များသည် နည်းပညာ အသစ်များ တင်သွင်းရန်လိုအပ်ကြောင်းနှင့် အခြေခံအဆောက်အအုံအသစ်များလည်း လိုအပ်ကြောင်း တွေ့ရှိရပါလိမ့်မည်။ အစီအစဉ် အကောင်အထည်ဖော်မှု အပိုင်းတွင် ပိုင်ဆိုင်မှုကို တိတိကျကျ ပြဌာန်းရန် လိုအပ်ပါသည်။ ကျေးရွာအစုအဖွဲ့ပိုင်လား၊ တစ်ဦးချင်းပိုင်ဆိုင်မှုလား ဆိုသည်ကို ရှင်းရှင်းလင်းလင်း ရှိစေရပါမည်။ အချို့ကိစ္စများတွင် ကျေးရွာသူ ၊ ကျေးရွာသားများအား ပစ္စည်းအချို့ကို ကိုယ်ပိုင်ဝယ်ယူရန် ကိစ္စများရှိလာနိုင်ပါသည်။ (ဥပမာ- ပိုမို၍ အကျိုးရှိသော မီးဖိုများ၊ ယင်းပစ္စည်းများကို အခမဲ့ ရရှိမည်မဟုတ်ကြောင်း ရှင်းရှင်းလင်းလင်းဖြစ်စေရပါမည်။) ဤသို့ ကိုယ်ပိုင်ပစ္စည်း ပိုင်ဆိုင်မှုများ ရှိမှသာလျှင် ရေရှည်တွင် ဤကဲ့သို့ လုပ်ငန်းရပ်များမှာအောင်မြင်နိုင်မည်ဖြစ်ပါသည်။

## မဟာဗျူဟာ (၁) စီမံကိန်းရေးဆွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့်သမိုင်းအမွေအနှစ်များ ထိန်းသိမ်းခြင်း။

အင်းလေးဒေသသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း၏ ဦးဆောင်ဒေသဖြစ်ပါသည်။ သို့ရာတွင် ခရီးစဉ်ဒေသအဆင့်တွင် ညှိနှိုင်းဆောင်ရွက်မှုနှင့် စနစ်တကျ စီမံခန့်ခွဲရေးများ လိုအပ်နေပါသည်။ ဤသို့ဒေသ၏ ခရီးသည် စီးပွားရေးနှင့် စပ်လျဉ်းသော ဖွံ့ဖြိုးမှုလုပ်ငန်းများကို တိတိကျကျ စီမံခန့်ခွဲနိုင်မှသာလျှင် ရှင်သန်သော ၊ ရေရှည်တည်တံ့ပြီး ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မည့် ခရီးစဉ်ဒေသအဖြစ် ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

**ရည်မှန်းချက်များ**

အင်းလေးကန်ဒေသ၏ ခရီးသွားလုပ်ငန်းကို ရေရှည်တည်တံ့အောင်နှင့် ဒေသခံများ အကျိုးရှိစေရေး သမိုင်းအမွေအနှစ်များကို ဂုဏ်ယူတတ်စေရေးနှင့် တစ်နိုင်ငံလုံး၏ အတုယူဖွယ်ရာ ခရီးစဉ် ဒေသဖြစ်လာစေရေးကို ရည်ရွယ်ပါသည်။


**၁၀. ၁. ၁ ဒေသန္တရခရီးစဉ်ဒေသ စီမံခန့်ခွဲမှု အဖွဲ့ဖွဲ့စည်းခြင်း** - အင်းလေးကန်ခရီးစဉ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတွင် မရှိမဖြစ်လိုအပ်နေသည်မှာ ဒေသန္တရ ခရီးစဉ်ဒေသ စီမံခန့်ခွဲမှု အဖွဲ့တစ်ဖွဲ့ ရှိရန်ဖြစ်ပါသည်။

ကမ္ဘာတစ်ဝှမ်းလုံးရှိ အောင်မြင်နေသော ခရီးစဉ်ဒေသများကို ကြည့်လျှင် ဒေသတိုင်း၌ အထက်ပါ ဒေသန္တရခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့များရှိကြသည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် ပုံစံအမျိုးမျိုးရှိကြသည်။ ဥပမာ- Unitary Planning Authority ခေါ် အဖွဲ့အစည်းတစ်ခုက စီမံခန့်ခွဲမှု တာဝန်များအားလုံးကို တာဝန်ယူဆောင်ရွက်သော အဖွဲ့ရှိပါသည်။ ထို့အပြင် ကုန်သည်ကြီးများ အသင်းပုံစံအကျိုး စီးပွားပါဝင် ပတ်သက်သူများ ပါဝင်ဖွဲ့စည်းထားသော ညှိနှိုင်းရေးတာဝန်ယူသည့် အဖွဲ့မျိုးလည်းရှိပါသည်။ မြန်မာနိုင်ငံ နှင့် မည်သည့် ပုံစံသည် အံဝင်ဂွင်ကျ ရှိမည်ကို ကာယကံရှင်များအားလုံး အကျေအလည် ဆွေးနွေး သဘောတူရန်လိုပါမည်။ **အင်းလေးကန် ခရီးစဉ်ဒေသ စီမံခန့်ခွဲမှု အဖွဲ့က ဆောင်ရွက်ရန်အကြံပြုချက်များ** စာတမ်းကို ပူးတွဲထားပါသည်။ ဤစာတမ်းတွင် ဖွဲ့စည်းရမည့် ဒေသန္တရခရီးစဉ်ဒေသ စီမံခန့်ခွဲမှု အဖွဲ့၏ဖွဲ့စည်းပုံ၊ ဘဏ္ဍာရေးနှင့် လုပ်ငန်းတာဝန်များကို ဖော်ပြထားပါသည်။ ဤအဖွဲ့သည် အစိုးရအဖွဲ့၏ လုပ်ငန်းများကို ဝင်ရောက်ဆောင်ရွက်မည့် ဗျူရိုကရေစီ ယန္တရားတစ်ရပ်မဟုတ်ကြောင်း ရှင်းရှင်းလင်းလင်းဖြစ်စေရပါမည်။ အခြားဌာနများ၏ လုပ်ငန်းနှင့် ထပ်မနေစေရန် သတိပြုရပါမည်။ ထို့အပြင် ပုဂ္ဂလိက ကဏ္ဍ၏ လိုအပ်ချက်များကိုလည်း လစ်လျူရှုမထားရန် လိုအပ်ပါသည်။ တစ်ခါတစ်ရံတွင် သေးငယ်ကျစ်လစ်သော ဒေသန္တရ ခရီးစဉ်စီမံခန့်ခွဲမှု အဖွဲ့များက ပိုမိုထိရောက်ကြောင်းလည်း တွေ့ရှိရပါသည်။

ဤအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများကိုလည်း သေသေချာချာ ရွေးချယ်လေ့ကျင့် ပေးရပါမည်။ ဖြစ်နိုင်ခြေမှာ အစဦးပိုင်းတွင် အလှူရှင် အဖွဲ့အစည်းတစ်ခုခု၏ အထောက်အပံ့ဖြင့် စတင်ဖွဲ့စည်းဆောင်ရွက်ခါ လုပ်ငန်းအရှိန်အဟုန်ရလာချိန်တွင် ကိုယ်ထူကိုယ်ထ အဖွဲ့အစည်းဖြစ်လာစေရန် ကြိုးစားရပါမည်။

မည်သည့်ပုံစံဖြင့် ဖွဲ့စည်းလိုက်သည်ဖြစ်စေ ဤအဖွဲ့အစည်း၏ တာဝန်မှာ ခရီးသွားလုပ်ငန်း အတွင်း ပါဝင်လှုပ်ရှားနေကြသူများ အားလုံး၏ လုပ်ငန်းများကို ညှိနှိုင်းပေးရန် တာဝန်ရှိပါသည်။ ဥပမာ ဟိုတယ်များ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ အခြားခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသော လုပ်ငန်းများ၏ ဆောင်ရွက်ချက်များ၊ လိုအပ်ချက်များကို ညှိနှိုင်းပေးက မဟာဗျူဟာမြောက် စီမံခန့်ခွဲ နိုင်မှု ဖြစ်ပေါ်လာစေရန် ကြိုးစားရပါမည်။ ထို့အပြင် မိမိဒေသအား ဈေးကွက်မြှင့်တင်ခြင်း၊ လုပ်ငန်းများကို ဆောင်ရွက်ခြင်းလုပ်ငန်းစနစ်များကို ချမှတ်ပေးခြင်း၊ လေ့ကျင့်ပညာပေးရေး လုပ်ငန်း စဉ်များနှင့် ဒေသရှိ စီးပွားရေးလုပ်ငန်းများ၏ အားပေးမှုကိုပါ ရရှိအောင် စည်းရုံး နိုင်ရမည် ဖြစ်ပါ သည်။ ဤအဖွဲ့သည် အချုပ်အားဖြင့် ဤစာတမ်းပါ မဟာဗျူဟာများ၊ အကြံပြုတင်ပြချက်များ ကို အောင်မြင်အောင် အကောင်အထည်ဖော်ရန် တာဝန်ရှိပါသည်။

## ၁၀. ၁. ၂ ဇုံအလိုက် ခွဲခြား၍ ခရီးသွားလုပ်ငန်းကို စီမံခန့်ခွဲခြင်း




အထက်တွင် ဆိုခဲ့သည့်အတိုင်း အင်းလေး ဒေသသည် ပထဝီ အနေအထားအရ လည်းကောင်း၊ လူမျိုးစုများ နေထိုင်မှုအရ လည်းကောင်း ခက်ခဲနက်နဲသော သဘောဆောင် နေ ပါသည်။ ရာစုနှစ်ပေါင်း များစွာ ကပင်အခြေချ နေထိုင်ခဲ့သော လူမျိုးစုများနှင့် ယင်းတို့ နှင့် သဘာဝပတ်ဝန်းကျင် အပြန်အလှန် အညမည ဖြစ်တည်မှုကို ဖော်ကြူးနေပါသည်။ ခရီးသွား လုပ်ငန်းသည် အပြောင်းအလဲများကို မြန်ဆန်စွာ ဖြစ်ပေါ်စေပါသည်။ ဤသို့ ရှုတ်ထွေး ဆန်းကြယ် သော အပြောင်းအလဲများကို စနစ်တကျ ကိုင်တွယ် နိုင်ရန်မှာ ဇုံများအလိုက် စီမံခန့်ခွဲရန် ဖြစ်ပါသည်။ ဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် ဒေသအလိုက်၊ ဇုံနယ် အလိုက် မူဘောင်များချမှတ် ဆောင်ရွက်စေရန် ဖြစ်ပါသည်။

ဆွေးနွေးပွဲများတွင်လည်းတက်ရောက် လာသူ များက ဤအချက်ကို ဆွေးနွေးခဲ့ကြပါသည်။ ဤဆွေးနွေးချက်များကို အခြေခံ၍ ယခုစာတမ်း တွင် အသေးစိတ်တင်ပြထားပါသည်။

အောက်တွင် ဇုံနယ်မြေများ ခွဲခြားရေးကို အကြမ်းပျဉ်း အကြံပြုတင်ပြထားပါသည်။ သို့ရာတွင် အသေးစိတ်ကိုမူ ဆက်လက် ဆွေးနွေးရဦးမည်ဖြစ်ပါသည်။ ဥပမာ- ဇုံနယ်မြေ နယ်နိမိတ်များသတ်မှတ်ရေးမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများမှာ ကိုပြုစုရေး စသည်တို့မှာ အချိန်ယူ ဆောင်ရွက်ရမည့်ကိစ္စများ ဖြစ်ပါသည်။ ဤအနေအထားများကို အချိန်မှန် တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဖြေရှင်းကြရမည်ဖြစ်ပါသည်။ ယင်းဖြေရှင်းချက်များမှာလည်း ဤစာတမ်းပါ လုပ်ငန်းစဉ်များ မူဝါဒ များကို အထောက်အကူဖြစ်စေရန် လိုပါသည်။

ဇုံနယ်မြေများ ခွဲခြားသတ်မှတ်ရာတွင်လည်း အသေးစိတ်တိုင်းတာကြရပါမည်။ ဇုံအလိုက်လည်း လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပေးရပါမည်။ စီမံခန့်ခွဲရေးလုပ်ငန်းများကို ဥပဒေနှင့် အညီ ဆောင်ရွက်ကြရပါမည်။ ဒေသန္တရခရီးစဉ် ဒေသစီမံခန့်ခွဲရေးအဖွဲ့၏ ပထမဆုံး ဆောင်ရွက်ရမည့် တာဝန်ဖြစ်လာနိုင်ပါသည်။

| ဇုံနယ်မြေနှင့်စည်းမျဉ်း စည်းကမ်း | ခွင့်ပြုနိုင်မည့်လုပ်ငန်းများ |
|---|---|
| **မြို့ဇုံနယ်မြေ**<br>လက်ရှိမြို့ဧရိယာပေါ်တွင်အခြေခံပါသည်။ အသစ်တည်ဆောက်မှုများကို တင်းကြပ်သော စည်းမျဉ်း၊ စည်းကမ်း များနှင့် ထိန်းချုပ်ခြင်း၊ သမိုင်းအမွေအနှစ် စီမံခန့်ခွဲခြင်း စသည်တို့ဖြင့် ကန့်သတ်နိုင်ပါသည်။ ဒေသခံများ၏ အကျိုးအတွက်သာ ဖြစ်ရပါမည်။ ခရီးသွားလုပ်ငန်းကြောင့် ထိခိုက်မှုမရှိစေရပါ။ | • ဟိုတယ်များ<br>• လက်လီဈေးဆိုင်များ<br>• ဧည့်သည်များအတွက် ပြန်ကြားရေးဌာနများ<br>• ဧည့်ရိပ်သာများ<br>• စားသောက်ဆိုင်စသည်များ<br>• ခရီးသွားလုပ်ငန်းကုမ္ပဏီရုံးများ |
| **အင်းလေးဟိုတယ်ဇုံ**<br>အသစ် တည်ဆောက်မှုများအားလုံး သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဆိုင်သော တင်းကြပ်သောစည်းမျဉ်းစည်းကမ်းများကိုလိုက်နာရန်။ အဆောက်အဦး များ၏ ဗိသုကာပုံစံ များသည် ဒေသနှင့် လိုက်လျောမှုရှိစေရန်။ | **အင်းလေးဟိုတယ်ဇုံအတွက်**<br>• ဟိုတယ်အကြီးစားများ<br>• အနားယူအပန်းဖြေဟိုတယ်များ<br>• စားသောက်ဆိုင်များ<br>• လက်လီဆိုင်ကြီးများ |
| **ခရီးသွားလုပ်ငန်းအထွေထွေဇုံ**<br>ခရီးသွားလုပ်ငန်းကို ဒေသ၏ သမိုင်းအမွေအနှစ် ၊ သဘာဝ ပတ်ဝန်းကျင် အနေအထားများနှင့် လိုက်လျောညီထွေမှုရှိအောင် စီမံခန့်ခွဲသည်။ အသစ်ဆောက်လုပ်မည့် အဆောက်အဦး များသည် သဘာဝ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှု၊ သမားရိုးကျ ဗိသုကာ ပုံစံများဖြစ်စေရန်၊ ဧည့်သည်များ၏ လှည့်လည် လှုပ်ရှားမှုများသည် အင်းလေးဒေသ၏ ပုံရိပ်နှင့် ဤစာတမ်းပါ အဓိကရည်မှန်းချက်များနှင့် | အင်းလေးကန်၏သဘာဝအလှများနှင့် ယဉ်ကျေးမှုများကိုလေ့လာလိုသူများအတွက်<br>• သတ်မှတ်လမ်းကြောင်းများအတိုင်း လွတ်လွတ်လပ်လပ် သွားရောက်ခွင့်<br>• သတ်မှတ်လမ်းကြောင်းများအတိုင်းလမ်းလျှောက်ခရီးစဉ်များ၊ တောတွင်း ခရီးကြမ်းစီး စက်ဘီးခရီးစဉ်များသည် သတ်မှတ်ချက် များနှင့်အညီ ဖြစ်စေရမည်။<br>• သမိုင်းအမွေအနှစ်နေရာများနှင့် အခြားကြည့်ရှုရန်နေရာများသို့ သတ်မှတ်လမ်းကြောင်းများအတိုင်း မော်တော် |

| ဇုန်နယ်မြေနှင့်စည်းမျဉ်း စည်းကမ်း | ခွင့်ပြုနိုင်မည့်လုပ်ငန်းများ |
|---|---|
| မဆန့်ကျင်စေရ။ဒေသခံများသည် ခရီးသွားလုပ်ငန်း၏ အကျိုးကို အဓိကခံစားရရှိသူများ ဖြစ်စေရမည်။ | ယာဉ် ဖြင့်သွားနိုင်သည်။<br>• သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေနိုင်သည့်နေရာများတွင် ကျောက်တောင်တက်ခြင်းများ ပြုလုပ်နိုင်သည်။ နောက်ထပ် တိုးချဲ့ရန်ရှိပါကကြိုတင်ခွင့်ပြုချက်ရယူရမည်။<br>• ကျေးရွာများ၊ မွေးမြူရေးခြံများ အခြေခံ အဆောက်အအုံများသို့ လည်ပတ်ခွင့်။<br>• အသစ်တည်ဆောက်မည့် အဆောက်အအုံများအားလုံး အင်းလေးဒေသ၏ ပုံရိပ်နှင့် ကိုက်ညီရမည်။ |
| **ရေပေါ်ဇုံ**<br>ဧည့်သည်များအန္တရာယ်ကင်းရှင်းရေး၊အင်းလေးကန်နှင့် ရေလမ်းကြောင်းများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဒေသခံများ၏ ယဉ်ကျေးမှုများကို ထိန်းသိမ်း စောင့်ရှောက်ရေးနှင့် ယင်းတို့ပါဝင်လာခွင့် | အင်းလေးကန်၏ သဘာဝအလှများနှင့် ယဉ်ကျေးမှုများကို လေ့လာလိုသူများအတွက်<br>• လှေစီးခရီးစဉ်များ<br>• ရှိပြီးဟိုတယ်နှင့် စားသောက်ဆိုင်များ<br>• အသစ်ဖွင့်လှစ်မည့် စားသောက်ဆိုင်များသည် ရပ်ရွာနှင့် ဆက်စပ်မှုရှိကာ အသေးစိတ်ခွင့်ပြုချက်ရယူရမည်။<br>• လှေအင်ဂျင်များ၏ မြင်းကောင်ရေနှင့် အသံဆူညံမှုကို ကန့်သတ်ရန်<br>• ဟိုတယ်များ၊ ကျေးရွာများ ဝန်းကျင်နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ အနီးတွင် အသံတိတ်ဇုံ၊ အသံလျှော့ဇုံ စသည်ဖြင့် သတ်မှတ်ပေးရန်။ |
| **ဇီဝမျိုးစုံ ထိန်းသိမ်းကာကွယ်ရေးဇုံ**<br>ဒေသတွင်းဇီဝမျိုးစုံကြွယ်ဝသောနေရာများကိုသတ်မှတ်ပေးရန်။ | အင်းလေးကန်ဒေသ၏ ဇီဝမျိုးစုံကြွယ်ဝမှုကို လေ့လာလိုသူများအတွက်<br>• တောရိုင်းတိရိစ္ဆာန် စောင့်ကြည့်လေ့လာခြင်း။<br>• တိရိစ္ဆာန်များအားအနှောင့်အယှက်မဖြစ်စေရန် အသံလုံခြင်း နှင့် အနှောင့်အယှက်မပြုခြင်း<br>• အချို့နေရာများကို ကာကွယ် ထိန်းသိမ်းရန် ဧည့်သည်များအား သွားလာခွင့်မပြုသော နေရာများ ရှိနိုင်ပါသည်။ |
| **ပေါ်ထွန်းလာနေသည့်ဇုံများ**<br>လက်ရှိတွင်မည်သည့်ခရီးသွားလုပ်ငန်းမှုမရှိသေး၍ ပိုမိုအန္တရာယ်ကြီးပါသည်။ ဒေသခံများအနေဖြင့်ခရီး သွားလုပ်ငန်းအကြောင်းကိုလည်းကောင်း ပြင်ပ ယဉ်ကျေးမှုများနှင့် တွေ့ထိဖူးခြင်းမရှိသဖြင့် အန္တရာယ် အလွန်များပါသည်။ | လက်ရှိတွင်ခရီးသွားလုပ်ငန်းများမရှိသေး ၊ သို့မဟုတ် အနည်းငယ်သာရှိသောဒေသများ<br>• သေချာစွာ လေ့ကျင့်သင်တန်းပေးထားသော ဧည့် လမ်းညွှန်များ၊ တာဝန်ရှိသူများ ပါရှိမှသာလျှင် သွားလာခွင့် ရှိသည်။<br>• ဒေသခံပြည်သူများ ခရီးသွားလုပ်ငန်း၏ သဘောသဘာဝ ကိုပြည့်ဝစွာ နားလည်လာအောင် ရှင်းလင်းပြရသည်။<br>• ဒေသ၏ ယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများကို ဂုဏ်ယူတတ် ရမည်။ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှု ရှိရမည်။ သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှု အနည်းဆုံး ဖြစ်စေရမည်။ ဒေသခံများအ တွက်အကျိုးရှိစေရမည်။ |

## ၁၀. ၁. ၃ ညောင်ရွှေမြို့အားစီမံခန့်ခွဲမှု

ခရီးသွားလုပ်ငန်း၏ လျှင်မြန်စွာတိုးတက်ပြောင်းလဲလာမှုသည် ဒေသတွင်းရှိမြို့ရွာများကို ရိုက်ခတ်လာနေသည်။ အထူးသဖြင့် ခရီးသွားလုပ်ငန်း၏ ဗဟိုချက်များဖြစ်သော ညောင်ရွှေမြို့ နှင့် ကလောမြို့တို့တွင် တွေ့နေရသည်။ မကြာမီတွင် ခရီးသွားဧည့်သည်များတိုးတက်လာသည်နှင့်အမျှ ပင်းတယမြို့ နှင့် လွိုင်ကော်မြို့များလည်း ဤပြဿနာနှင့်ရင်ဆိုင်ကြရပါလိမ့်မည်။

ညောင်ရွှေမြို့တွင် ခရီးသွားဦးရေ တဟုန်းထိုး မြင့်တက်လာသည့် ၂၀၁၂ခုနှစ်မှ စ၍ ဟိုတယ်များ၊ စားသောက်ဆိုင်များ တိုးပွားလာသည်။ ဟိုတယ်အသစ် ၂၀လုံး တည်ဆောက်လျက်ရှိသည်။ စားသောက်ဆိုင် အများအပြားလည်း ပေါ်ထွက်လာပါသည်။

ညောင်ရွှေမြို့သည် အင်းလေးကန်ဒေသ၏ စီးပွားရေးဗဟိုချက်လည်း ဖြစ်သည်။ အင်းလေးကန်မှ ထွက်ရှိသော ခရမ်းချဉ်သီးနှင့် ငါးများကိုရောင်းဝယ်ဖောက်ကားရာ ဈေးမြို့ဖြစ်သည်။ ထို့ကြောင့်ညောင်ရွှေမြို့၏ ခရီးသွားလုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းများကို သဟဇာတ ဖြစ်အောင် ညှိနှိုင်း ဆောင်ရွက်ရပါမည်။

ယနေ့အချိန်တွင် ညောင်ရွှေမြို့ပေါ်တွင် အသစ်ဆောက်လုပ်နေသော အဆောက်အဦးများအတွက် သတ်မှတ်ထားသော ဗိသုကာဒီဇိုင်းပုံစံများ မရှိသေးပါ။ အချို့အဆောက်အအုံများဆိုလျှင် အနောက်ဥရောပ ဗိသုကာဒီဇိုင်းများ ဖြစ်နေသည်။ ဤဒီဇိုင်းများက ဒေသ၏အလှအပကို ဖျက်ဆီးနေသည်။ တစ်ဖက်မှလည်း နေရာထိုင်ခင်းလိုအပ်ချက်က ဒေသခံရှမ်းရိုးရာအိမ်ပုံစံ ဗိသုကာလက်ရာများကို ခြိမ်းခြောက်နေသည်။ ညောင်ရွှေမြို့တော်ရှိ ကိုလိုနီခေတ် ဗိသုကာလက်ရာများကို ခြိမ်းခြောက်နေသည်။

ထို့အပြင် ညောင်ရွှေမြို့သည် ကမ္ဘာလှည့်ခရီးသည်များဖြင့်ပြည့်နေသည်။ အထူးသဖြင့် ဧည့်သည်များသောရာသီတွင် ပိုများသည်။ မြို့တွင်း၌ လူသွားစင်္ကြန်ဟူ၍မရှိပါ။ မော်တော်ယာဉ်သွားလာမှု စနစ်တကျမရှိပါ။ ကမ္ဘာလှည့်ခရီးသွားများတင်ဆောင်သော တိုးရစ်ကားကြီးများက လမ်းကျဉ်းလေးများထဲတွင် ရပ်ထားသည်။ လှေဆိပ်တွင်လည်း ဧည့်သည်လှေများရော အခြားကုန်တင်လူစီးလှေများပါ ပြည့်ကျပ်နေသည်။

ညောင်ရွှေမြို့အားစနစ်တကျစီမံခန့်ခွဲရေးအတွက် စည်းကမ်းများချမှတ်ရန်လိုပါပြီ။ မြို့ပြစီမံကိန်း ရေးဆွဲရေးပညာရှင်များ၊ ဗိသုကာပညာရှင်များ၊ ခရီးသွားလုပ်ငန်းပညာရှင်များ စုပေါင်း၍ အဖြေရှာရပါမည်။ စည်းမျဉ်းစည်းကမ်းများချမှတ်ရပါမည်။

- ဧည့်သည်များအတွက် လှေဆိပ်ဆင်းရန် လျှောက်လမ်းပြုလုပ်ခါ ဧည့်သည်အရေအတွက်ကို စာရင်းကောက်ရန်။
- ဧည့်သည်များစီးသောတိုးရစ်ကားအကြီးများကို မြို့ပြင်တွင်ရပ်နားစေကာ၊ မြို့တွင်းသို့ မြင်းလှည်း သို့မဟုတ် တုပ်တုပ် (tuk tuk) များ သို့မဟုတ် လမ်းလျှောက်ဝင်စေရန်နှင့် ခရီးသည်များ၏ ပစ္စည်းများကို လှည်းစသည်များဖြင့် သယ်ရန်။

- စီးပွားရေးအရ အသုံးပြုနေသော ကုန်တင်လှေနှင့် အခြားခရီးသည်တင်လှေများကို ဧည့်သည်များ အသုံးပြုသော လှေဆိပ်မှ သီးခြားထားပေးရန်။
- မြို့ပေါ်တွင် ဘေးပလက်ဖေါင်းများထားပေးရန်။
- မော်တော်ယာဉ်များအတွက် လမ်းစည်းကမ်းများချမှတ်ရန်၊ အချို့လမ်းများကို တစ်လမ်းမောင်း သတ်မှတ်ရန်အပြင် ကုန်တင်ယာဉ်များ ဝင်ထွက်ချိန်များကိုပါ သတ်မှတ်ပေးရန်။
- မြို့ပေါ်ရှိတန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းအဆောက်အအုံများကို "ရှေးဟောင်း အဆောက်အအုံများ" အဖြစ်သတ်မှတ်ပေးကာ ယင်းတို့အား ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန်လိုအပ်သော စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းပြီး မဖျက်ပစ်နိုင် အောင် ကာကွယ်ရန်။ ယင်းအဆောက်အအုံများအား လက်လွှဲရောင်းချလျှင်လည်း ဝယ်ယူသူမှ ပြန်လည်မွမ်းမံပါမည်ဟု ကတိကဝတ်ရှိစေရန်။ ယင်းအဆောက်အအုံ များကို အသုံးချမှုပုံစံပြောင်းနိုင်သော်လည်း အသွင်သဏ္ဌာန်ပြောင်းလဲခြင်းကို ခွင့်မပြု ပါ။ ပစ္စည်းသိုလှောင်ရုံများကို ဟိုတယ်၊ ပန်းချီအရောင်းပြခန်း၊ စားသောက်ဆိုင် စသည်ဖြင့် ပြင်ပပုံသဏ္ဌာန်မပျက် အတွင်းပိုင်းကို ပြင်ဆင်အသုံးပြုနိုင်ပါသည်။
- မြို့ပေါ်တွင်ရှိသင့်သော ဟိုတယ်အလုံးရေကို သတ်မှတ်ထားရပါမည်။ ဟိုတယ် အသစ်ဆောက်လုပ်ခြင်းထက် လက်ရှိကို ပြန်လည်မွမ်းမံခြင်းကိုသာ ခွင့်ပြုရန် ဖြစ်ပါသည်။
- မြို့ပေါ်တွင် အဆောက်အဦးအသစ်များ ဆောက်လုပ်ရာတွင် မြို့၏အလှအပ မပျက် စေဘဲဒေသ နှင့် ကိုက်ညီသော ဗိသုကာပုံစံများဖြစ်ရန် လိုအပ်ပါသည်။ ဟိုတယ်များ ဆောက်လုပ်ရာတွင် အင်းလေးကန်၏ ပြယုဂ်အမှတ်တံဆိပ်ကို ရောင်ပြန်ဟတ်ရန် လိုပါသည်။ ရိုးရာဗိသုကာလက်ရာများ ပါရှိရန်လိုပါသည်။ လိုအပ်လျှင် အမြင့်ပေ သတ်မှတ်ချက် လုပ်သင့်ပါသည်။
- ရေအသုံးချမှု လျှပ်စစ်ဓာတ်အား အသုံးချမှုစသည်တို့နှင့် စပ်လျဉ်း၍တိကျပြီး သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေရန် စည်းမျဉ်းစည်းကမ်းများ ချထားရပါမည်။ ရေဆိုးစွန့်ပစ်မှု၊ မိလ္လာအညစ်အကြေးစွန့်ပစ်မှု စံနစ်များကို ဖော်ဆောင်သင့်ပါသည်။
- ရေရှည်တွင်မြို့ပေါ်၌ မိလ္လာအညစ်အကြေးစွန့်ပစ်မှုနှင့် အမှိုက်သရိုက်သိမ်းဆည်းမှု စနစ်ကို ဖော်ဆောင်သင့်ပါသည်။
- ဤလုပ်ငန်းများကို ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ (လိုအပ်သော မြို့ပြစီမံကိန်းရေးဆွဲခြင်းအတွက် ဝန်ထမ်းများအား လေ့ကျင့်ပေးရန်လိုအပ်ပါမည်။) အဆောက်အအုံအသစ်များ သည်မြို့၏ဟန်ပန်နှင့် ကိုက်ညီမှု ရှိမရှိကိုလည်း စစ်ဆေးမည့် အစီအစဉ်ရှိရပါမည်။

ဤစစ်ဆေးရေးလုပ်ငန်းများကို ဒေသန္တရခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှုအဖွဲ့က လုပ်ဆောင်ရပါလိမ့်မည်။

## ၁၀. ၁. ၄ ကလောမြို့စီမံခန့်ခွဲမှု

တစ်ချိန် ကိုလိုနီခေတ်က တောင်ပေါ်စခန်းမြို့ဟု ထင်ရှားခဲ့သော ကလောမြို့သည် အင်းလေးကန်ဒေသ၏ ဒုတိယ ခရီးသွားဗဟိုချက် ဖြစ်လာပါသည်။ အထူးသဖြင့် တောတွင်း ခရီးကြမ်းလမ်းလျှောက်ခရီးစဉ်များ၏ ဗဟိုဖြစ်ပါသည်။ ကလောမြို့သည်လည်း ညောင်ရွှေမြို့ ကဲ့သို့ပင် လျှင်မြန်စွာ တိုးတက်လာသော ခရီးသွားလုပ်ငန်း၏ သက်ရောက်မှုများကို ကြုံတွေ့နေရ ပါသည်။ ကလောမြို့တွင် ကိုလိုနီခေတ်ဗိသုကာလက်ရာအိမ်ဟောင်းများ ရှိပါသည်။ ကိုလိုနီခေတ် ကပင် ရှိခဲ့သော ဟိုတယ်များ၊ ဘာသာရေးအဆောက်အအုံများလည်း ရှိပါသည်။ ထို့အပြင် (၂၀)ရာစု ခေတ်ဦးက တည်ဆောက်ခဲ့သော သာစည်-ရွှေညောင် ရထားလမ်းပေါ်တွင် ရှိနေပါသည်။ သို့ရာတွင် ဤအဆောက်အဦးများ အခြေခံအဆောက်အအုံများသည် အလျှင်အမြန်ဖြစ်ပေါ်နေသော တိုးတက်မှု ဒဏ်ကိုခံနေရကာ ပျောက်ကွယ်လုနီးပါးဖြစ်နေပါပြီ။

ကလောမြို့အား စနစ်တကျဖွံ့ဖြိုးရေးအတွက် အသေးစိတ်မြို့ပြစီမံကိန်းတစ်ခုရေးဆွဲရန် လိုအပ်နေပါသည်။ ဤစီမံကိန်းကို မြို့ပြစီမံကိန်းပညာရှင်များ၊ ဗိသုကာပညာရှင်များ၊ သမိုင်း အမွေအနှစ် ထိန်းသိမ်းရေးပညာရှင်များ၊ ခရီးသွားလုပ်ငန်းပညာရှင်များ စုပေါင်းရေးဆွဲကြရပါမည်။ ဤမြို့ပြစီမံကိန်း ဧရိယာအတွင်း မြို့ပြင်ရှိ ရှေးခေတ်ဟိုတယ် စသည်များပါ ပါဝင်ရပါမည်။ ကလောမြို့ စီမံခန့်ခွဲမှု စီမံချက်တွင်

- အဝေးပြေးကားများ ဆိုက်ရောက်/ထွက်ခွာရန်နေရာ စနစ်တကျ တည်ဆောက်ပေးခြင်း။
- မြို့ပေါ်ရှိ သမိုင်းတန်ဖိုးကြီးမားသော အဆောက်အဦးများကို "သမိုင်းအမွေအနှစ် အဆောက်အအုံ" အဖြစ်သတ်မှတ်ပေးကာ ယင်းတို့အားဖြိုဖျက်ခြင်းမှကာကွယ်ရန် လိုအပ်သောအမိန့်ကြေ ညာချက်များ ထုတ်ပြန်ခြင်း။ ယင်းအဆောက်အအုံများအား လက်လွှဲရောင်းချရာတွင်လည်း ဝယ်ယူသူမှ ပြန်လည် မွမ်းမံပြင်ဆင်ပါမည်ဟု ကတိကဝတ်ရှိစေရန် အဆောက်အအုံများအား အသုံးချမှုပုံစံပြောင်းလဲနိုင် သော်လည်း အသွင်သဏ္ဌာန်ပြောင်းလဲခြင်းကို ခွင့်မပြုပါ။ ပစ္စည်းသိုလှောင်ရုံ စသည်များကို ဟိုတယ်များ၊ ပန်းချီပြခန်းများ၊ စားသောက်ဆိုင်များအဖြစ် ပြင်ပပုံသဏ္ဌာန်မပျက် အတွင်းပိုင်းကို မွမ်းမံပြင်ဆင်နိုင်ပါသည်။ ဤလုပ်ငန်းတွင် မြို့ဧရိယာပြင်ပရှိ ရှေးဟောင်းဟိုတယ်အဆောက်အအုံများပါ အကျုံးဝင်ပါသည်။ ဘဏ္ဍာငွေကြေးရရှိနိုင်မှုကိုမူ ဆက်လက်ပြီးကြိုစားရပါမည်။

- ကလောဘူတာ နှင့် မီးရထားယဒ်ဝင်းကိုလည်း ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရပါမည်။
- မြို့တွင်ဟိုတယ်အရေအတွက်ကို ကန့်သတ်ရန်လိုပါမည်။ ဟိုတယ်အသစ်များ တည်ဆောက်မည်ဆိုပါကလည်း လက်ရှိမြေကွက်များတွင်ရှိရင်းစွဲ အဆောက်အဦးများကိုပြန်လည်မွမ်းမံခြင်းသာ ပြုလုပ်သင့်သည်။ အထူးသဖြင့် သမိုင်းဝင်အဆောက်အအုံများကို မွမ်းမံသင့်သည်။
- မြို့ပေါ်တွင် အဆောက်အဦးအသစ်များ ဆောက်လုပ်ရာတွင် မြို့၏အလှအပမပျက်စေဘဲဒေသ နှင့် ကိုက်ညီသော ဗိသုကာပုံစံများဖြစ်ရန် လိုပါသည်။ ဟိုတယ်အသစ်များ ဆောက်လုပ်မည်၊ မွမ်းမံမည်ဆိုပါကလည်း အင်းလေးကန်၏ ပြယုဂ်အမှတ်တံဆိပ် ကို ရောင်ပြန်ဟတ်ရန်လိုပါသည်။ ရိုးရာဗိသုကာလက်ရာ များပါဝင်ရန် လိုပါသည်။ လိုအပ်ပါက အမြင့်ပေကို ကန့်သတ်ရပါမည်။
- ရေအသုံးချမှု လျှပ်စစ်ဓာတ်အား အသုံးချမှုစသည်တို့နှင့် စပ်လျဉ်း၍ တိကျပြီး သဘာဝပတ်ဝန်းကျင် ကိုမထိခိုက်စေရန် စည်းမျဉ်းစည်းကမ်းများ ချထားရပါမည်။ ရေဆိုးစွန့်ပစ်မှု မိလ္လာအညစ်အကြေးစွန့်ပစ်မှု စသည်များကို ထိန်းချုပ်ရပါမည်။
- ရေရှည်တွင်မြို့ပေါ်၌မိလ္လာအညစ်အကြေးစွန့်ပစ်မှုနှင့် အမှိုက်သရိုက်သိမ်းဆည်းမှုစနစ်များကို ဖော်ထုတ်ရပါမည်။

ဤလုပ်ငန်းများကို ကလောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ကတာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပါသည်။ (လိုအပ်သော မြို့ပြစီမံကိန်း ရေးစွဲခြင်းအတွက် ဝန်ထမ်းများအား လေ့ကျင့်ပေးရန်လိုအပ်ပါမည်။) အဆောက်အအုံသစ် များသည် မြို့၏ပာန်ပန်နှင့် ကိုက်ညီမှုရှိ/မရှိကိုလည်း စစ်ဆေးမည့် အစီအစဉ်များ ရှိရပါမည်။ ဤစစ်ဆေးရေးလုပ်ငန်းများကို ဒေသန္တရခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှု အဖွဲ့က လုပ်ဆောင်ရ ပါလိမ့်မည်။

## ၁၀. ၁. ၅ ဒေသ၏ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုကိုကြိုတင်ခန့်မှန်းနိုင်မှုစနစ်ထူထောင်ခြင်းနှင့်အင်းလေးဇုံကြေးကောက်ခံမှုစနစ်ကို ပြန်လည်ပြုပြင်ရေး

ဒေသတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုကို ကြိုတင်ခန့်မှန်းနိုင်ရန်နှင့် ဧည့်သည်များ သွားရောက်တတ်သည့်နေရာများကို သိရှိနိုင်ရန်အတွက် လိုအပ်သော စာရင်းဇယား အချက်အလက်များ ရရှိနိုင်ရန် ယခု အသုံးပြုနေသောစနစ်ကို ပြုပြင်ရပါမည်။ အဓိကမှာ ကိန်းဂဏန်း အချက်အလက် အမှန်အကန်ရရှိရေး ဖြစ်ပါသည်။ ထို့ကြောင့် ဧည့်သည်ဦးရေနှင့် နေထိုင်သွားသော ရက်ပေါင်းကို အတိအကျ မှတ်တမ်းပြုနိုင်မည့် စနစ်တစ်ခု လိုပါသည်။

လက်ရှိအသုံးပြုနေသော ညောင်ရွှေမြို့နှင့် အင်းတိမ်တို့တွင် ဝင်ဇုံကြေး ကောက်ခံရေး ကောင်တာများ ဖွင့်လှစ်ကောက်ခံသည့် စနစ်မှာ အဂတိဖြစ်ပေါ်မှုကို အားပေးရာ ရောက်ပါသည်။

ဇုံဝင်ကြေးလက်မှတ်ကို ဤနေရာ (၂) ခု တွင် ဖြတ်သော်လည်း အင်းလေးကန်တွင်းရောက်လျှင် လက်မှတ်စစ်သည့် စနစ်မရှိပါ။ ထို့ကြောင့် အင်းလေးဒေသသို့ လာရောက်ကြသော ဧည့်သည် ဦးရေနှင့် ယင်းတို့သွားရောက်တတ်သော နေရာများကို သိရှိနိုင်ရန် လက်ရှိဇုံဝင်ကြေး ကောက်ခံမှု စနစ်ကို ပြင်ရပါမည်။

- အင်းလေးဒေသသို့လာရောက်ကြသော ပြည်တွင်းပြည်ပခရီးသည်အားလုံး ဇုံဝင်ကြေး ပေးဆောင်ရပါမည်။ (ညောင်ရွှေမြို့သို့လာရောက်သူတိုင်း အင်းလေးကန်သို့ သွားရောက်ကြမည်ဟု ယူဆပါသည်။) နိုင်ငံခြားသား နှင့်ပြည်တွင်း ခရီးသွား တို့ကို ဈေးနှုန်းခွဲခြား ကောက်ခံနိုင်ပါသည်။ ဥပမာ နိုင်ငံခြားသား ဧည့်သည် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၀ သို့မဟုတ် မြန်မာငွေ (၁၀၀၀၀) ပြည်တွင်း ဧည့်သည်တစ်ဦးလျှင် ဝန်ဆောင်ခ ကျပ် ၅၀၀ ကောက်ခံသင့်ပါသည်။ ဇုံဝင်ကြေး လက်မှတ်၏ သက်တမ်းမှာ (၇)ရက် ဖြစ်ပါသည်။ ဇုံဝင်ကြေး လက်မှတ်များ ကို ယခုအတိုင်းပင် ညောင်ရွှေနှင့် အင်းတိမ်တွင်ရောင်းချနိုင်ပါသည်။ ရောင်းချပြီး လက်မှတ်များကိုယခင်စနစ်အတိုင်း မှတ်တမ်းတင် ထိန်းသိမ်းထားနိုင်ပါသည်။
- ဇုံဝင်ကြေးလက်မှတ်များကို လှေဆိပ်တွင်စစ်ဆေးနိုင်ပါသည်။ သို့ရာတွင် လက်မှတ် စစ်အဖွဲ့ကို လက်မှတ်ရောင်းသောအဖွဲ့နှင့် သီးခြားဖြစ်စေရပါမည်။ လက်မှတ် တစ်ခြမ်းကို ဆုတ်ဖြဲပြီး တာလီ မှတ်ထားနိုင်ပါသည်။ ယင်းလက်မှတ် ဖြတ်ပိုင်းများကို ညနေပိုင်းတွင်ရေတွက်ရပါမည်။ ဇုံကြေး လက်မှတ်ပျောက်ဆုံးသွားသူ များသည် လက်မှတ်ရုံ သို့မဟုတ် ဟိုတယ်တွင် ထပ်မံဝယ်ယူရပါမည်။
- ရောင်းချရရှိသောငွေများနှင့် ရောင်းချရသောလက်မှတ်များကို စုစည်းကာ လကုန် ရက်တိုင်း ဒေသန္တရခရီးစဉ်စီမံခန့်ခွဲမှုအဖွဲ့သို့အပ်နှံရန်ဖြစ်ပါသည်။

ဤသို့သီးခြားစီဖြစ်သောအဖွဲ့(၂)ဖွဲ့ဖြင့်ဆောင်ရွက်ခြင်းဖြင့် အင်းလေးဒေသသို့ လာရောက် ကြသော ဧည့်သည် အရေအတွက် အမှန်အကန်ရရှိမည်ဟု မျှော်လင့်ပါသည်။ ဒေသခံရွာသူ၊ ရွာသား များကိုမူ ဇုံဝင် ကြေးကောက်ခံခြင်းမှ ကင်းလွတ်ခွင့် ပေးပါမည်။

အလွယ်ကူဆုံးနည်းမှာ လက်မှတ်များကို ပုံနှိပ်ရန်ဖြစ်ပါသည်။ ပြီးလျှင်ဝန်ထမ်းအင်းအားဖြင့် ရောင်းချခြင်း၊ စစ်ဆေးခြင်း၊ စသည်များပြုလုပ်နိုင်ပါသည်။ လက်မှတ်တစ်ပိုင်းကို အပေါက်ငယ် များဖြင့် ပြုလုပ်ထားသဖြင့် အလွယ်တကူဆုပ်ဖြဲနိုင်ပါမည်။ ညနေပိုင်းအလုပ်သိမ်းချိန်တွင်ရောင်းချပြီး လက်မှတ်များ၊ ငွေများကို စာရင်းပိတ်သိမ်းနိုင်ပါသည်။ ကမ္ဘာပေါ်တွင် နည်းပညာသုံးကာ ဇုံဝင်ကြေး အစရှိသည်တို့ကို ကောက်ခံသော စက်များပေါ်ထွက်နေပါသည်။ သို့မဟုတ် Smart Card များလည်း သုံးနိုင်ပါသည်။ ဤသို့ အဆင့်မြင့်နည်းပညာများသုံးစွဲခြင်းဖြင့် ဧည့်သည်ဦးရေကို တခါတည်း မှတ်တမ်းတင်ပြီးဖြစ်ပါသည်။ သို့ရာတွင် ဒေသတွင်း လျှပ်စစ်ဓာတ်အား မလုံလောက်မှု ကြောင့် လက်ရှိအချိန်တွင် ဆောင်ရွက်ရန်ခက်ခဲပါဦးမည်။

ထို့အပြင် မိမိသွားရောက်ကြည့်ရှုလိုသော နေရာများအတွက်ပါ လက်မှတ်ဖြတ်နိုင်သည့် စနစ်လည်း ရှိပါသည်။ လည်ပတ်ကြည့်ရှုနိုင်သော နေရာများကို လက်မှတ်တွင် ပုံနှိပ်ဖော်ပြကာ ယင်းနေရာများရောက်မှ ယင်းအပိုင်းများကို ဖြဲပြီး သိမ်းထားနိုင်ပါသည်။

ဧည့်သည်များ ဇုံဝင်ကြေးပေးလက်မှတ်ဝယ်သည်နှင့် ဒေသအကြောင်း သိကောင်းစရာ လက်စွဲစာအုပ်ငယ်များ၊ မြေပုံများပါသော လက်ဆောင်အိတ်ငယ်(၁၀. ၄. ၅)လေး တစ်အိတ်ပေး နိုင်ပါသည်။ ယင်းလက်ဆောင် အိတ်ငယ်မှာ ဒေသတွင်း ယက်လုပ်သည့် လွယ်အိတ်စသည်များ ဖြစ်နိုင်ပါသည်။ (၁၀. ၇. ၈) သည် အစီအစဉ်စတင်ရန်မှာ ငွေကုန်ကြေးကျမှုသိပ်မရှိနိုင်ပါ။ အဓိကကုန်ကျစရိတ်မှာ ဇုံဝင်ခွင့်လက်မှတ်များ ရိုက်နှိပ်ခြင်းနှင့် လက်မှတ်စစ်ဝန်ထမ်းများ အသစ်ခန့် ထားခြင်းဖြစ်သည်။ ထို့အပြင် ကိန်းဂဏန်းအချက်အလက်များကို ရေးသွင်းမည့် ဝန်ထမ်းတစ်ဦးထပ်မံ ခန့်ထားရန်လိုပါမည်။ အကယ်၍ ယခု ဇုံဝင်ကြေးလက်မှတ်ရောင်းချခွင့်အဖွဲ့တစ်ဖွဲ့နှင့် စာချုပ်ချုပ်ဆို ထားခြင်းများရှိခဲ့လျှင်လည်း စာချုပ်ကိုအသစ်ထပ်မံချုပ်ဆို ရန်လိုပါမည်။

၎င်းသို့ဇုံဝင်ကြေး ကောက်ခံမှုစနစ် ပြုပြင်ပြောင်းလဲရေးသာမက ဒေသတစ်ခုလုံးခြုံငုံပြီး ဧည့်သည် ဝင်ရောက်မှုကို မှတ်တမ်းတင်နိုင်ရန်လည်း လိုအပ်ပါသည်။ အလွယ်ဆုံးမှာ-

- စုစုပေါင်းဧည့်သည်ဦးရေ
- ပြည်တွင်း/ပြည်ပဧည့်သည်
- ဇာတိ/အရပ်ဒေသ
- အသက်အပိုင်းအခြား
- အင်းလေးဒေသတွင်နေထိုင်မည့်ရက်ပေါင်းနှင့် တည်းခိုမည့်နေရာ

၎င်းအခြေခံကိန်းဂဏန်းများသည် ဒေသတွင်းခရီးသည် ဝင်ရောက်မှုနှင့် လှည့်လည်ကြည့်ရှု သော နေရာများကို အတိအကျသိရှိနိုင်ပြီး အနာဂတ်အတွက် ကြိုတင်တွက်ချက်မှု ပြုရာတွင် အထောက်အကူ ဖြစ်စေပါလိမ့်မည်။

၎င်းသို့ခရီးသွား ဧည့်သည်များအပေါ် စစ်တမ်းကောက်ယူမှုကို နှစ်စဉ်ပြုလုပ်ခြင်းဖြင့် ဧည့်သည်များ၏အမြင်များ၊ လိုအပ်ချက်များ စသည်တို့ကိုသိရှိလာပြီး လိုအပ်သော ပြုပြင်ပြောင်းလဲမှု များကို ဆောင်ရွက်လာနိုင်ပါလိမ့်မည်။

ဒေသန္တရခရီးသွားစီမံခန့်ခွဲမှုအဖွဲ့များကလည်း ၎င်းစစ်တမ်းမှပေါ်ထွက်လာသော ကိန်းဂဏန်း များ တွေ့ရှိချက်များကို အခြေခံကာ နှစ်တိုနှစ်ရှည်စီမံကိန်းများ ရေးဆွဲခြင်း စသည်များကို ဆောင်ရွက်နိုင်ပါမည်။ သို့ရာတွင်ဒေသန္တရခရီးသွားစီမံခန့်ခွဲမှုအဖွဲ့များအတွင်း ၎င်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ကျွမ်းကျင်ဝန်ထမ်းများလိုအပ်လာပါမည်။ ၎င်းကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်ရေး ကို အခြားလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး အစီအစဉ်များနှင့် ပူးတွဲ ဆောင်ရွက်နိုင်ပါသည်။

## ၁၀. ၁. ၆ ခရီးသွားလုပ်ငန်းတွင်ရင်းနှီးမြုပ်နှံမှုများနှင့် ရင်းနှီးမြုပ်နှံရန်အဆိုပြုချက်များ

ခရီးသွားလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုများနှင့် ရင်းနှီးမြှုပ်နှံရန် အဆိုပြုချက်များကို စိစစ်ရန် ယန္တရားတစ်ရပ် ရှိရပါမည်။ တင်ပြလာသော အဆိုပြုချက်များသည် မြန်မာနိုင်ငံက ထုတ်ပြန်ထား သောတာဝန်ရှိခရီးသွားလုပ်ငန်းမူဝါဒနှင့်ခရီးသွားလုပ်ငန်းအတွင်းပြည်သူလူထုပါဝင်လာမှုဝါဒများနှင့် ကိုက်ညီမှု ရှိမရှိစိစစ်ပေးရပါမည်။ ဤသို့စိစစ်ရာတွင် လိုအပ်လျှင် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှာ စိစစ်ချက်နှင့် မကြာမီပတ်ဝန်းကျင်ထိန်း သိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ထုတ်ပြန်ကြေငြာရန်ရှိသည့် မြန်မာနိုင်ငံသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေများပါ သဘာဝ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုစိစစ်ချက်များအတိုင်း ဆောင်ရွက်ခြင်းရှိမရှိ စိစစ်ရန် လိုအပ်ပါ သည်။

ဤလုပ်ငန်းကို အကောင်ထည်ဖော်ရန်မှာ ဒေသန္တရ ခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်ဖြစ်ကာ သက်ဆိုင်ရာ ဒေသရှိ အဓိကတာဝန်ရှိပြီး အကျိုးစီးပွား ပါဝင်ပက်သက်နေသူများ၏ အမြင်များကိုစုစည်းရပါမည်။ ထို့အပြင်ဒေသခံများ၏ အမြင်များကိုပါ ရယူပေါင်းစပ်နိုင်ရပါမည်။ အသေးစိတ်ကို မဟာဗျူဟာအမှတ်စဉ်(၆)တွင်ဖော်ပြထားပါသည်။

## ၁၀. ၁. ၇ သမိုင်းအမွေအနှစ်ဖြစ်သောခရီးစဉ်ဒေသတစ်ခုချင်းစီအလိုက်စီမံခန့်ခွဲမှု

အင်းလေးဒေသတွင် သမိုင်းအမွေအနှစ် တန်ဖိုးကြီးမားသော နေရာဒေသအတော်များများ ရှိပါသည်။ ဤသို့သမိုင်းအမွေအနှစ်များကြွယ်ဝ၍လည်း အင်းလေးဒေသသည် မြန်မာနိုင်ငံခရီးသွား လုပ်ငန်း၏ ရှေ့ဆောင်ခရီးစဉ်ဒေသတစ်ခု ဖြစ်နေရခြင်းပါ။ လက်ရှိအနေအထားအရ ဤသမိုင်း တန်ဖိုးမဖြတ်နိုင်သည့် အမွေအနှစ်ဒေသများတွင် စီမံခန့်ခွဲမှုအစီအစဉ်များ မရှိသလောက်ပင် ဖြစ်ပါ သည်။ ခရီးသွားလုပ်ငန်းကြောင့်ပင် အန္တရာယ်ရောက်နေသည့် အနေအထား ဖြစ်နေပါသည်။ အရေးတကြီးဆောင်ရွက်ရ မည့်ဒေသ(၄)ခုရှိပါသည်။ ယင်းတို့မှာ-

- ပင်းဒယရွှေဥမင်လိုဏ်ဂူ
- ကက္ကူဘုရားစု
- အင်းတိမ်ဘုရားစု (ဤနေရာတွင် ပျက်စီးနေသောစေတီများအား ပြန်လည်ပြုပြင်မည်လား၊ အဟောင်းများကို ထိန်းသိမ်းမည်လားဟု အငြင်းပွားနေသည်။)
- စံကားဘုရားစု (အောက်ခြေရေဝင်ရောက်မှုကြောင့်အန္တရာယ်ရှိနေ)

အထက်ပါ စာရင်းသည် ပြီးပြည့်စုံသော စာရင်းမဟုတ်သေးပါ။ စာရင်းတွင် မပါသေးသော သမိုင်းအမွေအနှစ်နေရာများ၊ သဘာဝရှုမျှော်ခင်းများ၊ ထူးဆန်းအံ့ဩဖွယ်နေရာများစသည့် ရေတံခွန်များ၊ ကန်ချောင်း၊ ဆည်မြောင်းများ၊ ဘာသာရေးဒေသများ၊ ကိုလိုနီခေတ် အဆောက်အဦး များ စသည်ဖြင့်ရှိပါသေးသည်။ ယင်းတို့အားလုံးကိုလည်း ထိန်းသိမ်းရန် လိုနေပါသည်။

ရှေးဟောင်းအမွေအနှစ်နေရာများကို ထိန်းသိမ်းရေးများဆောင်ရွက်ရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။

- ဧည့်သည်ဝင်ရောက်မှုထိန်းသိမ်းရေး
- ဧည့်သည်များအလွယ်တကူလာရောက်နိုင်ရေး
- မော်တော်ယာဉ်များရပ်နားရန်နေရာများနှင့်လမ်းစည်းကမ်းယာဉ်စည်းကမ်း
- အစားအသောက်နှင့်လက်ဆောင်ပစ္စည်းရောင်းချသောဆိုင်များစည်းကမ်းရှိရေးနှင့်ဘဏ္ဍာရေး
- ဧည့်သည်ဝင်ထွက်မှုစာရင်းဇယားထားရှိရေး
- အမှိုက်စွန့်ပစ်ရေးနှင့်အညစ်အကြေးသိမ်းဆည်းရေး
- လုံခြုံရေး
- ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ
- အဟောင်းများပြန်လည်မွမ်းမံခြင်း
- ဒေသအကြောင်းရှင်းလင်းတင်ပြခြင်းများ
- ရေရှည်တွင်လိုအပ်မည့်ဘဏ္ဍာရေး

**သမိုင်းအမွေအနှစ်ဒေသစီမံခန့်ခွဲရေးအဖွဲ့သည်** ဒေသအတွင်း သမိုင်းတန်ဖိုးရှိသော နေရာဒေသများတွင် အသေးစိတ်လေ့လာမှုများ ပြုရန်လိုအပ်ပါမည် ပဏာမအားဖြင့် ပင်းတယရွှေဥမင်ဂူ၊ ကက္ကူဘုရားစု၊ အင်းတိမ်ဘုရားစု နှင့် စံကားဘုရားစုများမှ ဂေါပကအဖွဲ့များနှင့် အသေးစိတ် တွေ့ဆုံဆွေးနွေးရန်လိုပါသည်။

## ၁၀. ၁. ၈ ဘာသာရေးဆိုင်ရာဒေသများနှင့်အဆောက်အအုံများသို့လာရောက်ကြသော ဧည့်သည်များ အားစီမံခန့်ခွဲမှု

အင်းလေးကန်ဒေသတွင် ဘာသာရေးဆိုင်ရာ အဆောက်အဦး အများအပြားရှိပါသည်။ ဘုန်းတော်ကြီးကျောင်းများ၊ စေတီပုထိုးများ၊ မူဆလင်ပလီများ၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ စသည်ဖြင့်စုံလင်လှပါသည်။ အားလုံးသည်ဒေသ၏ယဉ်ကျေးမှုကြွယ်ဝမှုကို ဖော်ပြနေပါသည်။ ဤစာတမ်းမှာအဆိုပါ ဘာသာရေးဆိုင်ရာများအပေါ် လွှမ်းမိုးရန်မဟုတ်ပဲ အတတ်နိုင်ဆုံး အထောက်အပံ့ ပြုရန် ဖြစ်ပါသည်။ ဤဘာသာရေးဆိုင်ရာ အဆောက်အအုံများသည် ဒေသ၏ ဧည့်သည်များအား ဆွဲဆောင်ရာ အဓိကနေရာများဖြစ်ပါသည်။ ယင်းတို့ကို ဂေါပကအဖွဲ့များ အုပ်ချုပ်ရေး အဖွဲ့များက ကြီးကြပ်စီမံ လျက်ရှိပါသည်။ ယဉ်ကျေးမှုဝန်ကြီးဌာနကလည်း အချို့ကို ကြီးကြပ်စီမံပါသည်။ ဧည့်သည်အများစုက ဤနေရာများသို့ ဘာသာရေးအရ ရောက်လာကြသော်လည်း အချို့မှာ လာရောက်လည်ပတ်သူများလည်း ပါဝင်သည်။ သို့ဖြစ်ပေရာ အဆိုပါ ဘာသာရေးဆိုင်ရာ နေရာများအား လာရောက်ကြသောဧည့်သည်များကို မည်သို့ စီမံခန့်ခွဲခြင်းဖြင့် အကျိုးကျေးဇူး

ဖြစ်လာဖွယ်ရာရှိပါသည်။ အကူအညီတောင်းခံလာပါက လိုအပ်သလို အကူအညီပေး သွားရန်ဖြစ်ပါသည်။

အဆိုပါ ဘာသာရေးဆိုင်ရာနေရာများ၊ အဆောက်အအုံများ၌ ဧည့်သည်စီမံခန့်ခွဲရေးနှင့် စပ်လျဉ်း၍ အကူအညီတောင်းခံလာခဲ့ပါလျှင် သက်ဆိုင်ရာဂေါပကအဖွဲ့၊ ကြီးကြပ်ရေးအဖွဲ့များ၏ ဆန္ဒအတိုင်း ဆောင်ရွက်ပေးသွားရန်ဖြစ်ပါသည်။ ဦးစွာပထမ မည်သည့်ပြဿနာများရှိသည်၊ မည်ကဲ့သို့အကူအညီများ၊ လိုအပ်သောအကူအညီများ၊ ဧည့်သည်စီမံခန့်ခွဲမှု နည်းစနစ်များကို ရေးဆွဲပေးနိုင်ပါမည်။ ၁၀. ၁. ၇ ပါ အနေအထားများနှင့် ဆက်စပ်ကြည့်နိုင်ပါသည်။

## ၁၀. ၁. ၉ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းစီမံချက်များပေါ်ပေါက်ရေး

ခရီးသွားလုပ်ငန်း၌ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲကြရာ၌ အဆိုပါ စီမံချက်ပါလုပ်ထုံးလုပ်နည်းများကိုယ်၌က ရေရှည်တည်တံ့ရန် လိုအပ်ပါသည်။ ယခုပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများသည် လက်ရှိအနေအထားအရလည်းကောင်း၊ အနာဂတ်တွင်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်အပေါ် ထိရှမှုများနှင့် စပ်လျဉ်း၍ လုံလောက်သော အကာအကွယ်များမပါရှိကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် အနာဂတ်တွင်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများတွင် ထည့်သွင်းရေးဆွဲရန် လိုအပ်လာပါသည်။ လက်ရှိလုပ်ငန်း လည်ပတ်နေပြီဖြစ်သော လုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်အား ထိရှမှုမရှိစေရန် မည်သို့ဆောင်ရွက်ထားသည်ကို ဆန်းစစ်ရန် (Green Audit) နည်းစံနစ်များကို အလွယ်တူရရှိနိုင်ပါသည်။ ထို့အတူပင် အသစ်ဆောက်လုပ်မည့်အဆောက်အအုံများတွင် သဘာဝပတ်ဝန်းကျင်မထိခိုက်စေရေး ဆောင်ရွက်ရန် နည်းလမ်းများကို အလွယ်တကူရရှိနေပါပြီ။ ဟိုတယ်များ၊ စီးပွားရေးလုပ်ငန်းများနှင့် အခြားပြည်သူသုံးရုံးဋ္ဌာန အဆောက်အအုံများတွင် သဘာဝပတ်ဝန်းကျင် မထိခိုက်အောင် ဆောင်ရွက်ရာတွင် အောက်ပါတို့ကို ပါဝင်စေရပါမည်။

### အဆောက်အဦးအသစ်ဆောက်လုပ်ခြင်း

- လျှပ်စစ်စွမ်းအား၊ ရေအသုံးချမှု စသည်တို့ကိုအနိမ့်ဆုံးဖြစ်စေမည့် ဗိသုကာပုံစံများ ဖြစ်ရပါမည်။ လေဝင်လေထွက်ကိုလည်း သဘာဝလေကို အသုံးချနိုင်ရပါမည်။
- နေရောင်ခြည်စွမ်းအင်သုံး ရေပူရေအေးစနစ်နှင့် နေရောင်ခြည်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို အသုံးပြုပါ။
- နေအပူချိန်ကြောင့် အဆောက်အအုံအတွင်း အပူချိန်မြင့်တက်မှုမဖြစ်စေရန် သေချာစွာ တွက်ချက်၍ အဆောက်အအုံမျက်နှာစာကို ဆောက်လုပ်ပါ။

**လျှပ်စစ်ဓာတ်အားအသုံးပြုမှု**

- လျှပ်စစ်ဓာတ်အားချွေတာသည့်လျှပ်စစ်မီးသီးများကိုသုံးပါ။
- ဧည့်သည်များအားလျှပ်စစ်စွမ်းအင်မလိုလောက်မှုအကြောင်းပြောပြထားပါ။
- အခန်းထဲရှိရေခဲသေတ္တာငယ်များအပြင် မီးလုံးစသည်များကို ဧည့်သည်မရှိချိန်တွင် ပိတ်ထားပါ။
- လျှပ်စစ်ဂျင်နရေတာကိုလိုအပ်မှသာဖွင့်ပါ။

**ရေသယံဇာတ**

- ဟိုတယ်ခန်းများ၊ အခြားအများပြည်သူသုံး အဆောက်အအုံများ၊ ခရီးစဉ်ဒေသ စသည်တို့တွင် ရေကို ထိရောက်စွာ အသုံးချမှုရှိပါစေ၊ ရေကိုချွေတာသည့် နည်းပညာများ အသုံးပြုပါ။
- ဓာတုဆပ်ပြာမှုနဲ့သုံးစွဲမှုကိုလျှော့ပါ။သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်စေသောအခြားနည်းလမ်းများကို ကြံဆပြီးသုံးပါ။
- ပန်းကန်ဆေးရေ၊ ချိုးရေ အစရှိသော Grey water ခေါ် ရေအမျိုးအစားများကို ပြန်လည်အသုံးပြုနိုင်အောင် စီစဉ်ပါ။ မိုးရေကိုခံပြီး သိုလှောင်နိုင်သည့် စံနစ်ကို စီစဉ်ဆောင်ရွက်ပါ။
- ဟိုတယ်များနှင့်အခြားအဆောက်အဦးများတွင် မိလ္လာကဲ့သို့ Black Water ခေါ် ပြန်လည်အသုံးချ၍မရသော ရေဆိုးများကို ပြန်လည်သန့်စင်သည့် အစီစဉ်များ ထည့်သွင်းတည်ဆောက်ပါ။ ကန်ချောင်းများအတွင်းသို့ သုံးပြီးရေများ ပြန်လည်စွန့်ထုတ်လိုလျှင် ပထမဆုံး အနည်အကျခံပြီးမှ လွှတ်ထုတ်ပါ။

**လောင်စာ**

- ထင်းအသုံးပြုမှုကိုရှောင်ရှားပါ။တတ်နိုင်လျှင်ဂက်(စ်)သုံးပါ။
  **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုစစ်ဆေးရေးအဖွဲ့**သည်ဒေသရှိ ဟိုတယ်များ၊ စားသောက်ဆိုင်များတို့တွင် လျှပ်စစ်နှင့်ရေအသုံးပြုမှုကို စစ်ဆေးရန် လိုအပ်ပါသည်။ ထို့နောက် တစ်ဦးချင်းစီအတွက် ဆောင်ရွက်သည့် အနေအထားကို ချပြရပါမည်။ သဘာဝပတ်ဝန်းကျင်ကို ကာကွယ် စောင့်ရှောက်ပေးသည့် အဆင့်မြင့် နည်းပညာ ပစ္စည်းများကို အသစ်တည်ဆောက်မည့် ဟိုတယ်များတွင် တပ်ဆင်အသုံးပြုရပါမည်။ လိုအပ်သော လမ်းညွှန်မှုများ ထုတ်ပြန် ပေးထားရပါမည်။ ဤသို့ သဘာဝပတ်ဝန်းကျင်ကို အကောင်းဆုံး အကာအကွယ်ပေးသော ဟိုတယ်စသည်များကို Green Inlay ဆုချီးမြှင့်ခြင်း စသော အစိမ်းရောင်အင်းလေးလှုပ်ရှားမှုကို အားပေးရမည်။

**၁၀. ၁. ၁၀ အင်းလေးဟိုတယ်ဇုံအားတည်ဆဲဥပဒေဘောင်အတွင်းဖွင့်လှစ်ခွင့်**

အင်းလေးဟိုတယ်ဇုံသည် အနာဂတ်တွင် တိုးတက်လာနိုင်သော ဧည့်သည်အရေအတွက်ကို မျှော်မှန်း၍ ဖော်ထုတ်ထားသော ဇုံဖြစ်ပါသည်။ ဤဟိုတယ်ဇုံကို ဖော်ထုတ်ရာတွင် သဘာဝ ပတ်ဝန်းကျင် နှင့် လူမှုရေးပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အကာအကွယ်များ ထည့်သွင်းထားပါသည်။ ထို့ကြောင့် ဤဟိုတယ်ဇုံကို ပီပီပြင်ပြင် ပေါ်ပေါက်ရေးအတွက် လိုအပ်သော ပံ့ပိုးမှုများပေးရပါမည်။ သို့မှသာ ဤဟိုတယ်သည် ရေရှည်တည်မြဲပြီး ဖွံ့ဖြိုးတိုးတက်ပါမည်။

ဒေသန္တရခရီးစဉ်ဒေသ စီမံခန့်ခွဲမှုအဖွဲ့သည် ဟိုတယ်ဇုံကြီးကြပ်ရေးကော်မတီနှင့် ညှိနှိုင်းပြီး လုပ်ငန်းများ ဆောင်ရွက်ရန်လိုပါသည်။ လိုအပ်ပါက နိုင်ငံတကာ အဖွဲ့အစည်းများ၏ အကူအညီကို ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ အကယ်၍ လိုအပ်မည်ဆိုပါက အင်းလေးကန် ဟိုတယ်ဇုံ အထောက်အကူပေးရေး စီမံချက်ကို ရေးဆွဲပေးနိုင်ပါသည်။

ဤသို့အထောက်အကူပြုစီမံချက်တစ်ရပ်ရေးဆွဲရာတွင် အဓိကပံ့ပိုးရမည့်ကဏ္ဍများမှာ-

- ဒေသခံများအားလုပ်ငန်းခွင်ဝင်နိုင်ရန်အတွက်သင်တန်းများပေးခြင်း၊ ဟိုတယ်များ၏ လိုအပ်ချက်များအတွက် သင်တန်းများပေးခြင်းနှင့် မွမ်းမံပြင်ဆင်ရေးအပိုင်းများ
- ဒေသနှင့်ကိုက်ညီမည့် ဗိသုကာဒီဇိုင်းပုံစံများ အကြံပြုပေးခြင်း
- မြေအသိမ်းခံရသူများအား လျော်ကြေးများပေးရာတွင် နိုင်ငံတကာစံများနှင့် ကိုက်ညီရေး
- ဟိုတယ်ဇုံအတွက်ရေနှင့် လျှပ်စစ်ဓာတ်အားဖြင့် သွယ်တန်းရာတွင် အနီးအနားရှိ ကျေးရွာများအတွက်ပါ ထည့်သွင်းရေး
- ရေဆိုးရေညစ်များပြန်လည်သန့်စင်ခြင်းလုပ်ငန်း၊ ကမ်းစပ်ရေစစ်ကန်များအတွင်း ရေကို အနည်ထိုင်စေပြီးမှ စိုက်ပျိုးရေလုပ်ငန်းများတွင် အသုံးပြုနိုင်သောရေ (သို့) ကန်အတွင်း ပြန်သွင်းနိုင်သော ရေကောင်းရေသန့် ပြုလုပ်ရန်နည်းပညာ
- ဆွေးမြေ့လွယ်သော ဩဂဲနစ်ပစ္စည်းများ (အနီးအနားရှိတောင်သူများထံ ပြန်လည်ဖြန့်ဝေ နိုင်ရန်ကိုသိမ်းဆည်းရေးစနစ်များ) ထုတ်ပိုးပစ္စည်းများကို ပြန်လည်အသုံးပြုနိုင်အောင် စီစဉ်ခြင်း၊ မြေဖို့ပစ်ခြင်း သို့မဟုတ် မီးရှို့ပြစ်ခြင်းဖြင့် စိုက်ပျိုးမြေ အလုံအလောက် မရှိသော ရေတဝက် ကုန်းတဝက် ရွာများအတွက် စိုက်ပျိုးမြေများ၊ သချိုင်းမြေများ ဖော်ထုတ်ရရှိလာစေနိုင်ပါသည်။ ထို့အပြင် ယင်းအမှိုက်များကို မီးသဂြိုလ်စက်တွင် လောင်စာအဖြစ်အသုံးပြုနိုင်ပါသည်။
- ဒေသမျိုးသစ်ပင်စသည်များပြန်လည်ရှင်သန်စေရန် ကမ်းပြိုမှုစသည်များကိုတားဆီးခြင်း၊ ဒေသခံများအတွက် အကျိုးရှိစေမည့် သီးပင်စားပင်များ၊ အဝတ်အထည်ယက်လုပ်ရန် လျော်ပင်စသည်များ၊ သချိုင်းမြေများ ဖော်ထုတ်နိုင်ပါသည်။ ထင်းလောင်စာအတွက် အပင်များစသည်များ စိုက်ပျိုးနိုင်ရန် မြေပြုပြင်ခြင်း။

**၁၀. ၁. ၁၁ လှေများကိုစီမံခန့်ခွဲခြင်း**

အင်းလေးနှင့်လှေများသည်ခွဲခြား၍မရပါ။ ဤသို့လှေစီးခြင်းသည်ပင် အင်းလေးလာရခြင်း၏ အရသာတစ်ခုဖြစ်သည်။ သို့ရာတွင် လှေအရေအတွက်က တဟုန်ထိုး တိုးတက်လာသည်။ (ညောင်ရွှေမြို့အဝင် နမ့်တက်ချောင်းအတွင်း တစ်နေ့လျှင် လှေပေါင်း ၄၀၀၀ အသွားအလာရှိသည်။) ထို့ကြောင့်အင်းလေးကန်အား ကမ္ဘာ့အဆင့်မှီ ခရီးစဉ်ဒေသဖြစ်လာရန်မှာ လှေအသွားအလာကို ကြီးကြပ်ရတော့မည် ဖြစ်သည်။ ယခုလှေများတွင် အသုံးပြုနေကြသော အင်ဂျင်စက်များမှာ ခေတ်မမှီ ရုံသာမက လေထုညစ်ညမ်းစေသည်။ ဆူညံသည်။ လှေသမားအများစုသည် လုပ်ခနည်းနည်းသာ ရကြသည်။ ကျွမ်းကျင်မှုလည်းမရှိကြ။ လှေသမားများသည် မိမိတို့လုပ်အားခကို အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ စားသောက်ဆိုင်များမှ ပေးသော ကော်မရှင်များဖြင့် ထပ်ဆောင်းရသည်။

လှေတည်ဆောက်မှုကလည်း အင်းထဲတွင်သာရှိသည်။ ယင်းလုပ်ငန်းကို ရေရှည်တည်တံ့ အောင်ပြုလုပ်ရပါမည်။ သို့သော် လှေတည်ဆောက်မှု တိုးတက်လျှင် သစ်လိုအပ်မှုလည်းမြင့်လာ လိမ့်မည်။ ထို့ကြောင့် ထို့သို့လိုအပ် လာသောသစ်ကိုမည်သို့မည်ပုံ ရရှိနိုင်မည်ကို ဆန်းစစ်ရ ပါတော့မည်။ ဤသို့ပင် လှေအသွားအလာနှင့် ဆက်စပ်နေသော အခြားပြဿနာများမှာ-

- ကန်ရေပြင်တွင် ဖုံများပိုင်းခြားထားရေး (တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးဇုံအတွင်း စက်အား မသုံးရေး) လှေများအတွက် သီးသန့်လမ်းကြောင်းများ သတ်မှတ်ပေးခြင်းဖြင့် တောရိုင်း တိရိစ္ဆာန်များအား အနှောက်အယှက်ပေးမှုကို လျှော့ကျစေမည့်အပြင် ကျေးရွာသားများပိုင် လှေများ၏သွားလာမှု အန္တရာယ်ကင်းစေပါမည်။ ငှက်ကြည့်ဇုံ များတွင် လှေအင်ဂျင်လုံးဝ အသုံးမပြုရေး။
- လှေများကစွန့်ပစ်သော ဒီဇယ်ဆီ၊ အင်ဂျင်ဝိုင်နှင့် ဝမ်းဗိုက်တွင်းမှ ရေညစ်ပတ်များကို ကန်ရေပြင်ပေါ် သွန်ချခြင်းကို ထိန်းသိမ်းရပါမည်။ ညောင်ရွှေမြို့ သို့မဟုတ် သတ်မှတ် နေရာများတွင် ယင်းသို့ စွန့်ပစ်ရန် စီစဉ်ပေးပါက ရေညစ်ညမ်းမှုကို ကာကွယ်နိုင်ပါမည်။
- လှေများတွင် လက်ရှိအသုံးပြုနေသော အင်ဂျင်စက်များကို အဆင့်မြှင့်ရပါမည်။ ယင်းသို့ အဆင့်မြှင့်ရာတွင် အောက်ပါတို့ကို ထည့်သွင်းစဉ်စားရန် လိုပါသည်။
    - မြင်းကောင်ရေအားတူညီမှု။
    - အိပ်ဇောစသည်များ တပ်ဆင်ကာ အသံဆူညံမှုကို လျှော့ချရေး။
    - ကနဦးဝယ်ယူမှုဈေးနှင့် ပြုပြင်ထိန်းသိမ်းရေး စရိတ်တူညီသော ပိုမိုကောင်းမွန်သော အင်ဂျင်များ ရနိုင် မရနိုင်။
    - အခြားနည်းပညာသုံးအင်ဂျင်များ။
- ထို့အတူ ကျေးရွာများအတွင်းနှင့် သဘာဝပတ်ဝန်းနယ်မြေများ (တိတ်ဆိပ်ဇုံ) အနီးတွင် အရှိန်လျှော့မောင်းရန်။

- လေ့သမားများအားလည်း အန္တရာယ်ကင်းရေး၊ အရေးပေါ် ကိစ္စများဖြစ်ပေးခဲ့ပါက မည်သို့ ဆောင်ရွက်ရမည်၊ အခြေခံ နိုင်ငံခြားဘာသာစကား ပြောတတ်ရန်နှင့် သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုကို လျှော့ချရေးစသည်တို့နှင့် စပ်လျဉ်း၍ သင်တန်းများပေးရန်။
- တစ်ခါတစ်ရံတွင် အင်ဂျင်စက်ကိုပိတ်၍ ငြိမ်သည်များ နားအေးပါးအေး သဘာဝကို ခံစားခွင့်ပေးရန်။

သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် အင်းလေးကန် အသက်ကယ်အဖွဲ့ကိုလည်း ဖွဲ့စည်းသင့်ပါသည်။ ဒေသန္တရခရီးသွား စီမံခန့်ခွဲရေးအဖွဲ့က သက်ဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။



Busy (and noisy) boat traffic on Inlay Lake

## ၁၀.၂ မဟာဗျူဟာ (၂) အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေး

အင်းလေးဒေသအား ကမ္ဘာအဆင့်မီ ခရီးစဉ်ဒေသတစ်ခုအဖြစ် ဖြစ်လာစေပြီး ရေရှည်တည်တံ့စေရန်မှာ လက်ရှိအခြေခံ အဆောက်အအုံများကို အဆင့်မြှင့်ရပါမည်။ ဤသို့အခြေခံ အဆောက်အအုံများကို အဆင့်မြှင့်ပေးခြင်းဖြင့် ခရီးသွားလုပ်ငန်းကို သာမက ဒေသခံများ အတွက်လည်း အကျိုးရှိစေပါမည်။ လက်ရှိအခြေခံ အဆောက်အအုံများ၏ အနေအထားမှာ နိမ့်ကျနေသည့်အပြင် အခြားတူရာဒေသများနှင့် ယှဉ်လျှင် မလုံလောက်ဟုပင် ဆိုချင်ပါသည်။ အင်းလေးဒေသ၏ အခြေခံ အဆောက်အအုံများ အဆင့်မြှင့်ရေးမှာ အတော်ကြီးမားသည့် စိန်ခေါ်မှုပါ။

အခြေခံအဆောက်အအုံများ အဆင့်မြင့်ရေးဆိုသည်မှာ ရေရှည်ဆောင်ရွက်ရမည့်အပြင် ငွေကြေး အကုန်အကျများ ပါသည်။ ဥပမာ လျှပ်စစ်ဓာတ်အားပေး စက်ရုံတစ်ရုံ ဆောက်လုပ်ပြီးစီးရန် (၁၀)နှစ် အချိန်ပေးရပါသည်။ ထို့ကြောင့် မည်သည့်အခြေခံအဆောက်အအုံကို တည်ဆောက်သည် ဖြစ်စေ အချိန်ပေးရပါမည်။ သို့ရာတွင် တစ်ခုသာသည်မှာ ဤသို့အချိန်ရသဖြင့် လုပ်ငန်းတစ်ခု အနေဖြင့် ရာသီဥတုပြောင်းလဲမှုကို ဟန့်တားသည့် နည်းပညာများ အသုံးပြုနိုင်ခြင်းနှင့် လျှပ်စစ်အသုံးကို ချွေတာရေးများ ဆောင်ရွက်နိုင်ခြင်းဖြစ်ပါသည်။

**ရည်ရွယ်ချက်**

အင်းလေးကန်ဒေသတွင် ရေရှည်တည်တံ့သည့် အခြေခံအဆောက်အအုံများ ဖြစ်ပေါ်လာစေပြီး ကာဗွန်ထုတ်လွှတ်မှုနည်းသော အဆင့်မြင့် နည်းပညာများ အသုံးပြုမှု တိုးတက်လာစေရန် ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ဒေသခံစီးပွားရေးလုပ်ငန်းများနှင့် ပြယုဂ်များ အားအကောင်းဆုံး ဝန်ဆောင်မှုများပေးရန် ဖြစ်သည်။

## ၁၀. ၂. ၁ အင်းလေးဒေသအတွက်အသေးစိတ်သယ်ယူပို့ဆောင်ရေးစီမံကိန်းရေးဆွဲရေး

ဤဒေသအတွက်သယ်ယူပို့ဆောင်ရေးနှင့်အခြေခံအဆောက်အအုံအဆင့်မြင့်ရေးတို့ကိုပေါင်းစပ်ပြီး အသေးစိတ် စီမံကိန်းရေးရန် လိုအပ်ပါသည်။

**မော်တော်ကားလမ်းများ**

ဒေသအတွင်း မော်တော်ကားလမ်းများကို ဦးစားပေးအဆင့်မြှင့်လျက်ရှိပါသည်။ အဓိက လမ်းမကြီးများကို ကတ္တရာလမ်းမကြီးများအဖြစ် အဆင့်မြှင့်နေသလို အင်းလေးကန်ပါတ်လမ်း အားလည်းအဆင့်မြှင့်လျှက်ရှိပါသည်။ဒေသတစ်ခုလုံး၌လည်းယခင်တောင်ပေါ်ဒေသ အဆက်အသွယ် ခက်ခဲသော ရွာများအကြား ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်လျှက်ရှိပါသည်။ ကျေးလက်လမ်း အများဆုံးမှာ မြေသားများ ဖြစ်ကြပါသည်။

လမ်းဖောက်ရာတွင်ဒေသပြင်ပမှ ခေါ်ယူပါသော လုပ်သားများ၏လုပ်အားဖြင့်ဖောက်လုပ်ခြင်း ဖြစ်သည်။ စက်ယန္တာရားအသုံးပြုနိုင်မှုမှာ အကန့်အသတ်ရှိနေပါသည်။ ကျေးလက်လမ်းများကိုမူ ကျေးလက်ပြည်သူများ၏ လုပ်အားကိုရယူကာ ဖောက်လုပ်ပါသည်။ လမ်းလုပ်သားများ၏ လုပ်အားခ မှာ အလွန်နည်းပါး ပါသည်။ ဘဝကြမ်းကြပါသည်။ လမ်းဖောက်လုပ်မှု ကာလတစ်ချိန်လုံး လမ်းဘေး တွင် ဖြစ်သလို နေကြရပါသည်။

လမ်းအများစုသည် အမာခံ မရှိသလောက် ဖြစ်ပါသည်။ ရေစီးရေလာအတွက် လမ်းဘေး ရေမြောင်းမရှိပါ။ ဘိလပ်မြေသံချောင်း ကတ္တရာစသည်များကိုလည်း အနည်းငယ်သာ သုံးပါသည်။ အများအားဖြင့် လမ်းများကို အန္တရာယ်ကင်းအောင် တည်ဆောက်မှု မရှိပါ။ ထို့ကြောင့် မော်တော်ယာဉ်ဖြင့် ခရီးသွားရသည်မှာ အချိန်ကုန်ပြီး ပင်ပန်းပါသည်။ ရာသီဥတုဆိုးဝါးလျှင် ရေကျော်လမ်း ပျက်စီးမှုများ ကြုံရတတ်ပါသည်။ လမ်းကြံ့ခိုင်မှာ အတော်လုပ်ယူရပါမည်။

လမ်းအရည်အသွေးမြင့်မားရေး၊ ကြံခိုင်ရေးတို့အတွက် လေ့လာမှုများ ပြုရပါလိမ့်မယ်။

**ရထားလမ်းများ**

ရထားလမ်းကွန်ယက်ကောင်းသည်ဟုဆိုနိုင်ပါသည်။ကလော၊ ဟဲဟိုး၊ ရွှေညောင် (ညောင်ရွှေမှ ၁၂ ကီလိုမီတာ) တောင်ကြီး၊ ပင်လောင်း၊ လွိုင်ကော်၊ ကက္ကူတို့သို့ ရထားလမ်းများ ရှိပါသည်။ သို့ရာတွင် လမ်းအခြေအနေမှာ နိမ့်ကျပါသည်။ ကလောနှင့် ရွှေညောင်ရထားလမ်းမှာ ၁၉၅၅ ခုနှစ်က ရရှိလိုက်သောဂျပန်စစ် လျော်ကြေးငွေဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်ပါသည်။ ရထားလမ်းတွင် အသုံးပြုသော လမ်းအချက်ပြ ကိရိယာ စသည်များမှာ ၁၉၂၀ ပြည့် ကာလများက အသုံးပြုခဲ့သော ပစ္စည်းများဖြစ်ပါသည်။ ကလော မှ ကက္ကူသို့ ဆက်သွယ်ထားသော ရထားလမ်းမှာလည်း ဤအတိုင်းပင် ဖြစ်ပါသည်။ ရထားစီးရသည်မှာ ခုန်ဆောင့်နေပါသည်။ ထို့ကြောင့် ရထားအမြန်နှုန်းကို ကန့်သတ်ထား ရပါသည်။ ကလောမှ ရွှေညောင်သို့ ရထားဖြင့် သွားလျှင် ၃နာရီ ကြာပါသည်။ မော်တော်ကားလမ်းမှာ မိနစ် ၄၀ ဖြင့် ရောက်ပါသည်။

ရထားတွဲများမှာမူ အနည်းငယ် အခြေအနေကောင်းသည်ဟု ပြောနိုင်ပါသည်။ စက်ခေါင်းများမှာ ၁၉၉၀ ပြည့်နှစ် မှ ၂၀၀၀ ပြည့်နှစ်များအတွင်း တရုတ်ပြည်မှ ဝယ်ယူခဲ့သော ဒီဇယ်ခေါင်းများ ဖြစ်ပါသည်။ လူစီးတွဲများ အခြေအနေမကောင်းသော်လည်း မြန်မာ့မီးရထားအနေဖြင့် ယင်းတို့အားအဆင့်မြှင့်ရန် အစီအစဉ်ရှိသည်ဟု သိရပါသည်။

မြန်မာနိုင်ငံ မီးရထားဌာနသည် ရထားလမ်းများကိုလည်း အဆင့်မြှင့် လျှက်ရှိပါသည်။ သစ်သား ဇလီဖားတုံးများကို ကွန်ကရစ်ဇလီဖားတုံးများဖြင့် လဲလှယ်လျက်ရှိပါသည်။ ရထားလမ်းအောက်ခြေများကိုလည်းကျောက်ဖြည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျှက်ရှိပါသည်။ သို့ရာတွင် ဤလုပ်ငန်းအားလုံးကို စက်ယန္တရား အကူအညီ မပါသလောက် လူလုပ်အားဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။ သံလမ်းများမှာလည်း ကွေးကောက်နေကာ သက်တမ်းကုန် နေပါသည်။ မြန်မာမီးရထားအနေဖြင့် ဘက်စုံအဆင့်မြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် နည်းပညာလည်း မရှိ ၊ ဘဏ္ဍာငွေလည်းမရှိ ဖြစ်နေပါသည်။

မီးရထားလမ်းများ အဆင့်မြှင့်တင်ရေးမှာ ဒေါ်လာသန်းပေါင်းများစွာ ကုန်ကျမည့်လုပ်ငန်း ဖြစ်ပါသည်။ သို့ရာတွင် ရထားခရီးစဉ်များသည် ရေရှည်တွင် စိတ်ချရပြီး တည်တံ့ခိုင်မြဲသော သယ်ယူပို့ဆောင်ရေးစနစ် ဖြစ်လာပါလိမ့်မည်။ ရထားပို့ဆောင်ရေးကဏ္ဍအား မည်သို့အဆင့်မြှင့်နိုင်မည်ကို လေ့လာမှုများ ပြုသင့်ပါသည်။ ဤသို့လေ့လာမှုများ ပြုလုပ်ရာတွင် ၁၂ ကီလိုမီတာ ရှည်မည့် ရွှေညောင်နှင့် ညောင်ရွှေကို ဆက်သွယ်မည့် ရထားလမ်းအသစ် ဖောက်လုပ်ရေးကိုပါ ထည့်သွင်းစဉ်းစားရန် ဖြစ်ပါသည်။

**လေကြောင်းပို့ဆောင်ရေး**

ဟဲဟိုးလေဆိပ်သည် အမြဲလိုလိုပင်ခရီးသည်များပြည့်နေပါသည်။ ဤသို့ဖြစ်ရသည်မှာ လေယာဉ် ခရီးစဉ်များကြောင့် အများဆုံးဖြစ်ရပါသည်။ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ပြည်တွင်းလေကြောင်း လိုင်း(၈)လိုင်းရှိပါသည်။ သို့ရာတွင် အားလုံးနီးပါပင် ဟဲဟိုးလေဆိပ်သို့ တစ်ချိန်တည်း တပြိုင်တည်းကို ဆိုက်ရောက်ကြပါသည်။ ဟဲဟိုးလေဆိပ်သို့ လေယာဉ်ဝင်ထွက်ချိန်

အဓိက(၂)ချိန်ရှိပါသည်။ နံနက်ပိုင်းနှင့် ညနေစောင်းအချိန်ဖြစ်ပါသည်။ အချိန်(၁)နာရီအတွင်းမှာပင် လေယာဉ်အတက်အဆင်း (၁၄)ကြိမ်ရှိခဲ့သည့် နေ့ရက်များရှိပါသည်။ ဟဲဟိုးလေဆိပ်မှာ နေ့လည် ချိန်များတွင် အများအားဖြင့် လေယာဉ်အတက်အဆင်း မရှိတတ်ပါ။ ဤသို့ဖြစ်ပျက်နေမှုသည် ဧည့်သည်များ ခရီးလှည့်လည်နိုင်မှုကို ထိခိုက်လာပါသည်။

လေကြောင်းလိုင်းများနှင့်ဆက်သွယ်ကာ မိမိတို့၏လေယာဉ်များ ဟဲဟိုးလေဆိပ်သို့ အတက် အဆင်းကို တစ်နေ့တာအတွင်းခွဲ၍ပြုလုပ်ရန် ညှိနှိုင်းသင့်ပါသည်။ သို့မှသာ ဧည့်သည်များချိန်တွင် လေဆိပ်၏ အသုံးပြုနိုင်မှုကို မြှင့်တင့်နိုင်မည့်အပြင် ဧည့်သည်များ၏ ခရီးဆက်လက်သွားနိုင်မှုကို အထောက်အကူဖြစ်စေပါမည်။

လက်ရှိလေဆိပ်ရှိ လေယာဉ်ပြေးလမ်းသည် အနာဂတ်မျှော်မှန်းထားသော ဧည့်သည် တိုးတက်မှုနှုန်းနှင့် နှိုင်းယှဉ်လျှင် လုံလောက်သည်ဟု ယူဆပါသည်။ သို့ရာတွင် ပြေးလမ်းသို့ လေယာဉ်များ သွားရန်လမ်းကြောင်းနှင့် လေယာဉ်ရပ်နားရန် နေရာတို့ကို ချဲ့ထွင်နိုင်လျှင် အကျိုးပိုရှိလာပါမည်။ လေယာဉ်ကွင်း အဆောက်အအုံကိုလည်း ဒေသအနေအထား နှင့် ကိုက်ညီ အောင် အဆင့်မြှင့်သင့်ပါသည်။ လေယာဉ် ခရီးစဉ်များတိုးတက်လာသည်နှင့်အမျှ လေကြောင်း ထိန်းသိမ်းရေး၊ လေယာဉ်ကွင်းမီးသတ်နှင့် အရေးပေါ် အကူအညီပေးရေး အဖွဲ့များ ကိုလည်း အဆင့်မြှင်တင်ပေးရပါမည်။

### ၁၀. ၂. ၂. လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု

ဒေသတွင်း ရေရှည်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုကို ဖြေရှင်းရပါမည်။ လျှပ်စစ်ဓာတ်အား စက်ရုံအသစ်များ တည်ဆောက်ရန် လိုကောင်းလိုအပ်လာပါလိမ့်မည်။ မည်သည့်ပုံစံဖြင့် ယင်းစက်ရုံ များ တည်ဆောက်သင့်သည်ကို လေ့လာရပါလိမ့်မည်။လျှပ်စစ်ဓာတ်အားပေး စက်ရုံအသစ်များ တည်ဆောက်တော့မည်ဆိုလျှင် ဒေသခံများနှင့် အကျေအလည် ဆွေးနွေးပြီး သဘာဝ ပတ်ဝန်းကျင် အပေါ် သက်ရောက်မှု အစီရင်ခံစာပြုစုရန် လိုပါသည်။

လက်ရှိအနေအထားအရ ကာလအတော်ကြာအထိ လျှပ်စစ်ဓာတ်အား မလုံလောက်မှု ရှိနေဦးမည်ဖြစ်ရာ ဟိုတယ်စသည်များတွင် နိုင်ငံတကာအဆင့်ဝန်ဆောင်မှုများပေးရန်နှင့် ထိန်းသိမ်း ရန် အခက်အခဲများ ရှိနေမည်ဖြစ်ပါသည်။ ဟိုတယ်အသစ်များနှင့် အခြားဖွံ့ဖြိုးမှုလုပ်ငန်းများ အားလုံးတွင် ကိုယ်ပိုင် လျှပ်စစ်ဂျင်နရေတာများ ဆက်လက်ထားရှိရမည့်အနေအထားဖြစ်ပါသည်။ ဟိုတယ်များ ကလည်း ဤစက်ကိရိယာ များကို ပုံမှန်ပြုပြင်ထိန်သိမ်းမှုများပြုလုပ်ပြီး အကောင်းဆုံး အနေအထား ရအောင်ဆောင်ရွက်ကြရပါမည်။ ဟိုတယ်များအနေဖြင့် လျှပ်စစ်ဓာတ်အား ချွေတာရေး အစီအစဉ် များချမှတ်ရန်လိုပါမည်။

ပုဂ္ဂလိကကဏ္ဍကလည်း ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များဖြစ်သော နေရောင် ခြည်စွမ်းအင်၊ လေစွမ်းအင်စသည်တို့ အသုံးချရေးကို စဉ်းစားထားရန် လိုအပ်လာပါမည်။ ထို့အပြင် ဟိုတယ်သို့ လာရောက်တည်းခိုသော ဧည့်သည်များအားလည်း လျှပ်စစ်ဓာတ်အား ချွေတာရေး ပညာပေးလုပ်ငန်းများ ပြုလုပ်ကြရပါမည်။

### ၁၀. ၂. ၃ ရေဖြန့်ဝေမှု

ဒေသတွင်း မြေအောက်ရေရရှိနိုင်မှု၊ ဖြန့်ဝေပေးမှုမှာ အကန့်အသတ်ရှိပါသည်။ နောက်လာမည့် (၁၀)နှစ်တာကာလအတွင်း ရေအသုံးချမှုအနေအထားကို ကြိုတင်ခန့်မှန်းနိုင်ရန် **အသေးစိတ်ရေရရှိနိုင်မှု လေ့လာချက်** ပြုလုပ်ရန်လိုအပ်နေပါသည်။ ဟိုတယ်များသို့ ရေအသုံးချမှု ကန့်သတ်ရန်နှင့် စပ်လျဉ်းသည့် အကြံပြုချက်များပေးခြင်း။ ဧည့်သည်များအား ရေအသုံးချမှု ချွေတာရန် အသိပေးခြင်း စသည်များဆောင်ရွက်ရန်လိုအပ်ပါသည်။

### ၁၀. ၂. ၄ ဆက်သွယ်ရေးနည်းပညာ

ဒေသတွင်းဆက်သွယ်ရေးနှင့် အင်တာနက်ရရှိမှုသည် အလွန်နိမ့်ကျနေပါသည်။ သို့ရာတွင် ပုဂ္ဂလိကကုမ္ပဏီများဝင်ရောက်ရင်းနှီးမြှုပ်နှံမှု ပြုလာနေပြီဖြစ်ရာ အခြေအနေများ ကောင်းစပြုလာပါပြီ။ ဆက်သွယ်ရေးဝန်ဆောင်မှု ကုမ္ပဏီများနှင့်ညှိနှိုင်းကာ ဆက်သွယ်ရေး ကွန်ယက်တိုးချဲ့ရေး အတွက် လိုအပ်သောနေရာများတွင် ဆက်သွယ်ရေးတိုင်များ အမြန်စိုက်ထူရန် အကြံပြု တွန်းအား ပေးရန် လိုအပ်ပါသည်။

### ၁၀. ၂. ၅ ဒေသတွင်းအများပြည်သူသုံး ဘတ်(စ်)ကားခရီးစဉ်များ

တစ်ဦးချင်းလာရောက်ကြသော ဧည့်သည်များအသုံးပြုရန်နှင့် ဝေးလံသောနေရာများသို့ သွားရောက်ရန်အတွက် ဒေသတွင်းအများပြည်သူသုံး ဘတ်(စ်)ကားလိုင်းခရီးစဉ်များတိုးချဲ့ပြေးဆွဲနိုင်ရန် ဖြစ်နိုင်ချေ ရှိ/မရှိ လေ့လာပြုလုပ်ချက်များပြုလုပ်ရန်လိုအပ်ပါမည်။ အထူးသဖြင့် အောက်ပါခရီးစဉ်များတွင် ပြေးဆွဲရန် သင့်/မသင့် လေ့လာသင့်ပါသည်။

-ညောင်ရွှေ – ပင်းဒယ

-ကလော – ညောင်ရွှေ – တောင်ကြီး - ကက္ကူ



Weaving in one of the workshops on Inlay Lake. Fewer young people want to become weavers: salalaries are low and conditions can be difficult

## ၁၀. ၃ မဟာဗျူဟာ (၃) လူ့စွမ်းအားအရင်းအမြစ်တိုးတက်ဖွံ့ဖြိုးရေး

ခရီးသွားလုပ်ငန်းသည် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းဖြစ်၍လည်း လူပေါ်တွင် အထူးမူတည်ပါသည်။ အင်းလေးဒေသရှိ ဒေသခံများသည် ဒေသ၏ အကြီးမားဆုံးသော အရင်းအမြစ်များပင် ဖြစ်ပါသည်။ ထို့ကြောင့် ဒေသခံပြည်သူများအား ယင်းတို့လိုအပ်နေသော ပညာရေး နှင့် လေ့ကျင့်ရေးအခွင့်အလမ်းများ ကို ဖော်ထုတ်ပေးရပါမည်။ ဤသို့ လေ့ကျင့်ပညာပေးရေး သင်တန်းများ မဖွင့်လှစ်မီ "Training the Trainers" ခေါ် သင်တန်းပို့ချမည့် ဆရာများကိုဦးစွာ မွေးထုတ်ရပါမည်။ သို့မှသာ ဤလုပ်ငန်းများ ပိုမိုကျယ်ပြန့်လာကာ တွေ့ထိမှုစက်ဝန်းလည်း ကျယ်ပြန့်လာပါမည်။

### ရည်ရွယ်ချက်

ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး၊ ပညာဗဟုသုတလည်းရှိသော ကမ္ဘာ့အဆင့်မီ ခရီးစဉ်ဒေသတစ်ခု၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် စိတ်အားထက်သန်ပြီး ကျွမ်းကျင်သော လုပ်သားများ ပေါ်ထွက်လာရန် ဖြစ်ပါသည်။

## ၁၀. ၃. ၁ အန္တရာယ်ကျရောက်နိုင်မှုနှင့် အန္တရာယ်ကျရောက်ချိန်နှင့် မတော်တဆဖြစ်မှုများကို ကိုင်တွယ်ဖြေရှင်းမှုသင်တန်း

အစိုးရအတွက်သာမက ခရီးစဉ်ဒေသတာဝန်ခံများအနေဖြင့်လည်း မိမိထံလာရောက်သော ဧည့်သည်များ၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးတို့သည် အရေးကြီးပါသည်။ **ဘေးအန္တရာယ်ကျရောက်နိုင်ခြေများကိုကြိုတင်တွက်ဆခြင်း** သည် မည်သည့်အချိန်တွင် မည်ကဲ့သို့ အန္တရာယ် ဖြစ်နိုင်ခြေရှိနိုင်သည်ဆိုသော အချက်များကြိုတင်မှန်းဆခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း ဖြစ်ပါသည်။ **အန္တရာယ်ကျရောက်ချိန်နှင့် မတော်တဆဖြစ်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်း** ဆိုသည်မှာ ယင်းသို့ မတော်တဆမှုများဖြစ်ခဲ့လျှင် မည်သို့ကိုင်တွယ် ဖြေရှင်းရမည်ကို ကြိုတင်စီမံချက်ဆွဲ ဇာတ်တိုက်ခြင်းဖြစ်သည်။ တစ်နှစ်လျှင် ဧည့်သည် ၁၀၀,၀၀၀ ကျော်လာရောက်သော ဒေသတစ်ခု တွင် ဧည့်သည်များ မတော်တဆမှုဖြစ်ခြင်း၊ အထိအခိုက်အနာတရဖြစ်ခြင်း၊ သေဆုံးခြင်းများ ဖြစ်မည်မှာ မလွဲမသွေ ဖြစ်ပါမည်။ ထိုအခါများတွင် မည်သို့တုံ့ပြန်ဆောင်ရွက်ရမည်ကို လုပ်ထုံး လုပ်နည်းများ ချမှတ်ပြဋ္ဌာန်းထားပါက ဖြစ်ပေါ်လာသော အခြေအနေများကို မြန်မြန်ဆန်ဆန်နှင့် စနစ်တကျ ဖြေရှင်းသွားနိုင်မည်ဖြစ်ပါသည်။ ဤသို့စနစ်တကျ ဆောင်ရွက်နိုင်ခြင်းဖြင့် အသက်ပေါင်း များစွာကိုပင် ကယ်တင်နိုင် ပါလိမ့်မည်။

အန္တရာယ်ကျရောက်နိုင်ခြေများကို ကြိုတင်တွက်ဆခြင်းနှင့် မတော်တဆဖြစ်မှုများကို ကိုင်တွယ် ဖြေရှင်းမှုများသည် စီးပွားရေးကဏ္ဍတစ်ခု၊ လုပ်ငန်းတစ်ခုတည်းနှင့်သာ သက်ဆိုင်သည် မဟုတ်ပါ။ ခရီးသွားလုပ်ငန်းကဏ္ဍရှိ လုပ်ငန်းအားလုံးသည် မိမိလုပ်ငန်းခွင်အတွင်း မည်သည့် နေရာတွင် မမျှော်မှန်းနိုင်ပဲ မတော်တဆမှုဖြစ်နိုင်ခြေရှိသည်။ ထိုသို့ဖြစ်ပေါ်လာလျှင် မည်သို့ ကိုင်တွယ်ဖြေရှင်းမည် စသည်ဖြင့် "ဘာဖြစ်လျှင် ဘယ်လိုလုပ်ရမည်" ကို ကြိုတင် သိရှိလေ့ကျင့် ထားရပါမည်။

ထို့အတူ အရေးပေါ်ကယ်ဆယ်ရေး ဌာနများ ဒေသအာဏာပိုင်အဖွဲ့အစည်းများကလည်း ဧည့်သည်များထိခိုက်မှုရှိသည့် အနေအထားများတွင် မည်ကဲ့သို့ဆောင်ရွက်ရမည်၊ မည်သို့ အခြေအနေများ ဖြစ်ပေါ်လာတတ်သည် စသည်တို့ကို ကြိုတင်မျှော်မှန်း၍ လိုအပ်သောအစီအစဉ်များ လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းထားခြင်း ဇာတ်တိုက်လေ့ကျင့်ခြင်းများ ပြုလုပ်ရပါမည်။ လူ့အသက် ပေါင်းများစွာသည် ယင်းတို့၏ လုပ်ရပ်များ တွင် တည်ရှိနေပါသည်။

ထို့ကြောင့် အန္တရာယ်ဖြစ်ပွားနိုင်ခြေ သုံးသပ်ချက်များ၊ အန္တရာယ်ဖြစ်လာချိန်တွင် မည်သို့ဆောင်ရွက်ရမည်ဆိုသည်များကို (၂) ပိုင်းခွဲ၍ ဆောင်ရွက်ရန်လိုပါမည်။ တစ်မျိုးမှာ ပုဂ္ဂလိက ကဏ္ဍရှိ ဟိုတယ်များ၊ စားသောက်ဆိုင်များ စသည်တို့အတွက်ဖြစ်ကာ နောက်တစ်မျိုးမှာ မီးသတ်၊ ရဲ၊ ကြက်ခြေနီ အစရှိသော အစိုးရဌာနများ၊ အဖွဲ့အစည်းများအတွက် ဖြစ်သည်။

**ပုဂ္ဂလိကကဏ္ဍ(လူထုအခြေပြုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ဖွဲ့အစည်းများ)အတွက် အန္တရာယ်ကျရောက်နိုင်မှုနှင့် မတော်တဆဖြစ်မှုများကို ကိုင်တွယ်ဖြေရှင်းမှုသင်တန်းများ**

အထက်ဖော်ပြပါ ပုဂ္ဂလိကကဏ္ဍမှအဖွဲ့အစည်းလုပ်ငန်းများကိုလည်း သင်တန်းများပေးရန်လိုပါသည်။ အထူးသဖြင့် သွားရေးလာရေးမလွယ်ကူသော ဝေးလံသည့် နေရာဒေသများသို့ ဧည့်သည်ပို့ဆောင်ကြသော ခရီးသွားကုမ္ပဏီစသည်များအတွက် ပို၍အရေးကြီးပါသည်။ သို့ရာတွင် မြို့ပေါ်နှင့်မြို့အနီးအနားသို့သာ ပို့ဆောင်သည့် အဖွဲ့အစည်းများအနေဖြင့်လည်း ဤကိစ္စသည် အရေးကြီးပါသည်။ သင်တန်းများတွင်

- အန္တရာယ်ဖြစ်နိုင်ခြေများ
- ရင်ဆိုင်ရနိုင်မည့် အခြေအနေများ
- ရင်ဆိုင်နေရသော အခြေအနေများကို လျှော့ပါးစေခြင်း
- ရှေးဦးသူနာပြုနှင့် အရေးပေါ်ကျန်းမာရေးပြုစုစောင့်ရှောက်မှု
- မတော်တဆဖြစ်မှုများ ဖြစ်ပေါ်လာပါကဆောင်ရွက်ရမည့် လုပ်ငန်းစဉ် အဆင့်ဆင့်
- ဆက်သွယ်ရေးစနစ်
- ထိခိုက်ဒဏ်ရာရရှိခဲ့သော မတော်တဆဖြစ်မှု၊ ထိခိုက်ဒဏ်ရာရမှုမရှိ သို့မဟုတ် ကံကောင်း၍ မတော်တဆမဖြစ်ခဲ့ခြင်း စသည်ဖြင့် အားလုံးကိုမှတ်တမ်းတင်ရမည်ဖြစ်ကာ ယင်းမှတ်တမ်းစာ အုပ်ထားရှိရခြင်း၊ ဤသို့ထားရှိရခြင်း အဓိပ္ပာယ်ကို အားလုံးနားလည် စေရန်။

**အရေးပေါ်အန္တရာယ်ဖြစ်ပေါ်မှုနှင့် မတော်တဆဖြစ်မှုများအား စီမံခန့်ခွဲရန်နည်းလမ်းများ**

ဤသင်တန်းတွင် လက်ရှိနည်းလမ်းများအပြင် အောက်ပါတို့ပါ ပါဝင်သင့်ပါသည်။

- ဒဏ်ရာရရှိသူများအား အခြေအနေ ထိန်းထားခြင်း၊ အနီးဆုံး ဆေးရုံ ၊ ဆေးခန်းသို့ ပို့ဆောင်ခြင်း၊ မည်သည့်ဆေးရုံသို့ပို့ရမည်ကို သတ်မှတ်ပေးခြင်း၊ ဒေသတွင်း ချက်ချင်း ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်မည့်နေရာ၊ ပုဂ္ဂိုလ်များကို စာရင်းပြုစုထားခြင်း။
- လူနာအား အခင်းဖြစ်ပွားရာနေရာများမှ အနီးဆုံးဆေးရုံသို့ပို့ရန်၊ ကြာမြင့်မည့်အချိန် စသည်တို့ကို တွက်ချက်ထားရပါမည်။
- ဝေးလံသောနေရာများမှ လူနာအားသယ်ထုတ်လာခြင်း။
- တစ်ဦးထက်မကသော လူနာများအားပြုစုခြင်း၊ သယ်ထုတ်ခြင်း။

- မော်တော်ယာဉ် မတော်တဆဖြစ်မှုမှအစ မီးရထားလမ်းတွင်လည်းကောင်း၊ လေယာဉ်ပျံမတော်တဆဖြစ်မှုများတွင်လည်းကောင်း၊နောက်ဆုံးအကြမ်းဖက်မှုဖြစ်ပွား လျှင်သော်လည်းကောင်း မည်သို့ဆောင်ရွက်ရမည်ကို ပြဋ္ဌာန်းထားရမည် ဖြစ်ပါသည်။
- နိုင်ငံခြားသားခရီးသည်များထိခိုက်မှုရှိလျှင်လည်း ယင်းတို့နှင့်သက်ဆိုင်သော အာမခံ ကုမ္ပဏီများ နှင့် ညှိနှိုင်း ဆောင်ရွက်ရပါမည်။

ယခုကဲ့သို့ အခင်းဖြစ်ပွားရာနေရာသို့ ပထမဆုံး ရောက်ရှိလာနိုင်သော ဆေးအဖွဲ့ စသည်များမှအစ အားလုံးကို စာရင်းပြုစုထားပြီး ဒေသတစ်ခုလုံးခြုံ၍ ဆောင်ရွက်ရမည့် အစီအစဉ်ကို အထောက် အကူပြု နိုင်ရပါမည်။

## ၁၀. ၃. ၂ အင်းလေးဒေသ အသက်မွေးဝမ်းကြောင်းသင်တန်းကျောင်းတစ်ခု ဖွင့်လှစ်ရေး

မြန်မာနိုင်ငံ၏ ရှေ့ဆောင်ခရီးစဉ်ဒေသဖြစ်သည်နှင့်အညီ အင်းလေးဒေသတွင် ခရီးသွား လုပ်ငန်းဆိုင်ရာ အသက်မွေးဝမ်းကြောင်း သင်တန်းတစ်ခု ဖွင့်လှစ်ရန် လိုအပ်ပါသည်။

ဤသို့ဒေသတွင်း အသက်မွေးဝမ်းကြောင်းသင်တန်းကျောင်းတစ်ခု ဖွင့်လှစ်နိုင်ခြင်းဖြင့် ဒေသတွင်းရှိ လူငယ်လူရွယ်များအပါအဝင် ဒေသခံများအားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးမှုတွင် ပါဝင် ပတ်သက်လာ ကြစေရန် စည်းရုံးလိုက်သကဲ့သို့ ဖြစ်ပါမည်။ ထို့အပြင် ဒေသပြင်ပမှ ပုဂ္ဂိုလ်များက လာရောက်ပြီး ဒေသခံများလုပ်ရမည့် အလုပ်များကို ဝင်ရောက်လုယူသလို မဖြစ်စေရန် အထောက် အကူဖြစ်ပါလိမ့်မည်။ ဒေသခံများ၏ ရေရှည် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများတွင်လည်း အကျိုးဖြစ်စေပါလိမ့်မည်။

သင်တန်းကျောင်းမှ သင်ကြားပြသသော ပညာရပ်များမှာလည်း ဒေသ၏ လိုအပ်ချက်များနှင့် ထပ်တူကျရန်လိုပါသည်။ အစကနဦးပင် ပုဂ္ဂလိက ကဏ္ဍနှင့် ညှိနှိုင်း ဆောင်ရွက်ရန် လိုပါသည်။ ပုဂ္ဂလိကကဏ္ဍ ကလည်း စိတ်အားထက်သန်စွာ ပါဝင်လာရန် လိုပါသည်။ သင်တန်းများသည် သင်တန်းသားများ၏ အရည်အချင်းနှင့် လိုက်လျောညီထွေမှုရှိရန် လိုပါသည်။ သင်တန်းပြီးဆုံး လျှင်လည်း သင်တန်းအောင်လက်မှတ် ချီးမြှင့်ရန် လိုအပ်ပါမည်။ သင်တန်းကျောင်းနှင့် စပ်လျဉ်း၍ လည်း အဂတိလိုက်စားမှုများ ကင်းရှင်းရန် အရေးကြီးပါသည်။ သင်တန်းသားသစ်များ လုပ်ငန်းခွင် အတွေ့အကြုံရှိပြီးသူများအတွက် သင်ရိုးညွှန်းတန်း ၊ မိမိ၏ လက်ရှိ အရည်အသွေးကို ပိုမို ထူးချွန်လို သူများ စသည်ဖြင့် သင်တန်းသားများ၏ လိုအပ်ချက် နှင့် ကိုက်ညီမှုရှိရပါမည်။

သင်တန်းတွင် အောက်ပါဘာသာရပ်များသင်ကြားပေးနိုင်ပါသည်။

- ဟိုတယ်တစ်ခုတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရန် ဟိုတယ်ပိုင်းဗဟုသုတများ။
- စားသောက်ဆိုင် ဝန်ထမ်းများ၏တာဝန်၊ အစားအသောက် ချက်ပြုတ်နည်း၊ ကိုင်တွယ် နည်း။

- ဘဏ္ဍာရေးလုပ်ငန်းများ။
- သတင်းနည်းပညာအချက်အလက်နှင့် လူမှုကွန်ယက်အသုံးပြုမှု။
- လက်သမားလုပ်ငန်း။
- လျှပ်စစ်နှင့်စက်ပြင်။
- မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းရေး။
- ဧည့်လမ်းညွှန်။
- ဧည့်သည်များအတွက် မော်တော်ယာဉ်မောင်းနှင်းသူများ သိသင့်သိထိုက်သည်များ။
- ကိုယ်ခန္ဓာအလှပြင်ဆင်ခြင်းနှင့် အကြောနှိပ်ပညာ။

ဤသင်တန်းကျောင်းဖွင့်မည်ဆိုပါက နမူနာယူနိုင်သော ကျောင်းအများအပြားရှိပါသည်။ သို့ရာတွင် ကျွမ်းကျင်မှုရရှိရေးကို အခြေခံသောသင်တန်းများဖြစ်ရန်လိုပါသည်။ အင်းလေးဒေသသည် မြန်မာနိုင်ငံ၏ ရှေ့ဆောင်ခရီးစဉ်ဒေသလည်း ဖြစ်နေ၍ နိုင်ငံတကာ အလှူရှင်များထံမှ ဤသင်တန်းကျောင်းမျိုး တည်ထောင်ရန် အထောက်အပံ့ ရနိုင်ပါသည်။

ဤသင်တန်းကျောင်း ဖြစ်မြောက်ရေးကိုဆောင်ရွက်ရာတွင် အထောက်အကူပေးနိုင်မည့် အလှူရှင် အဖွဲ့အစည်းများ၊ ကူညီပံ့ပိုးမည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆက်သွယ်ရေးကိုပါ ထည့်သွင်း စဉ်းစားရပါမည်။ ဤလုပ်ငန်းသည် ကြီးမားသော လုပ်ငန်းဖြစ်ပါသည်။ ဝန်ထမ်းများ ခန့်ထားခြင်း၊ ဝန်ထမ်းများအား သင်တန်းများပေးခြင်း၊ သင်ရိုးညွှန်းတန်းများ ရေးဆွဲခြင်းနှင့် ရေရှည်တည်တံ့ရန် ဘဏ္ဍာရေး မည်သို့ရရှိနိုင်မည် စသည်တို့ ကို ထည့်သွင်းစဉ်းစား ရပါမည်။

## ၁၀. ၃. ၃ ရွေ့လျားအသက်မွေးဝမ်းကြောင်းသင်တန်းဖွင့်လှစ်ခြင်း

အသက်မွေးဝမ်းကြောင်းပညာကို ဝေးလံသောဒေသများရှိ ကျေးရွာသူ၊ ကျေးရွာသားများပါ သင်ကြားလာနိုင်အောင် စီစဉ်ပေးရပါမည်။ ဤဒေသတွင် သွားလာရေးခက်ခဲမှုသည် အဓိက အတားအဆီး ဖြစ်နေပါသည်။ ဝေးလံသောဒေသများမှ လူငယ်များမှာ သင်တန်းကျောင်းသို့ လာရောက်ရန် အခက်အခဲရှိနိုင်ပါသည်။ အခြားနိုင်ငံများတွင် ဤအခက်အခဲကို ကျော်လွှန်ရန် ရွေ့လျားသင်တန်းကျောင်းများ ဖွင့်လှစ်သည်ကို တွေ့ရပါသည်။ သင်တန်းဆရာများကို ထိုဝေးလံသော ဒေသများသို့ ကိုယ်တိုင်သွားရောက်ကာ အကြောင်းအရာတစ်ခုခုကို သင်တန်းပေးခြင်း သို့မဟုတ် ရက်တိုသင်တန်းပေးခြင်းများ ပြုလုပ်ကြပါသည်။

ဤရွေ့လျားအသက်မွေးဝမ်းကြောင်း သင်တန်းကျောင်းတစ်ခုဖြစ်မြောက်ရေးသည် ဒေသတွင်း ဖွင့်လှစ်မည့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသက်မွေးဝမ်းကြောင်း သင်တန်းကျောင်း ဖွင့်လှစ်ရေး စီမံချက်၏ တစ်စိတ်တစ်ဒေသဖြစ်ရပါလိမ့်မည်။ (၁၀. ၃. ၂) ။

**၁၀. ၃. ၄ အင်းလေးဒေသခံများအား စီးပွားရေးလုပ်ငန်းများကို ကိုယ်တိုင်စီမံခန့်ခွဲနိုင်သူများ ဖြစ်လာအောင် လေ့ကျင့်ပေးရာ၌ ထောက်ပံ့မည်သူများရှာခြင်း။**

ဒေသခံပြည်သူများအား အဆင့်မြင့်စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲသူများ ဖြစ်လာအောင် လေ့ကျင့်ပေးပြီး ယင်းတို့အား လုပ်ငန်းခွင်များတွင် ပြန်လည်ခန့်ထားနိုင်အောင် စီစဉ်ခြင်းသည် အရေးကြီးပါသည်။ အလုပ်ဝင်ကာစ ဝန်ထမ်းငယ်ဘဝမှ တစ်ဆင့်ပြီးတစ်ဆင့် ရာထူးတိုးတက်လာကာ ကြီးမားသော တာဝန်များကို ထမ်းဆောင်တတ်ရန် လေ့ကျင့်ပေးရပါမည်။ ထို့ကြောင့် အလယ်အလတ်တန်း မန်နေဂျာအဆင့်မှ အထက်တန်းအဆင့်အထိ ရာထူးများတွင် ဒေသခံများ တာဝန်ထမ်းဆောင်လာစေနိုင်ရန်အတွက် လေ့ကျင့်ပေးရာတွင် ဘဏ္ဍာရေး လိုအပ်ချက်များ ရှိလာပါမည်။ ဤအစီအစဉ်ကို ဒေသခံများ၊ တိုင်းရင်းသားမျိုးနွယ် စုငယ်များမှ ပုဂ္ဂိုလ်များ အတွက်သာ ဖြစ်စေပြီး ပြည်တွင်း/ပြည်ပတွင် အဆင့်မြင့်သင်တန်းများသို့ စေလွှတ်နိုင်သည်အထိ စီစဉ်ပေးနိုင်ရပါမည်။ သင်တန်းပြီးဆုံးလျှင်မူ နိုင်ငံ သို့မဟုတ် မိမိလုပ်ငန်းခွင်သို့ ပြန်လာပြီး တာဝန်ထမ်းဆောင်ရန် အာမခံမှုရှိရပါမည်။

**၁၀. ၃. ၅ ဒေသရှိအစိုးရဌာနများ မှတာဝန်ရှိပုဂ္ဂိုလ်များ အားခရီးစဉ်ဒေသစီမံ ခန့်ခွဲရေးဆိုင် ရာသင်တန်းများဖွင့်လှစ်ခြင်း**

ဤစာတမ်းပါ အကြံပြုချက်များအား အကောင်ထည်ဖော်ရန်မှာ ဒေသရှိ အစိုးဌာနများမှ တာဝန်ရှိ ပုဂ္ဂိုလ်များအား ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးဆိုင်ရာသင်တန်းများပေးရန် လိုအပ်ပါသည်။ ခရီးစဉ်ဒေသ စီမံခန့်ခွဲမှုဆိုသည်မှာ ရှုတ်ထွေးပြီး အထူးကျွမ်းကျင်မှု လိုအပ်ပါသည်။

ထို့ကြောင့် အစိုးရဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာဗဟုသုတများကို ဦးစွာပထမ လေ့လာရေးလုပ်ပြီး ထိုက်သင့်သော သင်တန်းများ ဖွင့်လှစ် သင်ကြားပေးရန် ဖြစ်ပါသည်။

ယင်းသင်တန်းများတွင်

- ဘက်စုံပါဝင်သောခရီးစဉ်ဒေသစီမံခန့်ခွဲရေး
- ကွန်ပျူတာကျွမ်းကျင်မှု
- အစိုးရဌာနအချင်းချင်းဆက်သွယ်ရေး
- မြို့ပြစီမံကိန်း
- နိုင်ငံပိုင်အရင်းအမြစ်များစီမံခန့်ခွဲမှု
- ရှိပြီးအရင်းအမြစ်များအကျိုးရှိစွာအသုံးချရေး
- ကျေးလက်ဒေသပြည်သူများပါဝင်လာရေးစည်းရုံးရန်
- စီမံကိန်းစိစစ်ရေးနှင့်လုပ်ငန်းအစီအရင်ခံရေး
- သတင်းအချက်အလက်များစုစည်းမှု၊ သုံးသပ်မှုနှင့်ထိန်းသိမ်းစီမံခန့်ခွဲမှု

ဤလုပ်ငန်းအကောင်အထည်ဖော်ရန်မှာအစိုးရဌာနများအားအဆင့်မြှင့်တင်ပေးရန်လိုအပ်ပါမည်။ ကွန်ပျူတာမှအစ နည်းပညာပိုင်းပါ ကူညီထောက်ပံ့ရန် လိုအပ်ပါသည်။

## ၁၀. ၃. ၆ ဆက်သွယ်ရေးနည်းပညာ

ဒေသအတွင်း ဆက်သွယ်ရေး အခြေအနေမှာ နိမ့်ကျလှပါသည်။ သို့ရာတွင် ဆက်သွယ်ရေး ကဏ္ဍတွင် ဖြေလျှော့မှုများ ပြုလုပ်နေကာ အဆင့်မြှင့်တင်မှုများ ပြုလုပ်နေသဖြင့် ဆက်သွယ်ရေး ပိုင်းရော အင်တာနက်ပါ မကြာခင် ကောင်းလာဖွယ်ရာရှိပါသည်။

ဤသို့ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးလာ၍ ဒေသခံလုပ်ငန်းများလည်း နိုင်ငံတကာနှင့် အဆက်အသွယ်များရရှိကာ အကျိုးဖြစ်ထွန်း လာပါလိမ့်မည်။ လက်ရှိတွင်မူ ဒေသအဖို့ အခက်အခဲ များ ရှိနေပါသေးသည်။

ထို့ကြောင့်ဒေသတွင်း ဆက်သွယ်ရေးဖွံ့ဖြိုးရန်အတွက် သင်တန်းဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။ ကွန်ပျူတာ အသုံးပြုမှု၊ အင်တာနက်၊ အီးမေ(လ်)နှင့် လူမှုကွန်ယက်များကို အကျိုးရှိစွာ အသုံးပြုတတ်အောင် သင်ကြားပေးရန် လိုပါမည်။ ယခုခေတ်ပေါ် smartphone များတွင် အသုံးပြုနိုင်မည့် apps များ တီထွင်ရေးနှင့် ယင်း apps များအသုံးပြုပြီး မိမိ၏ ဈေးကွက် မြှင့်တင် နိုင်ရေး ဒေသ၏ အကြောင်းအရာများကို လူအများ ပိုမိုသိရှိအောင် ဆောင်ရွက်နိုင်ပါသည်။

## ၁၀. ၄ မဟာဗျူဟာ-၄ ၊ ဈေးကွက်မြှင့်တင်ရေးနှင့် အရောင်းမြှင့်တင်ရေး

အရောင်းမြှင့်တင်ရေးဆိုသည်မှာ အင်းလေးကန်ဒေသ၏ အားသာချက်၊ အလှအပ၊ ယဉ်ကျေးမှု စသည်တို့ကို လာရောက်လည်ပတ် ခံစားလိုကြသည့် အနာဂတ် ဧည့်သည်များ စိတ်ဝင်စားမှုရှိလာရန် ဈေးကွက်တွင် ဖော်ထုတ်ပြီး ရောင်းချခြင်းပင် ဖြစ်ပါသည်။ ဒေသရှိ ခရီးသွား လုပ်ငန်းဆိုင်ရာ ဆွဲဆောင်မှုများကို ဧည့်သည်များ၏ ဒေသယဉ်ကျေးမှု သဘာဝအလှတရားများကို ကြည့်ရှုခံစား လိုသည့် ဆန္ဒနှင့်ကိုက်ညီသော ခရီးစဉ်များ ရေးဆွဲရောင်းချခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် ဤဈေးကွက်မြှင့်တင်ရေးနှင့် အရောင်းမြှင့်တင်ရေးသည် ဒေသန္တရ ခရီးသွားစီမံခန့်ခွဲရေး အဖွဲ့၏ အဓိက လုပ်ငန်း တစ်ရပ်ဖြစ်လာပါလိမ့်မယ်။

### ရည်မှန်းချက်များ

အင်းလေးဒေသ၏ ကြွယ်ဝသောယဉ်ကျေးမှုနှင့်သဘာဝအလှများကို လေ့လာခံစားလိုကြသော ဧည့်သည်များကိုကြိုဆိုရေးနှင့် ဒေသ၏ဧည့်သည်စီးပွားရေးကိုတိုးတက်စေရန်

## ၁၀. ၄. ၁ အင်းလေးဒေသ၏အမှတ်တံဆိပ်တစ်ခုဖော်ဆောင်ရန်

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း၏ ရှေ့ဆောင်ဒေသတစ်ခုဖြစ်သည်နှင့်အညီ ယင်းဂုဏ်နှင့် ထိုက်တန်သော အမှတ်တံဆိပ်တစ်ခု ဖြစ်ပေါ်လာရန်လိုအပ်ပါသည်။ ဤအမှတ်တံဆိပ်တစ်ခုကို ဖော်ဆောင်ရာတွင် အင်းလေးဒေသကို ကိုယ်စားပြုသော လိုဂို တစ်ခုကိုပါ ဖော်အောင်နိုင်ရန်

လိုအပ်ပါသည်။ ဤလိုဂိုရရှိရေးအတွက် ဒေသရှိ ကျောင်းများ၌လည်းကောင်း ပြိုင်ပွဲတစ်ရပ် ကျင်းပကာ ရွေးချယ်မှု ပြုသင့်၊ မသင့်စဉ်းစားရန် ဖြစ်ပါသည်။ သို့ရာတွင် ရွေးချယ်ရေးလုပ်ရာတွင်မူ အမှန်တကယ် ဈေးကွက်မြှင့်တင်ရေး လုပ်ဆောင်နေသော ဝါရင့်အဖွဲ့အစည်း ကုမ္ပဏီများ၏ အကူအညီကိုရယူကာ ဆောင်ရွက်သင့်ပါသည်။ ဤလိုဂိုတွင် အင်းလေးဒေသ၏ ကြွယ်ဝသော ယဉ်ကျေးမှုနှင့် သဘာဝအလှများ ပါဝင်ရန်လိုပါသည်။ ခရီးစဉ်ဒေသ ဈေးကွက်မြှင့်တင်ရေး/ အရောင်းမြှင့်တင်ရေး ကျွမ်းကျင်သူများ၏ အကူအညီကို လိုအပ်ပါလိမ့်မည်။

## ၁၀. ၄. ၂ အင်းလေးဒေသဈေးကွက်အရောင်းမြှင့်တင်ရေးစီမံချက်

ဤစီမံချက်ကိုရေးဆွဲရာတွင် ဒေသန္တရခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့က ချမှတ်ထားသော မူဘောင်များအတွင်းမှ ဖြစ်စေရပါမည်။ ဤစီမံချက်၏အဓိကအချက်များ အင်းလေးဒေသပုံရိပ်ကို ဖော်နိုင်ရန် ဖြစ်ပြီးဈေးကွက်/အရောင်းမြှင့်တင်ရေးလုပ်ငန်းသည် ကျွမ်းကျင်မှု အထူးလိုအပ်သော လုပ်ငန်းတစ်ရပ်ဖြစ်သဖြင့်ကျွမ်းကျင်သူများကို အသုံးပြုရပါမည်။ဤ ဈေးကွက်/အရောင်းမြှင့်တင်ရေး စီမံချက်တွင် အောက်ပါများကို အလေးထားရပါမည်။

**ဈေးကွက်အတွင်း နေရာချထားမှု** အင်းလေးဒေသသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း၏ ဦးဆောင် ဒေသ ဖြစ်သည်နှင့်အညီ ကျန်ထင်ရှားသော ဒေသများနှင့် ပြိုင်ဆိုင်မှုများကို ရင်ဆိုင်ရပါမည်။

**ဈေးကွက်၏အဓိကပစ်မှတ်ထားရန်** ခရီးသွားဈေးကွက် အားလုံးကို တပြေးညီအရောင်းမြှင့်တင်ရေး မလုပ်ပဲ မိမိပစ်မှတ်ထားလိုသော ဈေးကွက်၏ အနေအထားအလိုက် သီးသန့်ဈေးကွက်/ အရောင်း မြှင့်တင်ရေး စီမံချက်လုပ်ငန်းစဉ်များ ရေးဆွဲရန်။

**သတင်းအချက်အလက် မှန်မှန်ကန်ကန်ပေးဖို့လို** အထက်ပါ အဓိက ပစ်မှတ်ဈေးကွက်များ ဖော်ထုတ် ပြီးလျှင်လည်း ယင်းဈေးကွက်၏ လိုအပ်ချက်အတိုင်း သတင်းအချက်အလက်များ မှန်မှန်ကန်ကန် ပေးရန် လိုအပ်ပါသည်။

ဈေးကွက်/အရောင်းမြှင့်တင်ရေး စီမံချက်တွင် အောက်ဖော်ပြပါကဏ္ဍများပါဝင်ရပါမည်။

**နိဒါန်း** ဒေသ၏အဓိကဆွဲဆောင်မှုများ အပါအဝင် ဈေးကွက်အရောင်းမြှင့်တင်ရေးစီမံချက်၏ ဦးတည် ချက်အချိန်ဇယား၊ ဆောင်ရွက်မည့်အစီအစဉ်နှင့် ဈေးကွက်အရောင်းမြှင့်တင်ရေးတွင် အဓိက မီးမောင်းထိုးပြရမည့်အချက်အလက်များ

**ရည်မှန်းချက်** ဤဈေးကွက်/အရောင်းမြှင့်တင်ရေး စီမံချက်ကာလကုန်ဆုံးချိန်တွင် အောင်မြင်မှုရရှိရန် မျှော်မှန်းထားသည့် ရည်မှန်းချက်များ

**အဓိကပစ်မှတ်အဖြစ်သတ်မှတ်ထားသည့်စျေးကွက်**များ ယင်းစျေးကွက်များ၏လိုအပ်ချက်ဆန္ဒများကို ဤစီမံချက်ဖြင့်မည်သို့ဖြည့်ဆည်းပေးမည်။

**မဟာဗျူဟာများ** ဤစီမံချက် အောင်မြင်အောင် ထားရှိမည့် မဟာဗျူဟာများ

**အကောင်အထည်ဖော်မှု** အကောင်အထည်ဖော်ရမည့် ကာလ အပိုင်းအခြား

**ကြီးကြပ်မှု** လုပ်ငန်းစဉ်အောင်မြင်မှု ရှိ မရှိ ကြီးကြပ်မှု ရှိပါမည်။

**ဘတ်ဂျက်** ငွေမည်မျှလျာထားသည်နှင့် ဘတ်ဂျက်ရရှိနိုင်မည့်နေရာများ

ဤအချက်များပါဝင်သောစျေးကွက်/အရောင်းမြှင့်တင်ရေး စီမံချက်ကို ရေးဆွဲရမည်ဖြစ်ရာ ကျွမ်းကျင်သူတစ်ဦး၏ အကူအညီကို ရယူရန် လိုအပ်လာပါမည်။

## ၁၀. ၄. ၃ အင်းလေးကန်ဒေသ Website တစ်ခုထူထောင်ရန်

ယခုကာလတွင်မိမိနှင့်သက်ဆိုင်သော website တစ်ခုဖန်တီးပြီးရောင်းအားမြှင့်တင်မှုသည် အထူးအောင်မြင်နေသော နည်းလမ်းတစ်ခုဖြစ်ပါသည်။ ထို့ကြောင့်ယင်း website တစ်ခုဖန်တီးနိုင်ရန် အတွက် ဒေသန္တရခရီးသွား စီမံခန့်ခွဲမှုအဖွဲ့၏ အောက်တွင် အသီးခြားအဖွဲ့ငယ်တစ်ခုဖွဲ့စည်းဆောင်ရွက်ရန် လိုပါမည်။ ဤအဖွဲ့ငယ်က လူမှုကွန်ယက်များဖြစ်သော Twitter, facebook , renren, sina weibo အစရှိသော ကွန်ယက်များတွင်ပါ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လှုပ်ရှားရပါမည်။

## ၁၀. ၄. ၄ ဒေသတွင်းရှိဧည့်သည်များအားဆွဲဆောင်ရာနေရာများနှင့် ပုဂ္ဂလိကကဏ္ဍအားစျေးကွက်/ အရောင်းမြှင့်တင်ရေးတွင်အကူအညီပေးရန်

ဒေသန္တရခရီးသွား စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်တစ်ခုမှာ ဧည့်သည်များ ဆွဲဆောင်ရာနေရာများ၊ ပုဂ္ဂလိကကဏ္ဍရှိ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့် လုပ်ငန်းများ၏ စျေးကွက်/ အရောင်းမြှင့်တင်ရေးများတွင် ကူညီရန် ဖြစ်ပါသည်။ ဒေသန္တရခရီးသွား စီမံခန့်ခွဲရေး အဖွဲ့အနေဖြင့် ရေရှည်တည်တံ့ရေးအတွက် ဘဏ္ဍာငွေရရှိနိုင်မှု နည်းလမ်းများရှာရာတွင် ဤသို့ စျေးကွက်/အရောင်းမြှင့်တင်ရေးလုပ်ငန်းစဉ်များနှင့် ဆက်စပ်ဆောင်ရွက်နိုင်မှုကိုပါ လေ့လာသင့်ပါသည်။

## ၁၀. ၄. ၅ အိတ်ဆောင်မြေပုံနှင့်လမ်းညွှန်စာစောင်

အင်းလေးကန်ဒေသပြ အိတ်ဆောင်မြေပုံနှင့် စာစောင်များပုံနှိပ်ထုတ်ဝေရန် လိုပါသည်။ သို့မှသာ ဒေသတွင်းရှိ လှည့်လည်လေ့လာရန် နေရာများ၊ဝန်ဆောင်မှုများကို သိရှိကြရပါမည်။ ထိုအပြင်စာစောင်များတွင်ဒေသအကြောင်းနှင့် ပက်သတ်သော အချက်အလက်များစသည်တို့ ပါဝင်ရပါမည်။

ဤကဲ့သို့ အိတ်ဆောင်မြေပုံနှင့် စာစောင်ပုံစံများစွာ ရှိပါသည်။ သို့ရာတွင် ခရီးစဉ်ဒေသများ အတွင်း တွေ့ရသော လမ်းညွှန်မြေပုံစသည်များကို စနစ်တကျပုံနှိပ်ထုတ်ဝေသော အဆင့်မြင့် လမ်းညွှန်များကဲ့သို့ ဖြစ်သင့်ပါသည်။ ဥပမာ ဆီယမ်ရိ(စ်) နှင့် ဖနွမ်းပင်မြို့ အိတ်ဆောင် လမ်းညွှန်မြေပုံများကဲ့သို့ဖြစ်သင့်ပါသည်။ ကနဦးတွင် ယင်းအိပ်ဆောင်လမ်းညွှန်မြေပုံနှင့် စာစောင် အဆင့်မြင့်ဒီဇိုင်းတို့ကို အလှူရှင်အဖွဲ့အစည်းများ၏ ကူညီမှုဖြင့်ရေးဆွဲပြီး ပုံနှိပ်ထုတ်ဝေခြင်းကိုမူ ဒေသအတွင်း ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သော လုပ်ငန်းများထံမှ အခကြေးငွေဖြင့် ကြော်ငြာနေရာကွက်များ ရောင်းချကာ ကိုယ်ပိုင်ငွေကြေးဖြင့် ရပ်တည်နိုင်ရပါမည်။ ဤစာစောင်ကို ဇုံဝင်ကြေး ကောက်ခံရာနေရာတွင် ဖြန့်ဝေနိုင်ပါသည်။

ဤစာစောင်တွင်

- ဒေသတွင်းရှိ လှည့်လည်ကြည့်ရှုသင့်သောနေရာများ၊ သမိုင်းအမွေအနှစ်နေရာများ စသည်တို့ ပါရပါမည်။
- ညောင်ရွှေ၊ ကလော၊ ပင်းဒယ စသောနေရာများကို သီးခြားမြေပုံငယ်လေးများဖြင့် ဖော်ပြနိုင် ပါသည်။ အခြားနေရာများလည်း ထည့်နိုင်ပါသည်။
- ခရီးသွားလမ်းညွှန် (ဥပမာ ညောင်ရွှေ မှ ကလောသို့ မည်သို့သွားရောက်ရမည်)
- အရေးပေါ် ဆက်သွယ်နိုင်မည့် ခရီးသွားလုပ်ငန်း ရဲတပ်ဖွဲ့နှင့် ဆေးရုံဆေးခန်းများ၏ တယ်လီဖုန်းနံပါတ်များ
- အင်းလေးကန်အကြောင်း၊ ဒေသရှိတိုင်းရင်းသား လူမျိုးစုများအကြောင်း၊ သဘာဝ ပတ်ဝန်းကျင်ရေးရာ၊ လှည့်လည်ကြည့်ရှုသင့်သည့် နေရာများအကြောင်း စသည်တို့၏ အကျဉ်းချုပ် ဖော်ပြချက်များ
- (၅)ရက်ဈေးနေ့များ
- ဒေသခံတွင် ဤခရီးသွားလုပ်ငန်းတွင်ပါဝင်ဆောင်ရွက်မှု၊ ဒေသရှိလူထုအခြေပြုအဖွဲ့အစည်း များ၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများကဲ့သို့ ဆောင်းပါးများ
- အင်းလေးဒေသအတွင်း ဧည့်သည်များအတွက် ဆောင်ရန်၊ ရှောင်ရန်များ
- ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် အခြားခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော လုပ်ငန်းများ၏လိပ်စာ ၊ ဆက်သွယ်ရန် တယ်လီဖုန်းအမှတ်စသည်များကို လုပ်ငန်း အမျိုးအစားနှင့် ဒေသအလိုက် ခွဲခြားပြုစုထားသော ဇယား
    - ဟိုတယ်စသည်များ
    - စားသောက်ဆိုင်များ
    - အမှတ်တရပစ္စည်းအရောင်းဆိုင်များ
    - ဧည့်သည်များအတွက်အခြားဝန်ဆောင်မှုပေးသူများ
    - လမ်းလျှောက်ခရီးစဉ်စသည်ဝန်ဆောင်မှုပေးသူများ

- ကြော်ငြာများ၊ ပံပိုးမှုများကိုလည်း စနစ်တကျ နေရာပေးရပါမည်။ စာစောင်တွင် ပါရှိသင့်သည့် ကဏ္ဍများကို ဒေသန္တရ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်ပေးရပါမည်။ သို့ရာတွင် ပုဂ္ဂလိက ကုမ္ပဏီတစ်ခုအား ယင်းစာစောင်ထုတ်ဝေမှုကို ကန်ထရိုက်စနစ် သို့မဟုတ် ကော်မရှင်ကြေးဖြင့် ထုတ်ဝေခွင့်ပေးနိုင်ပါသည်။ ဤစာစောင်တွင် ကြော်ငြာ ရရှိမှုနှင့် ပံ့ပိုးကူညီမှု ရရှိရန်မှာ အရေးကြီးပါသည်။

## ၁၀. ၄. ၆ အင်းလေးဇုံဝင်ကြေးလက်မှတ်ပုံစံကိုပြင်ဆင်ရန်

ယနေ့အချိန်တွင် အင်းလေးဇုံဝင်ကြေးရရှိမှု၊ ကောက်ခံမှု၊ အသုံးပြုတို့ကို ဒေသခရီးသွား လုပ်ငန်းရှင်များအပါအဝင် ဧည့်သည်များကပါ ရှင်းရှင်းလင်းလင်း မည်သူမျှ မသိကြပါ။ ယခု အသစ်ပြင်ဆင်ရမည့် လက်မှတ်တွင် ဤဇုံဝင်ကြေးများကို မည်သို့အသုံးချမည်၊ မည်မျှသုံးစွဲသည် စသည်တို့ကိုဇုံဝင်ကြေးကောက်ခံသည့် ကောင်တာများတွင် အများမြင်သာအောင် ပြသထားရန် လိုပါမည်။



Boat processions form an integral part of Inntha Culture.

### *၁၀. ၅ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးနှင့်အထောက်အကူပေးရေး*

ပုဂ္ဂလိကလုပ်ငန်းများသည် ဧည့်သည် စီးပွားရေး၏ ပြယုဂ်များပင်ဖြစ်ရာ ယင်းတို့၏ လုပ်ငန်းများကို အထောက်အကူပေးရမည် ဖြစ်ပါသည်။ အင်းလေးဒေသဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိက လုပ်ငန်းများ ဖွံ့ဖြိုးရေးက အထောက်အကူပြုရုံသာမက ယင်းတို့အား တာဝန်သိလုပ်ငန်းများအဖြစ် ပေါ်ထွက်လာရန်ပါ အကူအညီပေးရပါမည်။

### ရည်ရွယ်ချက်

ပုဂ္ဂလိကလုပ်ငန်းများအား ယှဉ်ပြိုင်မှုစွမ်းအားမြှင့်စေပြီး အဆင့်မြင့်ဝန်ဆောင်မှုပေးနိုင်ရန် ဖြစ်ပါသည်။ ထို့အပြင် ယင်းတို့အတွက် အဆင့်မြင့် သင်တန်းများ တက်ရောက်နိုင်ရန်နှင့် လုပ်ငန်းများ ဖွံ့ဖြိုးလာရေး၊ အရောင်းမြှင့်တင်ရေးတို့တွင်ပါ အကူအညီပေးရပါမည်။

### ၁၀. ၅. ၁ အင်းလေးဒေသစီပွာရေးဖိုရမ်တစ်ခုဖွဲ့စည်းရေး

ဒေသန္တရခရီးစဉ်ဒေသ စီမံခန့်ခွဲမှုအဖွဲ့၏ အဓိကလုပ်ငန်းတစ်ခုမှာ ဒေသဌကုန်သည်ကြီးများ အသင်းတစ်ခု ဖွဲ့စည်းရန်ဖြစ်ပါသည်။ ဤစီးပွားရေးဖိုရမ်သည် ဒေသခံစီးပွားရေး လုပ်ငန်းရှင်များ အကြား ကွန်ယက်တစ်ခုဖြစ်စေကာ စီပွားရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးမှုနှင့် ဆိုင်သော ကိစ္စရပ်များ ကို မူဝါဒချမှတ်သူများက သိရှိလာရေးနှင့် ဒေသန္တရခရီးစဉ်ဒေသ စီမံခန့်ခွဲမှုအဖွဲ့ နှင့်လည်း ဆက်သွယ်မှုရှိကာ ဤအဖွဲ့၏ အတိုင်ပင်ခံအဖြစ်လည်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့ပြင် လုပ်ငန်းရှင်များအတွက် လိုအပ်သော သင်တန်းစသည်များကိုလည်း ဖွင့်လှစ်ပေးနိုင်ရပါမည်။ ဤစီးပွားရေးဖိုရမ်သည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် နီးကပ်စွာဆက်ဆံမှုလည်း ရှိရပါ မည်။

ဤစီးပွားရေးဖိုရမ်ကို မြို့နယ်အလိုက်ဖွဲ့စည်းပေးထားကာ ပုံမှန်တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ကြရန်လည်း လိုအပ်ပါသည်။ အဖွဲ့ဝင်များအနေဖြင့် ဟိုတယ်ပိုင်ရှင်များ၊ စားသောက်ဆိုင် ပိုင်ရှင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ခရီးသွားကုမ္ပဏီများနှင့် အခြားဝန်ဆောင်မှု ပေးသူ များဖြစ်ရပါမည်။ ဤဖိုရမ်တွင် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အကြား သတင်းအချက် အလက်များဖလှယ်ခြင်း လိုအပ်သော သင်တန်းများပေးခြင်း ၊ ဈေးကွက်/ အရောင်းမြှင့်တင်ရေးလုပ်ငန်းများတွင် အကူအညီပေးခြင်းစသော တာဝန်များရှိပါသည်။

ဤဖိုရမ်များအား ကြီးကြပ်စီမံခန့်ခွဲရန်အတွက်လည်း အသင်းဖွဲ့စည်းပုံစည်းမျဉ်းများ ရေးဆွဲရန် လိုအပ်ပါသည်။ ဖိုရမ်များသည်အဖွဲ့ဝင်များထံသို့ သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ ဒေသန္တရ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့နှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ နှင့် ဆက်သွယ် ဆောင်ရွက်ရပါမည်။ အဖွဲ့ဝင်များအား လိုအပ်သော သင်တန်းများပေးခြင်း၊ ဖွံ့ဖြိုးရေး အကူအညီများ ပေးခြင်းနှင့် ပုဂ္ဂလိက စီပွားရေးကဏ္ဍ၏ ကိုယ်စား ပြောရေးဆိုခွင့် ရှိသည့် အဖွဲ့အစည်း ဖြစ်ရပါမည်။

အများအားဖြင့်ဤဖိုရမ်မျိုးသည် ဆန္ဒအလျောက် ပါဝင်ဖွဲ့စည်းသည့် အဖွဲ့အစည်းများ ဖြစ်ကြပါသည်။ အဖွဲ့ဝင်များထံမှ ဝင်ကြေးစသည်ဖြင့် ရပ်တည်ကြရပါသည်။ မြန်မာနိုင်ငံတွင်

စီးပွာရေးလုပ်ငန်းရှင်များဖြင့် ဖွဲ့စည်းထားသော အသင်းအဖွဲ့များစွာ ရှိပါသည်။ သို့ရာတွင် ဤအင်းလေးဒေသ စီးပွားရေးဖိုရမ်သည် အခြားအသင်းအဖွဲ့များနှင့် မတူပါ။ ဤဖိုရမ်၏ အဓိက တာဝန်မှာ အင်းလေးကန် ခရီးစဉ်ဒေသ စီမံခန့်ခွဲရေး လုပ်ငန်းတွင် ပါဝင်ပြီး ကူညီဆောင်ရွက်ရန် ဖြစ်ပါသည်။

## ၁၀. ၅. ၂ စီးပွားရေးလုပ်ငန်းရှင်ဖြစ်လာရန်သင်တန်းများ

စီးပွားရေးလုပ်ငန်းရှင် ဖြစ်လာရန် သင်တန်းများက တီထွင်ကြံဆမှု အသစ်များဖြင့် စွန့်စားလိုသောလုပ်ငန်းရှင်များ၊ လုပ်ငန်းအခြေကျပြီးသော်လည်း ချဲ့ထွင်ရန် လိုလားနေသော လုပ်ငန်းရှင်များအား လိုအပ်သော အကြံဉာဏ်များ၊ အထောက်အကူများပေးရန် ဖြစ်ပါသည်။ ဤသင်တန်းအစီအစဉ်များသည် ယခုအခါ လူကြိုက်များနေသည့်အပြင် အလှူရှင်အဖွဲ့အစည်းများက ထောက်ပံ့ပေးသည့် အစီအစဉ်ဖြစ်ပါသည်။ ဤအစီအစဉ်မျိုးကို ၂၀၁၄ခုနှစ်က အင်းလေးဒေသတွင် စမ်းသပ်ဆောင်ရွက်ခဲ့ရာ အောင်မြင်မှု ရရှိခဲ့ပါသည်။

ထို့ကြောင့် အသစ်ဖွင့်လှစ်မည့် လုပ်ငန်းများအပြင် ပုဂ္ဂလိကကဏ္ဍအား အထောက်အကူပြုနိုင်ရန်ဒေသတွင်းယခုကဲ့သို့သင်တန်းများဖွင့်လှစ်ရန်အကြံပြုအပ်ပါသည်။ ဤသို့ ဆောင်ရွက်နိုင်ရန် ကနဦးသင်တန်းတက်ရောက်လိုသူများကို လေ့လာမှုပြုခြင်းနှင့် အကောင်အထည်ဖော်ရန် စီမံချက်တစ်ရပ်ရေးဆွဲရန် လိုအပ်ပါသည်။ ယင်းသင်တန်းများမှ ရရှိသော အတွေ့အကြုံများကို စီးပွားရေးဖိုရမ်နှင့် ဒေသန္တရခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့များသို့ ပေးပို့သွားမည်ဖြစ်ပါသည်။

## ၁၀. ၅. ၃ အငယ်စား၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများအား အထောက်အကူ ပြုရေးအစီအစဉ်

ဤစာတမ်းတွင်ဒေသန္တရခရီးစဉ်ဒေသ စီမံခန့်ခွဲမှုအဖွဲ့များက လက်ရှိနှင့်အသစ် ထပ်မံဖွင့်လှစ်မည့် လုပ်ငန်းများကို အကူအညီပေးရန် အကြံပြုချက်များပါရှိပါသည်။ ဤအစီအစဉ်အကြံပြုချက်များတွင် အငယ်စား၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများအား လုပ်ငန်းများအဆင့်မြင့်ရေး သို့မဟုတ် အသစ်ဖွင့်လှစ်ရေးတွင် အကူအညီများပေးရန် ပါရှိပါသည်။ ဤလုပ်ငန်းများသည် ဒေသန္တရခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့၏အောက်တွင် ဆောင်ရွက်နိုင်သလို သီးခြားလည်း ဆောင်ရွက်နိုင်ပါသည်။

လုပ်ငန်းများအားအကူအညီပေးရေးအစီအစဉ်တွင်-

- ဈေးကွက်ရရှိရေး
- ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှု
- စီးပွားရေးစီမံကိန်းရေးဆွဲရေး
- လုပ်ငန်းအသစ်ဖွင့်စဉ်အကူအညီပေးရေး
- ရင်းနှီးမြှုပ်နှံမှုအကြံဉာဏ်ပေးခြင်း
- လုပ်ငန်းမှတ်ပုံတင်ရေးအကြံဉာဏ်ပေးခြင်း

## ၁၀. ၆ ဒေသခံများ၏ လုပ်ပိုင်ခွင့်ဩဇာပိုမိုရရှိရေး

ဤစာတမ်း၏အခြေခံရည်ရွယ်ချက်မှာ ဒေသခံများအနေဖြင့် ခရီးသွားလုပ်ငန်းနှင့် ယင်းနှင့် ဆက်နွယ်နေသော လုပ်ငန်းများမှ အကျိုးကျေးဇူးများကို ခံစားရယူခွင့်ပြုရေး ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ ခရီးသွားလုပ်ငန်းတွင် ပြည်သူများပါဝင်ဆောင်ရွက်ခွင့်ရှိရေးနှင့် စပ်လျဉ်း၍ မူဝါဒများ ချမှတ်ထားပြီး ဖြစ်ရာ ဤစာတမ်းက ယင်းမူဝါဒများပိုမိုခိုင်မာလာရေးနှင့် အကောင်အထည် ဖော်ရေးကို အထောက်အကူဖြစ်စေရန် ရည်မှန်းပါသည်။

### ရည်မှန်းချက်များ

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသော အဆုံးအဖြတ်ပေးရမှု လုပ်ငန်းစဉ်များတွင်ဒေသခံများ ညီတူညီမျှပါဝင်ခွင့်ရရှိရေးနှင့် ခရီးသွားလုပ်ငန်း၏ အသီးအပွင့်များ ခံစားရရှိရေး ဖြစ်ပါသည်။

### ၁၀. ၆. ၁ မြန်မာနိုင်ငံ တာဝန်ရှိခရီးသွားလုပ်ငန်း (RT) ပါအချက်အလက်များ၊ ခရီးသွား လုပ်ငန်းတွင် ပြည်သူများပါဝင်လာရေး (CIT) မူဝါဒများကို အကောင်အထည်ဖော်ရန်။

ခရီးသွားလုပ်ငန်းတွင် အကျိုးစီးပွား ပါဝင်ပါတ်သက်နေသူများနှင့် လည်းကောင်း၊ အခြား ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် အချိန်ယူဆွေးနွေးရုံသာမက သုတေသနလုပ်ငန်းများ ကျယ်ကျယ် ပြန့်ပြန့်လုပ်ကာ မြန်မာနိုင်ငံတွင် အထက်ဖော်ပြပါ မြန်မာနိုင်ငံ တာဝန်ရှိ ခရီးသွားလုပ်ငန်း (RT) နှင့် ခရီးသွားလုပ်ငန်းတွင် ပြည်သူများပါဝင်လာရေး(CIT)တို့ကို အာဆီယံနိုင်ငံများအတွင်း ပြဌာန်း နိုင်ခဲ့သောတစ်ခုတည်းသော နိုင်ငံဖြစ်ပါသည်။ အထက်ပါပြဌာန်းချက် (၂)ခုက မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ပြီးတာဝန်ရှိသော ခရီးသွားလုပ်ငန်းဖြစ်လာစေရေးနှင့် စပ်လျဉ်းသော မူဝါဒများ၊ အခြေခံမူများ၊ လုပ်ငန်းလမ်းညွှန်ချက်များ၊ စိစစ်နိုင်ရန်အချက်များကို ဖော်ပြထားပါသည်။ ဤအချက် အလက်များကိုဖြည့်ဆည်း အကောင်အထည်ဖော်ခြင်းဖြင့် ဒေသခံများ၏အကျိုးကို ဖြစ်စေမည် သာမက ခရီးသွားလုပ်ငန်းများဖက်ကလည်း တာဝန်ရှိသောခရီးသွားလုပ်ငန်း ပေါ်ပေါက်လာစေရန် တာဝန်ရှိပါသည်။

ဒေသတွင်းခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သောလုပ်ငန်းများကလည်း ဤမူဝါဒများကို လိုက်နာအကောင်အထည်ဖော်ရန်လိုအပ်ပါသည်။ ဒေသန္တရခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့များက ဤလုပ်ငန်းများကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်လိုပါသည်။

### ၁၀. ၆. ၂ အောက်ခြေခရီးသွားလုပ်ငန်းကော်မတီများဖွဲ့စည်းရန်

ဒေသတွင်း ခရီးသွားလုပ်ငန်းများတွင် အများပြည်သူ ပါဝင်ပတ်သက်လာရန် အခွင့်အလမ်း များရှိပါသည်။ အထူးသဖြင့် ညောင်ရွှေမြို့နှင့် အင်းလေးကန်အတွင်းရှိ ကျေးရွာများမှာ တောင်ပေါ် ကျေးရွာများထက် ခရီးသွားလုပ်ငန်းတွင် ပိုမိုအကျွမ်းဝင်ပြီးသားများဖြစ်ကြပါသည်။

ဒေသခံပြည်သူများအနေဖြင့် ဒေသတွင်း ဧည့်သည်စီးပွားရေးလုပ်ငန်းကဏ္ဍတွင် ယခုထက် ပိုမိုပြီး ပါဝင်ဆောင်ရွက် လာကြရန်လိုပါသည်။ အကျိုးစီးပွားပါဝင် ပတ်သက်သူများ အနေဖြင့် ပါဝင်ဆောင်ရွက်ကြရန် ဖြစ်ပါသည်။ ထို့ကြောင့် အောက်ခြေရှိမြို့နယ်၊ ကျေးရွာများတွင် ခရီးသွားလာရေး လုပ်ငန်းကော်မတီ ( Community Tourism Committee - CTC ) များကို ပထဝီဒေသအလိုက် နီးစပ်ရာစုစည်း၍ ဖွဲ့စည်းပေးနိုင်ပါသည်။ ဤအောက်ခြေ ခရီးသွားလုပ်ငန်း ကော်မတီများက မိမိဒေသအတွင်းရှိ ပြည်သူများ၏ အကျိုးစီးပွားများကို ကိုယ်စားပြုနိုင်ရပါမည်။ ဤကော်မတီများကို ဖွဲ့စည်းရာတွင် ဒေသခံတို့၏ အကျိုးစီးပွားများကို ကိုယ်စားပြုရန်နှင့် ထိရောက်မှုရှိရန်ဆိုသည်မှာ ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ဖြစ်မည်ကို သဘောပေါက်ပါသည်။ သို့ရာတွင် ဒေသခံများသည် မိမိတို့ဒေသတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၌ အဓိကအရေးကြီးသူများဖြစ်ပေရာ မည်သည့်ကိစ္စတွင်မဆို ဆုံးဖြတ်ရာ၌ ယင်းတို့၏ သဘောဆန္ဒကို ရယူရန်ဖြစ်ပါသည်။ ဤကော်မတီတွင် ကော်မတီဝင် အဖြစ်ပါဝင်ရန် ရွေးချယ်ရာ၌ ကော်မတီဝင်လောင်းများသည် အမှန်တကယ် ဒေသခံများက လိုလားထောက်ခံသူဖြစ်ရပါမည်။ ကျား၊ မ အစုံ ပါဝင်စေပြီး ချမ်းသာသူ၊ ဆင်းရဲသူမရွေး ခွဲခြားမှုမရှိစေရန် အရေးကြီးပါသည်။ ဤအောက်ခြေအဆင့် ကော်မတီများက မိမိတို့အဆင့်တွင်လည်း လိုအပ်သော သင်တန်းပို့ချမှုများ၊ စီမံကိန်းအကောင်အထည်ဖော်မှုများကို ဆောင်ရွက်နိုင်စွမ်းရှိရပါမည်။

ဤကော်မတီများ၏ တာဝန်များမှာ-

- ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများ၊ မဟာဗျူဟာ များချမှတ်ခြင်း၊ စောင့်ထိန်းလိုက်နာရန် ကြိုးကြပ်ခြင်း
- မိမိတို့ဒေသအတွင်းဆောင်ရွက်မည့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော ဖွံ့ဖြိုးရေး လုပ်ငန်းများကို လေ့လာသုံးသပ်ခြင်း၊ သဘောတူခြင်း။
- လက်ရှိလုပ်ငန်းလည်ပတ်နေပြီ ဖြစ်သော လုပ်ငန်းများသာမက အနာဂါတ်တွင် ထပ်မံ ပေါ်ပေါက်လာဖွယ်ရာရှိသည့် လုပ်ငန်းအသစ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ အကြား ဆက်သွယ် ညှိနှိုင်းဆောင်ရွက်ပေးခြင်း။
- မိမိတို့အောက်ခြေအဆင့်လုပ်ငန်းများတွင် ပါဝင်လာနိုင်သည့် အလှူရှင်များနှင့် အခြား အရင်းအမြစ်များကို စည်းရုံးခြင်း။
- မိမိတို့အောက်ခြေဒေသအတွင်း ဆောင်ရွက်နေသည့် စီမံကိန်းဝင်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် သင်တန်းများပေးခြင်း
- မိမိတို့ဒေသမှ ဧည့်လမ်းညွှန်များအား အကူအညီပေးခြင်း။

ဤသို့ အောက်ခြေအဆင့်ကော်မတီများကို စတင်ဖွဲ့စည်းစဉ်ကာလတွင် အနည်းငယ် အခက်အခဲများ ရှိနိုင်သော်လည်း ဖွဲ့စည်းမှုအောင်မြင်သည်နှင့် ဤကော်မတီများသည် ပိုမိုကျယ်ကျယ် ပြန့်ပြန့် လုပ်ငန်းများ ဆောင်ရွက်လာနိုင်သဖြင့် ယင်းဒေသရှိ ဒေသခံများအနေဖြင့်လည်း ခရီးသွား လုပ်ငန်း၏ အသီးအပွင့်များကို ပိုမိုခံစားလာကြရပါမည်။ ဤကော်မတီများကို ရှိရင်းစွဲ ကျေးလက်မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ လက်အောက်တွင်လည်း ကျရောက်နိုင်ပါသည်။

ဤ အောက်ခြေကော်မတီများဖွဲ့စည်းရေးနှင့် စပ်လျဉ်းသည့် ဘဏ္ဍာငွေကြေးဆိုင်ရာကိစ္စ စသည်များကိုလည်း အသေးစိတ်လေ့လာရန်လိုပါမည်။

## ၁၀. ၆. ၃ ခရီးသွားလုပ်ငန်းအကြောင်း ဗဟုသုတဖြန့်ဝေခြင်းနှင့် ကျား၊ မ လိင်ခွဲခြားမှု

အင်းလေးကန် ဒေသတွင် စီးပွားရေးအရ ရှင်သန်ပြီး ရေရှည်တည်တံ့သော ခရီးသွား လုပ်ငန်းစီးပွားရေး တစ်ရပ်ဖြစ်ပေါ်လာရန်မှာ ခရီးသွားလုပ်ငန်း၏ လိုအပ်ချက်များ၊ ခရီးသွားလုပ်ငန်း အကြောင်း ဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်လာကြရန် အရေးကြီးပါသည်။ ထိုသို့ကျယ်ကျယ်ပြန့်ပြန့် နားလည်ကြမှသာ ဒေသခံများ၏ စီးပွားရေး စွမ်းဆောင်ရည်ကို လည်းကောင်း၊ တစ်ဦးချင်း၏ စွမ်းဆောင်ရည်ကိုလည်းကောင်းတိုးမြှင့်လာစေမည်ဖြစ်ပါသည်။

ထို့ကြောင့်အောက်ပါကဏ္ဍများပါဝင်သော သင်တန်းများဖွင့်လှစ်ပေးရန်လိုအပ်ပါသည်။

- ခရီးသွားလုပ်ငန်းအကြောင်းယေဘုယျအချက်အလက်များ
- သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့်ရေရှည်တည်တံ့မှု
- ဈေးကွက်ခွဲခြားမှု
- သဘာဝပတ်ဝန်းကျင်အကြောင်းသိကောင်းစရာများ
- စံပြစီးပွားရေးလုပ်ဆောင်ချက်များ
- စီးပွားရေးစွမ်းဆောင်ရည်နှင့်အခွင့်အလမ်းများ

ဤသင်တန်းများကို ဖွင့်လှစ်ရာ၌လည်း ဒေသခံများ အဆင်ပြေသည့် အချိန်များတွင် ဖွင့်လှစ်ရန် လိုပါသည်။ ထို့အပြင် ဤသင်တန်းမျိုးကို အထက်တွင် ဖော်ပြထားသော အောက်ခြေ အဆင့် ကော်မတီများက တာဝန်ယူဆောင်ရွက်နိုင်ကြရပါမည်။

ထို့အပြင် ခရီးသွားလုပ်ငန်းသာမက အခြားဒေသရှိ လုပ်ငန်းများအားလုံးနှင့် သက်ဆိုင်နေ သော အချက်တစ်ချက်မှာ ကျား၊ မ လိင်ခွဲခြားမှု မရှိရေးဖြစ်ပါသည်။ သို့မှသာ ဒေသတွင်း ဖွံ့ဖြိုးရေး လုပ်ငန်းများလည်း တိုးတက်မှုရှိလာနိုင်ပါသည်။ အရှေ့တောင်အာရှ ဒေသအတွင်း နိုင်ငံအသီးသီး၌ အမျိုးသမီးများအား လုပ်ပိုင်ခွင့်အပ်နှင်းခြင်းနှင့် စပ်လျဉ်း၍ အခြေအနေမတူညီကြပါ။ သို့ရာတွင် မြန်မာနိုင်ငံ၏ အမျိုးသမီးများ လုပ်ပိုင်ခွင့်ရရှိမှု အနေအထားသည် နောက်ကျန်နေသည်ဟု

ဆိုရပါမည်။ ကျား၊ မ လိင်ခွဲခြားဆက်ဆံမှုပပျောက်ရေးမှာ ကဏ္ဍပေါင်းစုံနှင့် သက်ဆိုင်နေ၍ ကျား၊ မ လိင်ခွဲခြားမှုနှင့် စပ်လျဉ်းသည့် လိင်ခွဲခြားမှု ဗဟုသုတအဖွဲ့ (Gender Awareness Teams (GAT)) များ ဖွဲ့စည်းပြီး အမျိုးသမီးများ၏ ရပိုင်ခွင့်များကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် တိုးမြှင့်ဆောင်ရွက်ရန်ဖြစ်ပါသည်။

အမျိုးသမီးများသည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးကြီးသော ကဏ္ဍမှ ပါဝင်နေကြသည်ဖြစ်ရာ ခရီးသွားလုပ်ငန်းဗဟုသုတ ပြန့်ပွားရေးလုပ်ငန်းများတွင် ကျား၊ မ လိင်ခွဲခြားဆက်ဆံမှု မပြုရေးနှင့် စပ်လျဉ်းသည့် ဟောပြောချက်စသည်များထည့်သွင်းရပါမည်။

သို့ပါ၍ယင်းသို့အမျိုးသမီးများနှင့် သက်ဆိုင်သော ကိစ္စများကို ကိုင်တွယ်ဆောင်ရွက်နေသည့် အဖွဲ့များအတွက် သီးခြားသင်တန်းများ စသည်တို့ စီစဉ်ပေးရန်လိုအပ်သည့်အပြင် ဒေသတွင်း ဆောင်ရွက်နေသော ဖွံ့ဖြိုးရေးလုပ်ငန်းစသည်တို့တွင် အမျိုးသမီးများ၏ သဘောထားများကို ဦးစားပေးစဉ်းစားပေးခြင်း စသည်တို့ ဆောင်ရွက်ပေးရပါမည်။ ဤအမျိုးသမီးရေးရာ အဖွဲ့များသည် ဒေသန္တရ ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့များတွင် အကြံပေးများ အဆင့်ဖြင့်ပါဝင်နိုင်ပါသည်။

## ၁၀. ၆. ၄ မြေအသုံးချရေးဖိုရမ်ဖွဲ့စည်းရေး

မြေအသုံးချရေးနှင့် စပ်လျဉ်း၍ လက်ရှိဤစီမံချက်စာတမ်းအရ ဖွဲ့စည်းထားသော အကြံပေးအဖွဲ့ဝင်များ၊ ဗဟိုနှင့် ပြည်နယ်တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ ခရိုင်၊ မြို့နယ်အဆင့်များမှ ကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်းမှ ကိုယ်စားလှယ်များ (ဟိုတယ်၊ ခရီးသွားကုမ္ပဏီများ၊ ကားကုမ္ပဏီစသည်များ)၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အင်းလေးဒေသကိုယ်စားလှယ်များပါဝင်သောမြေအသုံးချရေးဖိုရမ်တစ်ခုကို ဖွဲ့စည်းရန်လိုအပ်ပါသည်။

ဤဖိုရမ်၌အင်းလေးဒေသရှိ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသော လုပ်ငန်းရှင်များ၊ ပညာရပ်ဆိုင်ရာကျွမ်းကျင်သူများ ပါဝင်စေပြီး ခရီးသွားလုပ်ငန်းတွင် ရပ်ဆိုင်းနေရသော စိန်ခေါ်မှုများ စသည်တို့ကို တင်ပြစေနိုင်ပါသည်။ ဤဒေသတစ်ဝန်းလုံးတွင် လျှင်မြန်စွာ ပြောင်းလဲမှုများကို ကြုံနေရပါသည်။ ကျေးလက်နေပြည်သူများသည် ပြောင်းလဲလာသော ကမ္ဘာကြီးနှင့် မိမိတို့၏ ရိုးရာဓလေ့များအကြား ဟန်ချက်ညီအောင် ကြိုးစားနေကြရသည်။ ကမ္ဘာကြီး၏ ရာသီဥတု ပြောင်းလဲလာမှုကြောင့် စိုက်ပျိုးမွေးမြူရေးကို အဓိက အားထားနေရသော တောင်သူလယ်သမားများ အနေဖြင့် ဤအခက်အခဲများကို မည်သို့ကျော်လွှားရမည်၊ အခြားနိုင်ငံများ တွင် မည်သို့ဆောင်ရွက်နေသည်စသည်ဖြင့် ဗဟုသုတများဖြန့်ဝေခြင်းဖြင့် မိမိတို့၏ ကျေးလက်နေ ပြည်သူများ၏ဘဝများ ခံနိုင်ရည်ရှိသော ၊ ရှင်သန်နေသော လူအဖွဲ့အစည်းများအဖြစ် ပြောင်းလဲနိုင် အောင်ကြိုးစားရာတွင် ဤမြေအသုံးချရေး ဖိုရမ်များသည် အဓိကကျပါသည်။ အနာဂတ်တွင် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများကို ရဲရဲရင်ဆိုင်ပြီး လူမှုရေးအရလည်း တရားမျှတမှု ရှိသည်သာမဟုတ် သဘာဝပတ်ဝန်းကျင်အားလည်း မထိခိုက်စေသည့် လူ့ဘောင်အဖွဲ့အစည်း လူနေမှုဘဝဖြစ်ပေါ် လာစေရန် ကြိုးစားကြရပါမည်။

ဤဖိုရမ်သည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် စီမံကိန်းရေးဆွဲသူများ၊ ဆောက်လုပ်ရေး လုပ်ငန်းရှင်များ၊ အခြားလူမှုအဖွဲ့အစည်းများအား အနာဂတ်ကာလကို ကောင်းမွန်အကျိုးရှိစွာ

လုပ်ငန်းတက်နိုင်ရေးအတွက် လိုအပ်သော အစီအစဉ်များ၊ စီးပွားရေးပုံစံများကို ဖော်ထုတ်ပေးနိုင်ရပါမည်။ ဤဖိုရမ်သည် ဒေသန္တရ ခရီးစဉ်ဒေသ စီမံခန့်ခွဲမှုကော်မတီနှင့်သာမက အောက်ခြေအဆင့် ကော်မတီများနှင့် အနီးကပ် ဆက်သွယ်ဆောင်ရွက်မှုရှိရပါမည်။

## ၁၀. ၆. ၅ ကျေးလက်ဒေသတွင် နိုင်ငံခြားဘာသာသင်ကြားရေး

ကျေးလက်နေပြည်သူများအနေဖြင့် နိုင်ငံခြားဘာသာတစ်ခုခုကို ပြောနိုင်လျှင် ဧည့်သည်များ၊ ဧည့်လမ်းညွှန်များနှင့် ပြောဆိုဆက်ဆံမှုများ ပိုမိုအဆင်ပြေပါသည်။ ရွေးချယ်ထားသော ကျေးရွာများတွင် အင်္ဂလိပ်စာ အခြေခံများကို သင်ကြားပေးနိုင်သလို မြန်မာစကားမပြောနိုင်သော ကျေးရွာများတွင် မြန်မာစကားသင်ကြားမှုကို အကူအညီပေးနိုင်ပါသည်။

ဤနိုင်ငံခြားဘာသာစကား သင်ကြားမှုသည် ခရီးသွားလုပ်ငန်းတွင် အသုံးဝင်ရန်သာ ဖြစ်ကြောင်းသတိပြုရပါမည်။ကမ္ဘောဒီးယားနိုင်ငံကျေးရွာများတွင်အသံထွက်ကိုသာ သင်ပေးထားသော ဧည့်လမ်းညွှန်များ အောင်မြင်နေကြောင်းတွေ့ရှိရပါသည်။

စကားမပြောပဲ ခြေဟန်လက်ဟန်ဖြင့်ပြောနိုင်သော ပုံပြလက်စွဲ စာစောင်ငယ်တစ်ခုထုတ်ဝေနိုင်ပါက ကျေးလက်ဒေသများ၌ စားသောက်နေထိုင်ရေးကိစ္စများတွင် အဆင်ပြေလာဖွယ်ရာရှိပါသည်။



Young people are the future of sustainable development in the hill areas

## ၁၀. ၇ မဟာဗျူဟာ (၇) သဘာဝပါတ်ဝန်းကျင်စီမံခန့်ခွဲမှု

ရှင်သန်သော သဘာဝပတ်ဝန်းကျင်ရှိမှသာ ရှင်သန်သော ခရီးစဉ်ဒေသတစ်ခုဖြစ်ပါမည်။ သဘာဝပတ်ဝန်းကျင် ပျက်စီးသွားသည်နှင့် ခရီးသွားလုပ်ငန်းရော ယင်းနှင့်ဆက်နွယ်နေသည့် ဧည့်သည် စီးပွားရေးပါ ပျက်စီးသွားမည် ဖြစ်ပါသည်။ စနစ်တကျစီမံခန့်ခွဲထားသော သဘာဝပတ်ဝန်းကျင်သည် ဇီဝမျိုးစုံကြွယ်ဝမှုကို ဖန်တီးပေးသည့်အတွက် ခရီးသွားလုပ်ငန်းအတွက်လည်း အကျိုးရှိပါသည်။

### ရည်မှန်းချက်

အင်းလေးကန် ဒေသတွင်း သဘာဝပါတ်ဝန်းကျင် ထိန်းသိမ်းရေးကို အကောင်းဆုံး နည်းလမ်းများဖြင့် ဆောင်ရွက်ရန်နှင့် အနာဂတ်မျိုးဆက်များ၏ လိုအပ်ချက်များကို ကောင်းစွာ အကျိုးပြုနိုင်မည့်ရှင်သန်ပြီး ကုန်ထုတ်လုပ်မှုပြုလုပ်ပေးနိုင်သည့် ဝန်းကျင်တစ်ခုဖြစ်လာစေရန်။

### ၁၀. ၇. ၁ လတ်တလော ရင်ဆိုင်နေရသော သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် အထူးအဖွဲ့တစ်ခုဖွဲ့စည်းရန်

အင်းလေးကန်ဒေသတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန်မှာ ရေပေါ်ကျေးရွာများ၊ ကမ်းစပ်ရှိ ကျေးရွာများ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ဈေးဆိုင်များ၊ ဈေးများ၊ ပတ်ဝန်းကျင် တောင်ကုန်းတောင်တန်းများပေါ်ရှိ ကျေးရွာများ၊ မြို့များ တွေ့ကြုံရင်ဆိုင်နေရသော သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများကို တားဆီးနိုင်ရန် အရေးကြီးပါသည်။

ထို့ကြောင့် အဆိုပါစိန်ခေါ်မှုများကို ဦးစားပေးဆောင်ရွက်နိုင်ရန် အထူးအဖွဲ့တစ်ခု ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ဤအဖွဲ့သည် ယခုစာတမ်းရေးသားနေချိန်တွင် ဖွဲ့စည်းရန် ဆွေးနွေးနေပြီဖြစ်သော အင်းလေးကန်ဒေသ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအာဏာပိုင်အဖွဲ့၏ အစိတ်အပိုင်းဖြစ်နိုင်ပါသည်။ ဤအာဏာပိုင်အဖွဲ့က အင်းလေးကန်နှင့်ပတ်ဝန်းကျင်ဒေသများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဤကာလအတွင်း အင်းလေးကန်ဒေသ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ နိုင်ငံတကာ ဖွံ့ဖြိုးရေးအဖွဲ့(IID) ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (UNDP) နှင့် ကုလသမဂ္ဂ၏ UN Habitat တို့က တင်ပြထားသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စီမံကိန်းများရှိပြီး ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကို ဖွဲ့စည်းပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကို တာဝန်ယူစေခဲ့ပါသည်။ ဤသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထူးအဖွဲ့သည် ဒေသအတွင်းလက်ရှိ လက်ရှိရော၊ အနာဂတ်တွင်ပါ အင်းလေးကန်ဒေသ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သက်ဆိုင်သော စီမံချက်များ၏ အားကို စုစည်းပြီး ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ဒေသတွင် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းတစ်ရပ်ဖြစ်ပေါ်စေရေးအတွက် စတင်ကာ ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများမှာ-

- အင်းလေးကန်ဒေသ ရေဝေရေလဲဒေသအတွင်း အမှိုက်သရိုက်စွန့်ပြစ်မှုများကို စနစ်တကျ ရှိစေရန်၊ အထူးသဖြင့် ကန်ရေပြင်ပေါ်ရှိကျေးရွာများ၊ ကမ်းစပ်ရှိ ကျေးရွာများတွင် နိုင်ငံတကာတွင် ကျင့်သုံးနေသော A3R ခေါ် သုံးစွဲမှုမပြုခြင်း (avoid)၊ လျှော့ချသုံးစွဲခြင်း (reduce) ၊ ထပ်မံသုံးစွဲခြင်း (reuse) ၊ ပစ္စည်းအမယ်အသစ် ပြန်လည်ဖန်တီးခြင်း (recycle) ခေါ် နည်းလမ်းများကို အသုံးပြုရမည် ဖြစ်ပါသည်။ အထူးသဖြင့် ပုတ်သိုး၊ ပျက်စီးလွယ်သော ဩဂဲနစ်စွန့်ပစ်ပစ္စည်းများကို မြေဆွေးပြုလုပ်ကာ စိုက်ပျိုးရေး လုပ်ငန်းတွင် ပြန်လည်အသုံးချခြင်း၊ ပလပ်စတစ်အိတ်များအစား အဝတ်အိတ် သို့မဟုတ် ဆွေးမြေ့လွယ်သော သဘာဝပစ္စည်းများဖြင့်ပြုလုပ်ထားသောအိပ်များ အစားထိုး သုံးစွဲခြင်း၊ ပလပ်စတစ်ပစ္စည်းဟောင်းများကို အခြားပစ္စည်းအမယ်တစ်မျိုးအဖြစ် ပြောင်းလဲ အသုံးချခြင်း။
- ကန်ရေပြင် ညစ်ညမ်းမှုကို ကာကွယ်နိုင်ရန်အတွက် ရေပေါ်ကျေးရွာများနှင့် ကမ်းစပ် ကျေးရွာများ၌ အညစ်အကြေးစွန့်ပြစ်မှုစနစ်ကို အဆင့်မြှင့်တင်ရန်။
- မြို့များမှသုံးစွဲပြီးရေဆိုးများနှင့် မိုးရေစသည်တို့ကို ပတ်ဝန်းကျင် ချောင်း၊ မြောင်းများ အတွင်း မစွန့်ပြစ်မီ သန့်စင်ရေးလုပ်ငန်းများ ဖော်ဆောင်ရန်၊ဦးစားပေးအဖြစ် ကလောမြို့ နှင့် တောင်ကြီးမြို့ တို့တွင် စတင်ရန်။
- ဧည့်သည်များနှင့် ဒေသခံများအတွက် သန့်ရှင်းစင်ကြယ်သော ရေရရှိရေး။
- ပြန့်ကျဲသော မီးခိုးထုတ်လွှတ်မှုများ (တောင်ယာမီးရှို့ခြင်း)နှင့် တစ်နေရာတည်းမှ မီးခိုး ထုတ်လွှတ်မှု (လျှပ်စစ်ဓာတ်အားစက်ရုံများမှ) ထုတ်လွှတ်သောမီးခိုးများတွင် ဓါတုဗေဒ အမှုန်များကြောင့် လေညစ်ညမ်းမှုကို ကာကွယ်ရန်။
- လေထုနှင့် ရေပြင်ညစ်ညမ်းမှုကို ကာကွယ်ရန်အပြင် တောရိုင်းတိရိစ္ဆာန်များ အနှောင့်အယှက် မဖြစ်စေရေးအတွက် လှေအသွားအလာကို ကန့်သတ်ရန်။
- ဟိုတယ်စသည်များ ဆောက်လုပ်ရာတွင်လည်း ဒေသနှင့်ကိုက်ညီသော ဗိသုကာပုံစံများ၊ လုပ်ငန်းဆောင်ရွက်မှု နည်းစနစ်များ၊ ရေ နှင့် လျှပ်စစ်ဓာတ်အားချွေတာသုံးစွဲရေး၊ ပစ္စည်း ဝယ်ယူမှု၊ အစားအသောက်များဝယ်ယူမှု စသည်များတွင်လည်း ဒေသံထွက်ကုန်ပစ္စည်းများ ကို ဝယ်ယူခြင်းဖြင့် ဒေသ၏ရေရှည်တည်တံ့မှုကို အားပေးစေရန်။
- ပတ်ဝန်းကျင် သန့်ရှင်းရေးကို ဦးစားပေးခြင်းဖြင့် ဧည့်သည်များနှင့် ဒေသခံများ၏ ကျန်းမာရေးကို စောင့်ရှောက်ရန်။

အထက်ပါ လုပ်ငန်းများအပြင် ရေဝေရေလဲဒေသများ ရေရှည်တည်တံ့ရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်ရန် လိုအပ်ပါမည်။

- ရေပေါ်ခြံများ ချဲ့ထွင်ခြင်းကို ကန့်သတ်ရန် လိုပါသည်။ အထူးသဖြင့်အင်းတိမ်နှင့် ကလောဘက်မှ အင်းလေးကန်တောင်ဘက်ရေပြင်၊ နန်းပန်နှင့် သာလေးကျေးရွာများဘက်သို့ ကျူးကျော်လာမှုများကို ဟန့်တားရန် လိုအပ်လာပါသည်။
- ဒေသမျိုး ရေပေါ်ပေါက် အပင်မျိုးစိတ်များမှာ သဘာဝအလျောက် ရေသန့်စင်ခြင်းကို လုပ်ဆောင်ပေးသဖြင့်လည်းကောင်း၊ ငါးနှင့်ရေနေငှက်သတ္တဝါများအတွက် ရိက္ခာအဖြစ်လည်းကောင်း၊ ကောင်းကျိုးပြုနေ၍ အဆိုပါ ဒေသမျိုးရေပေါ်ပေါက် အပင်မျိုးစိတ်များကို ထိန်းသိမ်းရန်လို ပါသည်။ ထို့ပြင် ရေအောက်မှ မှော်များကိုဆယ်ယူကာ ရေပေါ်ခြံ ခရမ်းချဉ်စိုက်ခင်း များအတွက် မြေသြဇာအဖြစ် အသုံးပြုခြင်းကို လျှော့ချပြီး အခြားနည်းရှာကြံရန်။
- ဗေဒါများပြန့်ပွားမှုကို ထိန်းချုပ်ရန်အတွက် ဗေဒါစားပိုးမွှားများကို အသုံးပြုရန်နှင့် ဗေဒါပင်များကို ပွားစေသည့်ဓာတ်မြေသြဇာအသုံးစွဲမှုတို့ကို လျှော့ချရန်။
- ရေပေါ်ခြံခရမ်းချဉ်သီးစိုက်ခင်းများတွင် ဓာတ်မြေသြဇာနှင့်ပိုးသတ်ဆေးသုံးစွဲမှုကို လျှော့ချပြီး ကန်တွင်းရေညစ်ညမ်းမှုကို ကာကွယ်ရန်။ ခြံရှင်များအားစည်းရုံးပြီး ခြံရှင်များ အား သဘာဝမြေဆွေး ပြုလုပ်ရန်နည်း စသည်တို့ကို သင်တန်းများပေးခြင်းဖြင့် ရေရှည်တည်တံ့မည့် စိုက်နည်းစနစ်များကို အသုံးပြုစေရန်။ ထို့အပြင် အချို့ခရမ်းချဉ်သီး စိုက်ပျိုးသူများအား ခရီးသွားလုပ်ငန်းစသည်ဖြင့် အခြားအသက်မွေးဝမ်းကြောင်း လုပ်ငန်းရပ်များတွင် အလုပ်သမားများအဖြစ် ပြောင်းလဲတာဝန်ယူနိုင်သည့် အလုပ်သမားများဖြစ်လာ စေရေးအတွက် သင်တန်း များပေးရန်။
- နမ်လက်ချောင်းစသည့် အင်းထဲသို့ဝင်သည့်ချောင်းများမှ နုန်းပို့ချမှုကို ထိန်းသိမ်းရန်အတွက် ညောင်ရွှေမြို့မှ အထွက် တူးမြောင်းကို ပြောင်းလဲရန်၊ရွာမနှင့် သာလေးကျေးရွာဝန်းကျင်ရှိ ရေလမ်းကြောင်းများတွင် နုန်းပို့ချမှုကို ဟန့်တားရန်အတွက် ကမ်းနားတစ်လျှောက်တွင် အပင်များ ပြန်လည်စိုက်ပျိုးစေရန်။ အင်းလေးကန် ရေဝေရေလဲဒေသအတွင်း ရေတိုက်စားမှုအဖြစ် အများဆုံး နေရာများကို ဖော်ထုတ်ပြီး လိုအပ်သလိုဆောင်ရွက်ရန်။
- အင်းလေးကန်တောရိုင်းတိရိစ္ဆာန် ထိန်းသိမ်းရေးဇုံအတွင်း ငါးနှင့်ငှက်များကို ကာကွယ်ရန်အတွက် မော်တော်ဘုတ်မဝင်ရနယ်မြေများအဖြစ် သတ်မှတ်ရန်။

## ၁၀. ၇. ၂ အင်းလေးကန်အကြောင်း သိကောင်းစရာများ

ဤစာတမ်းဖြစ်မြောက်ရေးအတွက် လိုအပ်သောအချက်အလက်များကို စုစည်းဖော်ထုတ်ထားသော စာတမ်းငယ်များ ပါသည်။ ယနေ့အထိ အစည်းအဝေးများဆွေးနွေးပွဲများတွင် ဆွေးနွေးနိုင်ရန်အတွက် အချက်အလက် စာတမ်း (၁၀) ခု ပြုစုပြီး ဖြစ်ပါသည်။ ဤစာတမ်း(၁၀)စောင်ကို ဒေသခံများအနေဖြင့် မိမိတို့နှင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် လိုအပ်သလိုသုံးစွဲနိုင်ရန် ဖြစ်ပါသည်။

အချက်အလက်များကို (၃) မျိုးပြုစုထားပါသည်။

- ဒေသခံများအတွက် သိသင့်သိထိုက်သော အကြောင်းအရာများ
- ဧည့်သည်များအတွက် သိသင့်သိထိုက်သော အကြောင်းအရာများ
- သုတေသနလုပ်မည့် ပညာရှင်များအတွက် သိသင့်သိထိုက်သောအကြောင်းအရာများ

အဆိုပါ အချက်အလက်တစ်စောင်(၃)မျိုးကို ပုံနှိပ်ဖြန့်ဖြူးထုတ်ဝေရန် ဘဏ္ဍာရေးအထောက်အပံ့လိုမည်ဖြစ်ပါသည်။ ထို့အပြင် သုတေသနအဖွဲ့အစည်းများက လုပ်ငန်းဆောင်ရွက်ရင်း နောက်ထပ်ရရှိလာသော အချက်အလက်များရှိလာပါကလည်း ထပ်မံဖြည့်ဆည်းနိုင်ပါသည်။

## ၁၀. ၇. ၃ အစိမ်းရောင်နည်းပညာများအသုံးပြုမှု

ဒေသတွင်းအစိမ်းရောင်နည်းပညာများ အသုံးပြုနိုင်မှုကိုလည်း လေ့လာသင့်ပါသည်။ အင်းလေးဒေသသည် မြန်မာနိုင်ငံ၏ အစိမ်းရောင်နည်းပညာအသုံးပြု ဗဟိုဌာနပင် ဖြစ်လာနိုင်ပါသည်။ ဤအတွက်ကိုလည်း စျေးကွက်/အရောင်းမြှင့်တင်ရေးများတွင် အသုံးပြုနိုင်ပါသည်။ ဖြစ်နိုင်ပါလျှင် ဤသုတေသနပြုလုပ်ငန်းများကို ကျောင်းသင်ရိုးညွှန်းတန်းထဲတွင် ထည့်သွင်းနိုင်ပါသည်။

သုတေသနလုပ်ငန်းများတွင်

- ဆွေးမြေ့လွယ်သော ဩဂဲနစ်ပစ္စည်းများအား မြေဆွေးအဖြစ်အသုံးချနိုင်မှု
- အစားထိုးမော်တော်ဘုတ်အင်ဂျင်စက်များ
- အဆင့်မြင့်နှင့်နည်းပညာနိမ့်နေရောင်ခြည်စွမ်းအင်သုံးစွဲမှု
- ပလတ်စတစ်အိတ်အစားထိုးရေး
- မီသိုင်းဓာတ်ငွေ့စွမ်းအင်နှင့် တိရိစ္ဆာန်အညစ်အကြေးစသည်များမှရရှိသောစွမ်းအင်

## ၁၀. ၇. ၄ ကျောင်းများတွင် သဘာဝပါတ်ဝန်းကျင်ထိန်းသိမ်းရေးသင်ခန်းစာများသင်ကြားရေး

အင်းလေးကန်ဒေသ ရေရှည်တည်တံ့ရေးအတွက် ဒေသခံများအနေဖြင့် ဒေသတွင်းတွေ့ကြုံနေရသော သဘာဝပတ်ဝန်းကျင် အခြေအနေများကိုသိရှိရန်နှင့် ကျောင်းသူ၊ ကျောင်းသားများအတွက် သင်ရိုးညွှန်းတန်းတွင် ထည့်သွင်းရန်လိုအပ်ပါသည်။

သင်ရိုးညွှန်းတန်းထဲတွင် အင်းလေးကန်သာမဟုတ် တောင်ပေါ်ဒေသများအကြောင်းပါ ထည့်သွင်းသင်ကြားရန်လိုပါသည်။ ဒေသခံ လူငယ်များအား စည်းရုံးပြီး သဘာဝပတ်ဝန်းကျင် ချစ်မြတ်နိုးသူ စေတနာ့ဝန်ထမ်းအဖွဲ့များ ဖွဲ့စည်းပေးကာ ကွန်ယက်ချဲ့ထွင်နိုင်ပါသည်။ ဤနည်းဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို လူအများစိတ်ဝင်စားလာစေရန် ဆောင်ရွက်နိုင် ပါသည်။

ကျောင်းသူ၊ ကျောင်းသားများအတွက်သာမက ဆရာ၊ဆရာမများကိုလည်း ပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာရပ်များ သင်ကြားပေး နိုင်ပါသည်။ အကယ်၍လိုအပ်လျှင် ဒေသသုံး ဘာသာ စကားဖြင့် ဆရာ၊ ဆရာမများအတွက် သင်တန်းများ ဖွင့်လှစ်ပေးနိုင်ပါသည်။

## ၁၀. ၇. ၅ အင်းလေးကန်ဒေသ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာပေးနယ်လှည့် မော်တော်ဘုတ် အစီအစဉ်

အင်းလေးဒေသဝန်းကျင်ရှိ ကျောင်းများကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်း စဉ်တွင် တက်တက်ကြွကြွ ပါဝင်နိုင်အောင် ဆောင်ရွက်နိုင်ပါသည်။ ထိုင်းနိုင်ငံ ချောင်ဖရာ မြစ်ပေါ်တွင် "Magic Eye" ဟု အမည်ပေးထားသော နယ်လှည့်ပညာပေး မော်တော်ဘုတ် အစီအစဉ် ဗီယက်နမ်နိုင်ငံတွင် "Ecoboat" အစီအစဉ် စသည်တို့မှာ အောင်မြင်နေပါသည်။ ဒေသတွင်းရှိ ကျောင်းများကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များ ကောက်ယူစေခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံကိန်းလုပ်ငန်းများ၏ သတင်းအချက်အလက်များ ကောက်ယူစေ ခြင်းစသည်တို့တွင် တာဝန်ပေးနိုင်သည်။ ကျောင်းများတွင် သဘာဝပတ်ဝန်းကျင် ချစ်မြတ်နိုးသူများ အသင်းစသော စေတနာ့ဝန်ထမ်းအဖွဲ့များ ဖွဲ့စည်းပေးနိုင်ပါသည်။

ဤအစီအစဉ်ကို အကူအညီပေးနိုင်သည့်ကုမ္ပဏီ၊ ပုဂ္ဂလိက ကဏ္ဍလုပ်ငန်းရှင်များစသည်တို့ကို စည်းရုံးနိုင်မှုကို ကြိုတင်လေ့လာထားရန် လိုပါသည်။ မြန်မာနိုင်ငံတဝန်းမှကျောင်းများ၊ အိမ်နီးချင်း နိုင်ငံများမှ ကျောင်းများက ဤအစီအစဉ်ကို အသုံးချကာ လေ့လာရေးခရီးစဉ်များ လုပ်ဆောင် နိုင်ကြပါသည်။ ဤသို့ ငှားရမ်းနိုင်သဖြင့် ဝင်ငွေရရှိလာနိုင်ပါသည်။

## ၁၀. ၇. ၆ အောက်ခြေကျေးလက်အဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့များ

အင်းလေးကန် ရေဝေရေလဲဒေသအတွင်း နေထိုင်ကြသော ကျေးရွာများအနေဖြင့် မိမိတို့၏ အနီးအနားရှိ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြရမည့် အဓိကပုဂ္ဂိုလ်များဖြစ်ကြပါသည်။ ဤသို့ အဓိကနေရာမှ ပါဝင်နေ၍ ယင်းတို့သည် မိမိတို့နှင့် သက်ဆိုင်နေသော သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များ အကောင်အထည်ဖော်မှုများတွင် ပါဝင်ခွင့် ရရှိပါမည်။

ယင်းအဖွဲ့ငယ်များကို သဘာဝပတ်ဝန်းကျင် အနေအထားကို လိုက်၍ ဦးစားပေးဖွဲ့စည်းနိုင် ပါသည်။ အဆိုပါ အဖွဲ့ငယ်များသည် ကျောင်းများနှင့်ပါ ဆက်စပ်၍ လုပ်ငန်းများအကောင်အထည် ဖော်နိုင်ပါသည်။ ဤအဖွဲ့ငယ်များမှ တစ်ဆင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဗဟုသုတများ ကိုလည်း ဖြန့်ဝေနိုင်ပါသည်။

### ၁၀. ၇. ၇ မီးကိုယခုထက်ပိုမိုထိရောက်စွာ အသုံးပြုနိုင်သော မီးဖိုများအသုံးပြုခြင်းနှင့် ထင်းအသုံးပြုမှုကို ထိန်းချုပ်ခြင်း

ညောင်ရွှေမြို့နှင့် ပင်းဒယမြို့များတွင်သာမက ပတ်ဝန်းကျင်ဒေသများတွင် ထမင်းဟင်း ချက်ပြုတ်ရန်အတွက် ထင်းကို အဓိကလောင်စာအဖြစ် အသုံးပြုကြသည်။ ဤသို့ ထင်းသုံးစွဲမှု တိုးမြင့်လာခြင်းသည် သစ်တောပြုန်းရခြင်း၏ အဓိကအကြောင်းတရား ဖြစ်ပါသည်။ တောပြုန်း၍ မြေဩဇာပြုန်းတီးခြင်း၊ မြေဆီလွှာဆုံးရှုံးခြင်းစသည်တို့ ဖြစ်ပေါ်လာရာမှ ကန်များ၊ချောင်းများအတွင်း နုန်းပို့ချမှုများလာရသည်။

ခရီးသွားလုပ်ငန်း ဆောင်ရွက်နေသော မြို့များတွင် ထင်းအစား ဂက်(စ်) လောင်စာ အသုံးပြုမှုကို ဦးစားပေးအဖြစ် ဆောင်ရွက်ရန်လိုပါသည်။

တောင်ပေါ်ဒေသများတွင် လောင်စာအတွက် ထင်းရရှိရေးမှာလည်း ကြီးမားသောပြဿနာ ဖြစ်ပါသည်။ လက်ရှိတွင်ထင်းချောင်းများကို ဖိုခနောက်မီးဖိုတွင် အသုံးပြုကာ ချက်ပြုတ်နေကြသည်ကိုတွေ့ရပါသည်။ ထို့ကြောင့် ယခုထက်ပိုမို၍ မီးကိုထိရောက်စွာ အသုံးပြုနိုင်မည့် မီးဖိုများဖြင့် အစားထိုးရန် လိုအပ်ပါသည်။

ထို့ကြောင့် ဒေသအတွင်း ထင်းလောင်စာ အသုံးပြုမှုကို အခြားလောင်စာစွမ်းအင်ဖြင့် အစားထိုးရန် လိုအပ်သော လေ့လာမှုများ ပြုလုပ်ရန်ဖြစ်ပါသည်။ ဒေသခံ ပင်စိမ်းပင်များကို ဒေသတွင်း၌ပင် စီးပွားရေး မဟုတ်သော်လည်း စိုက်ပျိုးစားကြသည်ကို တွေ့ရသည်။ ဤအပင်များမှ အကိုင်းများကိုခုတ်ကာ ထင်းအဖြစ် ရှေးမစွကပင် သုံးလာကြပါသည်။ ဤအပင်များကို အကိုင်းများ ချိုးပြီး ထင်းအဖြစ်သုံးကြရာ နောက်(၃)၊ (၄)နှစ်အတွင်း အကိုင်းအသစ်များ ထပ်မံထွက်ပေါ်လာတတ်၍ ထင်းအတွက် အသုံးပြုကြသောအပင် ဖြစ်ပါသည်။ ထို့ကြောင့် ဤပင်စိမ်းပင် သို့မဟုတ် အခြားသင့်တော်သော အပင်များကို စီးပွားဖြစ်စိုက်ခင်းများအဖြစ် ထူထောင်နိုင်ပါသည်။ ထို့နောက် အကိုင်းများအား ထင်းအဖြစ် အလှည့်ကျ ခုတ်ယူနိုင်သွားပါလိမ့်မည်။ ဤနည်းသည် ကျေးရွာများ၌ တိရိစ္ဆာန်များ မွေးမြူမှုများရှိခြင်း၊ ယင်းတို့ကို ခြံခတ်မထားနိုင်ခြင်းတို့ကြောင့် အပင်လိုက်လှဲခြင်းထက် ကောင်းလွန်သည်ဟု ဆိုနိုင်ပါသည်။

### ၁၀. ၇. ၈ အင်းလေးဒေသတွင် ပလပ်စတစ်အိတ်များကို အသုံးမပြုရန်။

ပလပ်စတစ်အိတ်များ အသုံးပြုမှုသည် ဤဒေသအတွက် ကြီးမားသော ပြဿနာတစ်ရပ် ဖြစ်ပါသည်။ ပလပ်စတစ်အိတ်များ နေရာတကာတွင် လွှင့်ပစ်ထားကြရန် မြင်ကွင်းမလှသည် သာမက တောရိုင်းတိရိစ္ဆာန်များအတွက်လည်း အန္တရာယ်ရှိပါသည်။ ထို့အပြင် ရေနံဓာတုပစ္စည်း တစ်မျိုးဖြစ်၍ ယင်းပစ္စည်းများတွင် ကာဗွန်ဓာတ်ပါဝင်နေပါသည်။ ထို့ကြောင့် ပလပ်စတစ် အသုံးပြုမှုကို ဟန့်တားရန်အတွက် လိုအပ်သော အခြားနည်းပညာများကို လေ့လာကြရန် လိုအပ်ပါသည်။ ဤသို့ အစားထိုးနိုင်ပါက အခြားထုပ်ပိုးပစ္စည်းများ၏ အခန်းကဏ္ဍသည် မြင့်တက်လာပါလိမ့်မည်။



Sustainably managed bamboo can provide a great solution for packaging needs whilst supporting local skills and employment

အမှတ်တရပစ္စည်း အရောင်းဆိုင်များ စသည်တို့တွင် ဝယ်ယူသော ပစ္စည်းများကို ပလပ်စတစ်အိတ်ဖြင့် ထည့်ပေးခြင်း မပြုပဲ ဝါးဖြင့် လုပ်သော ခြင်းငယ်များဖြင့် ထည့်ပေးနိုင်ပါသည်။ ဤခြင်းငယ်လေးများကို ဝါး သို့မဟုတ် ပိုးစာပင် အခေါက်များဖြင့် ပြုလုပ်နိုင်ပါသည်။ ဤသို့ သဘာဝပစ္စည်း များဖြင့် ထုတ်ပိုးခြင်းဖြင့် ဧည့်သည်များ အဖို့လည်း တန်ဖိုးရှိစွာသိမ်းထားနိုင်သည့်အပြင်ခြင်းယက်လုပ်သူများအားလည်း ယင်းတို့၏လုပ်ငန်းများ ဆက်လက် ရှင်သန်စေမည် သာမက အပိုဝင်ငွေ များပါ ရရှိလာစေပါလိမ့်မည်။

ပစ္စည်းများ ထုတ်ပိုးရာတွင်လည်း သမာရိုးကျ ထုတ်ပိုးပစ္စည်းများကို အသုံးပြုရန် တိုက်တွန်းမှုများပြုရပါမည်။ ဥပမာ-ဇုံဝင်ကြေးကောက်ခံရာ၌ လွယ်အိတ်တစ်လုံးကို လက်ဆောင်အဖြစ် ပေးနိုင်ပါသည်။ (၁၀. ၁. ၅) ဈေးများတွင်လည်း ပလပ်စတစ်အိတ်များအစား သဘာဝ ပစ္စည်းများဖြင့် ပြုလုပ်သောအိတ်များ အသုံးပြုရန် ဆော်ဩသင့်ပါသည်။ ဥပမာ - ထိုင်းနိုင်ငံတွင် ပြောင်းဆန်ကို အသုံးပြုကာ အိတ်များထုတ်လုပ်နေခြင်းရှိပါသည်။ တစ်ခါသုံး အိတ်များအစား ထပ်ခါထပ်ခါ အသုံးပြုနိုင်သော အိတ်များကို အသုံးပြုကြရန် စည်းရုံးရပါမည်။

ပုဂံမြို့တွင် ဆောင်ရွက်နေသကဲ့သို့ ပလပ်စတစ်ကင်းစင်နယ်မြေများလည်း ဖော်ဆောင်သင့်ပါသည်။ ဤလုပ်ငန်းကို ၁၀. ၈. ၁ တွင် ဖော်ပြချက်များနှင့် ယှဉ်တွဲဖတ်ရှုရန်ဖြစ်ပါသည်။

## ၁၀. ၇. ၉ ဒေသခံတို့၏ ဗဟုသုတနှင့် ရိုးရာယုံကြည်မှုများအား မှတ်တမ်းတင်လေ့လာခြင်း

အင်းလေးဒေသတွင် ပါတ်ဝန်းကျင်သန့်ရှင်းရေး၊ မိလ္လာအညစ်အကြေးစွန့်စနစ်စသည်များကို ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းမှုများ အများအပြား ရှိခဲ့ဘူးသော်လည်း မအောင်မြင်ခဲ့ကြပါ။ အဓိကမှာ ဒေသခံများအား လုပ်ငန်းစီမံချက်များ၏ ရည်မှန်းချက်များကို နားလည်အောင်ရှင်းပြရပါမည်။ အထူးသဖြင့် မိလ္လာ အညစ်အကြေးစွန့်ပြစ်သော အိမ်သာကိစ္စနှင့် သန့်ရှင်းရေးကိစ္စများကို ရှင်းလင်းပြောပြရပါမည်။ ဥပမာ - ကျေးရွာသူ၊ ကျေးရွာသားများအား မိလ္လာအညစ်အကြေးကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားရကြောင်းကို နားလည်အောင် ရှင်းလင်းပြရပါမည်။ အများစုက မိုးရေနှင့် ဝက်သားစားမှုကြောင့် ဝမ်းနှင့်ဆိုင်သော ရောဂါများဖြစ်ရသည်ဟု ယုံကြည်နေကြဆဲ ဖြစ်ပါသည်။

အင်းလေးကန်ထိန်းသိမ်းရေးကို ဆောင်ရွက်ရာတွင် ကဏ္ဍစုံရှိ လူပေါင်းစုံ၏ နေထိုင်သွားလာလှုပ်ရှားမှုများနှင့် တိုက်ရိုက်သက်ဆိုင်နေပါသည်။ အင်းသူ၊ အင်းသားများ၏ တစ်ကိုယ်ရည်သန့်ရှင်းမှုအလေ့အကျင့်များ၊ ကျွန်းမျောစိုက်ပျိုးခြင်းများ၊ တိရစ္ဆာန်မွေးမြူမှုပုံစံများ၊ အင်းလေးဝန်းကျင် တောင်တန်းများပေါ်တွင် မြေအသုံးချမှု ပုံစံများ၊ အစားအသောက် စိုက်ပျိုးထုတ်လုပ်မှု၊

ခရီးသွားလုပ်ငန်းအတွက် အစားအသောက်ချက်ပြုတ်မှု စသည်ဖြင့် ကဏ္ဍမျိုးစုံနှင့် သက်ဆိုင်နေပါသည်။

ဤသို့ဒေသခံများ၏ အလေ့အထများကို ပြုပြင်ပြောင်းလဲရန်မှာ ယင်းတို့ အရိုးစွဲနေသည့် အယူအဆများ၊ ထုံးစံဓလေ့များကို သေသေချာချာမလေ့လာဘဲ လုပ်ကိုင်ရန်မှာ အလွန်ခက်ခဲကြောင်း မြန်မာနိုင်ငံတွင် သာမက အရှေ့တောင်အာရှနိုင်ငံများတွင်လည်း တွေ့ကြုံရပါသည်။

ထို့ကြောင့် အင်းလေးကန်ရေဝေရေလဲဒေသနှင့် အင်းလေးကန်ဝန်းကျင် ဒေသများတွင် နေထိုင်လျက်ရှိသော ပြည်သူအစုအဖွဲ့များ၏ ရိုးရာယုံကြည်မှုနှင့် လူမှုဘဝတို့ကို အသေးစိတ်လေ့လာရန် သုတေသန လုပ်ငန်းတစ်ရပ် လိုပါသည်။ သို့မှသာ တိုင်းရင်းသားလူမျိုးစုအလိုက်သော်လည်းကောင်း၊ပထဝီဒေသအလိုက်သော်လည်း တစ်ခုချင်းစီအလိုက် လိုက်လျောညီထွေမှုရှိမည့် သဘာဝပါတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပညာပေး အစီအစဉ်များကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

## ၁၀. ၈ ခရီးစဉ်ဝန်ဆောင်မှု အဆင့်မြင့်တင်ခြင်း၊ ဧည့်သည်များအား ခံစားထိတွေ့မှုများကို ပိုမိုရရှိစေခြင်း။

ခရီးသွားဧည့်သည်များအား ဒေသ၏ အလှအပများ၊ဒေသခံများနှင့် ထိတွေ့ဆက်ဆံမှုများတွင် ပိုမိုခံစားရစေရန်အတွက်လည်းကောင်း၊ အခြားခရီးစဉ်ဒေသများနှင့် ယှဉ်ပြိုင်ရာ၌လည်းကောင်း၊ ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ရေး အတွက်လည်းကောင်း လက်ရှိခရီးစဉ်ဝန်ဆောင်မှုများကိုအမြဲပင်အဆင့်မြှင့်ခြင်း၊ ခရီးစဉ်အသစ်များ ဖော်ထုတ်ခြင်းပြုရပါမည်။ အင်းလေးဒေသသည် အထက်ပါအတိုင်း ဆောင်ရွက်နိုင်သော အခြေအနေများရှိနေပါသည်။

## ရည်မှန်းချက်

အင်းလေးဒေသသို့ လာရောက်လည်ပတ်ကြသော ဧည့်သည်များအား ကမ္ဘာ့အဆင့်မီ ခရီးစဉ်ဒေသ၏ ခံစားတွေ့ထိရမှု အတွေ့အကြုံများ ရရှိခံစားစေရန်၊ ဒေသ၏ အလှအပများနှင့် ယဉ်ကျေးမှုများကို တာဝန်သိသိဖြင့် တွေ့ထိခံစားကြရုံသာမဟုတ် အင်းလေးကန်ခရီးစဉ်ဒေသ၏ ရေရှည်တည်တံ့မှုကိုပါ ဖြစ်ပေါ်စေရန်ဖြစ်ပါသည်။

### ၁၀. ၈. ၁ ညောင်ရွှေမြို့တွင် ခရီးသွားလုပ်ငန်းနှင့် သမိုင်းအမွေအနှစ်များဆိုင်ရာ ပြန်ကြားရေးဌာနတစ်ခုဖွင့်လှစ်ခြင်း

ညောင်ရွှေမြို့သည် အင်းလေးကန်ဒေသ၏ ဝင်ပေါက်ဖြစ်ပါသည်။ ဤဒေသသို့လာရောက်ကြသော ဧည့်သည်အားလုံးသည် တနည်းနည်းတဖုံဖုံ ညောင်ရွှေမြို့နှင့် တွေ့ထိမှုများ ရှိလာကြပါလိမ့်မည်။ စားသောက်ဆိုင်သို့ ဝင်ရောက်၍ စားသောက်ခြင်း၊ ပစ္စည်းဝယ်ရန်သို့မဟုတ် ဖြတ်သန်းသွားခြင်းများ ပြုလုပ်ရပါလိမ့်မည်။ သို့ရာတွင် ညောင်ရွှေမြို့တွင် အင်းလေးကန်ဒေသ အကြောင်းလိုအပ်သော သတင်းအချက်များပေးနိုင်သည့် ပြန်ကြားရေးဌာနတစ်ခုမရှိဖြစ်နေပါသည်။ ဒေသ၏

ကြွယ်ဝသော ယဉ်ကျေးမှုနှင့် သဘာဝအလှအပ အမွေအနှစ်များကို ခံစားနိုင်ရန် အချက်အလက် ဖြန့်ဝေနိုင်သည့် နေရာမရှိပါ။ ထို့ကြောင့်ပင် ဤကဲ့သို့ မြန်မာနိုင်ငံ၏ ရှေ့ဆောင်ခရီးစဉ်ဒေသတွင် လိုအပ်နေသော ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ပြန်ကြားရေးဌာနတစ်ခု ဖွင့်လှစ်ရန်အကောင်းဆုံး အချိန်ပင်ဖြစ်ပါသည်။

ဤပြန်ကြားရေးဌာနကို ဖွင့်လှစ်ရန်အတွက် အချက်အခြာကျသော နေရာတစ်ခုကို ရွေးချယ်ရန်ကလည်း အရေးကြီးပါသည်။ အသင့်တော်ဆုံးနေရာမှာ ညောင်ရွှေလှေဆိပ်ဖြစ်ပါသည်။ ဤနေရာကို ရွေးချယ်ခြင်းဖြင့် အချိန်ကိုလု၍ လည်ပတ်ကြည့်ရှုလိုသော ဧည့်သည်များအတွက်လည်း အဆင်ပြေပါမည်။ ဤပြန်ကြားရေးဌာနကို လှေဆိပ်အနီးအနားရှိ သမိုင်းဝင်ရှေးဟောင်းအမွေအနှစ် ရှိသော အဆောက်အဦးတစ်ခုတွင် ဖွင့်လှစ်သင့်ပါသည်။

## ဤပြန်ကြားရေးဌာန၏ရည်မှန်းချက်တာဝန်များမှာ

ပထမအချက်အနေဖြင့် ကမ္ဘာပေါ်ရှိ အခြားခရီးစဉ်ဒေသပြန်ကြားရေးဌာနများနည်းတူ အင်းလေးဒေသသို့ လာရောက်လည်ပတ်ကြသော ဧည့်သည်များသိရှိလိုသည့် အချက်များကို ဖြန့်ဝေရန်ဖြစ်သည်။

ဒုတိယအချက်မှာ ဧည့်သည်များအား ဒေသ၏ယဉ်ကျေးမှုနှင့်သဘာဝ အမွေအနှစ်များကို အမြန်ဆုံး သိရှိနိုင်အောင် ဆောင်ရွက်ပေးရန်ဖြစ်သည်။ ဤသို့ဆောင်ရွက်ရာတွင် အင်းလေးရေပြင်ပေါ်ရှိ အင်းသူ၊အင်းသားများ၏ဘဝ၊ တောင်ပေါ်သားများ၏ဘဝ၊ သဘာဝပတ်ဝန်းကျင်အကြောင်းနှင့် ဒေသ၏ရိုးရာဓလေ့ယဉ်ကျေးမှုအမွေအနှစ်များကြွယ်ဝပုံတို့ကို ဂုဏ်ယူလေးစားလာရန်ဖြစ် သည်။ ဤဌာနကို ဒေသအတွင်းရှိ ကျောင်းများနှင့်ပါ အဆက်အသွယ် ဖြစ်စေကာ ဒေသတွင်းရှိ ယဉ်ကျေးမှုရိုးရာ ဓလေ့ထုံးစံများ စသည်တို့အား ဓာတ်ပုံပြပွဲများ စသည်တို့ ကျင်းပပေးကာ အမြဲရှင်သန်နေစေရန် လိုအပ်ပါသည်။ ပညာပေးရေးဌာနများ အဖြစ်လည်း ဆောင်ရွက်ရပါမည်။

ဤဌာနအား ဒေသန္တရ ခရီးစဉ်စီမံခန့်ခွဲရေး အဖွဲ့၏ရုံးအဖြစ်လည်းအသုံးပြုနိုင်ပါသည်။

ဤဌာနကို တစ်ဖက်မှလည်း စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ပါသည်။ဌာနအဆောက်အအုံ ပတ်လည်တွင်ကြော်ငြာများ လက်ခံပြသခွင့်၊ စီးပွားရေးအဖွဲ့အစည်းများထံမှ ပံ့ပိုးမှုများ၊ အင်းလေးဇုံဝင်ကြေးမှ ဘတ်ဂျက်ခွဲဝေ ချထားမှုနှင့် ဒေသန္တရခရီးသွားလုပ်ငန်းအဖွဲ့၏ အခြားဝင်ငွေ ရရှိအောင် ဆောင်ရွက်သော လုပ်ငန်းများ၏ ထောက်ပံ့ငွေ စသည်တို့ဖြင့် ရေရှည်တည်တံ့ အောင် ဆောင်ရွက်ကြရပါမည်။ ဤသို့ရေရှည် တည်တံ့နိုင်ရန်အတွက်မူ မည်သို့ဆောင်ရွက် သင့်သည်ကို အသေအချာ စည်းကမ်းတကျ ဘဏ္ဍာရေးနှင့် စီးပွားရေးလုပ်ဆောင်မှု စီမံကိန်းများ ချမှတ်ရန် ဖြစ်ပါသည်။ ဖြစ်နိုင်ခြေရှိ မရှိကိုလည်း လေ့လာသုတေသန ပြုရန်လိုပါသည်။

## ၁၀. ၈. ၂ ဒေသ၏ အကြောင်းခြင်းရာများကို ဧည့်သည်များအား တင်ပြခြင်း

မည်သည့်ဒေသတွင်မဆို ဧည့်သည်များအား ယင်းဒေသ၏ နောက်ခံသမိုင်း အစရှိသော အကြောင်းခြင်းရာများကို ပီပြင်စွာတင်ပြခြင်းဖြင့် ဧည့်သည်များ၏ ထိတွေ့ခံစားမှုပီတိကို ဖြစ်စေပါသည်။ ဤသို့တင်ပြခြင်းမှာလည်း ဧည့်သည်နှင့် ဒေသအကြား ဆက်စပ်မှုကို တည်ဆောက်ပေးကာ မိမိရောက်ရှိရာဒေသအကြောင်း၊ နေရာအကြောင်း၊ ဒေသခံများအကြောင်း [၁၃] စသည်တို့ကို ပိုမို ရှင်းလင်းစွာ နားလည်အောင် ဆောင်ရွက်မှုပင် ဖြစ်ပါတယ်။ ထို့ကြောင့်ဤသို့ တင်ပြမှုများသည် ခရီးစဉ်ဒေသတစ်ခု၏ ရေရှည်တည်တံ့မှုအတွက် အဓိကကျပါသည်။ ဤသို့စနစ်တကျ တင်ပြမှု မပြုနိုင်ပါက ခရီးစဉ်ဒေသ၏ စိတ်ဝင်စားဖွယ်ရာများမှာ တစ်ခါတစ်ရံ တွင် နားလည်မှုလွဲမှားခြင်း ဖြစ်ရသလိုလစ်လျူရှုခြင်းပင် ခံရတတ်ပါသည်။

ဒေသအကြောင်း သိကောင်းစရာများကို တင်ပြမှုကောင်းပါက ယင်းဒေသသို့ လာရောက် လည်ပတ်ရခြင်းကို ပိုမိုအဓိပ္ပါယ်ရှိစေပါသည်။ ဧည့်သည်များ၏ ခံစားမှုကို ဖြစ်စေပါသည်။ ဤသို့ခံစားမှုများ ဖြစ်ပေါ်လာ၍လည်း ဧည့်သည်များအနေဖြင့် ဒေသအပေါ်တန်ဖိုးထားစိတ်များ ဖြစ်ပေါ်စေပါသည်။ တစ်ဖက်တွင်လည်း ဒေသခံများ၏ စိတ်အတွင်း မိမိတို့ဒေသ၏ သမိုင်း အမွေအနှစ်များကို သိရှိလာပြီး ဂုဏ်ယူစိတ်များ ဖြစ်ပေါ်လာစေပါသည်။ ထို့အပြင် မိမိတို့ ဒေသ၏ ဖွံ့ဖြိုးရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်လိုစိတ်များကိုပါ ဖြစ်ပေါ်လာစေပါသည်။

ဤတင်ပြမှု၊ စီစဉ်မှု အစီအစဉ်များကို ဒေသခံများအပြင် စိတ်ဝင်စားသော ဧည့်သည်များကို တင်ပြရန်ဖြစ်ပြီး တင်ပြမှုအစီအစဉ်တွင် အင်းလေးဒေသ၏ အဓိကဆွဲဆောင်မှုများကို ဖောင်းပေး တင်ပြသွားနိုင်ပါသည်။ ဤတင်ပြမှုတွင်

- မြေပုံများ
- ပုံပြကားချပ်များ
- စာစောင်များ၊ လက်ကမ်းစာစောင်များ
- ခရီးစဉ်ပြမြေပုံများ
- ခေတ်မီမိုဘိုင်း(လ်)ဖုန်းများ၊တတ်ပလက်များတွင် အသုံးပြုနိုင်သော apps များ

ထို့ကြောင့် ဒေသအကြောင်း သိကောင်းစရာများကို ရှင်းလင်းတင်ပြနိုင်ရန်၊ စီမံချက်တစ်ခုချမှတ်ရန် အကြံပြုအပ်ပါသည်။ဤစီမံချက်ကို အတွေ့အကြုံရှိ သမိုင်းအမွေအနှစ် ထိန်းသိမ်းရေး ပညာရှင်များ ကဦးဆောင်ရန်ဖြစ်ပါသည်။ ထို့အပြင်ဤစီမံချက်ကို အင်းလေးဒေသဈေးကွက်/အရောင်းမြှင့်တင်ရေး လုပ်ငန်းစဉ်များနှင့် ဆက်စပ်ဆောင်ရွက်ရပါမည်။ ဒေသန္တရခရီးစဉ်ဒေသစီမံခန့်ခွဲမှု ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရန် ဖြစ်ပါသည်။

ပထမဆုံးဦးစားပေးအဖြစ် ဆောင်ရွက်ရန်မှာ အဓိကဆွဲဆောင်မှု နေရာများတွင်ဧည့်သည် များသိသင့်သိထိုက်သော အချက်များကိုရေးသား စိုက်ထူထားရန်ဖြစ်ပါသည်။ ဥပမာ ဧည့်သည်များ

---

[၁၃] Heritage Interpretation တွင် အဓိပ္ပါယ် ဖွင့်ဆိုချက်ဖြစ်ပါသည်။

အတွက်ဆောင်ရန်၊ ရှောင်ရန်များ၊ ဤနေရာ၏အရေးပါမှု စသည်တို့ပါဝင်ရပါမည်။ ယခုအခါတွင် မိုးဒဏ်လေဒဏ်ကို ခံနိုင်သော ပြင်ပတွင်ထား၍ရသော ဆိုင်းဘုတ်များရှိနေပါပြီ။ ဤကဲ့သို့ ဆိုင်းဘုတ်များကို အောက်ပါနေရာများတွင် ဦးစားပေးစိုက်ထူရန် ဖြစ်ပါသည်။

- ညောင်ရွှေလှေဆိပ်
- ကလောမြို့လယ်
- ပင်းဒယမြို့လယ်
- ကက္ကူဘုရားစု
- အင်းတိမ်ဘုရားစု
- အခြားဧည့်သည် အသွားအလာများသော ဘာသာရေးအဆောက်အအုံနှင့်နေရာများ

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးနည်း ပညာသည် အမြန်တိုးတက်နေသည်။ ထို့ကြောင့် ခေတ်မှီ အီလက်ထရောနစ် နည်းပညာသုံး၍ ဒေသတစ်ခု၏ ပုံရိပ်ကိုဖော်ဆောင်မှုကို နိုင်ငံခြားဧည့်သည် နှင့် ပြည်တွင်းဧည့်သည်များအနေနှင့်ပါ ပိုမိုသုံးစွဲလာနိုင်ပါသည်။အင်တာနက်စနစ်က ဆက်သွယ်မှုကို ပိုမိုမြန်ဆန်လာစေပါသည်။တချိန်တည်းမှာပင် ဧည့်သည်များ၏တုံ့ပြန်သံကို ပြန်လည်ကြားရပြီး မိမိ၏ Website အစရှိသည်တို့ကိုမည်မျှထိရောက်မှုရှိသည်၊ မည်သို့အသုံးချသည်ကိုလည်း သိရှိလာ နိုင်သည်။ သို့ရာတွင် ယင်း Website များတွင်ပါဝင်သော အချက်အလက်များမှာ အရေးကြီးပါသည်။ နားလည်တတ်ကျွမ်းသော Website ရေးသားသူများနှင့် ဆွေးနွေးပြီးခေတ်မီ အီလက်ထရောနစ် နည်းပညာများကို အသုံးချရန် ဖြစ်ပါသည်။

### ၁၀. ၈. ၃ လက်မှုပစ္စည်းများ ထုတ်လုပ်ရာတွင် မျှတမှုရှိရေးနှင့် လက်မှုပညာသင်များ၏ဘဝ ရေရှည်တည်တံ့ရေး

ဒေသထွက်လက်မှုပစ္စည်းများက အင်းလေးဒေသရောက် ဧည့်သည်များ၏တုံ့ပြန်မှု တွေ့ထိ ခံစားမှုကို နက်ရှိုင်းစေပါသည်။ထို့အပြင် ခရီးသွားလုပ်ငန်း၏ အသီးအပွင့်များကို အောက်ခြေအထိ စီးဆင်း စေပါသည်။ပျောက်ကွယ်လုနီးပါးဖြစ်နေသော လက်မှုပညာများကို ပြန်လည်ဖွံ့ဖြိုး လာစေပါ မည်။ ဤကိစ္စသည် ယခုအခါ ပိုမိုအရေးကြီး လာပါသည်။လူငယ်ပိုင်းအနေဖြင့် မိရိုးဖလာ လက်မှုလုပ်ငန်း များမှအကြောင်းအမျိုးမျိုးကြောင့် ထွက်ခွာနေကြသည်။ အထူးသဖြင့် ဝင်ငွေနည်း သဖြင့် ဤလက်မှု ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းတွင်ဝင်ရောက် မလုပ်ကိုင်လိုကြပါ။

အင်းလေးကန်ဒေသ လက်မှုပစ္စည်းထုတ်လုပ်ရေးတွင် တရားမျှတမှုရှိသော အမှတ်တံဆိပ် ဖြစ်ပေါ်လာရေးနှင့် ဆောင်ရွက်ရန် နည်းလမ်းများကို ဖော်ဆောင်ရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရပါမည်။

- ဒေသတစ်ခုလုံး ပါဝင်သော လက်မှုပညာပစ္စည်းများ ထုတ်လုပ်မှုနှင့်ဆိုင်သော သတ်မှတ်ချက်များပြုစုရေး
- လက်မှုပညာသည်များ အတွက်အနိမ့်ဆုံးလုပ်ခများ သတ်မှတ်ပေးရေး
- ဤလုပ်ငန်းစဉ်တွင် ပါဝင်ရမည့် လက်မှုလုပ်ငန်းများ၊ ပညာရပ်များကို ထုတ်နှုတ်သတ်မှတ်ရေး
- လက်မှုပညာသည်များ၏ အရည်အသွေးများ မြှင့်တင်ရေးအတွက် သင်တန်းစသည်များ ဖွင့်လှစ်ရေး
- အင်းလေးဒေသ တရားမျှတသော လုပ်ငန်းပုံရိပ်ကိုဖော်ထုတ်ရန်
- ယင်းသို့တရားမျှတစွာ လုပ်ငန်းလုပ်ကိုင်သော လုပ်ငန်းများအား အသိအမှတ် ပြုခြင်းဆိုင်ရာ အစီအစဉ်တစ်ရပ် ဖော်ထုတ်ရေး
- လက်မှုပစ္စည်းများ ရောင်းချသောဆိုင်များ၊ ဈေးများတွင်လည်း လက်မှုပညာရှင်များအပေါ် တရားမျှတစွာ ဆက်ဆံရေးပုံစံများ ဖြစ်ပေါ်အောင် ဆောင်ရွက်ရေး

**၁၀. ၈. ၄ ဒေသတွင်း ကုန်ပစ္စည်းထုတ်လုပ်မှုများ တန်ဖိုးမြှင့်ရေး နှင့်ထပ်ဆင့်တန်ဖိုးမြင့် ပစ္စည်းများ ထုတ်လုပ်ရေး**

အင်းလေးကန်ဒေသတွင် စိုက်ပျိုးရေးထုတ်ကုန်များ လက်မှုပစ္စည်းထုတ်ကုန်များ စသည်ဖြင့် စုံလင်စွာ ရှိပါသည်။ ဒေသခံစီပွားရေးလုပ်ငန်းများက အတတ်နိုင်ဆုံး ယင်းထုတ်ကုန်များအား မိမိတို့၏ ကုန်ပစ္စည်းထုတ်လုပ်မှု တန်ဖိုးမြှင့်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်လာအောင် ဆောင်ရွက်ရပါမည်။

- စားသောက်ကုန်များကို ဒေသတွင်း၌သာ ဝယ်ယူပါ။ လယ်ယာထွက်ကုန်များကို ဒေသခံတောင်သူများမှလည်းကောင်း၊ ဖျော်ရည်စသည်များကို ဒေသခံဆိုင်များ၊ လက်ကားပွဲရုံများမှဝယ်ယူပါ။
- ဒေသခံ(ပြင်ပမှလာရောက် ကြသူများမဟုတ်) များအားဝန်ဆောင်မှုစသော လုပ်ငန်းများကန်ထရိုက်စနစ်ဖြင့်လုပ်ရသော လုပ်ငန်းများတွင် ဦးစားပေးခန့်ထားပါ။
- ဧည့်သည်များ (အထူးသဖြင့် အဖွဲ့ကြီးများစသည်တို့) အား ဒေသခံများဖွင့်လှစ်သည့် ကုန်ပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ဆိုင်များ၊ လက်မှုပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများသို့ ခေါ်ဆောင်ပေးပါ။

လက်ရှိကာလတွင် အင်းလေးဒေသ၌ ထုတ်လုပ်သော ကုန်ပစ္စည်းများမှာ ဒေသတွင်း စားသုံးရန်သာဖြစ်နေသေးသည်။ ယင်းတို့ကို အဆင့်မြှင့်ပြီး ဧည့်သည်များအား ရောင်းချနိုင်အောင် ကြိုးစားရပါမည်။ အချို့ပစ္စည်းများကို ဖော်ပြရပါလျှင်

- လက်ဖက်ရည်အချိုခြောက်၊အဖန်ခြောက်
- လက်ဖက်စို
- ခေါင်ရည်
- ဝါးဖြင့်ယက်လုပ်သောတောင်းစသည့်များ
- ယက်ကန်းထည်များ

**ဤသို့ထုတ်ကုန်ပစ္စည်း/ကုန်ပစ္စည်း အဆင့်မြင့်ရေး လေ့လာမှုကို** ဒေသအတွင်းစတင် ဆောင်ရွက်သင့်ပါသည်။ ယင်းထွက်ကုန်များအား ခရီးသွားဧည့်သည်များ ဝယ်ချင်စိတ်ဖြစ်ပေါ်လာစေရန် ဆွဲဆောင်မှုရှိသော ထုတ်ပိုးပုံများ၊ ဈေးကွက်လေ့လာရေး၊ စီးပွားရေးဆောင်ရွက်မှု အစီအစဉ်နှင့် အမြတ်အစွန်းရနိုင်မှု စသော အသေးစိတ်လေ့လာမှုပြုရန် လိုအပ်ပါသည်။

### ၁၀. ၈. ၅ တောင်ပေါ်ဒေသ ခရီးကြမ်း စက်ဘီးခရီးစဉ်များ

တောင်ပေါ်ဒေသ များတွင်ခရီးကြမ်းစက်ဘီး ခရီးစဉ်များမှာ တစ်စနှင့်တစ်စ ပိုမိုလူကြိုက်များလာနေပါသည်။ လူကြီးလူငယ်မရွေး စိတ်ဝင်စားသော အစီအစဉ်ဖြစ်ပါသည်။ ဤစက်ဘီးခရီးစဉ်များသည် သဘာဝပတ်ဝန်းကျင်အပေါ် ထိရှမှုနည်းပါးသည့်အပြင် ဧည့်သည်များအဖို့ လမ်းလျှောက်ခြင်းထက် ပိုမိုခရီးတွင်ပါသည်။ အင်းလေးဒေသပတ်လည် တောင်ကုန်း၊ တောင်တန်းများ ပေါ်တွင် ခက်ခဲသော ခရီးများရှိသလို သက်သာသော ခရီးစဉ်များပါရှိနိုင်သဖြင့် ယခုကဲ့သို့ စက်ဘီးခရီးစဉ်များဖော်ဆောင်ရန် အထူးသင့်တော်သော နေရာတစ်ခုဖြစ်ပါသည်။

ဤတောင်ပေါ် ခရီးကြမ်းစက်ဘီး ခရီးစဉ်များ စီစဉ်ရာတွင်လည်း ဒေသတွင်းရှိ အဓိကသမိုင်းအမွေအနှစ်ဖြစ်သည့် နေရာများကို လည်ပတ်နိုင်ရန် ခရီးစဉ်ဆွဲရန် ဖြစ်ပါသည်။ဤခရီးစဉ်မျိုးဆွဲနိုင်ရန်အတွက် လမ်းအခြေအနေစသည်တို့ကို ကြိုတင်လေ့လာမှုများ ပြုလုပ်ထားရန် လိုအပ်ပါသည်။

ဤတောင်ပေါ်ခရီးကြမ်း စက်ဘီးခရီးစဉ်များ ရေးဆွဲရာတွင် အဓိကဆွဲဆောင်မှုများကိုသာထည့်သွင်းရေးဆွဲခြင်းမပြုဘဲ ကျေးရွာများတွင်ပါနားနေရန် စသည်ဖြင့် အချိန်ထည့်သွင်း ပေးထားပါက ယင်းကျေးရွာများမှာ ဧည့်သည်များက အစားအသောက်၊ သောက်ရေစသည်တို့ ဝယ်ယူနိုင်သဖြင့် အကျိုးရရှိနိုင်ပါသည်။ စက်ဘီးသမားများအတွက် မိမိတို့လမ်းကြောင်းပေါ်ရှိ နေရာဒေသများ တွေ့မြင်လေ့လာနိုင်မည့်နေရာများ အကြောင်းကို လက်ကမ်းစာစောင်များ ဖြန့်ဝေနိုင်ပါသည်။ ခရီးကြမ်းစက်ဘီးစီး ဝါသနာပါသော ဧည့်လမ်းညွှန်များလည်း မွေးထုတ်နိုင် ပါသည်။

အင်းလေးဒေသ ခရီးရှည် တောင်ပေါ်ခရီးကြမ်းစက်ဘီး ခရီးစဉ်များကို ဒတ်(ချ်)နိုင်ငံထုတ်ခရီးသွားလမ်းညွှန် စာအုပ်များတွင် ပါရှိနေပြီ ဖြစ်ပါသည်။ ထို့ကြောင့်အင်းလေးကန်ပတ် စက်ဘီးဖြင့်လှည့်လည်နိုင်သည့် ခရီးစဉ်များဖော်ထုတ်နိုင်ခြင်းဖြင့် ဒေသခံများအဖို့ပိုမို အကျိုးရှိနိုင်ပါသည်။

ပုဂ္ဂလိက လုပ်ငန်းရှင်များ အနေဖြင့်လည်းအဆင့်မြင့် တောင်ပေါ်စီး စက်ဘီးများငှားရမ်းနိုင်ကြပါ သည်။ယခုပင်လျှင် ညောင်ရွှေမြို့ပေါ်၌ ယင်းသို့ စက်ဘီးငှားလုပ်ငန်းများ ပေါ်ထွက်လာနေပါပြီး သို့ရာတွင် ပိုမိုအဆင့်မြင့်ရန်တော့ လိုပါသေးသည်။

အင်းလေးကန်ပတ် စက်ဘီးခရီးစဉ်ဖြစ်ပေါ်လာရေးအတွက် လေ့လာမှုများပြုလုပ်ရန်လိုပါမည်။ လေ့လာမှုစာတမ်းတွင်

- စက်ဘီးခရီးစဉ်နှင့်လမ်းရှိ အခြေခံအဆောက်အအုံများ
- ညအိပ်နိုင်မည့်နေရာများ၊ ကြည့်ရှုရန်နေရာများ၊ ပုဂ္ဂလိကများမှ ပါဝင်နိုင်မည့်နေရာများ
- အရေးပေါ်ထိခိုက် အနာတရဖြစ်မှု စသည်တို့ဖြစ်ပေါ်နိုင်ချေ၊ လူနာအားကယ်ဆယ်နိုင်ရေးအခြေအနေ
- ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံနိုင်မှု
- ဒေသခံ စက်ဘီးခရီးစဉ် ဝန်ဆောင်မှုပေးသူများအား အဆင့်မြင့် စက်ဘီးများဖြင့် ပံ့ပိုးနိုင်ခြေ
- စက်ဘီးများအား ပြုပြင်ထိန်းသိမ်းမှုသင်တန်းများ ဤတောင်ပေါ်ခရီးကြမ်း စက်ဘီးခရီးစဉ်များသည် အလွန်လူကြိုက်များ လာနိုင်သည့် အစီအစဉ်ဖြစ်ပါသည်။ နိုင်ငံတကာ ဝါသနာရှင်များပါဝင် ယှဉ်ပြိုင်နိုင်သည့် ပြိုင်ပွဲစသည်များ ပြုလုပ်နိုင်ရန် အခြေအနေများကို ပါလေ့လာသင့်ပါသည်။

## ၁၀. ၈. ၆ ညောင်ရွှေမြို့ရှိပြတိုက်အဆင့်မြင့်ရေး

အထက်တွင်ဖော်ပြခဲ့သော ပြန်ကြားရေးနှင့် သမိုင်းအမွေအနှစ်ဌာနနှင့် တွဲလျက် ညောင်ရွှေမြို့ရှိ ပြတိုက် ကိုလည်းအဆင့်မြင့်တင်ရန် လိုအပ်ပါသည်။ ယခင်က ညောင်ရွှေစော်ဘွား၏ ဟော်အဖြစ် အသုံးပြုခဲ့ဖူးသော ယခုအဆောက်အဦးမှာ အတော်ပင်ပျက်စီး၍နေပါသည်။ သို့ရာတွင် ပြုပြင်ထိန်းသိမ်းမှုအချို့ပြုလုပ်နေသည် ကိုလည်းတွေ့ရပါသည်။ ဤဟော်သည်ဒေသ၏ သမိုင်းကြောင်း နှင့် ဆက်စပ်နေသဖြင့်လည်း အဆင့်မြင့်ပြတိုက်တစ်ခုအဖြစ် ဆောင်ရွက်သင့်ပါသည်။

ဤညောင်ရွှေပြတိုက်ကို အဆင့်မြင့်ရာတွင်လည်း သမိုင်းအမွေအနှစ် ထိန်းသိမ်းရေး ပညာရှင်များ၏ အကူအညီဖြင့် ခရီးသွားလုပ်ငန်းတွင် ပါဝင်ပတ်သက်နေသူဒေသခံများက ဦးစီးဆောင်ရွက်ရန် လိုပါသည်။

ဤညောင်ရွှေပြတိုက်ကို ဒေသန္တရခရီးစဉ် စီမံကိန်းခန့်ခွဲမှုဌာနနှင့် ဆက်နွယ်ဆောင်ရွက်နိုင်သော်လည်း ခရီးစဉ်စီမံခန့်ခွဲမှုအဖွဲ့ရုံးအဖြစ် အသုံးချရန်မှာမူ နေရာ အနေအထားကြောင့် မသင့်တော်ပါ။

### ၁၀. ၈. ၇ သမိုင်းဝင်မီးရထားလမ်းနှင့်မီးရထားပြတိုက်

ကမ္ဘာပေါ်တွင် သမိုင်းဝင်မီးရထားလမ်းနှင့် မီးရထားနှင့်ဆိုင်သော အဆောက်အအုံများကို စိတ်ဝင်စားကြသည့် ခရီးသွားဧည့်သည် အရေအတွက်မှာမနည်းပါ။ သာစည်-ရွှေညောင် ရထားလမ်းပိုင်းသည် (၂၀)ရာစုဦးပိုင်းကာလများက ဖောက်လုပ်ခဲ့သော ရထားလမ်းဖြစ်ခြင်း နှင့်အခြား ရထားလမ်းဆိုင်ရာ အခြေခံအဆောက်အအုံနှင့် ကိရိယာများမှာလည်း ရှေးဟောင်းပစ္စည်းများ ဖြစ်နေ၍ဧည့်သည်များ စိတ်ဝင်စားမည့် အစီအစဉ်ဖြစ်ပါသည်။ယခုအခါ တစ်နေ့လျှင် သာစည်-ရွှေညောင် ရထား ၃ စီး ရှိကြောင်း သိရှိရသည်။

ဤသာစည်-ရွှေညောင် ရထားလမ်းပိုင်းအား ခရီးသွားလုပ်ငန်းအတွက် အသုံးချရန်ကို လေ့လာဖို့လိုပါမည်။ အထူးသဖြင့် ကလောမှ ရွှေညောင်အထိ လမ်းပိုင်းကို ရှေးဟောင်းအမွေအနှစ်လမ်းပိုင်းအဖြစ် ဆောင်ရွက်နိုင်ခြင်း ဖြစ်နိုင်၊ မဖြစ်နိုင် လေ့လာဖို့လိုပါမည်။ သို့ရာတွင် ရထားလမ်းကို အဆင့်မြှင့်ရန်လိုပါမည်။ ထို့အပြင် ကလောမြို့တွင် မီးရထားပြတိုက်တခု တည်ထောင်ရေးမူ၊ ရထားလမ်း တည်ဆောက်ခဲ့ရသည့် ကာလအကြောင်း၊ ကလောမြို့နှင့် ရထားလမ်းတို့ ဆက်စပ်မှု စသည်တို့ကို ပြသထား နိုင်ပါသည်။

ဤသို့ သာစည်-ရွှေညောင် မီးရထားလမ်းကို အဆင့်မြှင့်လျှင် ယခုလက်ရှိအသုံးပြုနေသော ကိရိယာများ စသည်တို့ကို ပြတိုက်တွင်ပြသထားနိုင်ရန်အတွက် ထိန်းသိမ်းထားရပါမည်။




Original infrastructure from Burma Railways



Rail has a significant tourist appeal

### ၁၀. ၉ မဟာဗျူဟာ ၉၊ တောတွင်းခရီးကြမ်းလမ်းလျှောက်ခရီးစဉ်များ အဆင့်မြှင့်တင်ရေး

အင်းလေးကန်ဒေသသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းတွင် တောတွင်းခရီးကြမ်း လမ်းလျှောက် အစီအစဉ်များ အများဆုံး ဆောင်ရွက်နေသော ဒေသပင် ဖြစ်ပါသည်။ ဤဒေသတွင် တောတွင်းခရီးကြမ်း လမ်းလျှောက်ခရီးစဉ်များ ဆောင်ရွက်နေကြသည်မှာ နှစ်ပေါင်း(၁၅)နှစ်ခန့်ပင် ရှိပါပြီ။ လမ်းလျှောက်ခရီးစဉ်များတွင် တောင်တန်းအဆင့်ဆင့်ကိုကျော်ဖြတ်ကာ လှပသောသဘာဝ အမွေအနှစ်များ၊ စိုက်ခင်းပျိုးခင်းများကို တွေ့ရပါမည်။ ဤလမ်းလျှောက်ခရီးစဉ်များ၏ အဓိက ဆွဲဆောင်ချက်များမှာ မူလရိုးရာမပျက်ယွင်းသေးသည့် ဒေသခံတို့၏ အသွင်အပြင်များ ပအိုဝ့်၊

ပလောင်နှင့်ခနုကျေးရွာများတွင်လည်းကောင်း၊ ကျေးရွာဘုန်းတော်ကြီးကျောင်းများတွင်လည်းကောင်း ညအိပ်ရသည်များဖြစ်ပါသည်။ ဤခရီးကြမ်း လမ်းလျှောက်အစီအစဉ်များ၏ ဗဟိုမှာ ကလောမြို့ ဖြစ်ပါသည်။ ပင်းဒယမြို့တွင်လည်း လမ်းလျှောက်ခရီးစဉ်များ ရှိကြသော်လည်း ကလောလောက် မကျယ်ပြန့်ပါ။ ပင်းဒယဒေသတွင် ကုမ္ပဏီများက ဦးဆောင်သွားသော လမ်းလျှောက် ခရီးစဉ်များ ရှိပါသည်။

သို့ရာတွင် ဤတောတွင်း ခရီးကြမ်းလမ်းလျှောက်ခရီးစဉ်များမှ သေသေချာချာဖွဲ့စည်းဆောင် ရွက်နေခြင်းမဟုတ်ပါ။ လမ်းပြများမှလည်း တရားဝင် အစိုးရ အသိအမှတ်ပြု လိုင်စင်ရထားသူများ မဟုတ်ကြပါ။ အန္တရာယ်ဖြစ်နိုင်ခြေ၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု စသည်များလည်း စနစ်တကျမရှိပါ။ ဤခရီးစဉ်များကို ဆောင်ရွက်နေသူများအားလည်း ခရီးစဉ်ဆိုင်ရာ ကိစ္စများကို လည်းကောင်း စနစ်တကျ ကြီးကြပ်မှုလည်းမရှိပါ။ Home Stay ခေါ် ကျေးရွာရှိ ကိုယ်ပိုင်အိမ်များတွင် တည်းခိုခွင့်ကိစ္စမှာလည်း ပြတ်ပြတ်သားသားမရှိပါ။ သို့ရာတွင်ဤလမ်းလျှောက်ခရီးများမှာ အနာဂတ် တွင် ဖွံ့ဖြိုးတိုးတက်ရန်သာရှိသဖြင့် လမ်းလျှောက်ခရီးစဉ် ဝန်ဆောင်မှုများပေးနေသူ များကလည်း ယင်းတို့၏ဝန်ဆောင်မှုများကို အဆင့်မြှင့်စေလိုသည့်အပြင် ဒေသခံကျေးရွာသူ၊ ကျေးရွာသား များကိုလည်း ခရီးသွားလုပ်ငန်း၏ အကျိုးကျေးဇူးများကို ရရှိခံစားစေလိုသည့် ဆန္ဒများ ရှိကြသဖြင့် ဤခရီးစဉ်ဝန်ဆောင်မှုများကို အားပေးကူညီရန်လိုပါသည်။

**ရည်မှန်းချက်များ**

အင်းလေးဒေသ တောတွင်းခရီးကြမ်းလမ်းလျှောက်ခရီးစဉ်များအား ယဉ်ကျေးမှုနှင့် သဘာဝ အလှအပများကို ခံစားရရှိနိုင်သော အဆင့်မြင့်ခရီးစဉ်များအဖြစ်ပေါ်ထွက်လာရန်နှင့် ကလောမြို့အား မြန်မာနိုင်ငံ တောတွင်းခရီးကြမ်း လမ်းလျှောက်အစီအစဉ်များ၏ ဗဟိုဌာနဖြစ်လာစေရန် ဖြစ်ပါသည်။

## ၁၀. ၉. ၁ တောတွင်းခရီးကြမ်းလမ်းလျှောက်ခရီးစဉ်ဝန်ဆောင်မှုပေးသူများဖိုရမ်

ခရီးကြမ်းလမ်းလျှောက်ဝန်ဆောင်မှုပေးသူများအချင်းချင်း တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုမရှိကြ သည်ကို တွေ့ရသည် (ကလောမြို့အခြေစိုက်များ)။ ထို့အပြင် ပြုပြင်ပြောင်းလဲမှုများသည် ယင်းတို့၏ လုပ်ငန်းအပေါ် ထိခိုက်မှုများရှိလာမည်ကို စိုးရိမ်ကြသည်။ လမ်းလျှောက်ခရီးစဉ်စီစဉ်သူများ သည် မိမိတို့ဧည့်သည်များကို မိမိတို့သွားနေကြခရီးစဉ်များကိုသာပို့တတ်သည်။ အခြားသူများ၏ ခရီးစဉ်များနှင့် မရောယှက်လိုကြကြောင်း တွေ့ရသည်။

ကလောမြို့နယ်တွင် အခြေစိုက်ပြီး တောတွင်းသို့ခရီးကြမ်း လမ်းလျှောက်ခရီးစဉ် ဝန်ဆောင်မှု ပေးနေကြသောလမ်းပြများ၊ လမ်းညွှန်များအတွင်း ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးမှုရှိစေရန် trekking forum ခေါ် ဆွေးနွေးပွဲတစ်ရပ်ကျင်းပသင့်ပါသည်။ လမ်းလျှောက်ခရီးစဉ် ဝန်ဆောင်မှု ပေးနေကြသူအားလုံးကလည်း ယခုအခြေအနေများကို ပြုပြင်ရန်လိုကြောင်း၊ လမ်းလျှောက်ခရီးစဉ် သွားလိုသော ဧည့်သည်အရေအတွက်မှာ အနာဂတ်တွင် ပိုများလာဖွယ်ရှိရာ သဘာဝပတ်ဝန်းကျင်

နှင့် ယဉ်ကျေးမှုပတ်ဝန်းကျင်များ မပျက်စီးရန် အရေးကြီးကြောင်း သဘောပေါက်ကြပါသည်။ ဤသို့ မကောင်းသည့်သက်ရောက်မှုများ ကြုံတွေ့ခဲ့ပါက မိမိတို့၏ အသက်မွေးဝမ်းကြောင်းကို ထိခိုက်လာနိုင်သည်ဟုလည်းနားလည်ကြပါသည်။ ဧည့်လမ်းညွှန်လည်းမပါ၊ လမ်းပြလည်းမခေါ်သော လမ်းလျှောက်နေသည့် ဧည့်သည်များဦးရေလည်း များပြားလာကြောင်း တွေ့ရပါသည်။

ဤဖိုရမ်တွင် လက်ရှိကလောမြို့မှ ခရီးကြမ်းလမ်းလျှောက်ဝန်ဆောင်မှု ပေးနေကြသော ပုဂ္ဂိုလ်များ ရင်ဆိုင်နေရသည့် အခက်အခဲများကို တင်ပြကြပြီး အချင်းချင်းယုံကြည်မှု တည်ဆောက်ကြရန် ဆွေးနွေးသင့်ပါသည်။ ထိုမှတစ်ဆင့်တက်၍ ယခုစာတမ်းတွင် အဆိုပြုထားသည့် တောတွင်းခရီးကြမ်း လမ်းလျှောက်ခရီးစဉ် သတင်းအချက်အလက်ပြန်ကြားရေးဌာနတစ်ခုကို ထူထောင်နိုင်ပြီး ပုံမှန်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ကြရန်လိုအပ်ပါသည်။ (၁၀. ၉. ၂ တွင်ကြည့်ပါ)။ ဤတွေ့ဆုံဆွေးနွေးပွဲတွင် ညောင်ရွှေမြို့မှ ခရီးသွားလုပ်ငန်း ပါဝင်ပါတ်သက်နေသူများအားလည်း ဖိတ်ကြားသင့်ပါသည်။

## ၁၀. ၉. ၂ ကလောတောတွင်း ခရီးကြမ်းလမ်းလျှောက်ဝန်ဆောင်မှုပြန်ကြားရေးဌာန

လက်ရှိအချိန်တွင် ကလောမြို့တွင်ရော အခြားနေရာများတွင်ပါ တရားဝင်ဖွင့်လှစ်ထားသော တောတွင်းခရီးကြမ်းလမ်းလျှောက် ဝန်ဆောင်မှုဌာနဟူ၍ မရှိပါ။ ခရီးကြမ်းလမ်းလျှောက်ဝန်ဆောင်မှု ဗဟိုဌာနဟု အများကသတ်မှတ်ထားသော ကလောမြို့တွင်ပင် ဤကဲ့သို့ ပြန်ကြားရေးဌာနမရှိပါ။ ပြန်ကြားရေးဌာနသာမဟုတ် ခရီးစဉ်များကို ကြိုတင်ရက်ချိန်းယူနိုင်သော အစီအမံများလည်းမရှိပါ။ ထို့ကြောင့် ကလောမြို့တွင် အခြေစိုက်သော ဗဟိုတောတွင်းခရီးကြမ်းလမ်းလျှောက်ဝန်ဆောင်မှု ပြန်ကြားရေးဌာနဖွင့်လှစ်ရေးနှင့် ကြိုတင်ရက်ချိန်းယူနိုင်သော စနစ်တစ်ခုတည်ဆောက်ရန် လိုအပ်ပါသည်။ ဤသို့ စနစ်ကျနမှု ရှိစေရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင်လက်ရှိ ကလောအခြေစိုက် လမ်းလျှောက်ခရီးစဉ် ဝန်ဆောင်မှုများပေးနေသော ပုဂ္ဂိုလ်များနှင့် လက်တွဲ ဆောင်ရွက်ရန် ဖြစ်ပါသည်။ လမ်းလျှောက်ခရီးစဉ်များတွင် ခရီးသည်များ ဝင်ရောက်လေ့လာမှုရှိသည့် ကျေးရွာမှ ပုဂ္ဂိုလ်များကို လည်း ပါဝင်ဆောင်ရွက်အကြံပေးခွင့်ရှိစေရပါမည်။

လမ်းလျှောက်ခရီးစဉ် ဝန်ဆောင်မှုနှုန်းများကိုလည်း ဧည့်သည်များညအိပ်ရပ်နားသည့်နေ့ရက်၊ အချိန်စသည်တို့ကို မူတည်ကာ သင့်တင့်လျှောက်ပါတ်သော ဈေးနှုန်းကောက်ခံမှုများ ရှိရပါမည်။ ဤသို့ကောက်ခံရသော ငွေကြေးများဖြင့် အထက်ပါပြန်ကြားရေးဌာနကို ဘဏ္ဍာရေးအရ ဘတ်ဂျက်ခွဲဝေထောက်ပံ့ရန်ဖြစ်ပါသည်။

## ၁၀. ၉. ၃ လမ်းလျှောက်ခရီးစဉ်ဝန်ဆောင်မှုပေးနေသူများ၏ ဝန်ဆောင်မှုအဆင့်မြှင့်တင်ရေးနှင့် ဆောင်ရန်၊ ရှောင်ရန်များကို ဖော်ထုတ်ရေးသား အကောင်အထည်ဖော်ရေး

ကလောဒေသတွင် လမ်းလျှောက်ခရီးစဉ် ဝန်ဆောင်မှုပေးနေသော ကုမ္ပဏီအကြီးစား (၆) ခုခန့် ရှိပါသည်။ ထို့အပြင် ယင်းဝန်ဆောင်မှုမျိုးပေးနေသော အသေးစားလုပ်ငန်းများနှင့် မည်သည့်ကုမ္ပဏီလုပ်ငန်းနှင့်မျှ မပတ်သက်သော ကိုယ်ပိုင်လမ်းပြလုပ်ကိုင်နေသူများလည်းရှိပါသည်။

သို့ရာတွင် အားလုံးသည် ပူးပေါင်းကြကာ တစ်ဦးနှင့်တစ်ဦး မယုံကြည်မှုများ ပပျောက်ရေးနှင့် အားလုံးရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို ပူးပေါင်းအဖြေရှာကြရန် လိုအပ်ပါသည်။ လုပ်ငန်းအလိုက် အသင်းအဖွဲ့တစ်ခု ထူထောင်ကြပြီး ဒေသခံရွာသူ၊ ရွာသားများအကျိုး၊ သဘာဝ ပတ်ဝန်းကျင်နှင့် လုပ်သားများအားလုံးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် လိုပါသည်။

**တောတွင်းခရီးကြမ်း လမ်းလျှောက်ဝန်ဆောင်မှုပေးသူများ လိုက်နာရမည့်ဆောင်ရန်နှင့် ရှောင်ရန်များ** ကိုလည်း ပြဋ္ဌာန်းဖို့ရန် လိုအပ်ပါမည်။ သို့မှသာ ဝန်ဆောင်မှုပေးနေသော လမ်းပြများ၊ ဧည့်လမ်းညွှန်များ၊ အထမ်းသမားများအဖို့ လုပ်ငန်းခွင်သာယာရေး ဖြစ်စေမည့်အပြင် ယင်းတို့၏ တာဝန်နှင့် ဝတ္တရားများလည်း ပီပီပြင်ပြင် ဖြစ်လာပါလိမ့်မည်။ ဤဆောင်ရန်နှင့် ရှောင်ရန်တို့ကို ရေးဆွဲပြဋ္ဌာန်းရာ၌ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းတွင် ပြည်သူများပါဝင်လာရေး (CIT) မူဝါဒများ အတိုင်းဖြစ်ရန်လိုပါသည်။ ဤဒေသကဲ့သို့ ထိရှလွယ်သော ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်များ တည်ရှိရာနေရာတွင် လမ်းလျှောက်ခရီးစဉ်များသည် ဆိုးကျိုးသက်ရောက်မှု အနည်းဆုံးဖြစ်စေရန် လိုအပ်သည်သာမက နိုင်ငံတကာတွင် ကျင့်သုံးနေသော အကောင်းဆုံးနည်းလမ်းများ ဖြစ်ရပါမည်။

ကလောဒေသတွင် လမ်းလျှောက်ခရီးစဉ် ဝန်ဆောင်မှုများပေးနေသော ကုမ္ပဏီများ၊ ဧည့်လမ်းညွှန်များ၊ လမ်းပြများသည် အောက်ပါလမ်းညွှန်ချက်များကို လေးစားလိုက်နာရန် လိုပါသည်။ [၁၄]

**ဒေသ၏စီးပွားရေးကို အထောက်အကူဖြစ်ရပါမည်။**

- လမ်းလျှောက်ခရီးစဉ်များမှ ရရှိသော ငွေကြေးများသည် ဒေသအပြင်သို့ ယိုစီး မသွားရန်အတွက် ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်ပါ။
- ဒေသခံများအား မိမိတို့လုပ်ငန်းတွင် ပါဝင်လာနိုင်ရန် စည်းရုံးပါ။ သင်တန်းများ ပေးပါ။
- ဒေသထွက်ကုန်များကို အမြဲဦးစားပေးဝယ်ယူအားပေးပါ။
- မိမိဧည့်သည်များအားလည်း ဒေသခံများ၊ ဒေသထွက်ကုန်ပစ္စည်းများကို ဝယ်ယူ အားပေးရန် တိုက်တွန်းပါ။

**ဒေသခံများ၏ ရိုးရာယဉ်ကျေးမှု ထုံးစံဓလေ့များကို လေးစားလိုက်နာပါ။ လူမှုရေးအရင်းအနှီးများ ဖြစ်ပေါ်လာစေရန် ဆောင်ရွက်ပါ။**

- ဒေသခံများ၏ ရိုးရာယဉ်ကျေးမှု ထုံးစံဓလေ့များကို လေးစားလိုက်နာပြီး ယင်းတို့၏ စည်းကမ်းများကိုလည်း လိုက်နာပါ။

---

[၁၄] WildAsia Responsible Tour Operator Guidelines မှကူးယူဖော်ပြပါသည်။ www.wildasia.org တွင် အကျယ်ကိုကြည့်ပါ။

- ဧည့်သည်များကိုလည်း ဒေသ၏ ရိုးရာဓလေ့များကို ပြောကြားကာဆောင်ရန်၊ ရှောင်ရန် များကိုပြောပြထားပါ။

**ဒေသတွင်းတောတွင်း၊ ခရီးကြမ်းလမ်းလျှောက်ခရီးစဉ်များနှင့် အခြားလှုပ်ရှားမှုများကို အားပေးပါ။**

- ဒေသခံများထံမှ မိမိတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ ယင်းတို့၏သဘောတူညီမှု၊ ယင်းတို့၏ အသံကိုပြန်လည်နားထောင်ခြင်း၊ ဒေသခံများအား လိုအပ်သော အသိပညာ ဗဟုသုတ ဖြန့်ဝေခြင်းများ ပြုလုပ်ပါ။
- ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးကိစ္စများနှင့်စပ်လျဉ်းသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အားပေးပါ။

**သဘာဝအရင်းအမြစ်များကို ထိထိရောက်ရောက်သုံးစွဲပါ။**

- သဘာဝ အရင်းအမြစ်များဖြစ်သော လောင်စာ၊ လျှပ်စစ်ဓာတ်အားနှင့် ရေစသည်တို့ အသုံးပြုမှုကို သတိထားပါ။
- လောင်စာစွမ်းအင်၊ ရေစသည်တို့ကို ချွေတာသုံးစွဲပါ။ ပြန်လည် အသုံးပြုနိုင်သော ပစ္စည်းများကိုသုံးစွဲပါ။

**အမှိုက်သရိုက်များကို စနစ်တကျစွန့်ပြစ်ပါ။**

- အမှိုက်များ (မိလ္လာအညစ်အကြေးအပါအဝင်)ကိုစနစ်တကျစွန့်ပြစ်ပါ။
- သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေမည့်အန္တရာယ်ရှိပစ္စည်းများကို စနစ်တကျ စွန့်ပြစ်ပါ။
- အမှိုက်သရိုက်များကို ပြန်လည်အသုံးပြုနိုင်သော လုပ်ငန်းများကို အားပေးပါ။ ကိုယ်တိုင်လည်းကျင့်သုံးပါ။

**မိမိ၏သဘာဝပါတ်ဝန်းကျင်ထိန်းသိမ်းရေးကိုတာဝန်ယူပါ။**

- ဇီဝမျိုးစုံကွဲပြားမှုကို ထိန်းသိမ်းပါ။ ဒေသ၏ သဘာဝအမွေအနှစ်များကို ထိန်းသိမ်းပါ။
- မျိုးတုံးမည့် အန္တရာယ်ရှိသော တောရိုင်းတိရစ္ဆာန်များ၊ သဘာဝပေါက်ပင်များ၊ ရေထွက်စမ်း များနှင့် သဘာဝပထဝီသွင်ပြင်များကို ထိန်းသိမ်းပါ။

**အမြဲဖွံ့ဖြိုးတိုးတက်နေစေရန်အတွက်အရည်အသွေးမြှင့်တင်ပါ။**

- တာဝန်ရှိသော ခရီးသွားလုပ်ငန်းဖြစ်ပေါ်စေရန် သီးခြားကော်မတီ သို့မဟုတ် ဝန်ထမ်းများခန့်ထားကာ ကြီးကြပ်စေရန်။
- အရည်အချင်းသတ်မှတ်ခြင်းဆိုင်ရာ အစီအစဉ်များတွင်ပါဝင်ပါ (ဥပမာ Green Globe 21)
- ခရီးသွားလုပ်ငန်းဆိုင်ရာ အသိအမှတ်ပြုမှု အစီအစဉ်များတွင် ပါဝင်ခြင်းဖြင့် မိမိတို့၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် လူမှုရေးတာဝန်ရှိမှုတို့အပေါ် လုပ်ဆောင်မှုအရည်အချင်းများ မြှင့်တင်ပါ။ (ဥပမာ - ISO 14001, Green Globe 21 စသည်များ)။

အထက်ပါအကြံပြုချက်များကို လုပ်ငန်းခွင်ရှိ ခရီးကြမ်းလမ်းလျှောက်ဝန်ဆောင်မှုများ ပေးနေသောကုမ္ပဏီများ၊ ဧည့်လမ်းညွှန်များ၊ လမ်းပြများ၊ ဒေသခံများနှင့် အကြေအလည် ညှိနှိုင်းဆွေးနွေးကာ လုပ်ငန်းလမ်းပြ အပိုဒ် ၁၀.၂.၁ ပါ အတိုင်း ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။ ဤအကြံပြုချက်များသည် ပြင်ပမှ လာရောက်၍ ဧည့်ရိပ်သာများတည်ဆောက်၍ ရင်းနှီးမြှုပ်နှံသူများကိုပါ အကျိုးသက် ရောက်စေရပါမည်။ ဤပြင်ပလုပ်ငန်းရှင်များက မိမိတို့ လုပ်ငန်းစဉ်များတွင် ဒေသခံများပါဝင်ခွင့် ရရှိလာရန်ဆောင်ရွက်ပေးရပါမည်။

## ၁၀.၉.၄ လမ်းလျှောက်ခရီးစဉ်ကွဲပြားမှု၊ ဧည့်သည်များ၏ ပါဝင်ခွင့်အလိုက် ကွဲပြားခြားနားမှုအလိုက် ကွဲပြားခြားနားသော ခရီးစဉ်များရေးဆွဲရေး။

ဤသို့ ခရီးစဉ်မတူညီမှု၊ ဧည့်သည်များကိုယ်တိုင် ပါဝင်ဆောင်ရွက်ထိတွေ့မှု မတူညီခြင်း စသည်တို့ကြောင့် ကွဲပြားခြားနားသော လမ်းလျှောက်ခရီးစဉ်အမျိုးမျိုး ရေးဆွဲဖော်ထုတ်ရန် ကြိုးစားရပါမည်။ ဤသို့ ခရီးစဉ်အမျိုးမျိုး ထွက်ပေါ်လာပါမှ အကျိုးခံစားရသော ဒေသခံပြည်သူ အဝန်းအဝိုင်းသည် ကျယ်ပြန့်လာပါမည်။ လမ်းလျှောက်ခရီးစဉ်များနှင့် စပ်လျဉ်း၍လည်း အဆင့်သတ်မှတ်ချက်များ လိုအပ်ပါသည်။ ဤအဆင့်သတ်မှတ်ချက်များကို နိုင်ငံတကာ၌ ကျင့်သုံးလျက်ရှိသော စံနစ်အတိုင်းသတ်မှတ်နိုင်ပါသည်။ ဥပမာ-

- **အမြန်လျှောက်ခရီးစဉ်များ** တစ်နေ့လျှင် ကီလိုမီတာ (၂၀) မှ (၃၀) အတွင်း လျှောက်သော ခရီးစဉ်များဖြစ်သည်။ ကျန်းမာသန်စွမ်းရပါမည်။ လမ်းလျှောက်ခရီးစဉ်များတွင် ဒေသရှိ သဘာဝ အလှအပရှုခင်းများကို ကြည့်ရှုနိုင်ရန်လည်း ပါဝင်ပါမည်။ လမ်းခရီးရှိ ကျေးရွာများတွင် တည်းခိုနိုင်ပါသည်။
- **အနှေးလျှောက်ခရီးစဉ်များ** အထက်ပါအတိုင်း ဆောင်ရွက်နိုင်သော်လည်း ခရီးဝေးမလျှောက်လိုသူများ အတွက်ဖြစ်ပါသည်။

- **ယဉ်ကျေးမှုဖလှယ်ရေးအဓိကလမ်းလျှောက်ခရီးစဉ်များ**လမ်းတလျှောက်ရောက်ရှိသော ကျေးရွာများမှ ဒေသခံများနှင့် ထိတွေ့ဆက်ဆံကာ ယင်းတို့၏ လူနေမှုစရိုက်များကို ထဲထဲဝင်ဝင်လေ့လာနိုင်ရန် ဖြစ်ပါသည်။
- **အထူးစိတ်ဝင်စားမှု အခြေခံခရီးစဉ်များ** ဤခရီးစဉ်မှာ အလွန်ပင် အလားအလာ ကောင်းသည့် အနေအထားဖြစ်ပါသည်။ ဈေးကွက် အနေအထားအရ သီးသန့်ဖြစ် နေသော်လည်း သမိုင်းအမွေအနှစ်များကို ရှင်းလင်းတင်ပြခြင်း၊ လက်တွေ့ခံစား နိုင်ခြင်းစသော အားသာချက်များ ရှိပါသည်။ ဥပမာ-
    - ပလောင်တိုင်းရင်းသားများသည် ကိုယ်ပိုင်ယဉ်ကျေးမှုစာပေနှင့် ဘာသာရေး စာပေများ ရှိကြသည်။
    - မြင်းတိုက်ဘူတာသည် မီးရထားဝါသနာရှင်များ အထူးစိတ်ဝင်စားပါမည်။ ဤမြင်းတိုက်ဘူတာရှိ မီးရထားဌာနက အသုံးပြုလျက်ရှိသော ကိရိယာများ သည် ဒုတိယကမ္ဘာစစ်မဖြစ်မီက ထုတ်လုပ်ခဲ့သော ပစ္စည်းများဖြစ်သည် သာမက ယင်းတို့ကို ထုတ်လုပ်ခဲ့သော အင်္ဂလန်အခြေစိုက် ကုမ္ပဏီများပင် မရှိတော့ပါ။
    - တိုင်းရင်းဆေးနှင့် ဆေးကုသမှုများ၊ ဒိုမီကျေးရွာတွင် ကျေးရွာနတ်ဆရာက အခမဲ့ပြုလုပ်ပေး နိုင်ပါသည်။
    - နတ်ကိုးကွယ်မှု (မြန်မာလူမျိုးတို့၏ ရိုးရာကိုးကွယ်မှုတစ်ရပ်ဖြစ်ပါသည်။)

### ၁၀. ၉. ၅ အစားအစာကိုင်တွယ်ခြင်းနှင့်ချက်ပြုတ်မှုသင်တန်းများ

ဒေသတွင်းရှိ ကျေးရွာသူ၊ ကျေးရွာသူများအား အစားအစာများကို သန့်သန့်ရှင်းရှင်း ကိုင်တွယ်တတ်စေရန်နှင့် ချက်ပြုတ်တတ်ရန် သင်တန်းများပေးခြင်းဖြင့် ယင်းတို့ကို လမ်းလျှောက် အစီအစဉ်များတွင် ယခုထက်ပိုမိုပါဝင်မှုရှိလာစေရန် ဆောင်ရွက်နိုင်ပါသည်။ ထို့အပြင် ဒေသတွင်း လမ်းလျှောက်ခရီးစဉ်များ၏ တန်ဖိုးကိုလည်း မြင့်ရာရောက်ပါသည်။

လမ်းလျှောက်ခရီးစဉ်များတွင် သယ်ဆောင်ယူငင်သွားနိုင်သော အစားအသောက်များ၊ ချက်ပြုတ်နည်းသင်တန်း စသည်များဖွင့်နိုင်ပါသည်။ ဤသင်တန်းများတွင် ဒေသထွက်ကုန် အသီးအနှံ အများဆုံး အသုံးပြုရေးအပြင် အစားအသောက်ချက်ပြုတ်ရာတွင် လောင်စာချွေတာရေးတို့ကိုပါ ထည့်သွင်း သင်ကြားပေးနိုင်ပါသည်။ ဤသို့ဖြင့် ဧည့်သည်များအား ဒေသခံရိုးရာအစားအစာများဖြင့် မိတ်ဆက်ပေးနိုင်သော အခွင့်အရေးဖြစ်ပေါ်လာစေပါမည်။

ဤသို့ လမ်းလျှောက်ခရီးစဉ်များအတွက် အစားအသောက် ချက်ပြုတ်ရေးကို ဆောင်ရွက် လိုသည့်ဒေသခံများအား အကူအညီပေးရန်လိုပါသည်။ ဤသို့ ဆောင်ရွက်နိုင်ပါက လက်ရှိ လမ်းလျှောက်ခရီးစဉ်များ၏ ဝန်ဆောင်မှု အရည်အသွေးလည်း တိုးတက်လာပါလိမ့်မည်။ ဆက်သွယ်ရေးကဏ္ဍ တိုးတက်လာသည်နှင့်အမျှ လမ်းပေါ်မှနေ၍ မိမိတို့အတွက် အစားအသောက်

များကိုအရှေ့ရှာသို့ ကြိုတင်၍ မိုဘိုင်း (လ်) တယ်လီဖုန်းဖြင့် မှာကြားခြင်းပင် ဖြစ်လာနိုင်ပါသည်။သို့ရာတွင် ဤကိစ္စမှာ ချက်ချင်းတော့ ဖြစ်မလာနိုင်သေးပါ။ ထို့အပြင် ခရီးစဉ်ဝန်ဆောင်မှုပေးနေကြသော ပုဂ္ဂိုလ်များအကြား အကျေအလည် ညှိနှိုင်းကြရပါဦးမည်။ အကယ်၍ ဤသို့ကြိုတင်မှာကြားချက်ပြုနိုင်လာခဲ့ပါလျှင် လမ်းလျှောက်ခရီးစဉ်တွင် လိုက်ပါကြရသော ထမင်း၊ ဟင်းချက်တာဝန်ခံများ၊ အထမ်းသမားများ၏ အခြေအနေကို ထိခိုက်လာနိုင်ပါသည်။

## ၁၀. ၉. ၆ လမ်းလျှောက်ခရီးစဉ်များတွင် တည်းခိုရေးဝန်ဆောင်မှု ပေးကြသူများအတွက် ဆောင်ရန်နှင့်ရှောင်ရန် စည်းကမ်းများချမှတ်ရေးနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရန် အကူအညီ

ဒေသအတွင်းလမ်းလျှောက်ခရီးစဉ်များတွင် တည်းခိုနေထိုင်ရေး ဝန်ဆောင်မှုပေးနေကြသူများအတွက်ဆောင်ရန်၊ရှောင်ရန်များ ပီပီပြင်ပြင်ရှိရန်အပြင် ဥပဒေအရလည်း ရှင်းရှင်းလင်းလင်းရှိရန်လိုပါသည်။ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းတွင် ပြည်သူများပါဝင်ရေး (CIT) စာတမ်းတွင် ညအိပ်တည်းခိုရေးနှင့် နံနက်စာကျွေးမွေးရေးအတွက် အသေးစိတ်အစီအစဉ်များပါရှိပါသည်။ ထို့အပြင် အနာဂတ်တွင် homestay ခေါ် ကိုယ်ပိုင်အိမ်များတွင် တည်းခိုနေထိုင်ခွင့်ပါဝင်ပါသည်။ ဤသတ်မှတ်ချက်များသည် မြင့်မားသဖြင့် ကျေးရွာများတွင် လိုက်နာရန် အနည်းငယ် အခက်အခဲရှိပါမည်။ သို့ပါ၍ အလယ်အလတ်ကျသော စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို ပြန်လည်ရေးသားပြဌာန်းရန်လိုပါသည်။

ကိုယ်ပိုင်အိမ်တွင် တည်းခိုနေထိုင်သည်ဖြစ်စေ၊ ဘုန်းတော်ကြီးကျောင်းများတွင် တည်းခိုနေထိုင်သည်ဖြစ်စေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကိစ္စများကိုမူ သတ်မှတ်ပြဌာန်းပေးရပါမည်။ ယင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများတွင် အစားအသောက်ချက်ပြုတ်မှုနှင့် အိမ်သာစသည်များ ပါဝင်ပါသည်။

ဤသို့အိမ်သာများနှင့် အခြားလုပ်ငန်းများကို အဆင့်မြင့်ရေးအတွက် ဘဏ္ဍာရေးအထောက်အပံ့မည်သို့ ရရှိနိုင်မည်ကိုလည်း လေ့လာရပါမည်။ ဤသို့ အဆင့်မြင့်ပေးသဖြင့် လမ်းလျှောက်ခရီးစဉ်များ၏ အရည်အသွေးသဘာဝကျမှုကို ထိခိုက်နိုင်ဖွယ်ရာမရှိပါ။ ဥပမာအားဖြင့်-

- ဗမာထိုင်အိမ်သာများ (အညစ်အကြေးမိလ္လာစွန့်ပြစ်မှုအပါအဝင်)
- အိမ်ခန်းအတွင်း အဝတ်အစားလဲရန်အတွက် ကာရံထားသော လုံခြုံသော အခန်းများ
- အဝတ်အစားများလျှော်ဖွတ်ရန်အတွက် ကာရံထားသော လုံခြုံသော (အဝတ်လှန်းရန်နေရာအပါအဝင်) အခန်းများ၊ ယင်းတို့ကို ဒေသသုံးဝါးဖြင့် ပြုလုပ်နိုင်ပါသည်။
- ရေသုတ်ပဝါစသည်တို့ကို လှန်းရန်နေရာများ

အထက်ပါ ဝန်ဆောင်မှုလုပ်ငန်းများကို အဆင့်မီဆောင်ရွက်တတ်ရန်အတွက် သင်တန်းများစသည်ဖြင့် ဖွင့်ပေးရန်လိုပါသည်။ ယင်းသင်တန်းများကို အထက်အပိုဒ်များတွင် ဖော်ပြခဲ့သည့်

ကျေးရွာအဆင့် ကော်မတီများမှတစ်ဆင့် ဆောင်ရွက်ပေးနိုင်ပါသည်။ ဤသင်တန်းများတွင် ပါတ်ဝန်းကျင်သန့်ရှင်းရေး၊ အိပ်ရာခင်းစသည်များကို စနစ်တကျ လျှော်ဖွတ်ထိန်းသိမ်းရေး၊ အိမ်သာ၊ ရေချိုးခန်းသန့်ရှင်းရေး၊ အဝတ်လျှော်ရန်နေရာ သန့်ရှင်းရေးစသည်တို့ကို သင်ကြားပေးနိုင်ပါသည်။

**၁၀. ၉. ၇ လက်ရှိလုပ်ငန်းခွင်အတွင်းရှိ လမ်းလျှောက်ဝန်ဆောင်မှု ပေးနေသူများနှင့် ဒေသခံများအား လမ်းလျှောက်ခရီးစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ခရီးသွားလုပ်ငန်းနှင့် စပ်လျဉ်း၍ လည်းကောင်း သင်တန်းများဖွင့်လှစ်ရန်။**

ဝေးလံသော နေရာများသို့ လမ်းလျှောက်ခရီးစဉ်များကို ဝန်ဆောင်မှုပေးနေသော ဧည့်လမ်းညွှန်များ၊ လမ်းပြများအား သင်တန်းများပေးရန် လိုအပ်ပါသည်။ ဤသင်တန်းများတွင် ခရီးစဉ်တစ်လျှောက်မြင်တွေ့ရသော သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုဆိုင်ရာများကို ရှင်းလင်းတင်ပြခြင်း၊ (နေရာဒေသတစ်ခုအကြောင်း၊ အကြောင်းအရာတစ်ခုအကြောင်း) နှင့် ခရီးအတွက် လိုအပ်သော ပြင်ဆင်မှုများ စသည်ဖြင့်ပါဝင်ပါမည်။ ဥပမာ-

- ခရီးစဉ်အတွက်ပြင်ဆင်ခြင်း။
- လမ်းတွင်တွေ့ကြုံနိုင်သော မထင်မှတ်သည့် အန္တရာယ်စသည်တို့ကို ကြိုတင်တွက်ဆခြင်း။
- အရေးပေါ်ကိစ္စပေါ်ပေါက်ခဲ့လျှင်မည်သို့ ဆောင်ရွက်မည်ကို ကြိုတင်စီစဉ်ထားခြင်း။
- စခန်းချမည့်နေရာကို ကြီးကြပ်စီမံခန့်ခွဲခြင်း
- ဧည့်သည်များ၏လိုအပ်ချက်များကို နားလည်ဖြည့်ဆည်းပေးခြင်း
- ဧည့်သည်များနှင့် အပြန်အလှန် ဆွေးနွေးနိုင်ရန်ကြိုတင်ပြင်ဆင်ခြင်း
- ခရီးသွား ကုမ္ပဏီစသည်တို့နှင့် ဆက်သွယ်ဆောင်ရွက်မှု
- တောရိုင်း တိရိစ္ဆာန်များအား လေ့လာရေး အစီအစဉ်ပါရှိပါက အကောင်းဆုံးလုပ်ထုံးလုပ်နည်းများ

ဤသင်တန်းများကို အချိန်နှင့်တပြေးညီရှိနေစေရန် နှင့် ဒေသအခြေအနေနှင့် အမြဲကိုက်ညီမှု ရှိနေစေရန် လိုအပ်ပါသည်။ သင်တန်းများကိုလည်း ဒေသခံများအားလပ်သည့် အချိန်များတွင် ဖွင့်လှစ်သင့်ပါသည်။

**၁၀. ၉. ၈ တောတွင်းခရီးကြမ်းလမ်းလျှောက်သူများလိုက်နာရန်စည်းကမ်းချက်များ**

အင်းလေးကန်ဒေသသို့ လာရောက်ကြသော ဧည့်သည်များအနေဖြင့် အောက်ဖော်ပြပါ စည်းကမ်းများကို လိုက်နာကျင့်သုံးခြင်းအားဖြင့် ခရီးသွားလုပ်ငန်းသည် ဒေသခံပြည်သူများရော၊ ဧည့်သည်များပါ ကောင်းမွန်သော အတွေ့အကြုံများကို ရရှိခံစားကြရပါမည်။ ဤအချက်များကို အခြေခံကာ တောတွင်းခရီးကြမ်းလမ်းလျှောက်သူများ လိုက်နာရန် စည်းကမ်းများကို လက်ကမ်းစာစောင်အဖြစ် ဖြန့်ဝေနိုင်ပါသည်။

- လမ်းလျှောက်သူများသည်သတ်မှတ်လူသွားလမ်းများပေါ်တွင်သာလမ်းလျှောက်ပါ။ စိုက်ပျိုးခင်းများကို ဖြတ်မလျှောက်ပါနှင့်။
- လမ်းတွင် အကာအရံများ၊ ခြံဝင်းတံခါးများကို တွေ့ခဲ့လျှင် နေရာမရွှေ့ပါနှင့်။
- မိမိတို့ခရီးစဉ်အတွက် သောက်ရေစသည်တို့ အလုံအလောက်ပါပါစေ။ လမ်းတွင် လိုအပ်မည့် အဝတ်အစားများ၊ ရာသီဥတုဖောက်ပြန်လာပါက အကာအကွယ်အဖြစ် အနွေးထည်၊ မိုးကာစသည်များယူပါ။
- မိမိခရီးစဉ်အကြောင်းအသေအချာလေ့လာပါ။ လမ်းတွင် မမျှော်လင့်ပဲ တွေ့ရှိနိုင်သည့် အန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်သွားပါ။
- မိမိရောက်ရှိနေသော နေရာကို တာဝန်ရှိပုဂ္ဂိုလ်များအမြဲ သိရှိနေအောင် စီစဉ်ပါ။ ဘယ်အချိန်ပြန်ရောက်မည်ကို ပြောခဲ့ပါ။
- မိမိကို လမ်းပြမည့် လမ်းပြသည် ဝေးလံခက်ခဲပြီး သဘာဝပါတ်ဝန်းကျင်နှင့် ယဉ်ကျေးမှု ဝန်းကျင်ပါ ထိရှလွယ်သည့် နေရာများနှင့် စပ်လျဉ်း၍ အတွေ့အကြုံရှိသူဖြစ်ပါစေ။
- ဒေသခံ လူ့အဖွဲ့အစည်းများအား လေးလေးစားစား ဆက်ဆံပါ။ သင်သာသူတို့နေရာမှာ ဆိုလျှင်ဟုအမြဲထည့်သွင်းစဉ်းစားပါ။ ယခုသင်သည် ဧည့်သည်ဖြစ်နေပြီး ဒေသခံများ၏ ယဉ်ကျေးမှု၊ လူနေမှုစရိုက်များသည် သင်နေထိုင်ကြီးပြင်းခဲ့သော ပတ်ဝန်းကျင်နှင့် မတူသည်ကိုသတိပြုပါ။
- ဒေသထွက် ပစ္စည်းများကို ဝယ်ယူအားပေးပါ။
- မိမိရောက်ရှိရာ အရပ်ဒေသအကြောင်း၊ သဘာဝပတ်ဝန်းကျင်အကြောင်း ဒေသခံပြည်သူတို့ အကြောင်းကို ကြိုတင်လေ့လာထားပါ။
- အမှိုက်ကို အရမ်းမပြစ်ပါနှင့်။ ဒေသခံများပြစ်ချသည်ကိုပြင်သည့် တိုင် မလုပ်ပါနှင့်။
- မည်ကဲ့သို့ ပစ္စည်းများကို ဝယ်သူသင့်သည်ကို ချင့်ချိန်ပါ။ တောရိုင်းတိရိစ္ဆာန်ထွက်ပစ္စည်းများ၊ အထူးသဖြင့် မျိုးတုံးမည့်အန္တရာယ်ရှိနေသော တိရိစ္ဆာန်များ၏အစိတ်အပိုင်းများ၊ အပင်များဖြင့် ပြုလုပ်ထားသော ပစ္စည်းများကို မဝယ်ပါနှင့်။
- မိမိ၏ ဧည့်လမ်းညွှန် အပါအဝင် ဒေသခံများကို လေးစားပါ။ ဒေသခံများကို မေးခွန်းများ မေးနိုင်ပါသည်။ မိမိ၏ ဧည့်လမ်းညွှန်အား ဘာသာပြန်ခိုင်းနိုင်ပါသည်။ မိမိဧည့်လမ်းညွှန်ပြောစကား တစ်ခုတည်းကိုသာ အားမထားပါနှင့်။

- ရေကန်၊ ရေထွက်စမ်းချောင်းစသော ရေအရင်းအမြစ်များထဲသို့ ကျင်ကြီး၊ ကျင်ငယ် မစွန့်ပစ်ပါနှင့်။ သဘာဝပတ်ဝန်းကျင်ကို သတိပြုပါ။ သတ်မှတ်ထားသော အိမ်သာ စသည်တို့ကို အတတ်နိုင်ဆုံးသုံးပါ။ အခြေအနေမပေးပါက ရေအရင်းအမြစ်များနှင့် အနည်းဆုံးမီတာ (၅၀) ခန့်အကွာတွင်သာ ကျင်ငယ်စွန့်သင့်ပါသည်။မိမိ၏ ကျင်ကြီးကို ပြန်လည်ဖုံးခဲ့ရပါမည်။သုံးပြီးအိမ်သာသုံးစက္ကူများကိုလည်း မီးရှို့ခြင်း သို့မဟုတ် ပြန်လည်ယူဆောင်ခဲ့ပါ။ ဒီအတိုင်းမထားခဲ့ပါနှင့်။
- သဘာဝအလျှောက် ဆွေးမြေ့လွယ်သော တစ်ကိုယ်ရေသန့်ရှင်းရေး ပစ္စည်းများကို သုံးပါ။ ဒေသခံများ မည်သို့သုံးသည်ဖြစ်စေလိုက်မသုံးပါနှင့်။
- မိမိ၏ ခရီးစဉ်တစ်လျှောက်လုံး သဘာဝပါတ်ဝန်းကျင် မပျက်စီးစေရန် သတိပြုပါ။ ကာဗွန်ထုတ်လွှတ်မှု အနည်းဆုံးဖြစ်ပါစေ။ ဒေသခံများ၏ အိမ်များတွင် တည်းခိုနေထိုင်ပါ။ ဒေသအခြေစိုက် ခရီးသွားဝန်ဆောင်မှုပေးသူများကို အသုံးပြုပါ။




A Pa-O Lady presents a piece of her craftwork.  Weaving is a skill that is slowly dying out within the region due to cheap imports of cloth from China, however some local entrepreneurs have developed their skills for the tourist market.

## ၁၁ အကောင်အထည်ဖော်ရေး စီမံချက်

| မဟာဗျူဟာ ၁ စီမံကိန်းရေးဆွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု နှင့် သမိုင်းအမွေအနှစ်ဖွံ့ဖြိုးတိုးတက်ရေး | | | | | | | |
|---|---|---|---|---|---|---|---|
| လုပ်ငန်း | ဦးစားပေး အဆင့် | Approximate Timeline | | | | | |
| | | | ပထမ နှစ် | ဒုတိယ နှစ် | တတိယ နှစ် | စတုတ္ထ နှစ် | ပဥ္စမ နှစ် |
| ၁. ၁ | ခရီးစဉ်ဒေသ စီမံခန့်ခွဲမှုကော်မတီဖွဲ့ | မြင့် | | | | | |
| ၁. ၂ | ဇုံအလိုက်ခွဲခြား၍ ခရီးသွားလုပ် လုပ်ငန်းအား စီမံခန့်ခွဲခြင်း | အလယ် အလတ် | | | | | |
| ၁. ၃ | ညောင်ရွှေမြို့အား စီမံခန့်ခွဲမှု | မြင့် | | | | | |
| ၁. ၄ | ကလောမြို့အား စီမံ ခန့်ခွဲမှု | အလယ် အလတ် | | | | | |
| ၁. ၅ | ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးမှုကြိုတင် ခန့်မှန်းရန် နည်းစနစ် | မြင့် | | | | | |
| ၁. ၆ | ခရီးသွားလုပ်ငန်း ရင်းနှီးမြှုပ်နှံမှု စီစစ်ရန် | မြင့် | | | | | |
| ၁. ၇ | သမိုင်းဝင်ဒေသတစ်ခု ချင်းအလိုက် စီမံခန့် ခွဲမှု | မြင့် | | | | | |
| ၁. ၈ | ဘာသာရေးဆိုင်ရာ အဆောက်အအုံညှိသည့်စီမံခန့်ခွဲမှု | မြင့် | | | | | |
| ၁. ၉ | ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းစီမံချက်ပေါ်ပေါက်ရေး | မြင့် | | | | | |
| ၁. ၁၀ | အင်းလေးဟိုတယ်ဇုံအား တည်ဆဲ ဥပဒေဘောင်အတွင်း ဖွင့်လှစ်ခွင့် | အလယ် အလတ် | | | | | |
| ၁. ၁၁ | လှေများကိုကြီးကြပ်ခြင်း | အလယ် အလတ် | | | | | |

| မဟာဗျူဟာ ၂ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး | | | | | | |
|---|---|---|---|---|---|---|
| လုပ်ငန်း | ဦးစားပေး အဆင့် | Approximate Timeline | | | | |
| | | ပထမ နှစ် | ဒုတိယ နှစ် | တတိယ နှစ် | စတုတ္ထ နှစ် | ပဉ္စမ နှစ် |
| ၂. ၁ အင်းလေးဒေသအသေးစိတ် သယ်ယူပို့ဆောင်ရေး စီမံကိန်း | မြင့် | | | | | |
| ၂. ၂ လျှပ်စစ်ဓါတ်အား ပြန်ဖြိုးမှုလေ့လာချက် | မြင့် | | | | | |
| ၂. ၃ ရေဖြန့်ဝေမှုလေ့လာရေး | မြင့် | | | | | |
| ၂. ၄ ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးရေး | အလယ်အလတ် | | | | | |
| ၂. ၅ ဧည့်သည်များအတွက် ဒေသတွင်း ဘတ် (စ်) ကားခရီးစဉ်များ | နိမ့် | | | | | |

| မဟာဗျူဟာ ၃ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး | | | | | | |
|---|---|---|---|---|---|---|
| လုပ်ငန်း | ဦးစားပေး အဆင့် | Approximate Timeline | | | | |
| | | ပထမ နှစ် | ဒုတိယ နှစ် | တတိယ နှစ် | စတုတ္ထ နှစ် | ပဉ္စမ နှစ် |
| ၃. ၁ အန္တရာယ်ကျရောက်နိုင်မှုနှင့် မတော်တဆဖြစ်မှုများကို ကိုင်တွယ်ဖြေရှင်းမှုသင်တန်း | မြင့် | | | | | |
| ၃. ၂ အင်းလေးဒေသအသက်မွေးဝမ်းကြောင်း သင်တန်းကျောင်းဖွင့်လှစ်ရေး | မြင့် | | | | | |
| ၃. ၃ ရွှေ့လျားအသက်မွေးဝမ်းကြောင်းသင်တန်း ဖွင့်လှစ်ခြင်း | အလယ်အလတ် | | | | | |
| ၃. ၄ အင်းလေးဒေသခံ စီးပွားရေး လုပ်ငန်းရှင်များ ပညာသင်ဆုများ ရရှိရေး | အလယ်အလတ် | | | | | |
| ၃. ၅ ဒေသခံအစိုးရဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များအား ခရီးစဉ်ဒေသ စီမံခန့်ခွဲရေး သင်တန်းများပေးရေး | မြင့် | | | | | |
| ၃. ၆ ဆက်သွယ်ရေးနည်းပညာသင်တန်းများ | အလယ်အလတ် | | | | | |

| မဟာဗျူဟာ ၄ ဈေးကွက်နှင့်အရောင်းမြှင့်တင်ရေး | | | | | | | |
|---|---|---|---|---|---|---|---|
| လုပ်ငန်း | | ဦးစားပေး အဆင့် | Approximate Timeline | | | | |
| | | | ပထမ နှစ် | ဒုတိယ နှစ် | တတိယ နှစ် | စတုတ္ထ နှစ် | ပဉ္စမ နှစ် |
| ၄. ၁ | အင်းလေးဒေသ အမှတ် တံဆိပ် ပေါ်ပေါက်ရေး | မြင့် | | | | | |
| ၄. ၂ | အင်းလေးဒေသ ဈေးကွက်၊ အရောင်းမြှင့်တင်ရေးစီမံချက် | မြင့် | | | | | |
| ၄. ၃ | အင်းလေးကန် ဒေသ website တစ်ခုထူထောင်ရန် | မြင့် | | | | | |
| ၄. ၄ | ပုဂ္ဂလိကကဏ္ဍအား အကူဈေးကွက်၊ အရောင်းမြှင့်တင်ရေးတွင် အကူအညီပေးရန် | အလယ် အလတ် | | | | | |
| ၄. ၅ | အိပ်ဆောင်မြေပုံ နှင့်လမ်းညွှန်ထုတ်ပေးရန် | အလယ် အလတ် | | | | | |
| ၄. ၆ | အင်းလေးဇုံ ဝင်ကြေးလက်မှတ်ပုံစံပြောင်းရန်။ | နိမ့် | | | | | |

| မဟာဗျူဟာ ၅ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးကို အထောက်အကူပေးရေး | | | | | | | |
|---|---|---|---|---|---|---|---|
| လုပ်ငန်း | | ဦးစားပေး အဆင့် | Approximate Timeline | | | | |
| | | | ပထမ နှစ် | ဒုတိယ နှစ် | တတိယ နှစ် | စတုတ္ထ နှစ် | ပဉ္စမ နှစ် |
| ၅. ၁ | အင်းလေးဒေသ စီးပွားရေးဖိုရမ် တစ်ခုဖွဲ့စည်းရေး | အလယ် အလတ် | | | | | |
| ၅. ၂ | စီးပွားရေး လုပ်ငန်းရှင်ဖြစ်လာရန်သင်တန်းများ | မြင့် | | | | | |
| ၅. ၃ | အငယ်စား၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများအား အထောက်အကူ ပြုရေး | မြင့် | | | | | |

| မဟာဗျူဟာ ၆ ဒေသခံများ လုပ်ပိုင်ခွင့်ဩဇာပိုမိုရရှိရေး | | | | | | |
|---|---|---|---|---|---|---|
| လုပ်ငန်း | ဦးစားပေး အဆင့် | Approximate Timeline | | | | |
| | | ပထမ နှစ် | ဒုတိယ နှစ် | တတိယ နှစ် | စတုတ္ထ နှစ် | ပဥ္စမ နှစ် |
| ၆. ၁ မြန်မာနိုင်ငံ တာဝန်ရှိခရီးသွားလုပ်ငန်းတွင် ပြည်သူများပိုမိုပါဝင်လာရေး ပြဌာန်းချက်များအကောင်အထည်ဖော်ရန် | မြင့် | | | | | |
| ၆. ၂ အောက်ခြေခရီးသွား လုပ်ငန်းကော်မတီများ ဖွဲ့စည်းရန် | အလယ် အလတ် | | | | | |
| ၆. ၃ ခရီးသွားလုပ်ငန်းအကြောင်း ဗဟုသုတ ဖြန့်ဝေခြင်းနှင့် ကျား၊ မ လိင်ခွဲခြားမှု | အလယ် အလတ် | | | | | |
| ၆. ၄ မြေအသုံးချမှု ဖိုရမ်ဖွဲ့စည်းရေး | မြင့် | | | | | |
| ၆. ၅ ဘာသာစကား သင်ကြားရေး | နိမ့် | | | | | |

| မဟာဗျူဟာ ၇ သဘာဝပါတ်ဝန်းကျင် စီမံခန့်ခွဲမှု | | | | | | |
|---|---|---|---|---|---|---|
| လုပ်ငန်း | ဦးစားပေး အဆင့် | Approximate Timeline | | | | |
| | | ပထမ နှစ် | ဒုတိယ နှစ် | တတိယ နှစ် | စတုတ္ထ နှစ် | ပဥ္စမ နှစ် |
| ၇. ၁ လတ်တလောရင်ဆိုင်နေရသော ပြဿနာများကို ဖြေရှင်းရန် အထူးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရန် | မြင့် | | | | | |
| ၇. ၂ အင်းလေးကန်အကြောင်းသိကောင်းစရာများ | နိမ့် | | | | | |
| ၇. ၃ အစိမ်းရောင်နည်းပညာများ အသုံးပြုမှု | အလယ် အလတ် | | | | | |
| ၇. ၄ ကျောင်းများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသင်ခန်းစာများ သင်ကြားရေး | မြင့် | | | | | |
| ၇. ၅ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနယ်လှည့်ဘုတ်အစီအစဉ် | အလယ် အလတ် | | | | | |
| ၇. ၆ အောက်ခြေကျေးလက် အဆင့်ပါတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့များ | အလယ် အလတ် | | | | | |
| ၇. ၇ ပိုမိုထိရောက်သော မီးဖိုများအသုံးပြုရေး | အလယ် အလတ် | | | | | |
| ၇. ၈ ပလပ်စတစ်အိပ်များ အသုံးမပြုရန်။ | အလယ် အလတ် | | | | | |
| ၇. ၉ ဒေသခံတို့၏ ဗဟုသုတနှင့် ရိုးရာယုံကြည်မှုများ အား မှတ်တမ်းတင်ခြင်း | နိမ့် | | | | | |

| မဟာဗျူဟာ ၈ ခရီးစဉ်ဝန်ဆောင်မှုအဆင့်မြင့်တင်ခြင်း၊ ဧည့်သည်များအားခံစားထိတွေ့မှုများ ပိုမိုရရှိစေခြင်း | | | | | | |
|---|---|---|---|---|---|---|
| လုပ်ငန်း | ဦးစားပေး အဆင့် | Approximate Timeline | | | | |
| | | ပထမ နှစ် | ဒုတိယ နှစ် | တတိယ နှစ် | စတုတ္ထ နှစ် | ပဥ္စမ နှစ် |
| ၈. ၁ ညောင်ရွှေမြို့တွင် ခရီးသွား လုပ်ငန်းနှင့် သမိုင်းဝင်အမွေအနှစ်များဆိုင်ရာပြန်ကြားရေး ဌာနတစ်ခုဖွင့်လှစ်ခြင်း | မြင့် | | | | | |
| ၈. ၂ ဒေသ၏ အကြောင်းခြင်းရာများကို ဧည့်သည်များ အားရှင်းလင်းပြခြင်း | မြင့် | | | | | |
| ၈. ၃ လက်မှုပညာပစ္စည်းများထုတ်လုပ်မှု ဖွံ့ဖြိုးရေး | မြင့် | | | | | |
| ၈. ၄ ဒေသထွက်ကုန်ပစ္စည်းများတန်ဖိုးမြှင့်ရေး | အလယ်အလတ် | | | | | |
| ၈. ၅ တောင်ပေါ်ဒေသခရီးကြမ်း စက်ဘီးခရီးစဉ်များဖော်ထုတ်ရေး | နိမ့် | | | | | |
| ၈. ၆ ညောင်ရွှေပြတိုက်အဆင့်မြှင့်ရေး | နိမ့် | | | | | |
| ၈. ၇ သမိုင်းဝင် မီးရထားလမ်းနှင့် မီးရထားပြတိုက် | နိမ့် | | | | | |


| မဟာဗျူဟာ (၉) တောတွင်းခရီးကြမ်းလမ်းလျှောက်ခရီးစဉ်များအဆင့်မြှင့်တင်ရေး | | | | | | |
|---|---|---|---|---|---|---|
| လုပ်ငန်း | ဦးစားပေး အဆင့် | Approximate Timeline | | | | |
| | | ပထမ နှစ် | ဒုတိယ နှစ် | တတိယ နှစ် | စတုတ္ထ နှစ် | ပဥ္စမ နှစ် |
| ၉. ၁ တောတွင်းခရီးကြမ်းဝန်ဆောင်မှု ပေးသူများဖိုရမ် | မြင့် | | | | | |
| ၉. ၂ ကလောမြို့တောတွင်း ခရီးကြမ်းလမ်းလျှောက် ဝန်ဆောင်မှုပြန်ကြားရေးဌာန | မြင့် | | | | | |
| ၉. ၃ လမ်းလျှောက်ခရီးစဉ်ဝန်ဆောင်မှုပေးနေသူများ၏ ဝန်ဆောင်မှု အဆင့်မြင့်အဆင့်မြှင့်တင်ရေးနှင့်ဆောင်ရန် ရှောင်ရန်များ | မြင့် | | | | | |
| ၉. ၄ ကွဲပြားခြားနားသော လမ်းလျှောက်ခရီးသစ်များ ဖော်ထုတ်ရေး | အလယ်အလတ် | | | | | |
| ၉. ၅ အစားအစာကိုင်တွယ်ခြင်းနှင့် ချက်ပြုတ်မှုသင်တန်းများ | နိမ့် | | | | | |
| ၉. ၆ တည်းခိုနေထိုင်ရေး ဝန်ဆောင်မှုပေးနေ သူများ အတွက် ဆောင်ရန်နှင့်ရှောင်ရန်များ စည်းကမ်း ချမှတ်ရေး | အလယ်အလတ် | | | | | |
| ၉. ၇ လမ်းလျှောက်ခရီးစဉ် ဧည့်လမ်းညွှန်နှင့် လမ်းပြ များ သင်တန်းပေးရန် | အလယ်အလတ် | | | | | |
| ၉. ၈ တောတွင်းခရီးကြမ်းလမ်းလျှောက်သူများ လိုက်နာရန် စည်းကမ်းများ | နိမ့် | | | | | |

## ၁၂ နောက်ဆက်တွဲများ

### ၁၂. ၁ နောက်ဆက်တွဲ (၁) လုပ်ငန်းစီမံချက် အကြံပေးကော်မတီနှင့် ကော်မတီဝင်များ

| စဉ် | ဆက်သွယ်ရန်ပုဂ္ဂိုလ် | ရာထူး | အဖွဲ့အစည်း |
|---|---|---|---|
| | | ဥက္ကဌ | |
| | ဦးငွေအောင် | ပြည်ထောင်စုဝန်ကြီး | ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန |
| | | ဒုတိယဥက္ကဌ | |
| ၁ | ဒေါက်တာတင်ရွှေ | ဒုတိယဝန်ကြီး | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန |
| ၂ | ဒေါက်တာစိုင်းကျော်အုန်း | ဒုတိယဝန်ကြီး | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန |
| | | အတွင်းရေးမှူး | |
| ၁ | ဦးတင့်သွင် | | ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးမှု ဦးစီးဌာန ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ |
| ၂ | | | MIID/ICIMOD |
| | | ပြည်ထောင်စုဝန်ကြီးဌာနများ | |
| ၁ | ဦးဘိုနီ<br>ဦးမင်းဇော် | ညွှန်ကြားရေးမှူး<br>လ/ထညွှန်ကြားရေးမှူး | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်<br>သစ်တောရေးရာဝန်ကြီးဌာန |
| ၂ | ဦးတင်ထွန်းအောင် | ပြည်နယ်ဦးစီးမှူး | မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန |
| ၃ | ဦးညီညီထွေး | ဒုတိယညွှန်ကြား ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၄ | ဦးဝင်းထွေး | ဒုတိယညွှန်ကြား ရေးမှူး | စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| ၅ | ဦးချိုဟာရေး | ညွှန်ကြားရေးမှူး | စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| ၆ | ဒေါက်တာကြည်လွင်ဦး | ဒုတိယညွှန်ကြားရေးမှူး | ကျန်းမာရေးဝန်ကြီးဌာန |

| | ပြည်နယ်အဆင့်ဝန်ကြီးဌာနများနှင့် ကိုယ်စားလှယ်များ | |
|---|---|---|
| စဉ် | ဆက်သွယ်ရန်ပုဂ္ဂိုလ် | ရာထူးနှင့်အဖွဲ့အစည်း |
| ၁ | ဦးဝင်းမြင့် | အင်းသားရေးရာဝန်ကြီး |
| ၂ | ဦးရန်အောင် | ရှမ်းပြည်နယ်ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန |
| ၃ | ဦးကျော်ကျော် | ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |
| ၄ | ဦးထူးကိုကို | ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |
| ၅ | ဒေါ်ညွှန့်ညွှန့်ခိုင် | တောင်ကြီးဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန |
| ၆ | ဦးစိုးမြင့်သိန်း | တောင်ကြီးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန |
| | ပုဂ္ဂလိက ကဏ္ဍ | |
| ၁ | ဒေါ်ကြည်ကြည်အေး | မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် |
| ၂ | ဒေါက်တာအောင်မြတ်ကျော် | Orchestra Travel |
| ၃ | ဒေါ်စုစုတင် | Exotissimo |
| ၄ | ဒေါ်ရင်မျိုးစု | Inntha Heritage House and Vocational Training School |
| ၅ | ဒေါ်အန်တင်တင်ရီ | ရွှေအင်းသားဟိုတယ် |




## ၁၂.၂ နောက်ဆက်တွဲ ၂ ။ ၁၉၈၈ခုနှစ်နှင့် ၂၀၁၂ခုနှစ် မြန်မာနိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ၁၉၈၈ ခုနှစ်နိုင်ဝင်ဘာလ ၃၀ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ သို့ရာတွင် ၂၀၁၂ ခုနှစ်တွင် ခရီးသွားလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အရေးများပါ ပါဝင်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်တစ်ရပ်ကို ထပ်မံပြဋ္ဌာန်းလိုက်သည်။[၁၅] ဤဥပဒေအသစ်ကယခင် ၁၉၈၈ ခုနှစ် ဥပဒေကို မလွှမ်းမိုးပါ။၂၀၁၂ ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၁၉၈၈ ခုနှစ် ဥပဒေပါပြဋ္ဌာန်းချက်များ နှင့်ကွဲလွဲချက်မရှိပါက ၁၉၈၈ ဥပဒေပါ ပြဋ္ဌာန်းချက်များသည် သက်ရောက်မှုရှိသည်ဟု ပါရှိသည်။ သို့ရာတွင် ၂၀၁၂ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ တရားရင် ဆိုင်ဆုံးဖြတ်ခဲ့ဖူးသည့် သာဓကမရှိသဖြင့် မည်သည့်အချက်များက ၂၀၁၂ ခုနှစ်ဥပဒေနှင့် ဖီလာဖြစ်သည်ဟု ပြောဆိုရန်ခက်ပါသည်။ ထို့ကြောင့် ၁၉၈၈ခုနှစ် ဥပဒေရော ၂၀၁၂ခုနှစ် ဥပဒေတို့ကိုပါ လေ့လာရန်လိုပါမည်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုပါက အောက်ပါအဖွဲ့အစည်းများကို ဖွဲ့စည်းကာ ဆောင်ရွက်နိုင်ပါသည်။အစုစပ်(partnership)၊ ပေးရန်တာဝန်များကို ကန့်သတ်ထားသော ကုမ္ပဏီများ (ဖက်စပ်ကုမ္ပဏီ၊ ပြည်တွင်းကုမ္ပဏီ၊ နိုင်ငံခြားကုမ္ပဏီ) နိုင်ငံခြားကုမ္ပဏီများ၏ရုံးခွဲများသို့မဟုတ် ကိုယ်စားလှယ်ရုံးများ၊ အကျိုးအမြတ်မယူသည့်အသင်းအဖွဲ့များ။ အစုစပ်ကုမ္ပဏီများကို ၁၉၃၂ခုနှစ် အစုစပ်

[၁၅] Myanmar Ministry of Hotels and Tourism Guide for Investors, available at http://www.myanmartourism.org/ aboutus/ guide_to_investment_and_doing_business.htm

အက်ဥပဒေအရ ဖွဲ့စည်းနိုင်ပြီး အစုဝင်အများဆုံး(၂၀)ဦးကန့်သတ်ထားသည်။ အစုစပ်ကုမ္ပဏီကို မှတ်ပုံတင်ထားနိုင်သည်။ သို့ရာတွင် မတင်မနေရဟုကန့်သတ်မထားပါ။ အစုစပ်ဝင်များ အားလုံးက အစုစပ်ဖွဲ့စည်းထားမှုကို ဖျက်သိမ်းလိုလျှင် အစုစပ်ကုမ္ပဏီသည် ဖျက်သိမ်းပြီးဖြစ်သည်။

မြန်မာပြည်တွင်အများဆုံးဖွဲ့စည်းကြသော ကုမ္ပဏီအမျိုးအစားမှာ ပေးရန်တာဝန်များကို ကန့်သတ်ထားသော ကုမ္ပဏီအမျိုးအစားဖြစ်သည်။ ဤကုမ္ပဏီမျိုးဆိုလျှင် မှတ်ပုံမတင်မနေရ သတ်မှတ်ထားသည်။ ဤသို့ပေးရန်တာဝန်များကို ကန့်သတ်ထားသော ကုမ္ပဏီသည် ပြည်ပတွင်ဖွဲ့စည်းထားသော ကုမ္ပဏီတစ်ခု၏ရုံးခွဲသို့မဟုတ် ကိုယ်စားလှယ်ရုံးဖြစ်ပြီး မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသောကုမ္ပဏီလည်းဖြစ်နိုင်သည်။ ဤပေးရန်တာဝန်များကို ကန့်သတ်ထားသော ကုမ္ပဏီများကို ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ ဖွဲ့စည်းခြင်းဖြစ်သည်။ သို့ရာတွင် နိုင်ငံပိုင်အရင်းအနှီးများပါဝင်ခဲ့ပါက ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီဥပဒေအပြင် ၁၉၁၄ ခုနှစ်မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရပါ မှတ်ပုံတင်ရသည်။ ၁၉၈၈ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် နိုင်ငံတွင်းရင်းနှီးမြှုပ်နှံလိုပါက ရာနှုန်းပြည့် နိုင်ငံခြားကုမ္ပဏီ သို့မဟုတ် ပြည်တွင်းရှိ မိတ်ဆွေ (လူပုဂ္ဂိုလ်၊ ပေးရန်တာဝန်ကန့်သတ်ထားသော ကုမ္ပဏီသမဝါယမ အသင်း သို့မဟုတ် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း) များနှင့် ပူးပေါင်း၍ လုပ်ငန်းများ ဆောင်ရွက်နိုင်သည်။ ဖက်စပ်လုပ်ငန်းထူထောင်မည်ဆိုပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ၏ အစုရှယ်ယာကို ၃၅% ကန့်သတ်ထားသည်။ ရင်းနှီးမြှုပ်နှံမှုငွေကြေးပမာဏမှာ ကုန်ထုတ်လုပ်မှု စသည်များ အတွက် အနည်းဆုံးဒေါ်လာ ၅၀၀၀၀၀ နှင့် ဝန်ဆောင်မှု လုပ်ငန်းများအတွက် ဒေါ်လာ ၃၀၀၀၀၀ ဖြစ်သည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အဆိုအရ စီးပွားရေးကဏ္ဍ အားလုံးနီးပါးတွင် ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အမြတ်ခွန်ကို ၃၀% သတ်မှတ်ထားကာ လုပ်ငန်း စတင်လည်ပတ်ချိန်မှ ၃ နှစ် အခွန်ကင်းလွတ်ခွင့် ပြုထားသည်။ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေဖြင့် တစ်နှစ်အတွင်း ပြန်လည်ရင်းနှီးမြှုပ်နှံသော အမြတ်ငွေကို စည်းကြပ်မှုမှ ကင်းလွတ်ခွင့်ပေးနိုင်သည်။ ထို့အပြင် ပြည်ပပို့ကုန်များမှရသော အမြတ်ငွေ၏ ၅၀%ကို အခွန်ကင်းလွတ်ခွင့်ပေးနိုင်သည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရင်းနှီးမြှုပ်နှံထားမှုများကို ပြည်သူပိုင်မသိမ်းပါဟုလည်း အာမခံချက် ပေးထားသည်။

မြန်မာနိုင်ငံ ၂၀၁၂ ခုနှစ် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေကို သမ္မတ ဦးသိန်းစိန်က ၂၀၁၂ ခုနှစ် နိုဝင်ဘာလ (၂) ရက်နေ့တွင် လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည်။ ဤဥပဒေတွင် ဥပဒေပါ ရည်မှန်းချက်များ၊ မူဝါဒများနှင့် ယင်းတို့ကို အထောက်အကူပြုမည့်လုပ်ငန်းစသည်များ ပါဝင်သည်။ ဥပဒေ၏ ရည်မှန်းချက်များတွင် သဘာဝသယံဇာတများကို အကျိုးရှိစွာ အသုံးချရေး အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်နေရာအသစ်များ ဖြစ်ပေါ်လာရေး၊ ပညာရေးဖွံ့ဖြိုးတိုးတက်လာစေရေးစသည်တို့ ပါရှိသည်။ အဓိကမူဝါဒများအနေဖြင့် ပြည်ပပို့ကုန်တိုးမြှင့်ရေး၊ သွင်းကုန်အစားထိုးရေး၊ ရင်းနှီးမြှုပ်နှံမှု ပမာဏကြီးမားသောလုပ်ငန်းများ ဖြစ်ပေါ်လာရေး၊ ခေတ်မီစက်မှုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး၊ စွမ်းအင်ချွေတာမှု၊ ခေတ်မီစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာ


ဗဟုသုတတိုးတက်မှု၊ ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု ၊ ခေတ်မီဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်လာရေးနှင့် စွမ်းအင် အရင်းအမြစ်အသစ်များ ရရှိရေး စသည်တို့ပါဝင်သည်။

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကို ၂၀၁၂ ခုနှစ်တွင် အဖွဲ့ဝင် (၁၆) ဦးဖြင့် အသစ်ပြန်လည် ဖွဲ့စည်းခဲ့ကာ မြန်မာနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံရန် အဆိုပြုလွှာများကို လက်ခံစဉ်စား အတည်ပြုရန် တာဝန်ပေးအပ်ခဲ့ သည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် နိုင်ငံတော် အစိုးရ၏ သဘောတူညီချက်ဖြင့် လုပ်ငန်း အနေအထားအလိုက် အနိမ့်ဆုံး ရင်းနှီးမြှုပ်နှံရမည့်ငွေကြေးပမာဏကို သတ်မှတ်နိုင်သည်။ ၂၀၁၂ ခုနှစ် ဥပဒေတွင်လည်း ၁၉၈၈ ခုနှစ် ဥပဒေကဲ့သို့ ပြည်သူပိုင်မသိမ်းရပါဟု အာမခံချက်ရှိပါသည်။ ဤဥပဒေအသစ်တွင် ဝါဏ္ဏိဇပဋိပက္ခ ဖြေရှင်းရန် လုပ်ငန်းစဉ်များပါရှိလာ သည်။ ဤဥပဒေအသစ်၌ (၅)နှစ် အခွန်ကင်းလွတ်ခွင့်အပြင် အခြားအခွန်သက်သာခွင့်များပါ ခံစားခွင့်ရှိကြောင်း ပြဋ္ဌာန်းပါရှိသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အဖို့ စိတ်ဝင်စားဖွယ်ရာဖြစ်ပါ သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် အစိုးရ သို့မဟုတ် ပုဂ္ဂလိကများထံမှ နှစ် (၅၀) မြေငှားရမ်းခွင့်နှင့် နောက်ထပ် နှစ်(၂၀) ထပ်မံသက်တမ်းတိုးခွင့်လည်းရှိလာပါသည်။

အချို့လုပ်ငန်းများကိုမူ ကန့်သတ်ထားခြင်း၊ ပိတ်ပင်ထားခြင်းများရှိပြီး အစိုးရ၏ သဘောတူညီမှုကို ရယူပြီးမှသာ ဆောင်ရွက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါသည်။ ယင်းတို့မှာ "အများပြည်သူကျန်းမာရေးကိုလည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမည့် ကိစ္စများကို သော်လည်းကောင်း" ဟု ပါရှိပါသည်။

အကယ်၍ ကုမ္ပဏီတစ်ခုသည် မြန်မာနိုင်ငံတွင်း၌ ရင်းနှီးမြှုပ်နှံမှုပြုလိုလျှင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ သတ်မှတ်ပုံစံဖြင့် လျှောက်ထားရပါမည်။ ဤအဆိုပြုလွှာတွင် ငွေရေးကြေးရေးခိုင်မာမှု၊ ဘဏ်ထောက်ခံစာ၊ စီမံကိန်းဆိုင်ရာ တွက်ချက်ထားမှုများ ပါဝင်ရပါမည်။ (နှစ်စဉ် အမြတ်ငွေ၊ နှစ်စဉ်နိုင်ငံခြားငွေ ရှာဖွေပေးနိုင်မှု၊ အရင်းကျေမည့် ကာလအပိုင်းအခြား၊ အလုပ်အကိုင်အသစ်များ ဖန်တီးပေးနိုင်မှု၊ နိုင်ငံတော်၏ ဘဏ္ဍာရေးတိုးမြှင့်လာနိုင်မှု၊ ပြည်တွင်းနှင့်ပြည်ပ ဈေးကွက်များအခြေအနေ) ရင်းနှီးမြှုပ်နှံမှုပြုမည့် ကုမ္ပဏီသည် ရာနှုန်းပြည့် နိုင်ငံခြားပိုင် ကုမ္ပဏီဖြစ်ပါက အစိုးရက သတ်မှတ်ပေးသောဝန်ကြီးဌာနနှင့် သဘောတူညီချက် လက်မှတ်ရေးထိုး ရပါမည်။ ဖက်စပ်လုပ်ငန်းဖြစ်ပါက ယင်းနိုင်ငံခြား ကုမ္ပဏီနှင့် ပြည်တွင်းရှိ ပုဂ္ဂိုလ်အဖွဲ့အစည်းနှင့် သဘောတူလက်မှတ်ရေးထိုးရပါမည်။ အကယ်၍ ဖက်စပ်ကုမ္ပဏီအဖြစ် ထူထောင်မည်ဆိုပါက နှစ်ဦးနှစ်ဖက် ပါဝင်သော ကုမ္ပဏီသင်းဖွဲ့ မှတ်တမ်းစသည်များ ပါရှိရပါမည်။ မည်သို့ပင်ဖြစ်စေ အားလုံးသည် အထက်ပါ အခွန်ကင်းလွတ်ခွင့်များကို လျှောက်ထားရရှိနိုင်ပါသည်။




မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ခွင့် လိုင်စင်များ ချထားပေးခြင်းကိစ္စများတွင် ယခုထက်ပိုမို ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ယခင်အစိုးရ ခန့်အဖွဲ့အစည်းအစား သီးခြားလွတ်လပ်သော အဖွဲ့အစည်းအဖြစ် ပြောင်းလဲဖွဲ့စည်းရန် အဆိုပြုတင်ပြထားပါသည်။ ယခုအချိန်တွင် အဓိက အရေးကြီးသော ရာထူးများကို အစိုးရပိုင်းမှ အဆင့်မြင့်အရာရှိကြီးများမှ ရယူထားပါသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် အား အသစ်ပေါ်ထွက် လာသည့် ကော်မရှင် ဒုတိယ ဥက္ကဌနေရာတွင် ခန့်ထားလိုက်ပါသည်။ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်သိမ်း နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန မှ ဒုတိယဝန်ကြီး ဒေါ်လွဲလွဲသိန်း တို့အားလည်း ကော်မရှင် အဖွဲ့ဝင်များအဖြစ် ဖြည့်စွက် ခန့်အပ်ခဲ့သည်။ ဦးအောင်နိုင်ဦးအား ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော် ၏ နေရာ ကော်မရှင်အတွင်းရေးမှူး အဖြစ် ပြောင်းလဲခန့်အပ်ခဲ့ပါသည်။

### ၁၂. ၃ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် စာတမ်းပြုစုစဉ်စာရင်း

| Name | Description |
|---|---|
| မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း | အသင်းဝင် (၆၀၀)၊ အသင်းခွဲ (၁၁) ခု ကို ဇုံအလိုက်ဖွဲ့ထားသည်။ |
| မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း | အသင်းဝင် (၄၀၀)၊ အများစုမှာရန်ကုန်မြို့မှဖြစ် |
| မြန်မာနိုင်ငံစားသောက်ဆိုင်များအသင်း | အသင်းခွဲ (၄) ခု |
| မြန်မာနိုင်ငံ သယ်ယူပို့ဆောင်ရေးယာဉ်များအသင်း | ရန်ကုန်နှင့် ပုဂံမြို့တို့တွင် အသင်းခွဲ (၄) ခု၊ ဇုံအလိုက် နောက်ထပ်အသင်းခွဲ (၉) ခုဖွဲ့ရန်ရှိ။ |
| မြန်မာနိုင်ငံအမှတ်တရပစ္စည်းဆိုင်များအသင်း | - |
| မြန်မာနိုင်ငံပြည်တွင်းခရီးသွားလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် (၄၀)၊ အများစုမှာ ရန်ကုန်အခြေစိုက် |
| မြန်မာနိုင်ငံ ခရီးသွားကျန်းမာရေးစောင့်ရှောက်မှုနှင့် အထွေထွေဝန်ဆောင်မှုအသင်း | အဖွဲ့ဝင် (၅) ဦး၊ ဇုံ (၄) ခု |
| မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်း | အဖွဲ့ဝင် (၃၃၅၃) ဦးအသင်းခွဲ (၄)ခု၊ ဇုံအလိုက် နောက်ထပ်အသင်းခွဲ (၇) ခုဖွဲ့ရန်ရှိ |
| မြန်မာနိုင်ငံခရီးသွားလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း။ | ရန်ကုန်မြို့တွင် အများစုအခြေစိုက်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် အသင်းခွဲများ ရှိ |
| မြန်မာနိုင်ငံ ဈေးကွက်မြှင့်တင်ရေးကော်မတီ | ရန်ကုန်တွင် အခြေစိုက် ဟိုတယ်ကြီးများနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း တို့ဖြင့် ဖွဲ့စည်းထားသည်။ |

Note: MTF is organised into 11 membership zones that do not necessarily conform to state or regional boundaries

# Appendix 4: Roles of Government Agencies and MTF in select priority actions of Myanmar Responsible Tourism Strategy[16]

Lead Role ● | Advisory Role ♦ | Liaison Role *

| Priority Actions | MOHT | MONPED | MOCUL | MOECF | MOAI | MOC | MOFR | MOIP | MOCON | MOFA | MOE | MOIN | MORA | MOT | MOCIT | MOHA | MOEP | MOCOP | MOBA | MOH | MOLESS | MOSWR | MOLF | MORT | MOST | UAGO | MTF |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| Ensure integrated tourism planning. | ● | ♦ | ● | ● | * | * | * | * | * | | | | * | ♦ | * | * | ♦ | | ♦ | * | | * | ● | * | * | * | ♦ |
| Promote tourism investment processes that embrace responsible tourism development guidelines. | ♦ | ● | * | * | | * | ♦ | * | | * | * | * | | * | * | | | | ♦ | | * | * | * | | | * | ♦ |
| Establish more tourism and hospitality training facilities and programs with standardized courses. | ● | ♦ | * | * | | * | ♦ | | ♦ | | ● | | | | | | | | | | * | * | | | | ● | ♦ |
| Establish tourist information centers and promote visitor safety. | ● | | * | * | | | * | | * | | | * | * | | | | | | * | | | | | | | | ● |
| Integrate domestic tourism as an important component of the tourism economy. | ● | * | | | | * | * | | | | | | * | * | * | * | * | * | * | | * | * | | * | * | | ♦ |
| Collect and monitor consistent and robust tourism data and statistics. | ● | * | ♦ | * | * | * | ● | * | * | ♦ | * | ♦ | * | * | * | * | * | * | * | * | * | * | * | * | * | | ♦ |
| Train local guides in responsible tourism and natural and cultural heritage interpretation. | ● | | ♦ | ♦ | | | * | | | | ♦ | * | ♦ | | | | | | | | | | | | | | ● |
| Ensure contract compliance and fair pricing for tourism services. | ● | | | | | * | * | | | | | * | | | | | * | * | | | * | | | | | ♦ | ● |
| Establish a comprehensive national accommodation rating system consistent with ASEAN standards. | ● | | | | | | | | * | | | | | | | | * | | | | | | | | | * | ● |
| Enable and support community based tourism activities that benefit local communities. | ● | | | ♦ | ♦ | * | * | * | | | | * | * | * | | * | * | * | | * | * | * | * | | | | ● |
| Provide tourism awareness training to local communities and increase local participation in tourism supply chains. | ● | * | * | * | * | * | ● | | | * | * | ♦ | * | * | * | | * | * | | * | * | * | * | | | | ♦ |
| Develop a code of conduct & do's and don'ts guidelines for international visitors. | ● | | ♦ | * | | | | * | * | | | | * | | | | | | | | | * | | | | | ♦ |
| Raise awareness and prevent all forms of abuse and exploitation of children, women and men. | ● | * | | | | | | | | | | ♦ | | | | ♦ | | | | * | * | * | | | | * | ♦ |
| Ensure the tourism sector manages the use of energy and water more efficiently. | * | * | | ♦ | | | * | | ● | | | * | | | | | ● | | | | | | | | ♦ | | ♦ |

MOAI = Ministry of Agriculture & Irrigation; MOBA = Ministry of Border Affairs; MOC = Ministry of Commerce; MOCIT = Ministry of Communications and Information Technology; MOCON = Ministry of Construction; MOCOP = Ministry of Cooperatives; MOCUL = Ministry of Culture; MOE = Ministry of Education; MOEP = Ministry of Electric Power; MOECF = Ministry of Environmental Conservation and Forestry; MOFR = Ministry of Finance and Revenue; MOHA = Ministry of Home Affairs; MOHT = Ministry of Hotels and Tourism; MOI = Ministry of Industry; MOIN = Ministry of Information; MOIP = Ministry of Immigration and Population; MOLSS = Ministry of Labor, Employment and Social Security; MONPED = Ministry of National Planning and Economic Development; MORA = Ministry of Religious Affairs; MORT = Ministry of Rail Transport; MOST = Ministry of Science and Technology; MOSWRR = Ministry of Social Welfare, Relief and Resettlement; MOT = Ministry of Transport; MTF = Myanmar Tourism Federation; UAGO = Union Attorney General's Office. Source: Adapted from Myanmar Responsible Tourism Policy.

[16] Myanmar Tourism Master Plan 2013, page 11